- ၂၀၁၄/၁၅ နှင့်၂၀၁၅/၁၆ဘဏ္ဍာနှစ်အတွင်း ရွေးချယ်ထားသော ကုမ္ပဏီများမှ တင်ပြထားသော အခွန်ပေးချေမှု နှင့်အခွန် မဟုတ်သော ပေးချေမှုများနှင့် အစိုးရအေဂျင်စီများသို့ တင်ပြသောဝင်ငွေ ရရှိမှုများ နှင့်။
- ၂၀၁၄/၁၅ နှင့်၂၀၁၅/၁၆ ဘဏ္ဍာနှစ် နှစ်အတွင်း MTE မှ လွှဲပြောင်းငွေများ နှင့် အစိုးရအေဂျင်စီများ မှ ရရှိသောဝင်ငွေများ.

ရွေးချယ်မှုတွင် မပါဝင်သောကုမ္ပဏီများမှ ပေးချေမှုများနှင့် နိုင်ငံပိုင်ထုတ်လုပ်မှု အချိုးများ ရောင်းချခြင်း များ၏ ငွေသားစီးဆင်းမှုအား သီးခြားစီဖော်ပြထား၍ စာရင်းတိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ်တွင် မပါဝင်ပါ။

### ၁.၃.၁။ ကုမ္ပဏီများ

MSG သည် သစ်တောကဏ္ဍပထမ MEITI အစီရင်ခံစာအတွက် စာရင်းတိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ်တွင် ကုမ္ပဏီ (၁၈)ခု ပါဝင်ပါသည်။ အခန်း (၄.၂.၁) တွင် ဖော်ပြထားသော ပဓာနကျသောအချိုးတွင်ပါ ဝင်သည့် ကုမ္ပဏီများမှာ ပေးချေမှု ကျပ်၁၀၀သန်း (သို့) သစ်ထုတ်လုပ်မှု Hoppus တန် ၁၀,၀၀၀ ကျော်သော ကုမ္ပဏီများကို စာရင်းတွင်ထည့်သွင်းထားပါသည်။

ဇယား (၁၁) တွင် ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တို့အတွင်း ကုမ္ပဏီများ၏ ပေးချေမှု ၈၉% နှင့် ၉၀% ကို စာရင်းလိုက်ဖော်ပြထားပါသည်။

ဇယား(၁၁) - တိုက်ဆိုင်စစ်ဆေးမှုလွှမ်းခြုံမှုနှုန်းထား (၂၀၁၄/၁၅ ဘဏ္ဍာနှစ်)

| ကုမ္ပဏီများ | နံပါတ် | % | စုစုပေါင်းဝင်ငွေများ (ကျပ်သန်းပေါင်း) | % |
|---|---|---|---|---|
| In-scope | ၁၈ | ၄၉% | ၄,၀၇၀ | ၈၉% |
| Out of scope | ၁၉ | ၅၁% | ၅၁၁ | ၁၁% |
| စုစုပေါင်း | ၃၇ | ၁၀၀% | ၄,၅၈၁ | ၁၀၀% |

Source: EITI Data.

ဇယား (၁၁) - တိုက်ဆိုင်စစ်ဆေးမှုလွှမ်းခြုံမှုနှုန်းထား (၂၀၁၅/၁၆ ဘဏ္ဍာနှစ်)

| ကုမ္ပဏီများ | နံပါတ် | % | စုစုပေါင်းဝင်ငွေများ (ကျပ်သန်းပေါင်း) | % |
|---|---|---|---|---|
| In-scope | ၁၆ | ၅၀% | ၄,၈၉၉ | ၉၀% |
| Out of scope | ၁၆ | ၅၀% | ၅၁၆ | ၁၀% |
| စုစုပေါင်း | ၃၂ | ၁၀၀% | ၅,၄၁၅ | ၁၀၀% |

Source: EITI Data.

### ၁.၃.၂။ အစိုးရအေဂျင်စီများ

MSGသည်စာရင်းတိုက်ဆိုင်စစ်ဆေးမှုနယ်ပယ်တွင် သစ်တောကဏ္ဍမှ ဝင်ငွေရရှိသော အစိုးရအေဂျင်စီအားလုံး ပါဝင်သင့်ကြောင်း သဘောတူဆုံးဖြတ်ခဲ့ပါသည်။ ထိုသဘောတူချက်အရ ပါဝင်သောအစိုးရအေးဂျင်စီ (၅) ခု လုံးကို ဤအစီရင်ခံစာ (၄.၃) တွင် ဖော်ပြထားပါသည်။

## ၁.၄။ အချက်အလက်များပြည့်စုံမှုနှင့် ယုံကြည်စိတ်ချရမှု

### ၁.၄.၁။ အချက်အလက်များ တင်ပြခြင်း

စာရင်းတွင် ကုမ္ပဏီ နှင့် အစိုးရအေဂျင်စီများသည် ၎င်းတို့၏ အစီရင်ခံစာပုံစံများကို ညွှန်ကြားချက် များအတိုင်း MSG မှ သတ်မှတ်ထားသော အချိန်အတွင်း တင်ပြခဲ့ပြီး ဖြစ်ပါသည်။သို့သော် Nature Timber Co,Ltd ကိုနမူနာ အချိန်မီ တင်ပြခြင်းမရှိပါ။

### ၁.၄.၂။ တင်ပြထားသော အချက်အလက်များ၏ အားထားရမှု

**ရွေးချယ်ထားသော ကုမ္ပဏီများ**

MSG မှ ဆုံးဖြတ်ချက်နှင့်အညီ အစီရင်ခံစာပုံစံများ (RT) များအား ကုမ္ပဏီ၏ သက်ဆိုင်ရာတာဝန်ရှိသူများမှ အတည်ပြုပြီး အသေးစိတ် ပေးချေမှုများအား စာရင်းစစ် အစီရင်ခံစာမိတ္တူနှင့် တပါတည်းတင်ပြရပါမည်။ ၎င်းကုမ္ပဏီအားလုံးသည် အစီရင်ခံစာ နောက်ဆက်တွဲ (၃) တွင် အသေးစိတ်ဖော်ပြထားသော ညွှန်ကြားချက်များ လိုက်နာကြရမည်။

**အစိုးရကုမ္ပဏီ အေဂျင်စီများ**

MTE ပါဝင်သော အစိုးရအေဂျင်စီများ နှင့် ပတ်သက်သော RT များအားသက်ဆိုင်ရာတာဝန်ရှိသူ မှ လက်မှတ်ထိုး ရမည်။ ပြည်ထောင်စု စာရင်းစစ်ချုပ် မှ အတည်ပြုထားသော ပေးချေမှုအသေးစိတ်များ ပူးတွဲတင်ပြရပါသည်။

အစိုးရအေဂျင်စီအားလုံးသည် အသေးစိတ်ပေးချေမှုများပါဝင်သော လက်မှတ်ထိုးထားသောRTများကို တင်ပြကြသည်။

MTE နှင့် အခြားအစိုးရအေဂျင်စီများအားလုံးမှ တင်ပြထားသော RT များကို OAG မှ မှန်ကန်ကြောင်း တင်ပြခဲ့ပါသည်။

### ၁.၄.၃။ အကျဉ်းချုပ်

ကျွန်ုပ်တို့သည် အစီရင်ခံတင်ပြသူများ၏တင်ပြထားသော ကိန်းဂဏန်းများကို သေချာစိတ်ချရမှုအတွက် စာရင်းမစစ်ခဲ့ပါ။ ကုမ္ပဏီအားလုံးသည် ၂၀၁၄/၂၀၁၅ နှင့် ၂၀၁၅/၁၆ ဘဏ္ဍာနှစ်အတွက် ၎င်းတို့၏ စာရင်းစစ်အစီရင်ခံ မိတ္တူများ တင်ပြကြသည်။

ကုမ္ပဏီများ၊ MTE နှင့် အစိုးရအေဂျင်စီများမှ နောက်ဆုံး အကဲဖြတ်မှု၊ လွှမ်းခြုံပြည့်စုံမှုနှင့် အားထားရမှုအတွက်စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းအတွက် ဘဏ္ဍာရေးအချက်အလက်များမှာ ကျေနပ်မှုရှိသည်ဟု ကျွန်ုပ်တို့ ကောက်ချက်ချပါသည်။

## ၁.၅။ စာရင်းတိုက်ဆိုင်စစ်ဆေးမှု ရလဒ်အကျဉ်းချုပ်

၂၀၁၄/၁၅ နှင့် ၂၀၁၅/၁၆ ဘဏ္ဍာနှစ် အတွင်းကုမ္ပဏီများမှ ရရှိသော စုစုပေါင်း ဝင်ငွေမှာကျပ် ၆၂၆,၅၆၇ နှင့် ၅၈၄,၉၄၁ သန်းဖြစ်ကြောင်း အစိုးရအေဂျင်စီများမှ ဖော်ပြထားသည်။ ဇယား (၁၂) မှာ စာရင်းတိုက်ဆိုင်စစ်ဆေးမှုအရ သစ်တောဝင်ငွေများ ဖော်ပြထားပါသည်။

**ဇယား (၁၂)- စုစုပေါင်း သစ်တောကဏ္ဍဝင်ငွေ ရရှိမှုများ (၂၀၁၄/၁၅ ဘဏ္ဍာနှစ်)**

| | စုစုပေါင်းဝင်ငွေများ (ကျပ်သန်းပေါင်း) | % |
|---|---|---|
| စာရင်းတိုက်ဆိုင်စစ်ဆေးမှုရှင်းတမ်းတွင် ရွေးချယ်ထားသော ကုမ္ပဏီများမှပေးချေမှု | ၂၄၉,၉၂၅ | ၉၉% |
| စာရင်းတိုက်ဆိုင်စစ်ဆေးမှုရှင်းတမ်းတွင်မရွေးချယ်ထားသော ကုမ္ပဏီများမှပေးချေမှု | ၂,၁၅၁ | ၁% |
| **စုစုပေါင်းပေးချေမှုများ** | **၂၅၂,၀၇၆** | **၁၀၀%** |
| *နိုင်ငံတော်အချိုးကျထုတ်လုပ်မှုမှအရောင်း* | ၄၀၃,၀၉၁ | |
| **စုစုပေါင်း** | **၆၅၅,၁၆၆** | |

*Source: EITI Data.*

**ဇယား (၁၂) - စုစုပေါင်း သစ်တောကဏ္ဍ ဝင်ငွေ ရရှိမှုများ (၂၀၁၅/၁၆ ဘဏ္ဍာနှစ်)**

| | စုစုပေါင်းဝင်ငွေများ (ကျပ်သန်းပေါင်း။) | % |
|---|---|---|
| စာရင်းတိုက်ဆိုင်စစ်ဆေးမှုရှင်းတမ်းတွင် ရွေးချယ်ထားသော ကုမ္ပဏီများမှပေးချေမှု | ၂၁၃,၈၄၄ | ၉၈% |
| စာရင်းတိုက်ဆိုင်စစ်ဆေးရေးရှင်းတမ်းတွင်မရွေးချယ်ထားသော ကုမ္ပဏီများမှပေးချေမှု | ၃,၆၄၉ | ၂% |
| **စုစုပေါင်းပေးချေမှုများ** | **၂၁၇,၄၉၃** | **၁၀၀%** |
| *နိုင်ငံတော်အချိုးကျထုတ်လုပ်မှုမှအရောင်း* | ၃၆၇,၄၄၇ | |
| **စုစုပေါင်း** | **၅၈၄,၉၄၁** | |

*Source: EITI Data.*

### ၁.၅.၁။ အစိုးရ အေဂျင်စီများသို့ ပေးချေမှုများ စာရင်းတိုက်ဆိုင်စစ်ဆေးမှု

ကုမ္ပဏီများနှင့် အစိုးရအေဂျင်စီများမှ အစီရင်ခံသော ပေးချေမှုများကို ဖော်ပြချက်များတွင် အစီရင်ခံထားသော ပေးချေမှုများနှင့်ကွဲလွဲမှုများ ဖော်ထုတ်ရန် စာရင်းတိုက်ဆိုင်စစ်ဆေးသည့်ရှင်းတမ်း ရေးဆွဲခဲ့ပါသည်။ မကိုက်ညီသော အချက်များကို ဤအစီရင်ခံစာ၏ အခန်း(၅)တွင် အသေးစိတ်ဖော်ပြထားသည်။

၂၀၁၄-၂၀၁၅ နှင့်၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တို့အတွင်း အစိုးရ RT များ၏ ၃၂.၄၀% နှင့်ညီမျှသော အသားတင်ကွာခြားချက် ကျပ် (၈၀,၉၇၀)[1] သန်း နှင့် ၁.၇၈% နှင့်ညီမျှသော အသားတင်ကွာခြားချက် ကျပ် (၃,၇၉၈ )[1] သန်းကို စာရင်းတိုက်ဆိုင် စစ်ဆေး၍မရသေးဘဲကျန်ရှိနေပါသည်။ ဇယား (၁၃) တွင် အပေါင်းအနှုတ် ကွာခြား ချက်များ အသေးစိတ်ဖော်ပြထားပါသည်။

[1] Approximately US$ 81.36 million. (2014-2015 FY)

[1] Approximately US$ 3.11 million. (2015-2016 FY)

### ဇယား (၁၃)- အချောသတ်တိုက်ဆိုင်စစ်ဆေးမှုကွာခြားချက်များ (၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်)

*ကျပ်သန်းပေါင်း*

| | | | MTE | ကုမ္ပဏီများ | စုစုပေါင်းဝင်ငွေ |
|---|---|---|---|---|---|
| **ကုမ္ပဏီများ** | | *{၁}* | ၁၆၄,၇၆၁.၀၁ | ၄,၁၉၃.၆၇ | **၁၆၈,၉၅၄.၆၈** |
| အစိုးရအေဂျင်စီများ | | *{၂}* | ၂၄၅,၇၃၁.၈၃ | ၄,၁၉၃.၂၅ | **၂၄၉,၉၂၅.၀၈** |
| **အသားတင်ကွာခြားချက်** | *Amount* | *{A} = {၁} - {၂}* | **-၈၀,၉၇၀.၈၁** | ၀.၄၂ | **-၈၀,၉၇၀.၄၀** |
| | *%* | *{A} / {၂}* | **-၃၂.၉၅%** | **၀.၀၁%** | **-၃၂.၄၀%** |
| **အပေါင်းတန်ဖိုး ကွာခြားချက်** | *Amount* | *{B}* | ၀.၀၀ | ၂.၀၀ | ၂.၀၀ |
| | *%* | *{B} / {၂}* | **၀.၀၀%** | **၀.၀၅%** | **၀.၀၀%** |
| **အနုတ်တန်ဖိုး ကွာခြားချက်** | *Amount* | *{C}* | -၈၀,၉၇၀.၈၁ | -၁.၅၉ | -၈၀,၉၇၂.၄၀ |
| | *%* | *{C} / {၂}* | **-၃၂.၉၅%** | **-၀.၀၄%** | **-၃၂.၄၀%** |
| **စုစုပေါင်း ကွာခြားချက်** | *Amount* | *{D} = {B} - {C}* | ၈၀,၉၇၀.၈၁ | ၃.၅၉ | ၈၀,၉၇၄.၄၁ |
| | *%* | *{D} / {၂}* | **၃၂.၉၅%** | **၀.၀၉%** | **၃၂.၄၀%** |

*Source: EITI Data.*

### ဇယား (၁၃) - အချောသတ်တိုက်ဆိုင်စစ်ဆေးမှုကွာခြားချက်များ (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်)

*ကျပ်သန်းပေါင်း*

| | | | MTE | Companies | စုစုပေါင်းဝင်ငွေ |
|---|---|---|---|---|---|
| **ကုမ္ပဏီများ** | | *{၁}* | ၂၀၅,၀၆၄.၂၁ | ၄,၉၈၂.၃၆ | **၂၁၀,၀၄၆.၅၆** |
| အစိုးရအေဂျင်စီများ | | *{၂}* | ၂၀၈,၇၉၉.၂၇ | ၅,၀၅၅.၁၁ | **၂၁၃,၈၄၄.၃၈** |
| **အသားတင် ကွာခြားချက်** | *Amount* | *{A} = {၁} - {၂}* | **-၃,၇၂၅.၀၆** | **-၇၂.၇၆** | -၃,၇၉၇.၈၂ |
| | *%* | *{A} / {၂}* | **-၁.၇၈%** | **-၁.၄၄%** | **-၁.၇၈%** |
| **အပေါင်းတန်ဖိုး ကွာခြားချက်** | *Amount* | *{B}* | ၀.၀၀ | ၁.၈၂ | ၁.၈၂ |
| | *%* | *{B} / {၂}* | **၀.၀၀%** | **၀.၀၄%** | **၀.၀၀%** |
| **အနုတ်တန်ဖိုး ကွာခြားချက်** | *Amount* | *{C}* | -၃,၇၂၅.၀၆ | -၇၄.၅၇ | -၃,၇၉၉.၆၄ |
| | *%* | *{C} / {၂}* | **-၁.၇၈%** | **-၁.၄၈%** | **-၁.၇၈%** |
| **စုစုပေါင်း ကွာခြားချက်** | *Amount* | *{D} = {B} - {C}* | ၃,၇၂၅.၀၆ | ၇၆.၃၉ | ၃,၈၀၁.၄၅ |
| | *%* | *{D} / {၂}* | **၁.၇၈%** | **၁.၅၁%** | **၁.၇၈%** |

*Source: EITI Data.*

၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် စာရင်းမကိုက်ညီရသေးသော ကွာခြားချက် ၃၂.၄၀% သည် စုစုပေါင်းသစ်တော ဝင်ငွေ၏ သဘောတူထားသော ကွဲလွဲချက် ၀.၁% ထက်ကျော်လွန်သည်။

၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် စာရင်းမကိုက်ညီရသေးသော ကွာခြားချက် ၁.၇၈%သည် စုစုပေါင်းသစ်တော ဝင်ငွေ၏ သဘောတူထားသော ကွဲလွဲ ချက် ၀.၁% ထက်ကျော်လွန်သည်။

၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ၄င်းကွာဟချက်သည်အဓိကအားဖြင့် MTE ၏ ကုန်သွယ်လုပ်ငန်းခွန်မှုဖြစ်ပါသည်။ MTE မှ စုစုပေါင်းအခွန် ကျပ် ၁၁၄,၈၇၂ သန်းတင်ပြရာ IRD မှ ကျပ် ၁၉၅,၈၃၄ သန်းတင်ပြခဲ့ပါသည်။ထို့ကြောင့် ကွာဟချက် ကျပ် (၈၀,၉၆၂)သန်းဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် ၄င်းကွာဟချက်သည် အဓိကအားဖြင့် MTE ၏ ကုန်သွယ်လုပ်ငန်းခွန်မှုဖြစ်ပါသည်။ MTE မှစုစုပေါင်းအခွန် ကျပ် ၈၈,၃၈၅ သန်းတင်ပြရာ IRD မှ ကျပ် ၉၂,၁၀၀ သန်းတင်ပြခဲ့ပါသည်။ ထို့ကြောင့် ကွာဟချက် ကျပ် (၃,၇၁၆) သန်းဖြစ်ပါသည်။

MTE နှင့် FD တို့နှင့် ဆွေးနွေးချက်များအရ ကွာဟချက်မှာ MTE မှ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ် မကုန်ခင် နှင့် ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်မကုန်ခင် ကုန်သွယ်ခွန် ပေးဆောင်ရန်ပြေစာကို ဧပြီလတွင် ထုတ်ခြင်းဖြစ်သည်။ လွှဲပြောင်း သည့်နေ့နှင့် လက်ခံရရှိသည့်နေ့များ ကွာခြား ချက်ကြောင့်ဖြစ်သည်။

ကုမ္ပဏီ နှင့် အခွန်ကွာဟချက် အသေးစိတ် စာရင်းကို ဤအစီရင်ခံစာ၏ အခန်း(၅.၁)တွင်ဖော်ပြထားသည်။.

### ၁.၅.၂။ MTE မှပြုလုပ်သော ငွေလွှဲပြောင်းမှုအားတိုက်ဆိုင်စစ်ဆေးခြင်း

MSG၏ဆုံးဖြတ်ချက်အရ MTE မှ MOPF နှင့် အခြားအစိုးရအေဂျင်စီများသို့ ငွေလွှဲမှုများအား စာရင်းတိုက်ဆိုင် စစ်ဆေးရန် ဆုံးဖြတ်ခဲ့ပါသည်။

အဓိကကွာဟချက်မှာ ဖော်ပြထားပြီးဖြစ်သော IRD သို့ ကုန်သွယ်လုပ်ငန်းခွန် ပေးသွင်းခြင်း ဖြစ်ပါသည်။ ငွေတိုက်ဌာန သို့ နိုင်ငံတော်ထည့်ဝင်မှုများ နှင့် အခြား MTE စာရင်းများသို့လွှဲပြောင်းငွေများ ကွာဟချက် မရှိပါ။ အောက်ပါဇယားတွင် ငွေလွှဲမှုများ၏ စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းရှင်းတမ်း ကို ဖော်ပြထားပါသည်။

**ဇယား (၁၄) - MTE မှ လွှဲပြောင်းမှုများ အပေါ်တိုက်ဆိုင် စစ်ဆေးမှုရလဒ်များ (၂၀၁၄-၂၀၁၅ ခု)**

*ကျပ်သန်းပေါင်း*

| | MTE | အစိုးရ အေဂျင်စီ | ကွာခြားချက် |
|---|---|---|---|
| Transfers to IRD | ၁၆၂,၈၁၆.၅၅ | ၂၄၃,၇၇၈.၂၉ | -၈၀,၉၆၁.၇၄ |
| Transfers to TD | ၃၈,၃၅၅.၇၃ | ၃၈,၃၅၅.၇၃ | ၀.၀၀ |
| Other accounts - MTE own Accounts | ၄၀၈,၄၀၁.၄၈ | ၄၀၈,၄၀၁.၄၈ | ၀.၀၀ |
| **စုစုပေါင်း** | ၆၀၉,၅၇၃.၇၆ | ၆၉၀,၅၃၅.၄၉ | -၈၀,၉၆၁.၇၄ |

*Source: EITI Data.*

**ဇယား (၁၄) - MTE မှ လွှဲပြောင်းမှုများ အပေါ်တိုက်ဆိုင်စစ်ဆေးမှုရလဒ်များ (၂၀၁၅-၂၀၁၆ ခု)**

*ကျပ်သန်းပေါင်း။*

| | MTE | အစိုးရ အေဂျင်စီ | ကွာခြားချက် |
|---|---|---|---|
| Transfers to IRD | ၂၀၀,၉၀၄.၃၉ | ၂၀၄,၆၂၀.၄၅ | -၃,၇၁၆.၀၅ |
| Transfers to TD | ၉၀,၀၁၅.၁၆ | ၉၀,၀၁၅.၁၆ | ၀.၀၀ |
| Other accounts - MTE own Accounts | ၄၀၇,၁၅၂.၆၁ | ၄၀၇,၁၅၂.၆၁ | ၀.၀၀ |
| **စုစုပေါင်း** | ၆၉၈,၀၇၂.၁၆ | ၇၀၁,၇၈၈.၂၂ | -၃,၇၁၆.၀၅ |

*Source: EITI Data.*

MTE ၏ RTစာရင်းတိုက်ဆိုင်စစ်ဆေးမှုအား ဤအစီရင်ခံစာ၏ နောက်ဆက်တွဲ (၄) တွင် ဖော်ပြထားသည်။

## ၁.၆။ တွေ့ရှိချက်များ နှင့် အကြံပြုချက်များ

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ် တိုးတက်ရန် ရှုဒေါင့်အမြင်၊ သစ်တော ကဏ္ဍ စီမံအုပ်ချုပ်မှုနှင့် ဝင်ငွေစီမံခန့်ခွဲမှုများအတွက် များစွာသော တွေ့ရှိချက်၊ အကြံပြုချက်များ၏ အောက်ပါ ဇယား (၁၅) တွင် တွေ့ရှိချက်များကို တင်ပြထားပါသည်။

**ဇယား ၁၅ - IA တွေ့ရှိချက်များ**

| စဉ် | သစ်တောမှဝင်ငွေရရှိမှုကိုစီမံအုပ်ချုပ်ခြင်း | စဉ် | သစ်တောကဏ္ဍမှ စီမံအုပ်ချုပ်မှု | စဉ် | EITI အကောင်အထည်ဖော်မှု |
|---|---|---|---|---|---|
| ၁ | အခွန်ပေးသွင်းသူ၏ ကိုယ်ပိုင်မှတ်ပုံတင်အမှတ်မရှိခြင်း | ၄ | သစ်ကုန်သွယ်မှုနှင့် နောက်ကြောင်းပြန်ဖြစ်စဉ်များကို မသိရှိနိုင်ခြင်း | ၇ | လိုင်စင်မှတ်ပုံတင်ခြင်းအချက်အလက် အစီအရင်ခံမှုပြည့်စုံမှု |
| ၂ | သစ်တောကဏ္ဍမှ ရရှိသော ဝင်ငွေကို ခွဲဝေသည့် အရင်းအမြစ် အခွန်စနစ် မရှိခြင်း | ၅ | စည်းမျဉ်း မူဘောင်နှင့် ဥပဒေများ၏ တွန်းအား | ၈ | စာချုပ်ချုပ်ခွင့်ပြုမှု |
| ၃ | သစ်တော ကဏ္ဍနှင့် သစ်တောကဏ္ဍမှမဟုတ်သောဝင်ငွေများအကြားခွဲခြားနိုင်မှု မရှိခြင်း | ၆ | MTE ၏ စီမံ အုပ်ချုပ်မှု တိုးတက်မှု | ၉ | လုပ်သားအင်အားအချက်အလက်အတွက် အစီအရင်ခံခြင်း မရှိခြင်း |
| | | | | ၁၀ | ပရောဂျက်အဆင့်အလိုက် အစီရင်ခံ တင်ပြမှုမရှိခြင်း |
| | | | | ၁၁ | EITI အစီရင်ခံမှု စည်းမျဉ်း မရှိခြင်း |

၎င်းတွေ့ရှိချက်များနှင့် သက်ဆိုင်သော အကြံပြုချက်များကို ဤအစီရင်ခံစာ၏အခန်း(၇)တွင် အသေးစိတ် ဖော်ပြထားသည်။

Tim Woodward
Partner
Moore Stephens LLP

7 January 2019

150 Aldersgate Street
London EC1A 4AB

## ၂။ ချဉ်းကပ်မှုနှင့်နည်းလမ်းများ (APPROACH AND METHODOLOGY)

သစ်တောကဏ္ဍမှရရှိသော ဝင်ငွေ (Revenues) များအား တိုက်ဆိုင်စစ်ဆေးခြင်းဆောင်ရွက်ရာတွင် အောက်ပါအဆင့်များပါဝင်သည်။

- ဝင်ငွေများအားတိုက်ဆိုင် စစ်ဆေးခြင်းဆောင်ရွက်ရမည့် နယ်ပယ်အား သတ်မှတ်ရန်အတွက် နယ်ပယ်သတ်မှတ်ချက် လေ့လာမှု(Scoping Study) တစ်ခုဆောင်ရွက်ရန်။
- အစီရင်ခံစာပုံစံ (Reporting Template) (နောက်ဆက်တွဲ ၅ ကိုကြည့်ပါ) နှင့် အစီရင်ခံခြင်း နှင့် ပတ်သက်သည့် ညွှန်ကြားချက်များ (Reporting Instructions) ပြင်ဆင်ရန်။
- ဝင်ငွေများ တိုက်ဆိုင်စစ်ဆေးရာတွင် အခြေခံကျသော အချက်အလက်များ ထောက်ပံ့ပေးမည့် ငွေပေးချေမှု (Payment) နှင့် အခြားသော အချက်အလက်များ အား အစိုးရအဖွဲ့ အစည်း များနှင့် ကုမ္ပဏီများထံမှ
- စုဆောင်း ရယူခြင်း ။
- အာဏာပိုင်အဖွဲ့အစည်းများမှ လက်ခံရရှိသော ပမာဏနှင့် အခွန်ပေးဆောင်သူတို့မှ ပေးဆောင်ထားသော ပမာဏအကြား ကွာဟမှုရှိမရှိကို သိရှိနိုင်ရန် အစိုးရအဖွဲ့အစည်းများနှင့်ကုမ္ပဏီများထံမှ တင်ပြလာသော အခွန်အခပေးဆောင်မှု(Payment)နှင့် အခြားသော ကိန်းဂဏန်း အချက်အလက်များအား နှိုင်းယှဉ်စစ်ဆေးခြင်း။
- ကွာဟချက် တစ်စုံတစ်ရာစစ်ဆေးတွေ့ရှိပါက ဖြေရှင်းနိုင်ရန်အတွက် အစိုးရအဖွဲ့အစည်းများနှင့် ကုမ္ပဏီများအား ဆက်သွယ်ဆောင်ရွက်ခြင်း။

### ၂.၁။ နယ်ပယ်လေ့လာမှု (Scoping Study)

ငှားရမ်းထားသော စာချုပ်ပါ သဘောတူညီချက်များ (ToR for the Engagement) အရ သစ်တောကဏ္ဍအတွက် ဒုတိယအကြိမ် မြန်မာနိုင်ငံ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး ပထမနှင့် ဒုတိယအကြိမ် ( First and Second Myanmar EITI) အစီရင်ခံစာ၏ နယ်ပယ်ကိုသတ်မှတ်နိုင်ရန်အတွက် အောက်ပါအဆိုပြုချက်များပါဝင်သော နယ်ပယ် သတ်မှတ်ချက်လေ့လာမှုတစ်ခုကို ဆောင်ရွက်ခဲ့သည်။

- လက်ခံရရှိငွေနှင့်ပေးသွင်းငွေများအတွက် အဓိကကျမှု(*အမှားယွင်းမခံနိုင်သော*) အနိမ့်ဆုံးပမာဏ
- သတ်မှတ်ချက် (Materiality Threshold)
- ထည့်သွင်းသင့်သည့် အခွန်များနှင့် ဝင်ငွေအမျိုးအစားများ။
- အစီရင်ခံစာတွင်ထည့်သွင်းသင့်သည့် ကုမ္ပဏီများနှင့် အစိုးရအဖွဲ့အစည်းများ။
- တင်ပြလာသော ကိန်းဂဏန်းအချက်အလက်၏ ယုံကြည်စိတ်ချရမှုကိုသေချာစေရန် အစီရင်ခံတင်ပြလာသောအဖွဲ့အစည်းများမှ ယုံကြည်စိတ်ချရမှုအာမခံချက်ပေးရန်။

တိုက်ဆိုင်စစ်ဆေးမှုတွင် ထည့်သွင်းရမည့် ဘဏ္ဍာငွေ စီးဆင်းမှု၊ အစီရင်ခံတင်ပြရမည့် အစိုးရ အဖွဲ့အစည်းမျာ းနှင့်ကုမ္ပဏီများအား ကျွန်ုပ်တို့ဆောင်ရွက်ခဲ့သည့် နယ်ပယ်သတ်မှတ်ချက်လေ့လာမှုပေါ်အခြေခံပြီး အစိုးရအဖွဲ့များ၊ ကုမ္ပဏီများနှင့် အရပ်ဘက်အဖွဲ့များပါဝင်သော သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ (MSG) မှ သတ်မှတ်ပါသည်။

၂၀၁၇ခုနှစ် ၊ ဇန်နဝါရီလ (၂၉)ရက်နေ့တွင် ကျင်းပခဲ့သောအစည်းအဝေးတွင် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ (MSG) မှ ဆုံးဖြတ်ခဲ့သော မြန်မာနိုင်ငံ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများပွင့်လင်း မြင်သာမှုဖော်ဆောင်ရေး (EITI) အစီရင်ခံစာ၏နယ်ပယ်ကို ယခုအစီရင်ခံစာ၏ အခန်း(၄)တွင် ဖော်ပြထားပါသည်။

## ၂.၂။ အချက်အလက်ကောက်ခံရရှိမှု (Data Collection)

အစီရင်ခံစာ တင်ပြသောအဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်ကို လွယ်ကူချောမော စေရန်ပံ့ပိုးမှုပေးရန်အတွက် စံပြု အစီရင် ခံစာပုံစံ (Reporting Template RT) နှင့်ညွှန်ကြားချက်များကို ပုံစံချပေးထားပါသည်။ အစီရင်ခံစာပုံစံ (RT) ကို အစိုးရအဖွဲ့အစည်းတစ်ခုစီသို့ ပေးသွင်းရသည့် ဝင်ငွေရရှိမှုနည်းလမ်းများ ပါဝင်နိုင်စေရန် ပုံစံချထား သည့်အပြင် ထုတ်ဖော်ဖွင့်ဟရမည့် သင့်လျော်သည့် ငွေကြေးပမာဏကို ကုမ္ပဏီများမှ လွယ်ကူစွာသတ်မှတ်နိုင် စေရန်အတွက် စီစဉ်ဖွဲ့စည်းထားပါသည်။ အစီရင်ခံစာပုံစံ (RT) ကို အစီရင်ခံ တင်ပြမည့်အဖွဲ့ အစည်းများ ထံ သို့အီလက်ထရောနစ်စနစ်ဖြင့် ပို့ပေးသည်။

ကုမ္ပဏီများနှင့် အစိုးရအဖွဲ့အစည်းများသည် လွတ်လပ်သော တိုက်ဆိုင်စစ်ဆေးသူ (Independent Administrator) သို့တိုက်ရိုက်အစီရင်ခံရပြီး၊ ဘဏ္ဍာငွေခွဲ ဝေပေးသွင်းမှုများအား ရက်စွဲ နှင့် လက်ခံရရှိမှုပြေစာများ အလိုက် သတ်မှတ် ပေးထားသော အစီအစဉ်မျာ အတိုင်းတင်ပြရသည် ။ အစီရင်ခံစာပုံစံ (RT) နှင့် ပတ်သက်သည့် မေးခွန်းများ ကိုလည်း လွတ်လပ်သော တိုက်ဆိုင်စစ်ဆေးသူ (Independent Administrator) သို့ တိုက်ရိုက်မေးမြန်းနိုင်သည်။
၂၀၁၈ခုနှစ ၊ဇန်နဂါရီလ (၂၉) ရက်နေ့က နေပြည်တော်တွင် ကျင်းပခဲ့သော သုံးပွင့်ဆိုင်၏ညွှန့်ပေါင်းအဖွဲ့၏ (၁၀) ကြိမ်မြောက်အစည်းအဝေးတွင် အစီရင်ခံစာပုံစံ (RT) အား ကုမ္ပဏီများမှ နောက်ဆုံးထားတင်ပြရမည့်ရက်စွဲကို အီလက်ထရောနစ်စနစ် (Soft Copies) ဖြင့် ပေးပို့ရန်အတွက် ၂၀၁၈ခုနှစ်၊မတ်လ(၂၁)ရက်နေ့ဟုလည်းကောင်း၊ စာပုံစံ(Hard-Copies)ဖြင့်ပေးပို့ရန်အတွက် ၂၀၁၈ခုနှစ်၊ မတ်လ(၃၀)ရက်နေ့ဟု လည်းကောင်း သဘောတူညီခဲ့သည်။

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး(OAG)၏ တောင်းဆိုချက်အရ ၂၀၁၈ခုနှစ်၊ မတ်လ(၃၀) ရက်နေ့တွင် ကျင်းပပြုလုပ် ခဲ့သောသုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ (၁၃)ကြိမ်မြောက် အစည်းအဝေးတွင် အစိုးရအဖွဲ့အစည်းများ နှင့်မြန်မာ့သစ်လုပ်ငန်း (MTE)တို့မှ စာရင်းစစ်ချုပ်ရုံးအသိအမှတ်ပြုပြီး အချက်အလက် ထုတ်ပြန်သည့် အစီရင်ခံစာပုံစံ (RT)အား စာပုံစံဖြင့် နောက်ဆုံးတင်ပြရန်ရက်စွဲကို ဧပြီလ (၁၈) ရက်ဟုသတ်မှတ်ထားရာမှ ၂၀၁၈ ခုနှစ်၊ ဧပြီလ(၂၇)ရက်ဟု ရက်တိုးမြှင့် သတ်မှတ်ရန်သဘောတူညီခဲ့သည်။ ထိုသို့သတ်မှတ်ခြင်းမှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှထောက်ခံ အသိအမှတ် ပြုရာတွင် အချိန်လုံလောက်စွာရရှိစေရန်ဖြစ်ပါသည်။

## ၂.၃။ တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ကွဲပြားခြားနားမှုများအား ဖော်ထုတ်ခြင်း (Reconciliation and Investigation of Discrepancies)

တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ဆောင်ချက်ကို ၂၀၁၈ခုနှစ်၊မတ်လ(၂၂)ရက်နှင့်ဧပြီလ(၇)ရက်အတွင်းဆောင်ရွက်ခဲ့ပါသည်။ တိုက်ဆိုင်စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အောက်ပါလုပ်ထုံးလုပ်နည်းများကို လုပ်ဆောင် ခဲ့ကြပါသည်။

### ၂.၃.၁။ ကနဦးတိုက်ဆိုင်စစ်ဆေးမှုလုပ်ထုံးလုပ်နည်းများ (Initial Reconciliation Procedures)

ကုမ္ပဏီများမှ အစီရင်ခံတင်ပြလာသော ကိန်းဂဏန်း အချက်အလက်များကို သက်ဆိုင်ရာ ခေါင်းစဉ်အမျိုးအစား အလိုက်စုစည်းပြီး၊အစိုးရအဖွဲ့အစည်းများမှအစီရင်ခံတင်ပြလာသောကိန်းဂဏန်းအချက်အလက်များနှင့် နှိုင်းယှဉ်သည်။ ရလဒ်အနေဖြင့် ဖော်ထုတ်ရရှိသောကွာဟချက်များကို ဆက်စပ်လျက်ရှိသော အစိုးရအဖွဲ့အစည်းနှင့်ကုမ္ပဏီအလိုက် သက်ဆိုင်ရာခေါင်းစဉ်အမျိုးအစားများဖြင့် စာရင်းပြုစုသည်။
အစိုးရအဖွဲ့မှ တင်ပြလာသောဝင်ငွေနှင့် ကုမ္ပဏီများမှတင်ပြလာသော အချက်အလက်များမှာအခန်း၂.၃.၂တွင် ဖော်ပြ ထားသော ခွင့်ပြုနိုင်လောက်သည့် ခြားနားမှုပမာဏအတွင်းသာလျင် သွေဖီမှုရှိပြီး၊ ကျန်အချက်များ ကိုက်ညီမှုရှိသော် အစိုးရအဖွဲ့၏ အချက်အလက်များသည် ခိုင်မာသည်ဟုယူဆလျက် မည်သည့်အရေးယူဆောင်ရွက်မှုကိုမျှထပ်မံ လုပ်ဆောင်ရန်မလိုအပ်ပေ။

အစိုးရအဖွဲ့မှ တင်ပြလာသော ဝင်ငွေအချက်အလက်နှင့်ကုမ္ပဏီများမှတင်ပြလာသောပေးချေမှုအချက် အလက်များ တိုက်ဆိုင်မှုမရှိသည့်အပြင် ကွာခြားချက်မှာ ခွင့်ပြုနိုင်လောက်သည့်ခြားနားမှုအတွင်းမရှိပါက၊ ကုမ္ပဏီတစ်ခုချင်းစီနှင့် အစိုးရအဖွဲ့ကြားတွင် ကွာဟချက်များကို ရှာဖွေဖော်ထုတ်ပြီး ကနဦးတိုက်ဆိုင်စစ်ဆေးမှုအစီရင်ခံစာအပြီးမသတ်မီ အဆိုပါကွာဟချက်များကို ထပ်မံစုံစမ်းစစ်ဆေးမှုများဆောင်ရွက်နိုင်ဖွယ်ရှိသည်။

### ၂.၃.၂။ တိုက်ဆိုင်စစ်ဆေးမှုကွာဟချက်နှင့် ယင်းအပေါ် အားထုတ်ကြိုးပမ်းမှုအဆင့် (Reconciliation Variance and Level of Effort)

အစီရင်ခံစာပုံစံအား အပြီးသတ်ဆောင်ရွက်မှုလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကွာဟချက်များကိုဖြေရှင်းရာတွင် အသုံးပြုရန်အတွက် လက်ခံနိုင်လောက်သော ကွာဟမှုအနိမ့်ဆုံး သတ်မှတ်ချက် (Variance Threshold) အနေဖြင့် မြန်မာကျပ်ငွေ (၈) သန်းဟု သတ်မှတ်ခဲ့သည်။

အစိုးရဌာနများမှ တင်ပြလာသောအချက်အလက်များသည် ကုမ္ပဏီမှတင်ပြလာသော ပေးချေမှုအချက်အလက်များနှင့် တိုက်ဆိုင်မှုမရှိသော အခြေအနေတွင်၊ကွာဟချက်မှာလည်း ကွာဟမှုအနိမ့် ဆုံးသတ်မှတ်ချက် (VarianceThreshold) နှင့်တူညီသည် (သို့မဟုတ်) အနိမ့်ဆုံးသတ်မှတ်ချက် အောက်တွင်ရှိသည်ဆိုပါက အဆိုပါကွာဟချက်မှာ MEITI အစီရင်ခံစာတွင်ထည့်သွင်းဖော်ပြနိုင်အောင် အဓိကကျသည်ဟုမသတ်မှတ်ပေ။

### ၂.၃.၃။ ကွာဟမှုကို စုံစမ်းစစ်ဆေးရန် နောက်ဆက်တွဲလုပ်ထုံးလုပ်နည်းများ (Follow-Up Procedures to Investigate Differences)

အစိုးရအဖွဲ့များမှ တင်ပြလာသော ဝင်ငွေအချက်အလက်များသည် ကုမ္ပဏီမှ တင်ပြလာသော ပေးချေမှုများ နှင့်တိုက်ဆိုင်မှုမရှိသည့်အပြင်၊ ကွာဟချက်များမှာ ကွာဟမှုအနိမ့်ဆုံးသတ်မှတ်ချက်(VarianceThreshold) ၏ ပြင်ပတွင် ရှိနေပါက၊အဆိုပါကွာဟချက်များ ကိုဖြေရှင်းနိုင်ရန်အတွက် စုံစမ်းစစ်ဆေးမှုများကိုထပ်မံဆောင်ရွက်ရန်လိုအပ်သည် ဟု ယူဆပါသည်။
အဆိုပါအခြေအနေများတွင် ကနဦးတင်ပြထားသော အစီရင်ခံစာပုံစံများ တွင်ပါဝင်သော အချက်အလက် များ၌ မည်သို့သော ထပ်ဆောင်းပြင်ဆင်မှုများပြုလုပ်ထားသည် နှင့်ယင်းထပ်ဆောင်းပြင်ဆင်မှုများ၏ အထောက်အကူပြုစာရွက်စာတမ်းများ (Supporting Document) နှင့် အတည်ပြုချက်များအား အစိုးရအဖွဲ့များ နှင့်ကုမ္ပဏီများ ထံသို့ကိုတောင်းဆိုရပါသည်။
အစီရင်ခံတင်ပြသည့် အဖွဲ့အစည်းအားဆက်သွယ်ပြီး သက်ဆိုင်ရာဌာန အကြီးအကဲများနှင့် အစည်းအဝေးများ စီစဉ်ရပါသည်။တင်ပြထားသော ပေးချေမှုများအတွက် သက်သေခံအနေဖြင့် အထောက်အကူပြု စာရွက်စာတမ်း များကိုထပ်ဆောင်းလေ့လာခဲ့ပါသည်။ထပ်ဆောင်းရရှိသော အထောက်အကူပြုစာရွက်စာတမ်းများ အားလေ့လာခြင်း ဖြင့်ကွာဟချက်များအတွက် အကြောင်းပြချက်များကိုရှာဖွေဖော်ထုတ်နိုင်ခြင်းမရှိသည့်အခြေအနေများတွင် ကွာဟချက် များအား"သတ်မှတ်ချက်မရှိသော/ဖြေရှင်းနိုင်ခြင်းမရှိသော"ဟုဖော်ပြထားပါသည်။
ကျွန်ုပ်တို့ဆောင်ရွက်ချက်များ၏ရလဒ်များကိုအစီရင်ခံစာ၏အခန်း(၅)တွင် ဖော်ပြထားပါသည်။ အစီရင်ခံစာပုံစံတွင် ပြုလုပ်ထားသော ထပ်ဆောင်းပြင်ဆင်မှုများကို အစီရင်ခံစာ၏နောက်ဆက်တွဲ(၆)တွင် ဖော်ပြထားပါသည်။

## ၂.၄။ မှီခိုအားထားနိုင်မှု (Reliability) နှင့် ယုံကြည်ကိုးစားနိုင်မှု (credibility)

### ၂.၄.၁။ ယုံကြည်စိတ်ချရမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအားကနဦးစစ်ဆေးခြင်း (Initial assessment of assurance procedure)

EITI စံသတ်မှတ်ချက်တွင် နိုင်ငံတကာစံချိန်စံညွှန်းများကို လက်ခံကျင့်သုံးထားသောအများလက်ခံနိုင်စွမ်းရှိသည့် ယုံကြည်စိတ်ချရမှုဆိုင်ရာလုပ်ငန်းစဉ် တစ်ခုနေရာတကျရှိနေရန်လိုအပ်ပါသည်။၂၀၁၅/၁၆ MEITIအစီရင်ခံစာအတွက်

ကျင့်သုံးထားသောလုပ်ပုံလုပ်နည်းတွင် မြန်မာနိုင်ငံတွင် တွေ့ရသောအကန့်အသတ်များနှင့် ယခင်တိုက်ဆိုင်စစ်ဆေးမှုတွင်သတိထားမိခဲ့သော မပြည့်စုံမှုများကို ထည့်သွင်းစဉ်းစားထားသည်။

ကုမ္ပဏီများ၊ မြန်မာ့သစ်လုပ်ငန်းနှင့် အစိုးရအဖွဲ့အစည်းများအတွက် ရှိရင်းစွဲထိန်းချုပ်မှုများနှင့်စာရင်းစစ်မူဘောင် (ECAF – Existing Controlsand Audit Framework)အပေါ်ယုံကြည် စိတ်ချရမှုကိုမည်သည့်အတိုင်းအတာ အထိထားနိုင်မည်ဆိုသည်ကို စိစစ်နိုင်ရန်အတွက် ကျွန်ုပ်တို့၏ လုပ်ငန်းအတွေ့အကြုံဆိုင်ရာအကဲဖြတ်နိုင်စွမ်း(Professional Judgement)ကိုလက်ခံကျင့်သုံးပါသည်။ ထိုအဆင့်သည် အစီရင်ခံစာ တစ်စောင်စီအတွက် ယုံကြည်စိတ်ချမှုအပေါ် ကနဦးစစ်ဆေးခြင်း (IAA – Initial Assessment of Assurance)ကိုသတ်မှတ်ရာတွင် အထောက်အကူဖြစ်စေပါသည်။ အတိုချုပ်အနေဖြင့် စာရင်းစစ်မူဘောင်(AF)မှာ သတ်မှတ်ချက် အဆင့်နိမ့်နေပါက ကနဦးစစ်ဆေးချက်မှာလည်း သတ်မှတ်ချက်အဆင့်နိမ့်နေမည်ဖြစ်သည် (ဆိုလိုသည်မှာ ယုံကြည်စိတ်ချရမှုအဆင့်နိမ့်သည်)။

စစ်ဆေးမှုကို နိုင်ငံတကာစာရင်းကိုင်စံချိန်စံညွှန်းများဖြစ်စေ ၊ယုံကြည်စိတ်ချရသော ပြည်တွင်းစံချိန်စံညွှန်းများဖြစ်စေ၊ အခြားစံချိန်စံညွှန်းဖြစ်စေ စသဖြင့် လိုက်နာကျင့်သုံးထားသော စာရင်းကိုင်စံချိန်စံညွှန်းများ(Accounting Standards)၊ ရှိရင်းစွဲအုပ်ချုပ်မှုနှင့်အဖွဲ့အစည်းအတွင်း ထိန်းချုပ်မှုများ (Governance and Internal Controls)၊ အဖွဲ့အစည်းများအား စာရင်းစစ် လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုသောစာရင်းစစ်စံချိန်စံညွှန်းများနှင့် စာရင်းစစ်ရှိပါက အဆိုပါစာရင်း စစ်၏ယုံကြည်စိတ်ချရမှုစသည့်အဓိကျသောအချက်များပေါ်တွင် အခြေခံထားပါသည်။

အစီရင်ခံစာတင်ပြလာသောအဖွဲ့အစည်းမှ တင်ပြထားသော အချက်အလက်၏လက်ခံနိုင်စွမ်းကို အာမခံချက် ပေးနိုင်ရန်ရည်ရွယ်ထားသော ၂၀၁၆ခုနှစ် EITI စံချိန်စံညွှန်းပါလိုအပ်ချက် (၄.၉) အား လိုက်နာနိုင်ရန်အတွက်၊ သုံးဦးဆိုင်ညွှန့်ပေါင်းအဖွဲ့ (MSG) သည် ၂၀၁၄/၁၅ နှင့် ၂၀၁၅/၁၆ MEITI အစီရင်ခံစာ အတွက် အောက်ဖော်ပြပါချဉ်းကပ်မှုလုပ်ပုံ လုပ်နည်းအား သဘောတူညီခဲ့ပါသည်။

**(က) ကုမ္ပဏီများ**

အမျိုးအစားခွဲခြားမှု(Classification) သည်ကုမ္ပဏီများအား စာရင်းစစ်ရာတွင်အသုံးပြုသော စာရင်းစစ် စံနှုန်းများ၊ စာရင်းကိုင်စံနှုန်းများ(အခန်း၃.၉.၁)အပေါ်တွင် မူတည်၍ ပြုလုပ်ထားသည်။ ကုမ္ပဏီများအတွက် ရှိရင်းစွဲထိန်းချုပ်မှုများနှင့်စာရင်းစစ်မူဘောင် (ECAF)နှင့် ယုံကြည်စိတ်ချမှုအပေါ် ကနဦးအကဲဖြတ်ဆန်းစစ်မှု(Initial Assessment for Assurances) ကို အဆင့်သတ်မှတ်မှုအနိမ့်(Low)ဟု ယူဆနိုင်သည်။

ဆန်းစစ်မှုကဏ္ဍအတွက်ရွေးချယ်သော ကုမ္ပဏီများအား ၎င်းတို့၏အစီရင်ခံစာပုံစံ(Reporting Templates) များကို တင်သွင်းစေသည်။ ယင်းပုံစံများသည်-

- ကုမ္ပဏီကိုယ်စားပြုသောကိုယ်စားလှယ်တစ်ဦးမှ လက်မှတ်ရေးထိုးထားရမည်။
- မှတ်တမ်းတွင်ပါဝင်ထားသောငွေပေးချေမှုများနှင့်ပတ်သက်သည့်အသေးစိတ်အချက်အလက်များနှင့် ပူးတွဲတင်ပြရမည်။

**(ခ) အစိုးရအဖွဲ့အစည်းများနှင့် မြန်မာ့သစ်လုပ်ငန်း (MTE)**

များသောအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ဗဟိုအစိုးရအဖွဲ့အစည်းများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ရှိရင်းစွဲထိန်းချုပ်မှုများနှင့်စာရင်းစစ်မူဘောင် (ECAF) နှင့် ယုံကြည်စိတ်ချမှုအပေါ် ကနဦးအကဲဖြတ်ဆန်းစစ်မှု (IAA) စံနှုန်းတိုင်းတာမှုတွင် အဆင့်သတ်မှတ်မှုအနိမ့်ပိုင်း (In a low range) တွင် ပါဝင်လေ့ရှိကြသည်။ အထက်တွင်ဖော်ပြထားချက်ကိုမူတည်၍ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MSG) သည် ၂၀၁၄/၁၅ နှင့် ၂၀၁၅/၁၆ ခုနှစ် အစီရင် ခံစာအတွက် ဤ Scope တွင်ပါဝင်မည်ဖြစ်သော အစိုးရအဖွဲ့အစည်းများနှင့် မြန်မာ့သစ်လုပ်ငန်းတို့အား ၎င်းတို့ တင်သွင်းရမည့် အစီရင်ခံစာပုံစံများ၌

- အစိုးရအဖွဲ့အစည်းကို ကိုယ်စားပြုရန်အတွက် တာဝန်ရှိသော လူပုဂ္ဂိုလ်မှ လက်မှတ်ရေးထိုးစေရမည်။
- မှတ်တမ်းတွင်ပါဝင်ထားသောပေးချေမှုများနှင့်ပတ်သက်သည့်အသေးစိတ်အချက်အလက်များနှင့်ပူးတွဲတင်ပြရမည်။
- ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှအသိအမှတ်ပြုထောက်ခံထား (OAG Certification) ရမည်။

## ၂.၄.၂။ ယုံကြည်စိတ်ချရမှုလုပ်ထုံးလုပ်နည်းများအပေါ် အဆုံးသတ်အကဲဖြတ်ဆန်းစစ်ခြင်း (Final Assessment)

ကျွန်ုပ်တို့သည် အစိုးရအဖွဲ့အစည်းများ နှင့် ကုမ္ပဏီများထံမှ အထက်ဖော်ပြပါခေါင်းစဉ်တွင် ဖော်ပြထားသော အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ၍ ယုံကြည်စိတ်ချရမှုအတွက် အောက်ဖော်ပြပါသတ်မှတ်ထားချက် (Criteria) များကို အသုံးပြုသည်။

- အစိုးရအဖွဲ့အစည်းဖြစ်စေ၊ မြန်မာ့သစ်လုပ်ငန်းဖြစ်စေ၊ ကုမ္ပဏီဖြစ်စေ ၄င်းအားကိုယ်စားပြုရန်အခွင့် အာဏာရထားသော (Authorized) ပုဂ္ဂိုလ်က လက်မှတ်ထိုးထားသောအစီရင်ခံစာပုံစံ မတင်သွင်းရခြင်းသည် ယုံကြည်စိတ်ချရမှုအဆင့်ကို လျော့နည်းစေသည်။
- စာရင်းများ(သို့မဟုတ်)ယင်းစာရင်းများအပေါ် စာရင်းစစ်အစီရင်ခံစာမရှိခြင်းသည်လည်း ယုံကြည်စိတ်ချရမှုအဆင့်ကိုလျော့နည်းစေသည်။

သို့ပါ၍ရွေးချယ် ထားသောအဖွဲ့အစည်းတစ်ခု၏ ယုံကြည်စိတ်ချရမှုအဆင့်ကို အောက်ပါအတိုင်း အမျိုးအစားခွဲခြား သတ်မှတ်သည်။

| | |
|---|---|
| **အဆင့်သတ်မှတ်မှုအနိမ့်။** | စာရင်းစစ်ဆေးခြင်းလည်း မပြုလုပ်ထား၊အစီရင်ခံစာပုံစံကို လက်မှတ်ထိုးထားသောမိတ္တူလည်းမတင်ပြသောအဖွဲ့အစည်းများ။ |
| **အဆင့်သတ်မှတ်မှုအလယ်အလတ်။** | စာရင်းစစ်ဆေးထားသော်လည်း လက်မှတ်ထိုးထားသော အစီရင်ခံစာ မိတ္တူကို မတင်ပြသောအဖွဲ့အစည်းများ။ |
| **အဆင့်သတ်မှတ်မှုအမြင့်။** | စာရင်းစစ်ဆေးထားပြီး လက်မှတ်ထိုးထားသော အစီရင်ခံစာ မိတ္တူကိုတင်ပြသောအဖွဲ့အစည်းများ။ |

ကုမ္ပဏီများအားလုံးအတွက် ယင်းကုမ္ပဏီများအားလုံးက ၂၀၁၄/၁၅ နှင့် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အစီရင်ခံစာ မိတ္တူနှင့် တကွ လက်မှတ်ရေးထိုး ထားသော အစီရင်ခံစာပုံစံ မိတ္တူကို တင်သွင်းသည့်အတွက် ယုံကြည်စိတ်ချ ရမှုအဆင့်ကို အဆင့်သတ်မှတ်မှုအမြင့်ပိုင်းအတွင်းရှိသည်ဟု အကဲဖြတ်နိုင်သည်။
အစိုးရအဖွဲ့အစည်းများနှင့်မြန်မာ့သစ်လုပ်ငန်းမှာလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ထောက်ခံစာ လက်မှတ် (OAG Certification) နှင့်တကွ လက်မှတ်ရေးထိုးထားသောအစီရင်ခံစာပုံစံ (RT) မိတ္တူကို တင်သွင်းသည့်အတွက် ယုံကြည်စိတ်ချရမှုအဆင့်အမြင့်ပိုင်းအတွင်းရှိသည်ဟု အကဲဖြတ်နိုင်သည်။

## ၂.၄.၃။ တိုက်ဆိုင်စစ်ဆေးခြင်း ကိန်းဂဏန်းအချက်အလက်(Reconciliated Data) ၏ ပြီးပြည့်စုံမှုနှင့် ယုံကြည်စိတ်ချရမှုကို အကဲဖြတ်ဆန်းစစ်ခြင်း

ကုမ္ပဏီများ၊မြန်မာ့သစ်လုပ်ငန်းနှင့်အစိုးရအဖွဲ့များထံမှ တိုက်ဆိုင်စစ်ဆေးထားသော ဘဏ္ဍာရေးအချက်အလက်များ၏ ယုံကြည်စိတ်ချရမှုနှင့်ပြီးပြည့်စုံမှုတို့အား နောက်ဆုံးဆန်းစစ်သည့်အခါ စိတ်ကျေနပ်ဖွယ်ရှိသည်ဟု ကောက်ချက်ချခဲ့သည်။

## ၂.၅။ အစီရင်ခံခြင်းကာလနှင့် အခြေခံစည်းမျဉ်း (Basis)

တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) စံနှုန်း၏ လိုအပ်ချက်နှင့် လိုက်နာမှုရှိစေရန်အလို့ငှာ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့က ၂၀၁၄/၂၀၁၅ အစီရင်ခံစာသည် ၂၀၁၄/၂၀၁၅ ဘဏ္ဍာရေးနှစ်အချက်အလက်များအပေါ် အခြေပြုရန် နှင့် ၂၀၁၅/၁၆ အစီရင်ခံစာ သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်အချက်အလက်များ အပေါ်အခြေပြုမည်ဟု သဘောတူသည်။

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ကအစီရင်ခံစာကာလသည် ဘဏ္ဍာရေးနှစ်အတိုင်းဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်သည်။ ၂၀၁၄/၁၅ နှင့် ၂၀၁၅/၁၆ MEITI အစီရင်ခံစာအတွက် (ကိန်းဂဏန်းများ တိုက်ဆိုင်စစ်ဆေးခြင်းကို) ၂၀၁၄/၁၅ နှင့် ၂၀၁၅/၁၆ဘဏ္ဍာရေးနှစ်ဖြစ်သော ၂၀၁၄ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ၂၀၁၅ ခုနှစ်မတ်လ (၃၁) ရက်နေ့အထိ နှင့် ၂၀၁၅ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ ၂၀၁၆ ခုနှစ်မတ်လ (၃၁) ရက်နေ့အထိ အချက်အလက်များပေါ်တွင် ပြုလုပ်ခဲ့သည်။ တိုက်ဆိုင်စစ်ဆေးမှုအပိုင်း(Reconcialiation Scope)တွင် ပါဝင်သောဝင်ငွေရလမ်း (Revenue Streams)များမှာ ၂၀၁၄/၁၅ နှင့် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီများမှပြုလုပ်သော ပေးချေမှုများနှင့် အစိုးရအဖွဲ့အစည်းများမှ လက်ခံရရှိသော ဝင်ငွေများနှင့် သာသက်ဆိုင်သည်။ကုမ္ပဏီများမှ အခကြေးငွေဖြစ်ထွန်း ပေါ်ပေါက်စေ သောကာလ နှင့်သက်ဆိုင်မှုမရှိစေ ဘဲယင်းအခကြေးငွေများကို အမှန်တကယ်ပေးသွင်းသောကာလနှင့် သာသက်ဆိုင်မှုရှိသည်။ အစီရင်ခံစာတွင် အခြားမည်သို့ဖြစ်သည်ဟုတင်ပြမှုမရှိသရွေ့ အစီရင်ခံငွေကြေးမှာ မြန်မာကျပ်ငွေသန်း (MMK millions) နှင့်ဖြစ်သည်။

အမှန်တကယ်သုံးခဲ့သောငွေလဲလှယ်မှုနှုန်းထားများကို မရရှိနိုင်ခြင်း (သို့မဟုတ်) မဖော်ပြခြင်းများရှိလျှင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(CBM)မှ ထုတ်ပြန်သတ်မှတ်သော အစီရင်ခံကာလအတွက် ပျမ်းမျှငွေလဲလှယ်နှုန်းကို အသုံးပြုသည်။

၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုသော ပျမ်းမျှငွေလဲလှယ်နှုန်းမှာ အမေရိကန် ဒေါ်လာ ၁ ဒေါ်လာ= ၉၉၅.၂၆ ကျပ်ဖြစ်သည်။

၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုသော ပျမ်းမျှငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ ၁ ဒေါ်လာ= ၁၂၂၃.၅၈ ကျပ်ဖြစ်သည်။

## ၂.၆။ စီမံအုပ်ချုပ်မှုနည်းလမ်းများနှင့် စုဆောင်းကောက်ယူခဲ့သောအချက်အလက်များ အတွက်ကာကွယ်မှုများ

အစီရင်ခံအဖွဲ့အစည်းများမှ စုဆောင်းရရှိသောအချက်အလက်များ၏ လျှို့ဝှက်ထိန်းသိမ်းထားနိုင်မှုကို ကာကွယ်ရန်အလို့ငှာ အောက်ပါဆောင်ရွက်ချက်များ ကိုအသုံးပြုသည်။

- EITI စံနှုန်း၊ စာချုပ်ပါသတ်မှတ်ချက်များ (ToR-၅)တွင် Moore Stephens LLPကို ငှားရမ်းသည့် စာချုပ်ပါအချက်အလက်များ) နှင့် တိုက်ဆိုင်စစ်ဆေးမှုပြုခြင်းအတွက် လိုအပ်သော အချက်အလက်ကိုသာတောင်းဆိုရမည်။ လိုအပ်ချက်မဟုတ်သောအချက်အလက်ကို မှားယွင်းပေးမိပါက ဖျက်ပစ်(သို့မဟုတ်)ဖျက်ဆီးပစ်ရမည်။
- စုဆောင်းထားသောအချက်အလက်ကို လျှို့ဝှက်ကုတ်ဖြင့် ကာကွယ်ထားသော လက်ပ်တော့များတွင်သာသုံး၍အီးမေးလ်နှင့် ပြုလုပ်သောစာအသွားအပြန်များကိုလည်း လုံခြုံစိတ်ချရသော စာပို့ ဆာဗာများမှတဆင့်သာ ပြုလုပ်ရမည်။
- အစီရင်ခံသောအဖွဲ့အစည်းကို ပြည့်စုံစွာဖြည့်ထားသော အစီရင်ခံစာပုံစံများနှင့် အတိမ်းအစောင်းမခံသော၊ လျှို့ ဝှက်ထိန်းသိမ်းထားရန်လိုသော သတင်းအချက်အလက်များအား Independent Adminstrator ၏ Generic Email Address ဖြစ်သော meiti.forestry@moorestephens.com သို့ပေးပို့ရန်တောင်းဆိုထားသည်။
- အစိုးရအဖွဲ့အစည်းများနှင့်ကုမ္ပဏီများမှ လိုအပ်သော အခြားသတင်းအချက်အလက်များကို တောင်းခံရာတွင် အထက်ဖော်ပြပါ ဆောင်ရွက်ရန် နည်းလမ်းများနှင့်အညီ ပြုလုပ်သည်။

# ၃။ နောက်ခံသတင်းအချက်အလက်များ (CONTEXTUAL INFORMATION)

## ၃.၁။ မြန်မာနိုင်ငံသစ်တောကဏ္ဍ (Forestry Sector in Myanmar)

### ၃.၁.၁။ သစ်တောမြေများနှင့် ပိုင်ဆိုင်မှု(Forest Lands and Ownership)

အရှေ့တောင်အာရှပင်မနယ်မြေတွင် မြန်မာနိုင်ငံသည် အကြီးမားဆုံးနိုင်ငံဖြစ်ပြီး စုစုပေါင်းဧရိယာ ၆၈ မီလီယံဟက်တာ ရှိသည်။ FAO၏ ကမ္ဘာလုံးဆိုင်ရာသစ်တောသယံဇာတအရင်းအမြစ်စိစစ်ချက် နောက်ဆုံးအစီရင်ခံစာအရ မြန်မာနိုင်ငံ၏စုစုပေါင်းမြေဧရိယာ၏ ၄၂.၉၂% မှာသစ်တောများဖြစ်သည်။[1] လက်ကျန်သစ်တောများ အမျိုးအစား မြင့်မားစွာ ဖုံးအုပ်လျက်ရှိနေသော်လည်း ပြီးခဲ့သောဆယ်စုနှစ်များ အတွင်း နိုင်ငံတွင်သစ်တောပြုန်းတီးမှု၊ သစ်တောများပျက်စီးမှုများ အများအပြားရှိနေသည်။ ၁၉၉၀ခုနှစ် မှ၂၀၁၅ ခုနှစ်အတွင်း နှစ်စဉ် သစ်တော ပြုန်းတီးမှုရာခိုင်နှုန်းမှာ ၁.၂% ဖြစ်သည်။ ကျန်ရှိနေသော မူလသစ်တောဂေဟစနစ်များမှာ ၎င်းတို့၏ ဇီဝမျိုးကွဲများ မြင့်မားမှုကြောင့် ကမ္ဘာတွင်အထင်ကရရှိသည်။

သစ်တောဦးစီးဌာန[2]၏အဆိုအရ မြန်မာနိုင်ငံတွင်သစ်တောများပြုန်းတီးရခြင်း၏ အဓိကအကြောင်းရင်းများမှာ-

(၁) မြေအသုံးချမှုကို အခြားသော(*သစ်တောမဟုတ်သော*) ရည်ရွယ်ချက်များတွင် ပြောင်းလဲအသုံးချခြင်း

(၂) တရားဝင်သစ်ထုတ်လုပ်မှုကဏ္ဍတွင် အလွန်အကျွံသစ်ထုတ်လုပ်ခြင်း

(၃) လူဦးရေတိုးပွါးလာမှုနှင့် ကျေးရွာများ၊ မြို့များချဲ့ထွင်လာခြင်း

(၄)ထင်း၊ မီးသွေးနှင့် အခြားသောနေ့စဉ်နေထိုင်မှုအသုံးချမှုအတွက်လိုအပ်သော ဒေသထွက်ကုန်ပစ္စည်းများ အတွက်သစ်နှင့်သစ်သားဝယ်လိုအားများလာခြင်း

(၅) တရားမဝင် သစ်ထုတ်လုပ်မှုကဏ္ဍတွင် အလွန်အကျွံ သစ်ထုတ်လုပ်ခြင်း(Over-logging)နှင့် မှောင်ခို သစ်ထုတ်လုပ်ခြင်း။

မြန်မာနိုင်ငံရှိ သစ်တောထိန်းချုပ်မှုစနစ်တွင် သစ်တောများကိုအောက်ပါအတိုင်းအမျိုးအစားခွဲခြားထားပါသည်။[3]

- **ကြိုးဝိုင်းတောများ (Reserved Forests)**- သစ်တောဥပဒေနှင့်အညီဖော်ဆောင်ထားပြီး ပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်နှင့် သစ်တောထွက်ပစ္စည်းများ (Forest Produces) တောထွက်နှုန်း (Yield) ကို ရေရှည် ထိန်းသိမ်း ထားနိုင်ရန် ရည်ရွယ်ချက်ဖြင့် သစ်တော အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း (Forest Management Plan)အရဆောင်ရွက်ထားရှိသော သစ်တောများဖြစ်သည်။ ၎င်းသစ်တောများတွင် အကန့်များပါဝင်ပြီး သစ်ထုတ်ယူရန်ရည်ရွယ်၍ ခုတ်စဉ်များ (Felling Series) သတ်မှတ်ထားပါသည်။ အဆိုပါ ခုတ်စဉ်များကို အနစ် ၃၀ ကြာလျှင်တစ်ကြိမ်ကျ သစ်ထုတ်ယူခြင်းဆောင်ရွက်နိုင်သော နှစ် ၃၀ စီမံချက် (၃၀ annual coupes) များပါဝင်သည်။
- **ကြိုးပြင်ကာကွယ်တောများ (Protected Public Forests) -** သစ်တောဥပဒေနှင့်အညီဖော်ဆောင်ထားပြီးပတ်ဝန်းကျင်ကိုထိန်းသိမ်းရန်နှင့်ပြည်သူလူထု၏အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်ရည်ရွယ်ချက်ဖြင့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းအရ ဆောင်ရွက်ထားရှိသောသစ်တောများ
- **ကြိုးပြင် တောများ (Unclassified Forests)**- အစိုးရမှအလိုရှိသလိုအသုံးပြုနိုင်သော သစ်တောများ

[1] Source: FAO Global Forest Resource Assessment 2015.
[2] Source: Stakeholder Mapping, August 2016, FLEGT Action Plan of Myanmar.
[3] Source: Forest Law, n°8/92 (1992).

၂၇.၅ မီလီယံဟက်တာခန့် (၇၀%) သောသစ်တောများမှာ ထုတ်လုပ်မှုအတွက် သတ်မှတ်ထားခြင်းဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် စိုက်သစ်တောဧရိယာမှာ ၉၄၄,၀၀၀ဟက်တာအကြမ်းဖျင်းထုတ်လုပ်မှုသစ်တော၏ ၄%ခန့်) ဖြစ်ပြီး၊ ၎င်းတို့တွင် သစ်ထုတ်လုပ်မှုအတွက်စိုက်ခင်းများ၊ ကျေးရွာသစ်ထောက်ပံ့ရေးအတွက် စိုက်ခင်းများ နှင့် ရေဝေရေလဲ ဒေသစီမံအုပ်ချုပ်မှု (Watershed Management) ပြုလုပ်မှုအတွက်စိုက်ခင်းများပါဝင်ပါသည်။

မြန်မာနိုင်ငံရှိမြေအားလုံးသည်နိုင်ငံတော်ပိုင်ဖြစ်သည်။ သစ်တောသယံဇာတများစီမံခန့်ခွဲမှုအတွက် တာဝန်ရှိသူမှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနရှိဌာနခွဲတစ်ခုဖြစ်သော သစ်တောဦးစီးဌာနဖြစ်ပါသည်။ ဥပဒေကြောင်းအရ နိုင်ငံပိုင်သစ်တောလုပ်ငန်းတစ်ခုဖြစ်သော မြန်မာ့သစ်လုပ်ငန်းတွင် သစ်ထုတ်ယူမှုကို တစ်ဦးတည်းချုပ်ကိုင်ခွင့်ရှိသည်။သစ်တောမူဝါဒတွင် ကျွန်းနှင့်အခြားအဖိုးတန်သစ်မာများ၊ တားမြစ်ရာပါသစ်မာများ **(Reserved species)** ဟု သတ်မှတ်ထားသည်။ ဆိုလိုသည်မှာ ၎င်းတို့အား နိုင်ငံတော်မှပိုင်ဆိုင်ပြီး နိုင်ငံတော်သာလျှင် အဆိုပါပစ္စည်းများအား ခုတ်လှဲရိတ်သိမ်းခွင့်နှင့်အကျိုးအမြတ်ခံစား ပိုင်ခွင့်ရှိသည်။

ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောဆိုင်ရာ ညွှန်ကြားချက်များ (The Community Forestry Instructions – CFI) သည် ကျေးလက်ပြည်သူလူထု အား သစ်တောများကိုပူးတွဲစီမံခန့်ခွဲနိုင်စေရန် အတွက်တရားဝင် ကျောထောက် နောက်ခံအဖြစ်တည်ရှိသည်။ CFI၏အခြေခံသဘောတရားများကို ချိုင့်ကြည့်လျှင်ပြည်သူလူထုအား နေ့စဉ်နေထိုင်မှု ဘဝတွင်အခြေခံအားဖြင့်လိုအပ်သောထင်း၊ လယ်ယာမြေအသုံးအဆောင်များနှင့် ပမာဏ မကြီးမားသောသစ်ပမာဏ အားဖြည့်ဆည်းပေးရန်နှင့်ပျက်စီးနေသောမြေများအား သစ်တောမြေအဖြစ် ပြန်လည် ဖန်တီးရန်ဖြစ်သည်။ နိုင်ငံ၏ စီးပွားဖြစ် သစ်တောကဏ္ဍတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ၏ အခန်းကဏ္ဍမှာ အလွန် သေးငယ် ပါသည်။

## ၃.၁.၂။ သစ်တောစီမံခန့်ခွဲမှုနှင့် ထုတ်ကုန်များ

မြန်မာနိုင်ငံ၏စနစ်တကျဖော်ဆောင်သော သစ်တောအုပ်ချုပ်မှုစနစ် (Formal Forest Management Plan) မှာ အင်္ဂလိပ်ကိုလိုနီခေတ်က ကျွန်းသစ် (Tectona grandis) ပေါက်ရောက်သောတောကြီးများအား စီမံခန့်ခွဲရန်အတွက် ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။အဆိုပါစီမံခန့်ခွဲမှုစနစ်မှာသစ်တောသယံဇာတများအားရေရှည်တည်တံ့သောအသုံးချမှု(အ ပင်၏ခန့်မှန်းကြီးထွားနှုန်း၊ သစ်တော၏အထွက်နှုန်းနှင့် နှစ်စဉ်ခုတ်လှဲနိုင်သည့်ပမာဏ (Annual Allowable Cut) တို့ပေါ်မူတည်၍သတ်မှတ်ထားသည်။သစ်တော၏ရေရှည်တည်တံ့သောအထွက်နှုန်းရရှိမှုသေချာစေရန်မှာသစ်တောဦး စီးဌာန၏သတ်မှတ်ချက်အရထုတ်ယူသောသစ်ပမာဏသည်သစ်တောဦးစီးဌာနမှသတ်မှတ်သော AAC ထက်နည်း ရမည်ဖြစ်သည်။ သစ်တောများအား ၂၀၀၁ခုနှစ်မှ၂၀၃၁ ခုနှစ်ထိ အမျိုးသားသစ်တောကဏ္ဍ နှစ် (၃၀) ပင်မစီမံကိန်း (a 30-year Master Plan)၊ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု ၁၀ နှစ်စီမံကိန်း (10-year Forest District Management Plan) နှင့် နှစ်စဉ်ဆောင်ရွက်ချက်စီမံကိန်းများ(Annual Operational Plans) အရ စီမံခန့်ခွဲသည်။

လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း နည်းလမ်းတကျ သစ်တောစီမံခန့်ခွဲမှုစနစ်အား လျစ်လျူရှုခြင်းခံခဲ့ရပြီး၊ တိုင်းပြည် ၏ သစ်တောများပြုန်းတီးခြင်း နှင့်ပျက်စီးခြင်းတို့ကို သိသိသာသာခံစားရစေသည်။[1] အချိန်ကြာမြင့်စွာပင် သစ်ထုတ်ယူမှုပမာဏမှာသစ်တောဦးစီးဌာနသတ်မှတ်ချက် (AAC) ကို ကျော်လွန်နေခဲ့သည်။
အမှန်တကယ်ဖြစ်သင့်သော Annual Allowable Cut အပေါ်မူတည်တွက်ချက်ခြင်း မဟုတ်ဘဲ အစိုးရမှ နိုင်ငံရေးနှင့် စီးပွားရေးဖိအားများကြောင့် သတ်မှတ်သောသစ်ထုတ်လုပ်ရေးလျာထားချက် (Target) များနှင့် လုပ်ကိုင် နေခဲ့ကြသည်။အစိုးရသတ်မှတ်သော ဝင်ငွေလိုအပ်ချက်အပေါ်မူတည်၍ မည်မျှထုတ်လုပ်ရမည်ဟူသော Target Production Volume ကိုတွက်ချက်ပြီးယင်းမှ အောက်ခြေခရိုင်အဆင့်များအတွက် သစ်ခုတ်လှဲရန် quota ကို ပြန်တွက်ယူပြီး ချထားပေးသည်။

၂၀၁၆အစောပိုင်းကာလများတိုင်အောင် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် သစ်ထုတ်ယူခြင်းတာဝန်များ၏ အများစုသော အစိတ်အပိုင်းကို (၇၀%ထိ) ကို ပုဂ္ဂလိကတဆင့်ခံကန်ထရိုက်များနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်မှုများရှိခဲ့ပြီး၊ ယင်းသို့ဆောင်ရွက်မှုများကြောင့် အချို့အပိုင်းများတွင် ဥပဒေအကျိုးသက်ရောက်မှုအားနည်းစေခြင်းနှင့် ပွင့်လင်းမြင်သာမှုမရှိသော သစ်ထုတ်လုပ်ငန်းစဉ်(supply chain)ကို ဖြစ်ပေါ်စေသည်။
မြန်မာနိုင်ငံတွင်ကြီးမားသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအပြီး သစ်တောနှင့်သစ်ကဏ္ဍတွင်လည်း ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ ၄င်းတို့ကို ၂၀၁၄ခုနှစ်တွင် ပြည်ပသို့သစ်အလုံးလိုက်တင်ပို့မှုရပ်ဆိုင်းခြင်းကြောင့် သစ်လုံး (unprocessed logs)များတင်သွင်းခွင့်မရှိတော့ခြင်း၊ ၂၀၁၆ခုနှစ်တွင် တစ်နိုင်ငံလုံးသစ်ထုတ်ယူမှုကို သစ်ထုတ်လုပ်မှုတစ်ရာသီစာရပ်ဆိုင်းခြင်း၊ ပဲခူးရိုးမအတွင်းဆယ်နှစ် သစ်ထုတ် လုပ်မှုရပ်ဆိုင်းခြင်းစသည် နိုင်ငံရေးအပြောင်းအလဲများစွာ ညွှန်ပြလျက်ရှိသည်။ ထို့ပြင် ဥရောပသမဂ္ဂ၏ သစ်တောဥပဒေအကျိုးသက်ရောက်မှုထိန်းချုပ်မှုနှင့်ကုန်သွယ်မှုဖော်ဆောင်ခြင်း (EU FLEGT) နှင့် Voluntary Partnership Agreement လုပ်ငန်းစဉ်တွင်အစိုးရမှပါဝင်လိုက်ခြင်းကလည်း သစ်တောကဏ္ဍအတွင်း ပွင့်လင်းမြင်သာမှုနှင့်လိုက်နာဆောင်ရွက်မှုတိုးတက်မှု(Compliance improvements) တို့အားဖြစ်ပေါ် လာစေ သည်။ မြန်မာနိုင်ငံသည် သစ်တောပြုန်းတီးမှုနှင့် ပျက်စီးမှုကြောင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရန်၊ သစ်တောများထိန်းသိမ်းမှုကို အားပေးရန်၊ သစ်တောများအားရေရှည်တည်တံ့စေရန်စီမံခန့်ခွဲမှုနှင့် သစ်တောတွင်း ကာဗွန်သိုလှောင်ထားမှုပိုမိုမြင့်မားလာစေရန်ဆောင်ရွက်မှုစသည်တို့ကို ဖော်ဆောင်မည့် REDD+ လုပ်ငန်းစဉ်တွင်လည်း ပါဝင်လျက်ရှိသည်။

၂၀၁၇အစောပိုင်းတွင် မြန်မာ့သစ်လုပ်ငန်းမှသစ်ထုတ်လုပ်မှုလျာထားချက်ကို လျှော့ချမည်ဟုကြေငြာလိုက်ပြီး၊ နောင်ကာလများတွင်သစ်ထုတ်ယူခြင်းကို မြန်မာ့သစ်လုပ်ငန်းမှ တိုက်ရိုက်ဆောင်ရွက် မည်ဖြစ်ကြောင်း သဘောတူခဲ့သည့်အချိန်မှ စပြီးသစ်တောကဏ္ဍအတွင်း ပွင့်လင်းမြင်သာမှုနှင့် ရေရှည်တည်တံ့မှုအတွက် သိသာထင်ရှားသောအဆင့်တစ်ဆင့်ကိုမြင်တွေ့ရသည်။ မြန်မာ့သစ်လုပ်ငန်းတွင် ခုတ်လှဲရိတ်သိမ်းရန်နှင့် သယ်ယူပို့ဆောင်ရေးအတွက် ကိရိယာတန်ဆာပလာများ မပြည့်စုံမှုကြောင့် သစ်ထုတ်လုပ်မှုအတွက် ကန်ထရိုက်များကို အသုံးပြုနေရဆဲဖြစ်သော်လည်း၊ ၄င်းတို့မှာ မြန်မာ့သစ်လုပ်ငန်းအောက်တွင်သာ လုပ်ကိုင်လျက်ရှိကြပြီး အခကြေးငွေအဖြစ် သစ်ထုတ်လုပ်ခွင့်ချပေးခြင်းအစား ငွေကြေးကိုသာပေးချေမည်ဖြစ်သည်။ [2] ဘဏ္ဍာရေးနှစ်၂၀၁၇/၁၈ အတွက် မြန်မာ့သစ်လုပ်ငန်း၏ ကျွန်းသစ်အတွက် သစ်ထုတ်လုပ်မှုလျာထားချက်မှာ ၁၅,၀၀၀ hoppus tons(၂၇၀၀၀ ကုဗမီတာ) ဖြစ်ပြီး အခြားသစ်မာအတွက် ၃၅၀,၀၀၀ hoppus tons (၆၃၁,၀၀၀ကုဗမီတာ)ဖြစ်သည်။ ၄င်းပမာဏမှာ၂၀၀၆နှင့်၂၀၁၄ ခုနှစ်များအတွင်း မြန်မာနိုင်ငံမှထုတ်လုပ်သော ကျွန်းသစ်ပမာဏ၏ ၁၀%ခန့်နှင့် အဆိုပါကာလအတွင်း ထုတ်လုပ်သော အခြားသော သစ်မာ ပမာဏ၏ ၄၀% ခန့်သာရှိသည်။ သစ်ထုတ်လုပ်မှု အများစုမှာ သဘာဝသစ်တောများမှဖြစ်ပြီး စိုက်သစ်တောများမှ ထုတ်လုပ်သော သစ်ပမာဏနှင့် ပတ်သက်၍ အချက်အလက်များမရှိပါ။ သို့ရာတွင် စီးပွါးဖြစ်စိုက်သစ်တောများအပေါ် လွန်ခဲ့သောနှစ်များအတွင်း သိသာထင်ရှားသောရင်းနှီးမြှုပ်နှံမှုများမရှိသဖြင့် စိုက်သစ်တောများမှ သစ်ထုတ်လုပ် မှုမှာယခင်နှစ်များအတွင်း နည်းပါးလျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်မှုမှာလည်း တိကျသေချာသော ရင်းနှီးမြှုပ်နှံမှုမရှိခြင်းနှင့် မြေယာ စီမံမှုလုံခြုံစိတ်ချ ရမှုမရှိခြင်းတို့ကြောင့်နောက်ကျလျက်ရှိသည်။ သို့ရာတွင် အဆိုပါကိစ္စများအပေါ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အာရုံစိုက်မှုကို စတင်ရရှိလာပြီဖြစ်သည်။

1 EU FLEGT Facility, Baseline Study 4, Myanmar: Overview of Forest Law Enforcement, Governance and Trade, August 2011.
2 Current Situation of MTE and the Future Plans & Documentation for Myanmar Timber Export, August 2017.
3 Myanmar Agricultural Statistics, CSO. 2017.

၂၀၀၆ခုနှစ်မှ၂၀၁၆ခုနှစ်အထိထုတ်လုပ်ခဲ့သောကျွန်းသစ်နှင့် သစ်မာပမာဏကို ဇယား ၁၆ နှင့် ပုံ(၂)တွင် ဖော်ပြထားပါသည်။[3] တရားဝင်ထုတ်လုပ်သောပမာဏမှာ တရုတ်နိုင်ငံနှင့်နယ်စပ်များတွင် အနှံ့အပြားဖြစ်ပေါ်နေသော တရားမဝင်သစ်ထုတ်လုပ်မှုမပါဝင်ပေ။ အဆိုပါပမာဏကို မြန်မာ့သစ်လုပ်ငန်းမှ သစ်ရောင်းဝယ်မှု စာရင်းတွင် တွေ့နိုင်သည်။အဆိုပါစာရင်းတွင်ဘဏ္ဍာငွေရရှိမှု၏သိသာထင်ရှားသောအရင်းအမြစ်မှာ ဖမ်းဆီးသိမ်းယူထားသော သစ်များမှ ဖြစ်ကြောင်းတွေ့ရသည်။ တရားမဝင်နယ်စပ်ဖြတ်ကျော်သစ်ကုန်သွယ်ခြင်းအန္တရာယ်ကို တားဆီးရန်အတွက် မြန်မာ့သစ်လုပ်ငန်းသည် သစ်များအားလုံးကို ရန်ကုန်ရှိဆိပ်ကမ်းများမှသာ သယ်ယူပြီးတင်ပို့မှုပြုခြင်းကို သေချာအောင်ဆောင်ရွက်လျက်ရှိသည်။ သစ်ထုတ်လုပ်သည့်ပမာဏတွင် လယ်ယာစိုက်ခင်းများ၊ ရေအားလျှပ်စစ်၊ တွင်းထွက်တူးဖော်ခြင်းနှင့် လမ်းဖောက်လုပ်ခြင်းများ (Land concessions) အတွက်မြေရှင်းလင်းရာတွင် ထုတ်လုပ်ရာမှ ထွက်ပေါ်လာသောသစ်ပမာဏမပါဝင်ပေ။ အဆိုပါ သစ်တောပြောင်းလဲမှုများမှ ရရှိထားသောသစ် (Conversion timber) များသည်လည်း နိုင်ငံ၏ အရေးပါသော သစ်အရင်းအမြစ်ဖြစ်သည်ဟု အသိအမှတ်ပြုထားသည်။

**ဇယား (၁၆) - မြန်မာနိုင်ငံ ကျွန်း နှင့် သစ်မာသစ်လုံးများ ထုတ်လုပ်မှု (၂၀၀၆/၂၀၁၅)**

*၀၀၀ m³*

| ထုတ်ကုန် | ၂၀၀၆/၀၇ | ၂၀၀၇/၀၈ | ၂၀၀၈/၀၉ | ၂၀၀၉/၁၀ | ၂၀၁၀/၁၁ | ၂၀၁၁/၁၂ | ၂၀၁၂/၁၃ | ၂၀၁၃/၁၄ | ၂၀၁၄/၁၅ | ၂၀၁၅/၁၆ |
|---|---|---|---|---|---|---|---|---|---|---|
| သစ်မာ | ၁,၇၃၂ | ၁,၇၉၆ | ၁,၈၆၂ | ၂,၀၄၉ | ၁,၈၃၇ | ၁,၉၈၈ | ၂,၂၀၅ | ၁,၈၁၇ | ၈၆၉ | ၈၇၉ |
| ကျွန်း | ၄၅၇ | ၄၈၇ | ၃၅၃ | ၂၈၄ | ၃၃၀ | ၄၀၆ | ၄၂၅ | ၄၆၆ | ၁၈၁ | ၁၀၀ |
| **စုစုပေါင်း** | ၂,၁၈၉ | ၂,၂၈၃ | ၂,၂၁၅ | ၂,၃၃၃ | ၂,၁၆၇ | ၂,၃၉၄ | ၂,၆၃၀ | ၂,၂၈၃ | ၁,၀၅၀ | ၉၇၉ |

Source: Myanmar Agricultural Statistics, Central Statistical Office, ၂၀၁၇.

**ပုံ (၂) - မြန်မာနိုင်ငံ တွင်ကျွန်း နှင့် သစ်မာ သစ်လုံးများထုတ်လုပ်မှု (၂၀၀၆/၂၀၁၆)**




အဖိုးအတန်ဆုံးနှင့်ထုတ်လုပ်မှုအများဆုံးမျိုးစိပ်မှာ သမားရိုးကျအားဖြင့်ကျွန်းသစ်ဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံတွင် ပိတောက် (Rosewood) ကဲ့သို့သော တန်ဖိုးမြင့်မားသည့် သစ်မာအမျိုးအစားများလည်း ထွက်ရှိသည်။ ဤသစ်အရင်းမြစ်မှာ နိမ့်ကျလာခဲ့သော်လည်း အခြားသော သစ်မာအမျိုးအစားတို့၏ ကဏ္ဍမြင့်မားလာပါသည်။ ရေနံ၊ဓါတ်ငွေ့၊ရေအားလျှပ်စစ်နှင့် အခြားသောစွမ်းအင်နှင့်ပတ်သက်သည့်လုပ်ငန်းများ ပေါ်ပေါက်လာခြင်းကြောင့် အတန်အသင့်လျော့နည်းသော်လည်း ကျွန်းသစ်မှာ နိုင်ငံ၏ဝင်ငွေရရှိရာအဓိကရင်းမြစ် ဖြစ်နေဆဲဖြစ်သည်။ တိုင်းရင်းသားအုပ်စုများအတွက် ကျွန်းသစ်နှင့် အခြားသစ်တောထွက်အခွန်များမှာ ဝင်ငွေရရှိရအဓိက ရင်းမြစ်အဖြစ်ရပ်တည်နေပြီး ၊တရုတ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိသော ကချင်ပြည်နယ် နှင့် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိသော ၊ကရင်ပြည်နယ်တို့တွင် အထူးသဖြင့်သိသာပါသည်။

၂၀၁၄ခုနှစ်အထိ သစ်လုံးများဖြင့်သစ်မျိုးအများစုကိုတင်ပို့ခဲ့ပြီး အိန္ဒိယ၊တရုတ်နှင့်ထိုင်းနိုင်ငံများသို့တင်ပို့ခဲ့ပါသည်။ မြန်မာ့သစ်များကို အဆိုပါနိုင်ငံများမှ ပြန်လည်ထပ်ဆင့် တင်ပို့ခြင်းမှာ အများဆုံးဖြစ်နိုင်ခြေရှိသော်လည်း ထိုသတင်းအချက်အလက်ကို စနစ်တကျထောက်လှမ်းရန်ခက်ခဲမှုရှိပါသည်။ ၂၀၁၄ခုနှစ်တွင် သစ်လုံးတင်ပို့မှုကို ရပ်ဆိုင်းရန်ကြေငြာခဲ့ပြီး၊ ယင်းသို့ဆောင်ရွက်ချက်မှာ ပြည်ပတင်ပို့မှုမပြုမီ ပိုမြင့်မားသောတန်ဖိုးကိုရယူနိုင်သည့် ပြည်တွင်းသစ်အချောထည်ထုတ်လုပ်မှုလုပ်ငန်းကို အထောက်အကူပြုရန်ဖြစ်ပါသည်။သို့ရာတွင် သစ်အချောထည်

ထုတ်လုပ်သည့်လုပ်ငန်းမှာ ဖွံ့ဖြိုးမှုနိမ့်ပါးဆဲဖြစ်ပြီး အသေးစားသစ်စက်များ၊ အထပ်သားနှင့် အခြားသစ် အချောထည် စက်ရုံအနည်းငယ်သာ အများစုပါဝင်လျက်ရှိသည်။ ယေဘူယျအားဖြင့် ပိုမိုတန်ဖိုးမြင့်မားသည့် ထုတ်ကုန်များ ဆက်လက်ထုတ်လုပ်ရန် အတိုင်းအတာနည်းပါးသဖြင့် ထုတ်လုပ်သောသစ်အများစုကိုအများအားဖြင့် တစ်ပိုင်း တစ်စ ထုတ်လုပ်ပြီးပုံစံများအရ တင်ပို့လျက်ရှိပါသည်။ ပြည်တွင်းအတွက် ဖြည့်ဆည်းမှုနှင့် သစ်ထွက် ပစ္စည်းများ လိုအပ်ချက်နှင့်ပတ်သက်၍ သတင်းအချက်အလက်မှာ အလွန်နည်းပါးစွာရရှိနိုင်ပါသည်။[1]

သစ်အပြင် မြန်မာနိုင်ငံ၏သစ်တောများသည် အခြားသောကုန်ပစ္စည်းများ နှင့်ဂန်ဆောင်မှုများကို အထူးသဖြင့် ကျေးလက်လူ့အဖွဲ့အစည်းအတွက် ပံ့ပိုးပေးလျက်ရှိသည်။ အဓိကစီးပွါးဖြစ် သစ်မဟုတ်သော သစ်တောထွက် ပစ္စည်းများ NTFP (Non Timber Forest Product) ထုတ်လုပ်မှုများတွင် မီးသွေး၊ ကြိမ်၊ ဝါးနှင့် ပွေးညက်တို့ဖြစ်သည်။ ၄င်းအပြင် မြန်မာနိုင်ငံလူဦးရေ၏ ၇၀% မှာကျေးလက်ဒေသတွင် နေထိုင်ကြပြီး အခြေခံလိုအပ်ချက်အတွက် သစ်တောများကို အဓိကအားထား နေကြရသည်။ ၄င်းပြင် NPFP ထုတ်လုပ်ခြင်း၊ အသုံးချခြင်းနှင့် အမဲလိုက်ခြင်းမှာ ကျေးလက်နေပြည်သူများ၏ ရှင်သန်ရပ်တည်ရေး နှင့်အပိုဂင်ငွေအတွက် အထောက်အကူပြုပါသည်။[2]

ပုံ(၃)သည် သစ်ခွဲသားတင်ပို့မှုကို ပိတ်ပင်ထားသော်လည်း၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံမှ တင်သွင်းသော တရုတ်နိုင်ငံမှသစ်ထွက်ပစ္စည်းများ၏ကြီးမားသောအစိတ်အပိုင်းကိုပြသလျက်ရှိသည်။[3] သို့ရာတွင် ၂၀၁၃နှင့်၂၀၁၇အတွင်း ပမာဏမှာ သိသိသာသာကျဆင်းခဲ့ကြောင်းသတိပြုမိနိုင်သည်။ အဆိုပါအခြေအနေမှာ တရားမဝင်သစ်ခွဲမှုနှင့်မဖွံ့ဖြိုးသေးသော သစ်ချောထည်ထုပ်လုပ်မှု လုပ်ငန်းကြောင့် အဓိကအကြောင်းခံပါသည်။ အဆိုပါမြန်မာနိုင်ငံအတွက် ကြီးမားလှသော လိုအပ်ချက်ကို ရှောင်ရှားရန်နှင့် ၄င်းကိုလျှော့ချရန် သစ်တော ကဏ္ဍ စီမံခန့်ခွဲမှုကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။ (ဤအစီရင်ခံစာ၏အပိုင်း ၇.၂ တွင် ကျွန်ုပ်တို့ ဖော်ပြထားသည့် လိုက်နာဆောင်ရွက်ရန်အချက်များကိုကြည့်ရှုနိုင်ပါသည်။)

[1] EU FLEGT Facility, Baseline Study 4, Myanmar: Overview of Forest Law Enforcement, Governance and Trade, August 2011.

[2] Source: Forest landscape restoration for Asia-Pacific forests, Bangkok, 2016.

[3] Source: China Customs statistics as compiled by Forest Trends. Myanmar/China Forest Products Trade, Forest Trends, February 2018.

**ပုံ (၃) - တရုတ်နိုင်ငံ မှ မြန်မာသစ်များ တင်သွင်းမှု (၂၀၀၅-၂၀၁၇)**




သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MoNREC) နှင့် တရုတ်နိုင်ငံအစိုးရသစ်တောရေးရာညွှန်ကြားမှုဌာန (State Forestry Administration - SFA) တို့အကြား သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအတွက် နားလည်မှုစာချွန်လွှာကို ၂၀၁၈ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့တွင်ရေးထိုးခဲ့ပြီး ယင်းနားလည်မှုစာချွန်လွှာမှာ အောက်ပါတို့ကိုရည်ရွယ်သည်။

- ရေရှည်တည်တံ့သောသစ်တောစီမံခန့်ခွဲမှု(Sustainable Forest Management) ၊တရားဝင်သစ်ကူးသန်းရောင်းဝယ်ရေးအား အားပေးအားမြှောက်ပြုမှု ၊သစ်တောဥပဒေစိုးမိုးမှုရှိစေရန် အရေးယူ ဆောင်ရွက်မှု (Forest law enforcement) နှင့်သတင်းအချက်အလက်များကို ကောင်းမွန် ထိရောက်စွာ စီမံခန့်ခွဲမှုနှင့် လဲလှယ်မှုတို့ ပါဝင်သော တရားမဝင်သစ်ထုတ်လုပ်ရေးနှင့် ကုန်သွယ်ရေးကို ဆန့်ကျင်ရန် ပူးပေါင်းအားထုတ်ကြရန်၊
- နယ်စပ်ဒေသများတွင် တောမီးလောင်ခြင်းမှကာကွယ်ရန်နှင့် ထိန်းချုပ်ရန်။
- သစ်အခြေခံသော ထုတ်လုပ်မှုနှင့် အခြားသော စက်မှုလုပ်ငန်းများအတွက် လိုအပ်သောသစ်ပမာဏကို ရေရှည်ဖြည့်စည်းရန်နှင့် တရုတ်နိုင်ငံမှ သစ်တောစိုက်ခင်းများထူထောင်ရေးနှင့် ပတ်သက်သော ရင်းနှီးမြှုပ်နှံမှုကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မှုကို အားပေးအားမြှောက်ပြုရန်၊
- မြန်မာနိုင်ငံအတွင်းရှိ သစ်ထုတ်လုပ်ရေးအပေါ် အမှီပြုနေရမှုအားလျှော့ချရန်။
- ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုစနစ်အတွက် စက်မှုရေးရာ ပူးပေါင်းဆောင်ရွက်မှုနှင့် သိပ္ပံနည်းကျ သုတေသနများကို တိုးမြှင့်လုပ်ကိုင်နိုင်ရန်
- ကြိမ်နှင့်ဝါးအခြေခံပစ္စည်းများ အသုံးပြုမှုကို အားပေးအားမြှောက်ပြုရန်

အထက်ပါစာရင်းတွင် ဖော်ပြထားသောဆောင်ရွက်ချက်များ၏ အကောင်အထည်ဖော်မှုအပေါ် ကြပ်မတ်ကွပ်ကဲရန်အတွက် သစ်တောဦးစီးဌာနနှင့် SFA တို့ ပူးပေါင်း ထားသော ပူးတွဲလုပ်ဆောင်မှုအဖွဲ့ (Joint Working Group) ကိုဖွဲ့စည်းရေးကို လက်ရှိတွင် ဆွေးနွေးမှုများ ပြုလုပ် လျက်ရှိသည်။

## ၃.၁.၃။ သစ်ထုတ်လုပ်ရေးဖြစ်စဉ်ပြဇယား (Timber Flow Chart) [1]

ပုံ(၄)တွင် ဖော်ပြထားသော မြန်မာသစ်ထုတ်လုပ်ရေးဖြစ်စဉ်ပြဇယားမှာ မြန်မာပြည်၏ FLEGT Action Plan တွင် ပါဝင်သူများအားစိစစ်ပုံစံချခြင်း (Stakeholders Mapping) မှ ထုတ်နုတ်ပြင်ဆင်ထားခြင်းဖြစ်ပါသည်။
၎င်းသည် သစ်ထုတ်လုပ်ရေးတွင် ပါဝင်သောလူပုဂ္ဂိုလ်နှင့် မည်သူမည်ဝါ လုပ်ပိုင်ခွင့်ရှိသူများ ဆိုသည်ထက် သစ်ထုတ်လုပ်ရေးလုပ်ငန်းစဉ် အစီအစဉ်အဆင့်ဆင့်ကိုဖော်ပြသည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လတွင်ရှိသော သစ်ထုတ်လုပ်ရေးလုပ်ငန်းစဉ် အရှိအတိုင်း အမှန်တကယ်ဖြစ်နေသော လျှပ်တပြက် ပုံရိပ်ကို ထင်ဟပ်စေရန် ရည်ရွယ်သည်။ ဤပုံ (Diagram) သည်အမျိုးမျိုးသောပါဝင်ပတ်သက်သူများက မတူညီသော ကိုယ်ပိုင်ရှုထောင့် အမျိုးမျိုးမှပေါ်ပေါက်လာခြင်းဖြစ်သည်။ နောက်ဆုံးအတည်ပြုထားသော ဤအစီရင်ခံစာပါဖြစ်စဉ်ပြဇယားမှာ မတူညီသောအဖွဲ့သုံးခုမှကိုယ်စားလှယ်အသီးသီးမှ ၎င်းတို့အကြား အကြေအလည် စေ့စေ့စပ်စပ် ဆွေးနွေးပြီးမှ ကဏ္ဍသုံးခုနှင့်အတူဖြစ်သောပုံသုံးခုကို စုစည်းအနှစ်ချုပ်ထားသော Version ဖြစ်သည်။ ဖြစ်စဉ်ပြဇယားတွင် အဓိက အရေးကြီးသောအစိတ်အပိုင်းသုံးခု ပါရှိသည်။
၎င်းတို့မှာ-

(၁) သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့၏ ကြီးကြပ်မှုအောက်မှ တရားဝင်သစ်ထုတ်လုပ်ခြင်း

(၂) တရားမဝင် (အလွတ်သဘော)သစ်ထုတ်လုပ်ခြင်းနှင့် Supply Chain (ဒေသခံအခေါ်အဝေါ်အရ မှောင်ခိုဟုခေါ်သည်)

(၃) တရားမဝင် (အလွတ်သဘော)သစ်ထုတ်လုပ်ရေး ၊ Supply Chain နှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများ (Non-state Actors) ၏ ပါဝင်ပတ်သက်မှုနှင့် စီမံခန့်ခွဲမှုအရ နယ်စပ်ဒေသတွင် ပြုလုပ်နေကြသော သစ်ကုန်သွယ်မှု။

ပုံ၏ အစိမ်းရောင်လိုင်းများနှင့် လေးဒေါင့်တုံးများမှာ တရားဝင်သစ်ထုတ်လုပ်ရေး၊ Supply Chain နှင့်သစ်အရောင်းအဝယ်ကို ပြပြီးအနီရောင်များမှာ တရားမဝင် မှောင်ခိုသစ်ထုတ်လုပ်ရေးဖြစ်စဉ်ကိုပြသည်။ ယင်းအနီရောင်များမှာ မကြာခဏ ဆိုသလိုတရားဝင်လမ်းကြောင်းများနှင့်ရောထွေးယှက်တင်သွားတတ်ကြသည်။ မြန်မာ့သစ်လုပ်ငန်းမှ ထုတ်ပေးသော ပိုမိုရိုးရှင်းစွာပြသထားသည့် သစ်ထုတ်လုပ်ရေး ဖြစ်စဉ်ပြဇယားကို ဤအစီရင်ခံစာ၏ နောက်ဆက်တွဲ (၇) တွင် ဖော်ပြထားသည်။

[1] Updates from Stakeholders Mapping Report, August 2016.EU FLEGT Action Plan, Myanmar. This report is facilitated and developed by Sagawa Development Consultancy Co., Ltd. For FLEGT Interim Task Force (ITF), Myanmar and Supported by European Forest Institute (EFI).

**ပုံ (၄) :သစ်စီးဆင်းမှု ပုံပြကားချပ်**



### ၃.၁.၄။ စီးပွားရေးတွင် ထည့်ဝင်မှု

#### (က) ပြည်တွင်း အသားတင် ထုတ်လုပ်မှု တန်ဖိုး (GDP)

၂၀၁၄-၂၀၁၅ ခု နှင့်၂၀၁၅-၁၆ ခုဘဏ္ဍာနှစ်တွင် တိုင်းပြည်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP)တွင် သစ်တောကဏ္ဍမှခန့်မှန်းခြေ ၀.၂ % ပါဝင်ပါသည်။ ဇယား (၁၇) ဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP) ကို ကဏ္ဍအလိုက် အသေးစိတ် ဖော်ပြထားပါသည်။

**ဇယား (၁၇) - ကဏ္ဍအလိုက် မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုး အသေးစိတ် ဖော်ပြမှု (၂၀၁၄/၁၅ ဘဏ္ဍာနှစ်)**

| ကဏ္ဍ | မြန်မာကျပ် သန်းပေါင်း | % |
|---|---|---|
| စိုက်ပျိုးရေး | ၁၈,၁၆၂,၂၅၅ | ၂၇.၈% |
| စိုက်ပျိုးရေး | ၁၂,၇၈၀,၅၈၁ | ၁၉.၆% |
| မွေးမြူရေး နှင့် ရေလုပ်ငန်း | ၅,၂၄၇,၂၉၄ | ၈.၀% |
| သစ်တော | ၁၃၈,၃၈၀ | ၀.၂% |
| စက်မှု | ၂၂,၅၀၈,၆၂၉ | ၃၄.၅% |
| ပြုပြင်မှု နှင့် ထုတ်လုပ်မှု | ၁၃,၀၀၇,၁၉၀ | ၁၉.၉% |
| ဆောက်လုပ်ရေး | ၃,၇၇၇,၀၉၁ | ၅.၈% |
| စွမ်းအင် | ၄,၀၁၁,၃၈၄ | ၆.၁% |
| လျှပ်စစ် စွမ်းအား | ၉၂၆,၈၆၆ | ၁.၄% |
| သတ္တု | ၇၈၆,၀၉၉ | ၁.၂% |
| ဝန်ဆောင်မှု | ၂၄,၅၉၁,၂၀၈ | ၃၇.၇% |
| ကုန်သွယ်ရေး | ၁၂,၂၁၇,၄၉၂ | ၁၈.၇% |
| သယ်ယူ ပို့ဆောင်ရေး | ၇,၅၁၃,၀၆၉ | ၁၁.၅% |
| လူမှုရေး နှင့် စီမံခန့်ခွဲမှု ဝန်ဆောင်မှု | ၂,၀၂၅,၅၃၄ | ၃.၁% |
| ငှားရမ်းမှု နှင့် အခြားဝန်ဆောင်မှု | ၁,၅၁၇,၁၁၂ | ၂.၄% |
| ဆက်သွယ်ရေး | ၁,၁၅၈,၁၂၀ | ၁.၈% |
| ဘဏ္ဍာရေး အဖွဲ့အစည်းများ | ၁၃၉,၆၈၁ | ၀.၂% |
| စုစုပေါင်း ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုး | ၆၅,၂၆၂,၀၉၃ | ၁၀၀.၀% |

*Source: Central Statistical Organisation, ၂၀၁၆ Myanmar Statistical Yearbook, Table ၈.၀၁.*

**ဇယား (၁၇) ကဏ္ဍအလိုက်မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး အသေးစိတ် ဖော်ပြမှု (၂၀၁၅/၁၆ ဘဏ္ဍာနှစ် )**

| ကဏ္ဍ | မြန်မာကျပ် သန်းပေါင်း | % |
|---|---|---|
| Agriculture | ၁၉,၄၆၇,၈၄၉ | ၂၆.၇% |
| စိုက်ပျိုးရေး | ၁၃,၄၁၇,၆၆၈ | ၁၈.၄% |
| စိုက်ပျိုးရေး | ၅,၉၀၆,၅၁၉ | ၈.၁% |
| မွေးမြူရေး နှင့် ရေလုပ်ငန်း | ၁၄၃,၆၆၂ | ၀.၂% |
| သစ်တော | ၂၅,၁၄၁,၈၂၇ | ၃၄.၅% |
| စက်မှု | ၁၅,၀၄၅,၃၅၆ | ၂၀.၇% |
| ပြုပြင်မှု နှင့် ထုတ်လုပ်မှု | ၄,၄၅၄,၈၉၅ | ၆.၁% |
| ဆောက်လုပ်ရေး | ၃,၆၈၇,၅၀၄ | ၅.၁% |
| စွမ်းအင် | ၁,၀၂၉,၉၆၁ | ၁.၄% |
| လျှပ်စစ် စွမ်းအား | ၉၂၄,၁၁၁ | ၁.၃% |
| သတ္တု | ၂၈,၁၇၀,၇၈၉ | ၃၈.၇% |
| ဝန်ဆောင်မှု | ၁၃,၇၅၉,၃၄၁ | ၁၈.၉% |
| ကုန်သွယ်ရေး | ၈,၂၁၉,၆၅၃ | ၁၁.၃% |
| သယ်ယူ ပို့ဆောင်ရေး | ၂,၆၈၆,၇၄၄ | ၃.၇% |
| လူမှုရေး နှင့် စီမံခန့်ခွဲမှု ဝန်ဆောင်မှု | ၁,၈၁၂,၁၀၈ | ၂.၅% |
| ငှားရမ်းမှု နှင့် အခြားဝန်ဆောင်မှု | ၁,၅၀၀,၃၄၄ | ၂.၁% |
| ဆက်သွယ်ရေး | ၁၇၂,၆၀၀ | ၀.၂% |
| ဘဏ္ဍာရေး အဖွဲ့အစည်းများ | ၇၂,၇၈၀,၄၆၅ | ၁၀၀.၀% |
| စုစုပေါင်း ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုး | | |

## (ခ) ဝင်ငွေ ရရှိမှုများ

၂၀၁၄-၂၀၁၅ ခုနှင့်၂၀၁၅-၁၆ ခုဘဏ္ဍာနှစ်တွင် သစ်တောကဏ္ဍမှ တိုင်းပြည်၏ ဝင်ငွေ ၁၀% နှင့် ၈ % ကိုရရှိပါသည်။ ဇယား (၁၈) တွင် မြန်မာနိုင်ငံ၏ အခွန်ငွေရရှိမှုအသေးစိတ်ကို ဖော်ပြထားပါသည်။

**ဇယား(၁၈) - မြန်မာနိုင်ငံ၏ အခွန် ရရှိမှုကိုအသေးစိတ်ဖော်ပြမှု (၂၀၁၄/၁၅ ဘဏ္ဍာနှစ်)**

| အကြောင်းအရာ | မြန်မာကျပ် သန်းပေါင်း | % |
|---|---|---|
| **ပြည်တွင်း ထုတ်လုပ်မှု နှင့် အများပြည်သူစားသုံးမှု မှ အခွန်ကောက်ခံမှု** | **၁,၄၆၄,၄၈၈** | **၂၁.၀%** |
| ကုန်သွယ်လုပ်ငန်းခွန် | ၁,၂၉၁,၀၈၂ | ၁၈.၅% |
| သယ်ယူ ပို့ဆောင်ရေးအခွန် | ၁၀၅,၄၇၀ | ၁.၅% |
| တံဆိပ်ခေါင်း ရောင်းရငွေ | ၃၁,၀၀၀ | ၀.၄% |
| အောင်ဘာလေထီ | ၂၈,၀၀၀ | ၀.၄% |
| သွင်းကုန်လိုင်စင်ကြေး | ၈,၀၀၀ | ၀.၁% |
| ယစ်မျိုးခွန် | ၉၃၅ | ၀.၀% |
| **ဝင်ငွေခွန်** | **၁,၆၆၄,၉၃၃** | **၂၃.၉%** |
| **နိုင်ငံပိုင် အဆောက်အဦး မှ အသုံးပြုမှု မှအခွန်ငွေ ပေးဆောင်မှု** | **၁,၅၇၁,၁၆၀** | **၂၂.၆%** |
| ဆက်သွယ်ရေး လုပ်ငန်း မှ အခွန်ငွေ ကောက်ခံမှု | ၁,၂၂၅,၀၀၀ | ၁၇.၆% |
| ရေနံ နှင့် သဘာဝ ဓာတ်ငွေ့ ထုတ်လုပ်မှု မှ အခွန်ငွေရရှိမှု | ၃၂၉,၃၄၃ | ၄.၇% |
| လျှပ်စစ်စွမ်းအား ထုတ်လုပ်မှု မှ အခွန်ငွေ ရရှိမှု | ၁၁,၄၆၀ | ၀.၂% |
| သတ္တု နှင့် ဘဏ္ဍာခွန် (Treasure Tax) | ၁,၄၀၀ | ၀.၀% |
| သစ်တောခွန် | ၁,၈၄၈ | ၀.၀% |
| ငါးဖမ်းခွန် | ၁,၀၈၄ | ၀.၀% |
| တွင်းထွက် သတ္တု ထုတ်လုပ်မှု မှ အခွန် | ၇ | ၀.၀% |
| မြေခွန် | ၁ | ၀.၀% |
| ရာဘာခွန် | ၁ | ၀.၀% |
| ရေခွန် နှင့် ရေတာတံမံခွန် | ၁,၀၁၇ | ၀.၀% |
| **အကောက်ခွန်** | **၁၉၀,၀၀၀** | **၂.၇%** |
| **အခွန် မ ဟုတ်သော ဝင်ငွေ** | **၂,၀၇၄,၇၉၄** | **၂၉.၈%** |
| **စုစုပေါင်း တိုင်းပြည်မှ ရရှိငွေများ** | **၆,၉၆၅,၃၇၅** | **၁၀၀.၀%** |
| **သစ်တောကဏ္ဍ မှ နိုင်ငံတော်ရရှိမှု စုစုပေါင်း** | **၆၉၈,၈၃၃** | |
| **%** | **၁၀.၀%** | |

*Source: Union Budget Law ၂၀၁၅.*

**ဇယား(၁၈) - မြန်မာနိုင်ငံ၏ အခွန်ရရှိမှုကို အသေးစိတ်ဖော်ပြမှု (၂၀၁၅/၁၆ ဘဏ္ဍာနှစ် )**

| အကြောင်းအရာ | မြန်မာကျပ် သန်းပေါင်း | % |
|---|---|---|
| **ပြည်တွင်း ထုတ်လုပ်မှု နှင့် အများပြည်သူစားသုံးမှု မှ အခွန်ကောက်ခံမှု** | **၂,၅၇၉,၉၉၃** | **၂၉.၈၆%** |
| ကုန်သွယ်လုပ်ငန်းခွန် | ၂,၃၂၄,၅၆၅ | ၂၆.၉၁% |
| သယ်ယူ ပို့ဆောင်ရေးအခွန် | ၁၈၅,၃၀၀ | ၂.၁၄% |
| တံဆိပ်ခေါင်း ရောင်းရငွေ | ၃၂,၇၁၀ | ၀.၃၈% |
ခရိုင်အဆင့် သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်း (Agency Level) တို့သည် သစ်ခုတ်လှဲရာတွင် ပွင့်လင်းမြင်သာစေရန်နှစ်စဉ်စာချုပ်ချုပ်ဆိုသည့်စနစ် (Annual Contract System)ကို လိုက်နာကျင့်သုံးရန် သဘောတူညီကြသည်။ သစ်ခုတ်လှဲခြင်းဆောင်ရွက်ရာတွင် တဆင့်ခံစာချုပ်ချုပ်ဆိုမှုများမပါဘဲ မြန်မာ့သစ်လုပ်ငန်း၏ ကိုယ်ပိုင်အရင်း အမြစ်များကို အသုံးပြု၍ဆောင်ရွက်ကြပါသည်။ သို့ရာတွင် ပိုင်ဆိုင်သောစက်ပစ္စည်း နှင့်အရင်းအမြစ် များမလုံ လောက်ခြင်းကြောင့် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ပြည်တွင်းပုဂ္ဂလိက ဂန်ဆောင်မှုလုပ်ငန်းများမှ အောက်ပါ ဂန်ဆောင်မှု (၅) မျိုးအတွက် ကိရိယာပစ္စည်းဆင်များနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များ ပံ့ပိုးနိုင်ရန်အတွက် ဆက်သွယ် ဆောင်ရွက်ရသည်။

- သစ်ခုတ်လှဲခြင်း (felling)
- သစ်ငုတ်တိုများဖယ်ရှားခြင်း (stumping )
- လမ်းများတည်ဆောက်ခြင်း(road construction)
- သစ်များယာဉ်ဖြင့်တင်ဆောင်ခြင်း (trucking)
- အတင်အချပြုလုပ်ခြင်း (loading and unloading)

အဆိုပါဂန်ဆောင်မှုများအတွက် မြန်မာ့သစ်လုပ်ငန်းသည် သစ်အတွက်အသုံးစရိတ်ကို ငွေသားဖြင့်သာပေးချေထားပေးသည်။

(၁) ရက် ဧပြီလ ၂၀၁၆ ခုနှစ် မတိုင်မီ MTE ၏ တစ်ဆင့်ခံကန်ထရိုက်တာများသည် သစ်ထုတ်ပါသည်။

သစ်ထုတ်ခြင်း အတွက် အချက် အလက်များပိုမိုရရှိနိုင်ရန် MTE ၏ ဝက်ဘ်ဆိုက်ဖြစ်သော http://www.myanmatimber.com.mm/ တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

[1] Source: http://myanmatimber.com.mm/index.php/en/extraction-department/instruction/72-standing-orders-for-extraction-staff-sos

[2] Unofficial brief translation from Myanmar Language to English made by the NCS

### (ဂ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(MOC) ၏ ရည်ရွယ်ချက်များမှာ

- ကုန်သွယ်မှုပမာဏတိုးတက်ရေးဆောင်ရွက်ရန်။
- ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင်ဆောင်ရွက်ရန်။
- နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ဈေးကွက်ဝေစု ပိုမိုရရှိအောင် ဆောင်ရွက်ရန်။
- **ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီရန်။**

၂၀၁၅ မှစ၍ MOC သည်အောက်ပါအတိုင်းဖွဲ့စည်းခဲ့ပါသည်။

- ပြည်ထောင်စုဝန်ကြီးရုံး
- ကုန်သွယ်ရေးဦးစီးဌာန
- စားသုံးသူရေးရာဦးစီးဌာန နှင့်
- မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့

## ၃.၂.၂။ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ

မြန်မာ့ သစ်တော ကဏ္ဍတွင်အောက်ပါ ဥပဒေများကိုထုတ်ပြန်ခဲ့ပါသည်။

| စဉ် | စီမံအုပ်ချုပ်မှု | စဉ် | ပတ်ဝန်းကျင် | စဉ် | ရင်းနှီး မြှုပ်နှံမှု | စဉ် | အမျိုးသားရေး အစီအစဉ် |
|---|---|---|---|---|---|---|---|
| ၁ | Forest Law, 1992 | ၁ | Protection of Wildlife and Conservation of Natural Areas Law, 1994 | ၁ | ပြည်နယ်-owned Economic Enterprises Law, 1989 | ၁ | National Forest Master Plan (2001-2002 to 2030-2031) |
| ၂ | Forest Policy, 1995 | ၂ | National Environmental Conservation Rule, 1994 | ၂ | Investment Law, 2016 | ၂ | National Comprehensive Development Plan (2011-2012 to 2030-2031) |
| ၃ | Community Forestry Instruction, 2016 | ၃ | Myanmar Agenda 21, 1994 | ၃ | Investment Guidebook of Forestry Sector in Myanmar, 2016 | ၃ | National Biodiversity Strategy and Action Plan (NBSAP) 2015-2020. |
| ၄ | National Land Use Policy, 2016 | ၄ | Rules relating to the Protection of Wildlife and conservation of Natural Areas, 2002 | | | | |
| ၅ | FD instruction | ၅ | Environmental Conservation Law, 2002 | | | | |

### (က) စီမံအုပ်ချုပ်မှု

#### ❖ သစ်တော ဥပဒေစဉ် ၈/၉၂ (၁၉၉၂)

ဥပဒေသည် သစ်တောများကိုကာကွယ်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ပြုလုပ်ရန်၊ ဇီဝမျိုးဥများကိုထိန်းသိမ်းရန်တို့ကို အထူးပြုဖော်ပြထားပါသည်။ ၄င်းအပြင် အမြဲစိမ်းသစ်တောဧရိယာများကိုချဲ့ထွင်ရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝသစ်တောနှင့်သစ်ပင်များကို လူမှုအခြေပြုထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းကို ပိုမိုအားကောင်းစေရန် အားပေးကူညီမှုပြုရန်ဖော်ပြထားပါသည်။ [1]

[1] Source: http://www.forestlegality.org/risk-tool/country/myanmar

ဤ ဥပဒေ၏ ရည်ရွယ်ချက်မှာ။

- အစိုးရ၏ သစ်တောမူဝါဒများကို အကောင်အထည်ဖော်ရန်
- အစိုးရ၏ ပတ်ဝန်းကျင်ထိန်းသိမ်းမှု မူဝါဒများကို အကောင်အထည်ဖော်ရန်
- အများပြည်သူ ပူးပေါင်း၍ အစိုးရသစ်တော နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု မူဝါဒများကို မြှင့်တင်နိုင်ရန်
- မြန်မာ့စီးပွားရေးတိုးတက်ရန်၊ အများပြည်သူစားဝတ်နေရေးလိုအပ်ချက်များဖြည့်ဆည်းရန်နှင့် သစ်တော စိမ်းလန်းနေရန်
- အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်နှင့်အညီ သစ်တောနှင့်သဘာဂပတ်ဂန်းကျင် ထိန်းသိမ်းခြင်း ပေါ်လစီ များဆောင်ရွက်ရန်။
- သစ်တောပြုန်းတီးမှု ၊ဆုံးရှုံးမှု ၊မီးလောင်မှု ၊ပိုးမွှားအန္တရာယ်ကျရောက်မှုနှင့် အပင်များသေဆုံးမှုမှ ကာကွယ် စောင့်ရှောက်ရန် ။
- သဘာဂသစ်တောထိန်းသိမ်းခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းကို တပြိုင်နက်တည်း ဆောင်ရွက်ရန်နှင့်
- တိုင်းပြည်၏ လောင်စာလိုအပ်ချက်ကိုဖြည့်ဆည်းရန်။

ဤဥပဒေကို: http://www.burmalibrary.org/docs၁၁/Forest-Law-၁၉၉၂.pdf. တွင်ရနိုင်ပါသည်။

❖ **သစ်တောမူဝါဒ (၁၉၉၅)**

သစ်တောပေါ်လစီသည် ထုတ်လုပ်မှုရေရှည်တည့်တံစေရန်၊ အခြေခံလိုအပ်ချက်များ ပြည့်မီစွာ ဖြည့်ဆည်းရန်၊ အဖွဲ့ အစည်း ခိုင်မာတောင့်တင်းရန်၊ စွမ်းဆောင်ရည်ပြည့်ဂစွာ တိုးတက်စေရန်၊ သစ်တောနှင့် ဇီဂမျိုးစုံမျိုးကွဲများကို ကာ ကွယ်စောင့်ရှောက်ရန်နှင့် သစ်တောကဏ္ဍကို အထူးပြုကာကွယ်ရန်တို့ကို အဓိကထားချမှတ်ခဲ့ပါသည်။ တောရိုင်း တိရစ္ဆာန်၊အပင်များ၊ ဂေဟာစနစ်ကို ကာကွယ်စောင့်ရှောက်စဉ် သစ်တောသဘာဂအရင်းအမြစ်များ အတွက်နိုင်ငံ တော်အစိုးရရည်ရွယ်သော ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရန် ဥပဒေအရ တရားဂင်ဖြစ်မြောက် စေရန်လည်းဖြစ်ပါသည်။[1]

စည်းမျဉ်းများသည် သစ်တောထိန်းသိမ်းခြင်း၊ ကြိုးပိုင်းကန့်သတ်ခြင်း၊ သစ်တောမြေစီမံခန့်ခွဲခြင်း၊သစ်တော စိုက်ပျိုးခြင်း နှင့် သစ်တောထွက်ပစ္စည်းထုတ်ရန် ခွင့်ပြုချက်ရယူခြင်းတို့နှင့် သက်ဆိုင်ပါသည်။ လုပ်ငန်းဆောင် ရွက်ချက်များမှာ သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း။

- သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း။
- သစ်တောလုပ်ငန်းဆောင်ရွက်ခြင်း။
- သစ်သားအခြေခံစက်မှုလုပ်ငန်းများ လုပ်ဆောင်ခြင်း။
- ချိုးဖောက်မှုများ အားစုံစမ်းစစ်ဆေးခြင်း အရေးယူဆောင်ရွက်မှုများ (ဒဏ်ကြေးသတ်မှတ် ကန့် သတ်ချက် များ) နှင့်
- ပြစ်မှု နှင့် ပြစ်ဒဏ်များ။

၄င်းမူဝါဒကို http://www.burmalibrary.org/docs၂၀/၁၉၉၅-Forest_Policy+၁၉၉၆-Forest_Policy _Statement-en-tu.pdf တွင်ရရှိနိုင်ပါသည်။

### ❖ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းဆိုင်ရာလမ်းညွှန်ချက် (၂၀၁၆)

သစ်တောဥပဒေ ၁၉၉၂ ၏ အပိုင်း ၇၀ (ဘီ) ၏လုပ်ပိုင်ခွင့် အရ MONREC သည် Community Forestry Instructions (CFI) ကိုထုတ်ပြန်ခဲ့ပါသည်။

သစ်တောကဏ္ဍ စည်းမျဉ်းမူဝါဒဘောင်များ သတ်မှတ်ရန်နှင့် တိုင်းပြည်သစ်တောဒေသ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံ အနှံ့အပြား၌ရှိသော သစ်တောပျက်စီး ဆုံးရှုံးမှုများကို ကာကွယ်ရန်အလို့ငှာ နှင့် တောရိုင်းဒေသ၌ သစ်တောထွက် ကုန်နှင့် ဂန်ဆောင်မှုများတိုးတက်မြင့်မား ရှင်သန်တိုးတက်ရန်အတွက် FD သည် ၁၉၉၅ ခုနှစ်တွင်း CFI ကို ထုတ်ပြန် ခဲ့ပါသည်။

CFI ကို ၂၀၁၆ တွင် ညွှန်ကြားချက်အသစ်ဖြင့် ရုပ်သိမ်းခဲ့ပါသည်။ရည်ရွယ်ချက်မှာ-[1]

- သစ်အခြေခံလိုအပ်ချက်များ (သစ်နှင့် NIFP) ထောက်ပံ့ရန်။
- ဒေသအတွက် အလုပ်အကိုင်နှင့် ဂင်ငွေအခွင့်အလမ်းများဖန်တီးပြီး ကျေးလက်ဆင်းရဲမှုလျှော့ချရန်။
- သစ်တောဖုံးလွှမ်းဧရိယာတိုးမြှင့်ရန်၊ သစ်တောထွက်ကုန်များရေရှည်သုံးစွဲရန်။
- လူထုပါဂင်မှုဖြင့် သစ်တောစီမံခန့်ခွဲမှုစနစ်တိုးမြှင့်ရန် နှင့်
- သစ်တောပြုန်းတီးခြင်းကာကွယ်ရန်နှင့် ရာသီဥတုပြောင်းလဲမှု လျှော့နည်းရန် သဘာဂပတ်ဂန်းကျင်များ ကောင်းမွန်စေရန်။

Unofficial version of the CFI ကို ဤ website တွင်ရနိုင်ပါသည်။ http://www. share၄dev. info/kb/ documents/ 5360.pdf

### ❖ အမျိုးသားမြေအသုံးချမှုမူဂါဒ(၂၀၁၆)

အမျိုးသားမြေအသုံးချမှုမူဂါဒသည် ကျေးလက်နှင့်မြို့ပြဒေသနစ်မျိုးလုံးအပါအဂင် နိုင်ငံတဂှမ်းရှိ မြေအသုံးချမှုနှင့် အငှားချထားမှုအခွင့်အရေး (tenure rights) ကို မူဂါဒ ရည်မှန်းချက်များနှင့် အညီ စနစ်တကျ နှင့်အောင်မြင်စွာ အကောင်အထည်ဖော်၊ စီမံခန့်ခွဲသွားရန် ရည်ရွယ်ပါသည်။ ၎င်းအပြင် မြေအသုံးချမှုနှင့် အငှားချထား မှုအခွင့်အရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့်အဖွဲ့အစည်းများက အဆုံးအဖြတ်ပြုရမည့် ကိစ္စရပ်များနှင့် မြေယာနှင့် ပတ်သက်သည့်လက်ရှိ ဥပဒေများကို အကောင် အထည်ဖော်ခြင်းကို ထုတ်ဖော် ဆောင်ရွက်ခြင်း များ အပါအဂင် အမျိုးသားမြေယာ ဥပဒေ တစ်ရပ် ရေးဆွဲပြဌာန်းနိုင်ရေး အတွက် လမ်းညွှန်ချက် တစ်ရပ်လည်း ဖြစ်ပါသည်။

အမျိုးသားမြေအသုံးချမှုမူဂါဒပါ ရည်မှန်းချက်များမှာ အောက်ပါတို့ဖြစ်သည်။

- နိုင်ငံတွင်းရှိပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ ရေရှည်တည်တံ့စေမည့် မြေအသုံးချမှုစီမံခန့်ခွဲခြင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်ဧရိယာများ၊ ပတ်ဂန်းကျင်နှင့်သဘာဂသယံဇာတ အရင်း အမြစ်များ ကာကွယ် ထိန်းသိမ်းခြင်းကို ဖွံ့ဖြိုးတိုးတက်စေရန်။
- နိုင်ငံအတွင်း ကျေးလက်နှင့်မြို့ ပြနေရာများရှိ ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံရေး နှင့် လူနေမှုဘဂ ဖွံ့ဖြိုးတိုး တက်ရေးတို့ အတွက် မြေလုပ်ပိုင်ခွင့် ကို အခိုင်အမာဆောင်ရွက်ရန်။
- တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံနှင့်ဆိုင်သောမြေလုပ်ပိုင်ခွင့်နှင့် လုပ်ထုံးလုပ်နည်း ကိုအသိအမှတ်ပြု အကာအကွယ်ပေးရန်။

[1] Source: Community Forestry Instructions, Notification N°84/2016, 16 August 2016.

- မြေနှင့် သက်ဆိုင်သည့် အငြင်းပွားမှုများကို တရားဥပဒေစိုးမိုးရေးအတွက် ပွင့်လင်းမြင်သာမှု၊ တရားမျှတမှု၊ ငွေကြေးအကုန်အကျသက်သာမှုနှင့် လွတ်လပ်မှုရှိသော ဖြေရှင်းဆုံးဖြတ်သည့် လုပ်ငန်းစဉ်များ ထူထောင်ရန်။
- နိုင်ငံတွင်း၌ညီမျှသော စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုစေရန် ပြည်သူဗဟိုပြု ဖွံ့ဖြိုး တိုးတက်မှု၊ အများပြည်သူ ပါဝင်ဆုံးဖြတ်မှု၊ မြေအရင်းအမြစ်များအား အခြေခံသော တာဝန်ခံမှု၊ တာဝန်ယူသော ရင်းနှီးမြှုပ်နှံမှုနှင့် မြေအသုံးချမှုများကို တိုးတက် အောင်ဆောင်ရွက်ရန်။
- အမျိုးသားမြေအသုံးချမှုဆိုင်ရာ ရည်မှန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရေး အတွက် အမျိုးသားမြေဥပဒေကို ပြဌာန်းရန်။

ဤမူဝါဒကိုအများပြည်သူများ၏အင်တာနက်ပေါ်တွင် http://extwprlegs၁.fao.org/docs/pdf/mya၁၆၂၇၉၃.pdf. အရ ရရှိနိုင်သည်။

❖ **သစ်တောဦးစီးဌာန၏ နိုင်ငံပိုင်သိမ်းဆည်းသည့်သစ်များနှင့်ပတ်သက်၍ညွှန်ကြားချက်**

၂၀၁၅ခုနှစ် အောက်တိုဘာ (၉) ရက်၌ ထုတ်ပြန်သော သစ်တောဦးစီးဌာနသို့ညွှန်ကြားချက်မှာ သိမ်းဆည်း ထားသည့် သစ်များ စီမံခန့်ခွဲမှုကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ပြဌာန်းသွားရန်ဖြစ်သည်။

သစ်တောဦးစီးဌာနသည် အောက်ဖော်ပြပါလုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရန်

- ပျက်စီးသောသစ်များ၏ပမာဏကိုသတ်မှတ်ခြင်း
- ရက်ပေါင်း (၂၀) အတွင်း ကျန်သစ်များ၏ လက်ကျန် ပမာဏကို မြန်မာ့သစ်လုပ်ငန်းသို့ အကြောင်း ကြားခြင်း။
- (၁၀)ရက်အတွင်း မြန်မာ့သစ်လုပ်ငန်းသို့ ကျန်သစ်များလွှဲပြောင်းပေးခြင်း။
- မြန်မာ့သစ်လုပ်ငန်းက လက်ခံရန်ငြင်းဆန်ပါက သို့မဟုတ် ရက် (၂၀) အတွင်း တုန့်ပြန်ချက်မရရှိပါက ပြည်သူသို့ ရောင်းချပေးခြင်း။

**(ခ) ပတ်ဝန်းကျင်**

❖ **တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေး နှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေ (၁၉၉၄)**

ဤဥပဒေသည် အောက်ပါတို့အတွက်ရည်ရွယ်ပါသည်။

- အစိုးရ၏တောရိုင်းတိရစ္ဆာနှင့်သဘာဝအပင်များ ကာကွယ်ရေးမူဝါဒကိုအကောင်အထည်ဖော်ရန်
- အစိုးရ၏ သဘာဝနယ်မြေများ ကာကွယ်ထိန်းသိမ်းရေးမူဝါဒကိုအကောင်အထည်ဖော်ရန်
- တောရိုင်းတိရစ္ဆာရန်များနှင့် သဘာဝအပင်များ၊ ဂေဟစနစ်များ၊ ဆောင်းခိုငှက်များ (ဒေသပြောင်း ရွှေ့ကျက်စားလေ့ရှိသောငှက်များ) ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ခြင်း နှင့် စပ်လျည်း၍ နိုင်ငံတကာ ကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်ရန်၊
- မျိုးသုဉ်းတော့မည့် တောရိုင်းတိရစ္ဆာန်များ၊သဘာဝအပင်များ ၊မျိုးစိပ်များနှင့်၄င်းတို့၏ သဘာဝ ကျက်စားရာ နေရင်းဒေသများကို အကာအကွယ်ပေးရန်
- သဘာဝသိပ္ပံနှင့်ပတ်သက်သည့်သုတေသနများဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုရန်
- တိရစ္ဆာန်ရုံများ၊ ရုက္ခဗေဒဉယျာဉ်များ ထူထောင်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝ အပင်များကိုအကာအကွယ်ပေးရန်

ဤဥပဒေကိုအောက်ဖော်ပြပါဝက်ဘ်ဆိုဒ်အများပြည်သူများရယူနိုင်ပါသည်။
http://www.burmalibrary.org/docs၁၆/၁၉၉၄-Protection-of-Wildlife-and-Conservation-of-Natural-Areas-Law-၁၉၉၄.pdf

### ❖ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ(၁၉၉၄)

၌မူဝါဒကို ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်ဝန်းကျင်ပျက်စီးခြင်းမှ ကာကွယ်ရေးအတွက် ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများ၊ ရေ၊ မြေ၊ သစ်တော၊ သတ္တု၊ ပင်လယ်ရေအရင်းအမြစ်များနှင့် အခြားသော သဘာဝ အရင်းအမြစ်များ အသုံးချမှုမှန်ကန်ရေးအတွက် ၁၉၉၄ ခုနှစ်တွင် ပတ်ဝန်းကျင် ရေးရာ အမျိုးသား ကော်မရှင် (NCEA) က ရေးဆွဲခဲ့ပါသည်။

### ❖ မြန်မာ ၂၁ ရာစုအစီအစဉ် (၁၉၉၇)

မြန်မာအာဂျင်ဒါ (၂၁) ကို ၁၉၉၇ ခုနှစ်တွင်ထူထောင်ခဲ့သည်။ NCEA အပါအဝင်များစွာသော အစိုးရအဖွဲ့ဝင်များက ရေရှည်တည်တံ့သောမြေယာအသုံးချမှုစီမံခန့်ခွဲရေးလုပ်ငန်းစဉ်ကို ပံ့ပိုးထိန်းသိမ်းရန် အမျိုးသားမြေယာကော်မရှင် NLC ကိုဖွဲ့စည်းရန် ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်ဖြစ်သည်။ ၄င်းတွင် အပိုင်း (၄) ပိုင်းနှင့် အခန်း (၁၉) ခန်းပါဝင်သည်။ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်ပေးမှုတိုးတက်လာစေရန်အတွက်ဆောင်ရွက်သည့်မူဝါဒများကို သုံးသပ်ထားပါသည်။ ပတ်ဝန်းကျင်နှင့်ဆိုင်သောအကြောင်းရင်းများနှင့် ပတ်သက်၍ ဝန်ကြီးဌာနများ အကြားပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကိုတိုးမြှင့်စေရန်၊ ပတ်ဝန်းကျင်ဆိုင်ရာ အမျိုးသားဥပဒေမူဘောင် တစ်ရပ်ဖန်တီးရန်ရည်ရွယ်ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများအကောင်အထည်မပေါ်မီ ဆောင်ရွက်ရန် လိုအပ်သော ပတ်ဝန်းကျင်သက်ရောက်မှုဆိုင်ရာအကဲဖြတ်ခြင်းအတွက် ဥပဒေကို ဖော်ဆောင်သွားရန်ဖြစ်ပါသည်။

(၂၁) ရာစုအစီအစဉ် မူဘောင်၏ ရည်ရွယ်ချက်မှာအောက်ပါအတိုင်းဖြစ်ပါသည်။[1]

- ထိန်းသိမ်းကာကွယ်ပေးထားသောဧရိယာများ စီမံခန့်ခွဲမှုကို ခိုင်မာအောင်ဆောင်ရွက်ခြင်း
- နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း
- ဇီဝမျိုးစုံမျိုးကွဲခြင်းနှင့်ဆိုင်သော အမျိုးသားကိန်းဂဏန်းအချက်အလက်အခြေခံ(data base) ကိုတည်ဆောက်ခြင်း။
- ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းဆောင်ရွက်မှုစီမံခန့်ခွဲရေးအတွက်ဥပဒေများ၊ ဥပဒေပြုခြင်း ခိုင်မာအောင် ဆောင်ရွက်ခြင်း။
- ပျောက်ကွယ်လုဆဲဆဲ ခြိမ်းခြောက်ခံ၊အန္တရာယ်နှင့်ရင်ဆိုင်နေရသော အပင်နှင့်တိရစ္ဆာန်မျိုးစိပ်များကို အကာအကွယ်ပေးခြင်း
- သဘာဝအရင်းအမြစ်များ အရှည်အသုံးပြုရေးကို ခိုင်မာအောင်ဆောင်ရွက်ခြင်း
- ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်းအတွက် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် တိုးမြှင့်ဆောင်ရွက်ခြင်း
- ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်စီမံခန့်ခွဲခြင်းလုပ်ငန်းတွင် ဒေသခံလူမှုအဖွဲ့အစည်း ပါဝင်ရေးနှင့် အသိပညာပေးရေးတိုးမြှင့်ဆောင်ရွက်ခြင်းနှင့်
- ဇီဝမျိုးစုံမျိုးကွဲနှင့်ဆိုင်သော စီးပွားရေးဆိုင်ရာအကြောင်းရပ်များကို လေ့လာခြင်း

- **တောရိုင်းတိရစ္ဆာန်နှင့်သဘာဝသစ်ပင်များ ကာကွယ်ရေးနှင့်သဘာဝနယ်မြေများ ထိန်းသိမ်းခြင်းနှင့် ဆိုင်သောစည်းမျဉ်းဥပဒေ (၂၀၀၂)**

ဤဥပဒေများ ကို ၁၉၉၄ ခုနှစ် ကထုတ်ပြန်ထားသည့် မူလဥပဒေကို အထောက်အကူပြုရန် ၂၀၀၂ ခုနှစ် အောက်တိုဘာလတွင် အကောင်အထည်ဖော်သည်။ အဆိုပါစည်းမျဉ်းများ၏ဦးတည်ချက်ကို အောက်ပါအတိုင်း အသေးစိတ် ဖော်ပြထားသည်။[2]

- မည်သို့သောနယ်မြေများကို သဘာဝနယ်မြေအဖြစ် သတ်မှတ်ဆုံးဖြတ်ရမည့်စံများကို အဓိပ္ပာယ်ဖော်ဆောင်ရန် ကိစ္စ။
- တိရစ္ဆာန်ဥယျာဉ်များနှင့် ရုက္ခဗေဒဥယျာဉ်များကို မည်ကဲ့သို့ဆောင်ရွက်သွားရန်ကိစ္စ ။
- အကာအကွယ်ပေးရမည့်တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များကို မည်ကဲ့သို့သတ်မှတ် ရမည့်ကိစ္စ။
- အကာအကွယ်ပေးထားသည့် သဘာဝဧရိယာများနှင့် ပတ်သက်သည့်အခွင့်အရေး၊တားမြစ်ချက်၊ တာဝန် ဝတ္တရားများကို သတ်မှတ်ခြင်းကိစ္စ

[1] Source: http://www.forestlegality.org/risk-tool/country/myanmar#tab-laws

[2] Source: Rules relating to the Protection of Wildlife and Conservation of Natural Areas, Notification n°37/2002, October 2002.

- **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ နံပါတ်(၉) (၂၀၁၂)**

ဤဥပဒေသည် စတင်ဆုတ်ယုတ်စပြုနေပြီး နောင်ပျောက်ကွယ်သွားရန်အကြောင်းရှိသော ဂေဟ စနစ်များကို ပြန်လည် ဖော်ထုတ်ရန်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကော်မတီတို့၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာနများနှင့် အဖွဲ့အစည်းများအား သစ်တောအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ အကျိုးရှိစွာ အသုံးချခြင်း၊ အရှည်တည်တံ့အောင်အသုံးပြုခြင်းနှင့် ဒေသဆိုင်ရာမူဝါဒ ဆောင်ရွက်ခြင်းများကို အကောင်အထည် ဖော်ရန်စီမံရေးဆွဲထားပါသည်။

၎င်းဥပဒေကိုပြည်သူများသိစေရန် ကွန်ယက်ပေါ်တွင် တင်ထားပါသည်။

http://www.altsean.org/Docs/Laws/Environmental%၂၀Conservation%၂၀Law.pdf.

**၈။ ရင်းနှီးမြှုပ်နှံမှု**

- **နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဆိုင်ရာဥပဒေ(SEE)(၁၉၈၉)**

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ (GOUM)ကသာလျှင် ဆောင်ရွက်နိုင်သည့် စီးပွားရေးလုပ်ငန်းရပ်(၁၂)ခု ကို ၎င်းဥပဒေကချမှတ်ထားပါသည်။

၁။ပြည်တွင်းနှင့်နိုင်ငံခြားအတွက်ပါ ကျွန်းသစ်ထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်း။

၂။ကျေးလက်ပြည်သူများက ၎င်းတို့ကိုယ်ရေးကိုယ်တာ အသုံးပြုရေးအတွက် စိုက်ပျိုးထားသော ကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းများကို စိုက်ပျိုးခြင်းနှင့်ထိန်းသိမ်းခြင်း။

၃။ရေနံနှင့်သဘာဝဓါတ်ငွေ့ရှာဖွေခြင်း၊ထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်းနှင့် ၎င်းတို့၏ထွက်ကုန် များထုတ်လုပ်ခြင်း။

၄။ပုလဲ၊ကျောက်စိမ်းနှင့်အဖိုးတန်ကျောက်မျက်များ ရှာဖွေခြင်း၊ထုတ်လုပ်ခြင်းနှင့်ပြည်ပတင်ပို့ခြင်း။

၅။နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသော သုတေသနလုပ်ငန်းအတွက် ထိန်းသိမ်းထားသော ရေလုပ်ငန်းနှင့် ငါး၊ ပုစွန် မွေးမြူခြင်းနှင့်ထုတ်လုပ်ခြင်း

၆။စာပို့နှင့်ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း။

၇။လေကြောင်းနှင့်မီးရထားသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။

၈။ဘဏ်လုပ်ငန်းနှင့်အာမခံလုပ်ငန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။

၉။အသံလွှင့်ခြင်းနှင့်ရုပ်မြင်သံကြားဝန်ဆောင်မှုလုပ်ငန်း။

၁၀။သတ္တုများရှာဖွေထုတ်လုပ်ခြင်းနှင့်ပြည်ပတင်ပို့ခြင်း။

၁၁။ဥပဒေအရ ပုဂ္ဂလိကနှင့်သမဝါယမ လျှပ်စစ်ဓါတ်အားထုတ်လုပ်ရေး ဝန်ဆောင်မှုလုပ်ငန်းများမှလွဲ၍လျှပ်စစ်ဓါတ်အားထုတ်လုပ်မှုဝန်ဆောင်မှုလုပ်ငန်း။

၁၂။နိုင်ငံတော်အစိုးရက အချိန်နှင့်အမျှထုတ်ပြန်ချက်ဖြင့် သတ်မှတ်ထားသည့်လုံခြုံရေးနှင့် ကာကွယ်ရေးနှင့်ဆိုင်သော ကုန်ပစ္စည်းများထုတ်လုပ်ခြင်း။

ဤဥပဒေကိုအများပြည်သူများသိစေရန်ကွန်ယက်တွင်ဖော်ပြထားပါသည်။

http://www.burmalibrary.org/docs၁၂/SOEAct.pdf

❖ **မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆)**[1]

၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံခြားသားနှင့် ပြည်တွင်း နိုင်ငံသား ရင်းနှီးမြှုပ်နှံသူ [2] နှစ်ရပ်လုံးအတွက် တစ်ခုတည်းသော ဥပဒေတစ်ရပ်ဖော်ဆောင်ရန်၊ ၂၀၁၂ ခုနှစ်နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဥပဒေ [3] နှင့် ၂၀၁၃ ခုနှစ်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေ[4] နှစ်ရပ်ကိုလွှမ်းမိုးပယ်ဖျက်သည့် မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှု ဥပဒေအသစ် (MIL)ကို အောက်တိုဘာလ ၂၀၁၆ခုနှစ်တွင်ထုတ်ပြန်ခဲ့ပါသည်။ မတ်လ၂၀၁၇ခုနှစ်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုစည်းမျဉ်းဥပဒေများကို ပြဌာန်းခဲ့ပါသည်။[5] ဥပဒေအသစ်သည် ယခင်၂၀၁၂ခုနှစ် နိုင်ငံခြားသား ရင်းနှီး မြှုပ်နှံမှုဥပဒေတွင် ပြောင်းလဲမှုများနှင့်မိတ်ဆက်ပေးခဲ့ရာ အောက်ပါတို့ပါဝင်ပါသည်။

- <u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ထံမှအပြည့်အဝခွင့်ပြုချက်ပါမစ် အစား ထောက်ခံချက် လုပ်ငန်းစဉ် တစ်ရပ်ကို မိတ်ဆက်ပေးခဲ့သည်။</u>

ခွင့်ပြုမိန့်ပါမစ်အမျိုးအစားများရှိရာ တစ်ခုမှာ MIC အပြည့်အဝခွင့်ပြုချက်ပါမစ် (full MIC permit) နှင့် နောက်တစ်ခုမှာ မြေအသုံးချရန်ခွင့်ပြုချက်အတွက် ထောက်ခံချက်(သို့မဟုတ်)ခွင့်ပြုချက် (Endorsement for permission for use of land) ဖြစ်ပါသည်။ ဒုတိယလုပ်ငန်းစဉ်မှာ ပိုမိုမြန်ဆန်ဖွယ်ရှိသည်။

အပြည့်အဝ MIC ခွင့်ပြုချက်ပါမစ်များမှာ မဟာဗျူဟာမြောက်ကြီးမားပြီး ပတ်ဝန်းကျင်ဆိုင်ရာ သို့မဟုတ် လူမှုရေး ဆိုင်ရာသက်ရောက်မှုကြီးမားသော လုပ်ငန်းစီမံကိန်းများအတွက် လိုအပ်ပါသည်။

(ပုဒ်မ/Section ၃၆ MIL, MIR ၏ article ၃-၁၁ တွင် ထပ်မံသတ်မှတ်ဖော်ပြထားပါသည်။)

- <u>**ဤဥပဒေသည် ရင်းနှီးမြှုပ်နှံသူများအားလုံးအတွက်အကျုံးဝင်သည်**</u>

၂၀၁၂ ခုနှစ် ယခင် MFIL (Myanmar Foreign Investment Law) ဥပဒေမှာ MIC ပါမစ်ကိုင်ဆောင်ထားသော နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအတွက်သာ ဖြစ်သည်။ ဥပဒေအသစ်တွင် မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံသူတိုင်းကို ရင်းနှီးမြှုပ်နှံသူအဖြစ် ၂၀၁၆ MIL အရသတ်မှတ်ပါသည်။MIC ပါမစ်ပါရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အကျုံး ဝင်ပါ သည်။

- <u>**အခွန်မက်လုံးပေးမှုပြောင်းလဲခြင်း**</u>

MICပါမစ်ရရှိထားသောနိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတိုင်းအတွက် ယခင်က အလိုအလျောက် ခွင့်ပြုပေးထားသည့် ၅နှစ်အခွန်ကင်းလွတ်ခွင့်ကို ဖယ်ရှားလိုက်ပါသည်။ ယခုအခါ အခွန်ကင်းလွတ်ခွင့်ပြုခြင်းမှာ MIC ၏သဘောထား ဆုံးဖြတ်ချက် အပေါ်မူတည်ပါသည်။ အခြားသောအခွန်မက်လုံးပေးမှုများစွာ ပြောင်းလဲခဲ့ပါသည်။

- <u>**မြန်မာနိုင်ငံဥပဒေသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ညီညွတ်အောင် ဆောင်ရွက်ထား ရှိပါသည်**</u>

ဥပဒေအသစ်တွင် နှစ်နိုင်ငံအပြန်အလှန်ရင်းနှီးမြှုပ်နှံမှုစာတမ်း (treaties) များတွင် တွေ့ရလေ့ရှိသော နိုင်ငံသားများ နည်းတူတန်းတူဆက်ဆံမှု(national treatment)၊ အကောင်းဆုံးဦးစားပေးနိုင်ငံ(Most favoured nation) နှင့် သာတူညီမျှသောဆက်ဆံရေး (fair and equitable treatment) စသော ပါဝင်သည့်ရင်းနှီးမြှုပ်နှံသူများအား အကာ အကွယ်ပေးသည့် နိုင်ငံတကာစံများ ပါဝင်ပါသည်။၎င်းသည်အချို့သောလက်ရှိ နှစ်နိုင်ငံ အပြန်အလှန် ရင်းနှီး မြှုပ်နှံမှုစာတမ်းများရှိ မြန်မာနိုင်ငံ၏ လုပ်ရန်တာဝန်များနှင့်လည်း ညီညွတ်မှုရှိပါသည်။

[1] Updates provided Myanmar Centre for Responsible Business (MCRB).

[2] VDB, Client Briefing Note: What Changes in Practice Under the New Investment Law?, 8 October 2016.

[3] 2012 Foreign Investment Law.

[4] 2013 Myanmar Citizens Investment Law.

[5] Myanmar Investment Rules, MIC Notification 35/2017, 31 March 2017.

- **အလုပ်သမားများအတွက် အသစ်ရေးဆွဲထားသောအကာအကွယ်ပေးမှုများ**

ဤဥပဒေတွင်အလုပ်သမားများနှင့် ပတ်သက်သည့်အသစ်ရေးဆွဲထားသည့် အလုပ်ရှင်၏တာဝန်များ ပါရှိသည် ။ ရင်းနှီးမြှုပ်နှံသူများသည်အလုပ်သမားများအားလျော်ကြေးပေးပြီးမှသာလျှင်၄င်းတို့၏လုပ်ငန်းကိုရပ်ဆိုင်းနိုင်ခွင့်ရှိသည်။ ယာယီရပ်ဆိုင်းမှုကာလအတွင်းအလုပ်သမားများကို လုပ်ခပေးရပါမည်။ ရင်းနှီးမြှုပ်နှံသူများသည် လုပ်ငန်းခွင်၌ ဒဏ်ရာရခြင်း၊ ဖျားနာခြင်း၊ သေဆုံးခြင်း သို့မဟုတ် ခြေလက်ဆုံးရှုံးမှုအတွက် လျော်ကြေးပေးရမည်။

အသစ်ပြဌာန်းချက်များသည် လက်တွေ့တွင် မည်သို့ရှိမည်ကို စောင့်ကြည့်ရမည်ဖြစ်ပါသည်။ များစွာသော အကြောင်းခြင်းရာများကို ထပ်မံပြင်ဆင်ခြင်း၊ ပြည့်စုံအောင်ဆောင်ရွက်ခြင်းများကို ဥပဒေ၏ နောက်ပိုင်း ပြဌာန်းမည့်နည်းဥပဒေများ(သို့မဟုတ်)အမိန့်ကြော်ညာစာများ တွင် ဆောင်ရွက်သွားရန်လိုအပ်ပါသည်။ ၄င်းတွင် -

- ပုဒ်မ(၃၆)တွင် ပါရှိသော လုပ်ငန်းစီမံကိန်းအမျိုးအစားကို သတ်မှတ်ရပါမည်။ လုပ်ငန်းစီမံကိန်းများတွင် ပတ်ဂန်းကျင်နှင့်ဒေသလူမှုအဖွဲ့အစည်းအပေါ် ကြီးမားစွာသော သက်ရောက်မှုများရှိနိုင်သဖြင့် အပြည့်အဝ MIC ခွင့်ပြုချက်ရရန်လိုအပ်သော လုပ်ငန်းစီမံကိန်းအမျိုးအစားများကိုလည်း သတ်မှတ်ရမည့် ကိစ္စ။
- ဥပဒေအသစ်၏ ပြဌာန်းချက်များနှင့် အဓိပ္ပါယ်သတ်မှတ်ချက်များကို ဆက်နွယ်ပတ်သက် လျက်ရှိသောအခြား ဥပဒေလိုအပ်ချက်များနှင့်အညီမည်ကဲ့သို့ ဆက်သွယ်အဓိပ္ပါယ်သတ်မှတ်ရ၊ ဆောင်ရွက်ရမည်ဟူသောကိစ္စ။ ဥပမာ- ခွင့်ပြုချက်ပါမစ်နှင့် သဘောတူညီမှုများ ပေးအပ်ခြင်းနှင့် ပတ်သက်၍ MIC မှအဆုံးအဖြတ်ပေးသည့် လုပ်ငန်းစဉ်တွင် တိုင်းရင်းသားလူမျိုးများအခွင့်အရေးနှင့် ပတ်ဂန်းကျင်ဆိုင်ရာစုံစမ်းစစ်ဆေးမှုအေဂျင်စီ(EIA) နှင့်ပတ်သက်သည့်၂၀၁၅ ဥပဒေ article (၅)၊ ၂၀၁၅ ခုနှစ် ပတ်ဂန်းကျင် ထိန်းသိမ်းရေးဥပဒေတွင် ဖော်ပြပါရှိသည့် လိုအပ်ချက်များနှင့် ၂၀၁၅ ခုနှစ် EIA လုပ်ထုံးလုပ်နည်းများနှင့်အညီ လူမှုအဖွဲ့အစည်းများ ညှိနှိုင်းတိုင်ပင်ခြင်းနှင့် သဘောတူညီမှုဆိုင်ရာ ပြဌာန်းချက်များ(Consent provision)က MIC ခွင့်ပြုချက် ပါမစ်ပေးခြင်းအပေါ် မည်ကဲ့သို့ထင်ဟပ် ဆက်စပ်သည်ဟူသော ကိစ္စ။
- လုပ်ငန်းစီမံကိန်းများတွင် မည်သည့်လုပ်ငန်းအမျိုးအစားမျိုးက အမျိုးသားလွှတ်တော်၏ သဘောတူညီချက် အတွက် လိုအပ်ချက်တစ်ရပ်ဖြစ်သည့် Article(၄၆)နှင့် သက်ဆိုင်သည့် လုပ်ငန်းအမျိုးအစားဖြစ်သည်ကို စိစစ်ခြင်း။
- လုပ်ငန်းစီမံကိန်းများအပေါ် ခွင့်ပြုမပြု ဆုံးဖြတ်ချက်ချမည့်လုပ်ငန်းစဉ် အစပိုင်း၌ လုပ်ငန်းစီမံကိန်း တစ်ရပ်ကြောင့် ကြီးမားသောထိခိုက်မှုကိုခံစားရမည့် ဒေသဆိုင်ရာ လူ့အဖွဲ့အစည်းနှင့် ညှိနှိုင်းတိုင်ပင်ရသည့် ပြဌာန်းချက်အပါအဂင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် ဆုံးဖြတ်ချက်ချရန် ခွင့်ပြုသည့် လုပ်ငန်းစဉ်တွင် မည်သည့် အခန်းကဏ္ဍမှ ပါဂင်မည်နည်းဟူသော ကိစ္စ၊ ဥပမာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် သက်ဆိုင်ရာ ဒေသဆိုင်ရာလူ့အဖွဲ့အစည်းနှင့် ညှိနှိုင်းတိုင်ပင်၍ MIC ကို သဘောထား မှတ်ချက်ပေးရမည်ဆိုသော လိုအပ်ချက်မျိုး။

၂၀၁၇ခုနှစ် ဧပြီလတွင် MIC သည် ၂၀၁၅ ခုနှစ် သတ္တုတူးဖော်ခြင်းဥပဒေပါ အချက်နှင့် ယခင်ချဉ်းကပ်ပုံနည်းလမ်းကို ပြုပြင်ဖော်ပြထားသော အခန်း(၁၀)ပါ ကန့်သတ်ရင်းနှီးမြှုပ်နှံမှုများ၏[1] အသစ်ပြင်ဆင်ပြုစုထားသော စာရင်း ကိုထုတ်ပြန်ခဲ့သည်။

၂၀၁၆ ခုနှစ် ML နှင့် ၂၀၁၇ ခုနှစ် နည်းဥပဒေတို့တွင် MIC ၏ခွင့်ပြုချက်ပါမစ် တောင်းခံထားသော လုပ်ငန်းစီမံကိန်းများ အတွက်သတင်းအချက်အလက်ဖွင့်ပြမှုဆိုင်ရာပြဌာန်းချက်နှင့် ပွင့်လင်းမြင်သာမှုအပိုင်းပါဂင်ပါသည်။ သို့ရာတွင် ၄င်း တို့ကို ထိရောက်စွာအကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်သည်။ နည်းဥပဒေ(၄၅)အရ ကော်မရှင်သည် ခွင့်ပြုချက် ပါမစ်ကို တင်ပြတောင်းဆိုမှုအား စိစစ်ပြီးနောက်(သတ္တုတူးဖော်ရေးတွင် ဖြစ်နိုင်ချေရှိမရှိ လေ့လာသည့် ကာလ Feasibility Study ၌ ဖြစ်နိုင်ဖွယ်ရှိသည်)(၁၀)ရက်လုပ်ငန်းကာလအတွင်း ၄င်းနှင့်ဆိုင်သော မှတ်တမ် းအကျဉ်းချုပ်ကို ထုတ်ပြန်ပေးရသည်။ နည်းဥပဒေ (၁၉၆) သည် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သော အသေးစိတ် အချက်အလက်ကို ဖော်ပြထားသည့် နှစ်ချုပ်အစီရင်ခံစာကို ရင်းနှီးမြှုပ်နှံသူက အွန်လိုင်းမှ တဆင့်ထုတ်ပြန်ပေးရသည်။

၂၀၁၆ ခုနှစ် MIL တွင်မြန်မာနိုင်ငံသားများအလုပ်အကိုင်ချထားမှု(သို့မဟုတ်)ဒေသခံသူများပါဝင်မှု (local content) အတွက် လိုအပ်ချက်များပါဝင်ခြင်းမရှိပါ။[2] ယခင် ၂၀၁၂ MFIL တွင် မြန်မာနိုင်ငံသား မည်မျှခန့် ထားရမည်ကဲ့သို့သောအနိမ့်ဆုံခန့်ထားရမည့် ရာခိုင်နှုန်းအဆင့်များ(thresholds)နှင့်အရည်အချင်းတူညီသော မြန်မာနှင့် နိုင်ငံခြားလုပ်သားများအတွက် လစာတူပေးရေး စသော လိုအပ်ချက်များပါရှိသည်။

အများအားဖြင့် ပုဂ္ဂလိက ရောင်းချမှု (Transaction) အရ နိုင်ငံခြားသားတစ်ဦး သို့မဟုတ် ကုမ္ပဏီတစ်ခုသို့ မြေကို ရောင်းချလွှဲပြောင်းနိုင်ခြင်းမရှိပါ။ သို့ရာတွင် အစိုးရက ထိုသို့ကန့်သတ်ချက်များမှ ကင်းလွတ်ခွင့် ကိုခွင့်ပြုနိုင်ပါသည်။ ၎င်းပြင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများသည် မြေလွတ် မြေလပ်နှင့် မြေရိုင်းတို့နှင့် ပတ်သက်သော အခွင့်အရေး သို့မဟုတ် လယ်ယာမြေကို အစိုးရ၏ခွင့်ပြုချက်မရှိဘဲ ပုဂ္ဂလိကရောင်းဝယ်ဆောင်ရွက်မှုရယူပိုင်ဆိုင် ခွင့်မရှိပါ။

၂၀၁၆ MIL ဥပဒေအရ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများသည် ခွင့်ပြုချက်ပါမစ် သို့မဟုတ်ထောက်ခံချက်အားဖြင့် နှစ်ပေါင်း ၅၀ အထိ (နောက်ထပ် ၁၀ နှစ်၊ နှစ်ကြိမ်သက်တမ်းတိုးမြှင့်) ငှားရမ်းခွင့်ရရှိနိုင်သည်။[3] နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအား ဘာသာရေးဆိုင်ရာမြေများနှင့် ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်နှင့်ဆိုင်သော မြေများကိုငှားရမ်းခြင်းမှတားမြစ်ထားပါသည်။[4]

### ❖ မြန်မာနိုင်ငံတွင်သစ်တောကဏ္ဍအတွက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လမ်းညွှန်စာအုပ်(၂၀၁၆)

မြန်မာနိုင်ငံတွင် သစ်တောကဏ္ဍ၌ရင်းနှီးမြှုပ်နှံလိုသော နိုင်ငံခြားသားကုမ္ပဏီများ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုများကို အထောက်အကူပြုစေရန် သစ်တောကဏ္ဍရင်းနှီးမြှုပ်နှံမှုလမ်းညွှန်စာအုပ်ကို ပြဋ္ဌာန်းအကောင်အထည်ဖော်ခဲ့သည်။ ၎င်းလုပ်ငန်းများတွင် လက်ရှိဥပဒေများ၊ မူဝါဒများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းဥပဒေများနှင့်အညီ လမ်းညွှန်စာအုပ်ကို ကိုးကားပြုစာအုပ်အဖြစ်အသုံးပြု၍ စိုက်ခင်းများထူထောင်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကုန်သွယ်ခြင်းတို့ ပါဝင်သည်။

၎င်းလမ်းညွှန်စာအုပ်တွင် အောက်ပါတို့ကိုရည်ရွယ်ထားပါသည်။[5]

- မြန်မာနိုင်ငံ၌တရားမဝင်သစ်ကုန်ကူးခြင်းကို ထိန်းချုပ်ခြင်း
- နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုများအတွက် သစ်တောစိုက်ပျိုးရေး၊ စီမံခန့်ခွဲခြင်း၊ ကုန်သွယ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ဆိုင်သော လက်ရှိဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို သဘောပေါက်နားလည်စေခြင်း။
- ရင်းနှီးမြှုပ်နှံသော ကုမ္ပဏီ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံသူများအား သစ်တောအရင်းအမြစ်များ နှင့်ပတ်သက်၍ လမ်းညွှန်ခြင်း နှင့်လက်ရှိဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရင်းနှီးမြှုပ်နှံမှုကို ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း။
- အိမ်ရှင်နိုင်ငံသားများနှင့် ရင်းနှီးမြှုပ်နှံသူများအကြားအပြန်အလှန်နားလည်မှုနှင့် မွန်မြတ်သော သဘောထား မြှင့်တင်နိုင်ခြင်း။
- အိမ်ရှင်နိုင်ငံသားများနှင့်ရင်းနှီးမြှုပ်နှံသောနိုင်ငံများအတွက် အပြန်အလှန်အကျိုးကျေးဇူးကို နည်းပညာနှင့် အလုပ်အကိုင် အခွင့်အလမ်းများ၌ရရှိခြင်း။

[1] MIC Notification 15/2017, List of Restricted Investment Activities 10 April 2017.

[2] VDB, What Changes in Practice Under the New Investment Law, 8 October 2016, p. 7.

[3] VDB, What Changes In Practice Under the New Investment Law, 8 October 2016, p. 2.

[4] Government of the Republic of the Union of Myanmar, Notification 11/2013, Foreign Investment Rules, 31 January 2013, Chapter 15, paragraph 125.

[5] Source: Investment Guidebook of Forestry Sector in Myanmar, June 2016.

**(ဃ) အမျိုးသားစီမံကိန်းများ**

- သစ်တောကဏ္ဍကို အောက်ပါတို့မှ လွှမ်းမိုးထားပါသည်။

❖ **အမျိုးသားသစ်တောကဏ္ဍမဟာစီမံကိန်း(၂၀၀၁/၀၂ အသ ၂၀၃၀/၃၁)**

အမျိုးသားသစ်တောကဏ္ဍ မဟာစီမံကိန်း (NFMP) သည် ၂၀၀၁ နှင့်၂၀၃၀အကြား သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေရှည် စီမံကိန်းတစ်ရပ်ပါဝင်ရေးဆွဲထားပါသည်။ NFMP ကို ဘက်စုံလွှမ်းခြုံနိုင်အောင်ကျယ်ပြန့်စွာ ရေးဆွဲထားပါသည်။ ၄င်းတွင် သဘာဝ သစ်တောစီမံခန့်ခွဲမှု၊သစ်တောစိုက်ခင်းများဖွံ့ဖြိုးရေး၊ သစ်တောများ ကာကွယ်ပေးရေး၊ သစ်တောများပျိုးထောင်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေဝေရေလဲ စီမံခန့်ခွဲမှုများပါဝင်သည်။ ၄င်းတွင် ရေရှည်တည်တံ့သော သစ်တောစီမံခန့်ခွဲမှုအောင်မြင်ရေးနှင့် သစ်တောထွက် ပစ္စည်းများ ရေရှည်တည်တံ့စွာ ထုတ်လုပ်ရရှိရေးအတွက်ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း (community forestry) ကို မဟာဗျူဟာ၏ အဓိကကျသော အစိတ်အပိုင်းတစ်ခုအဖြစ် သတ်မှတ်ထားပါသည်။

❖ **အမျိုးသားအဆင့်ဘက်စုံလွှမ်းခြုံသော ပြီးပြည့်စုံသောဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်း(၂၀၁၁/၁၂ မှ ၂၀၃၀/၃၁) (National Comprehensive Development Plan)**

သစ်တောဦးစီးဌာနမှ ရေးဆွဲထားသော အမျိုးသားအဆင့်ဘက်စုံလွှမ်းခြုံသော ပြီးပြည့်စုံသော ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်း (NCDP)မှ ရေရှည်တည်တံ့သော မြေယာစီမံခန့်ခွဲမှုကိုထိန်းသိမ်းရန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆီလျော် ညီညွတ်သည့် မူဝါဒနှင့်အလေ့အကျင့်များကို အကောင်အထည်ဖော်ရန် ၂၀၁၁ နှင့် ၂၀၃၀ ခုနှစ်များအကြား သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ရှည်စီမံကိန်းတစ်ရပ်ချ မှတ်ပါသည်။

❖ **အမျိုးသားဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့်လုပ်ငန်းစီမံကိန်း(၂၀၁၅/၂၀) (National Biodiversity Strategy and Action Plan NBSAP)**

NBSAP စီမံကိန်းကို၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် သဘာဝထိန်းသိမ်းရေးအတွက် နိုင်ငံတကာပေါင်းစည်းရေး (IUCN) ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သစ်တောဦးစီးဌာနက ရေးဆွဲ ထုတ်ပြန်ခဲ့ပါသည်။

ပြန်လည်ပြင်ဆင်ထားသည့် NBSAP စီမံကိန်း၏ အားသာချက်မှာ လုံးဝ အစားထိုး၍မရနိုင်သော မျိုးစိတ်များနှင့် ယင်းတို့၏နေရင်းဒေသများ ထိန်းသိမ်းရန် သတ်မှတ်ရည်မှန်းချက်များ (targets) ချမှတ်နိုင်ရေးအတွက် ကိန်းဂဏန်း နှင့် သတင်း အချက်အလက်များကြွယ်ဝမှုရှိခြင်း နှင့်ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းမှုအပေါ် သက်ရောက် မှုရှိသည့်ကဏ္ဍပေါင်းစုံနှင့်ဆိုင်သော ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးနိုင်သည်။

ရည်မှန်းချက်များကို (၅)နှစ်တာ အချိန်ကာလမှုဘောင်နှင့် ရရှိနိုင်သောလူအရင်းအမြစ်များဖြင့် တိကျပြီး လက်တွေ့နှင့်ကိုက်ညီအောင် ရေးဆွဲထားပါသည်။

အချို့သောအရေးကြီးသောရည်မှန်းချက်များမှာ အောက်ပါတို့နှင့်ဆက်စပ်မှုရှိပါသည်။[1]

- စီးပွားရေးအရဆက်လက်၍ အကျိုးစီးပွားရယူရန် မဖြစ်နိုင်တော့သော၊ စိုက်ခင်း(သို့မဟုတ်) လယ်ယာစိုက်ပျိုးရေးအတွက်အသွင်ကူးပြောင်းနေသော ဟက်တာသန်းပေါင်းများစွာသော သစ်တောများအား နဂိုအတိုင်း ပြန်လည် ထိန်းသိမ်းဂေးအတွက် အစပျိုးဆောင်ရွက်မှု
- အစိုးရမှုဖြစ်စေ၊ လူမှုအဖွဲ့အစည်းကိုအခြေခံသော နည်းဖြင့်ဖြစ်စေ ချဉ်းကပ်မှုနှစ်မျိုးလုံးဖြင့် ဒီရေတောများ အပါအဝင်ဖြစ်သော နိုင်ငံ၏သန္တာကျောက်တန်းနှင့် ကုန်းပိုင်းစနစ်၏အဓိက ကွာဟမှုနေရာများ၏ ၃၀% ကို လွှမ်းခြုံနိုင်မည့် ကာကွယ်ထိန်းသိမ်းထားသော နယ်မြေဧရိယာများ (Protected Area) ကို တိုးချဲ့ဆောင်ရွက်မှု
- ပုဂ္ဂလိကပိုင်ကဏ္ဍနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းပါဝင်မှုနှင့်ထောက်ခံမှုတို့ဖြင့် ဂေဟစနစ်ကို အခြေခံသော ရေလုပ်ငန်းစီမံခန့်ခွဲမှုစီမံကိန်းရေးဆွဲရန်နှင့် မြိတ်ကျွန်းစုတွင်တရားမဝင်ဖြစ်ပြီး၊ ပျက်စီးမှုဖြစ် စေသော

ငါးဖမ်းဆီးခြင်းများကို ထိန်းချုပ်ရေးအတွက် အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းသည့်စနစ် (inter-agency system) ထူထောင်ခြင်း

- ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းမှုတွင် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုအတွက် လက်တွေ့ကျသော မက်လုံးပေးမှုနှင့် တိုင်းရင်းဗဟုသုတနှင့်ဇီဇဆိုင်ရာအပင်အရင်းအမြစ်များကို ကာကွယ်နိုင်ရန် နည်းလမ်း တစ်ရပ်အဖြစ်အမျိုးသားဥပဒေအနေဖြင့် ဓလေ့ထုံးတမ်းအစဉ်အလာအရ ပိုင်ဆိုင်မှုကို အသိအမှတ်ပြု ပေးခြင်းမျိုး ဖြစ်ပေါ်လာစေရန်။

NBSAP ကိုပြည်သူများလက်လှမ်းမီစေရန် ကွန်ယက်ပေါ်တွင် ရယူနိုင်ပါသည်။

https://www.cbd.int/doc/world/mm/mm-nbsap-v၂-en.pdf

[1] Source: National Biodiversity Strategy and Action Plan 2015/2020, October 2015.

## ၃.၂.၃။ ဆောင်ရွက်ဆဲပြင်ဆင်မှုများ

### (က) မြန်မာ့သစ်လုပ်ငန်း

MONRECဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် မြန်မာ့သစ်လုပ်ငန်းသည် ကောပိုရိတ်ပုံစံကို ပြန်လည်ဖွဲ့စည်းရပါသည်။ စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ်ဆောင်ရွက်ရန် ၎င်းကို သီးခြားလွတ်လပ်စွာရပ်တည်သည့် အခြေအနေ တစ်ခု အဖြစ် တာဝန်ပေးအပ်ရပါသည်။

### (ခ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာန အောက်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (DICA) သည် ၂၀၁၃ခုနှစ်တွင်မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (MCL) ကို စတင် ရေးဆွဲခဲ့ပါသည်။ ၎င်းဥပဒေအသစ်မှာ နိုင်ငံတကာရှိ အကောင်းဆုံးသောအလေ့အကျင့်များနှင့် ညီညွတ်မှုရှိရန်နှင့် ၁၉၁၄ခုနှစ် မြန်မာနိုင်ငံ ကုမ္ပဏီများအက် ဥပဒေ ကို အစားထိုးရန်ရည်ရွယ်ပါသည်။

ဥပဒေသစ်သည် ပွင့်လင်းမြင်သာမှုနှင့် ကော်ပိုရိတ်အုပ်ချုပ်မှု (Corporate Governance) ပိုမိုကောင်းမွန်ရန်နှင့် အသေးစား နှင့် အလတ်စားလုပ်ငန်းများအပေါ် ကျရောက်လျက်ရှိသည့် ဝန်ထုပ်ဝန်ပိုးများကို လျော့ပါးစေရန်ရည်ရွယ် ပါသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် DICA[1] တို့ပူးပေါင်းလျက် MCL ၂၀၁၇ နှင့် ပတ်သက်ပြီး တရားဝင်လုပ်ငန်းဆိုင်ရာ ရှင်းလင်းသည့်ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ အဆိုပါ လုပ်ငန်း ဆိုင်ရာ ရှင်းလင်းမှုဆွေးနွေးပွဲသည် အသစ်ပြဌာန်းသည့် MCL ၏အခြေနေ အကြောင်းရပ် နှင့် အကောင် အထည်ဖော်မည့် စီမံချက်များကို တင်ပြပြီး ဥပဒေသစ်ရှိ အဓိကပြောင်းလဲပြင်ဆင်မှုများ ၊အသစ်ဖော်ဆောင်မည့် အီလက်ထရောနစ်စနစ် မှတ်ပုံတင်မည့်စီမံချက်များနှင့် အကောင်အထည် ဖော်မည့် အချိန်ဇယားပါရှိပါသည်။[2]

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ (၆) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ ၁၉၁၄ခုနှစ် MCA ကိုအစားထိုးသည့် MCLကို ပြဌာန်းသတ်မှတ်ခဲ့ပါသည်။ ၎င်းတွင် အောက်ဖော်ပြပါအခန်း (၈) ရပ်ပါရှိပါသည်။

(၁) ကနဦးအခြေအနေ

(၂) ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ ၊ ကုမ္ပဏီစတင်တည်ထောင်ခြင်း (Incorporation) နှင့် ၊ ကုမ္ပဏီများ၏ အခွင့်အာဏာများ။

(၃)ကုမ္ပဏီများ၏မတည်ငွေ(Capital)နှင့်ပတ်သက်ပြီး အစုရှယ်ယာများ၊ ယင်းနှင့် သက်ဆိုင်သည့် အကြောင်းအရာများ

(၄)စီမံခန့်ခွဲခြင်း နှင့် အုပ်ချုပ်ခြင်း၊ အများပြည်သူသို့ ကမ်းလှမ်းခြင်း၊ ပေါင်းနှံခြင်းနှင့် ကြွေးမြီတာဝန်ရှိခြင်း၊ ကုမ္ပဏီ၏ ငွေစာရင်းများကို ထိန်းသိမ်းထားရှိခြင်း

(၅)ဖျက်သိမ်းခြင်း

(၆)မှတ်ပုံတင်အရာရှိ ၊မှတ်ပုံတင်ရုံး၊ မှတ်တမ်းများမှတ်ပုံတင်ခြင်း၊ စစ်ဆေးရေးစရိတ်နှင့် အာဏာ၊ မှတ်ပုံတင် မှကုမ္ပဏီ များကိုဖယ်ရှားခြင်း

(၇) တရားစွဲဆိုစစ်ဆေးဆောင်ရွက်ခြင်းနှင့် ပြစ်မှုများ၊ စည်းမျဉ်းနှင့် အကူးအပြောင်းကာလဆိုင်ရာ ပြဌာန်းချက် များ

(၈)အထွေထွေ

[1] As per its website, DICA is in charge of handling company registrations for local and foreign businesses under the Companies Act. It also serves as a secretary to the Myanmar Investment Commission (MIC), which is the responsible body for investment applications.

[2] Source: http://www.dica.gov.mm/en/news/holding-official-briefing-seminar-myanmar-companies-law

VDB Loi[1] မှ မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ကိုင်လိုသော ကုမ္ပဏီများနှင့်ပတ်သက်၍ မြန်မာကုမ္ပဏီ များဥပဒေ (MCL) မှ ဖြစ်ပေါ်စေသော ကောင်းသောဖွံ့ဖြိုးမှုများကို ဆန်းစစ်ထားသည်။[2]

| စဉ် | အကြောင်းအရာ | ဖော်ပြချက် |
|---|---|---|
| ၁ | ယခင်ကမြန်မာနိုင်ငံသားများအတွက် သာခွင့်ပြုပြီးနိုင်ငံခြားသား များအားကန့်သတ်ထားသော ကဏ္ဍအားလုံးနီးပါးကို ယခုနိုင်ငံခြား သားလူနည်းစု ပိုင်ဆိုင်မှုအတွက် ခွင့်ပြုလိုက်သည် | အတည်ပြုပြဌာန်းလိုက်သောမြန်မာကုမ္ပဏီများဥပဒေတွင်အကြီးမားဆုံး ပြောင်းလဲမှုမှာ(မြန်မာကုမ္ပဏီ) ဆိုသည်ကို အဓိပ္ပါယ်ဖွင့် ဆိုချက် အပေါ်တွင် ယခင်ကထက်များစွာဖြေလျှော့ပေးလိုက်ခြင်းဖြစ်ပေသည်။၁၉၁၄ ကုမ္ပဏီ အက် ဥပဒေ၏ လက်ရှိဥပဒေမူဘောင်အရ မြန်မာကုမ္ပဏီဆိုရာတွင် နိုင်ငံခြား သားအစုရှင်ပါဝင်နိုင်ခြေ အနည်းငယ်မျှပင်မရှိချေ။ ယင်းအချက် ကို ယခု ဥပဒေအသစ်တွင် နိုင်ငံခြားသားပိုင်ဆိုင်မှုအကျိုးခံစားခွင့် (Foreign ownership interest) ၃၅%ထိပါဝင်နေသော်လည်း မြန်မာကုမ္ပဏီ တစ်ခု အနေဖြင့် ဆက်လက်အဓိပ္ပါယ်ဖွင့်ဆိုစေခြင်းဖြင့် ပြောင်းလဲပေး လိုက်သည်။ ဤအခြေအနေမှာ ရှေးဟောင်းလမ်းရိုးမှခွဲထွက်ခြင်းတစ်ခုဖြစ်ပြီး ကောန်အမှန် အကျိုးထူးရစေမည်။ နိုင်ငံခြားသားများသို့ကန့်သတ်ထားသော ရင်းနှီး မြှုပ်နှံမှုအမျိုးအစားများ(ငွေကြေးဝန်ဆောင်မှုများ၊ကုန်သွယ်ရေးနှင့် မြေယာ ပိုင်ဆိုင်မှုစသည်ဖြင့်) မှာ နိုင်ငံခြားသားပိုင်ဆိုင်မှုအနည်းငယ်ပါဝင် ခွင့်ရှိ သော ဖက်စပ်လုပ်ငန်းကုမ္ပဏီများအဖြစ်ပေါ်ထွက်လာမည်။ |
| ၂ | ရိုးရှင်းသော group structuring နှင့် အစုရှယ်ရာရှင် တစ်ဦးတည်းဖြင့် ကုမဏီတည် ထောင်နိုင်ခြင်း | မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်တွင် ယခင်ဥပဒေအဟောင်းမှ အစုရှယ်ယာ ရှင် နှစ်ဦးအနည်းဆုံးရှိရမည်ဟူသော လိုအပ်ချက်ကို ပယ်ဖျက် သည်။ ယခင်လိုအပ်ချက်အရ ကုမ္ပဏီတစ်ခုမှာ အစုရှယ်ယာရှင် တစ်ဦးမှာ ၁၀၀% အပြည့်ပိုင်ဆိုင်ခွင့်မရှိသောကြောင့် ဒါရိုက်တာတစ်ဦး ကိုဖြစ်စေ၊ အခြား ရှယ်ယာရှင်တစ်ဦးကိုဖြစ်စေ အနည်းဆုံး ၁% ခွဲဝေပိုင်ဆိုင် ခွင့်ပြုရ သည်။ ယခု MCLမှာ အစုရှယ်ရာရှင် တစ်ဦးတည်းဖြင့် တည်ထောင် ခွင့် ပေးသဖြင့် ယခင် အစုရှယ်ယာနှစ်ဦးထားရှိခြင်း လိုအပ်ချက် ကြောင့်ဖြစ် ပေါ်လာနိုင်သော မလိုအပ်သောရှုပ်ထွေးမှုများကို ကင်းဝေး စေသည်။ သို့ဖြစ်၍ Minority interest ပေးစရာမလိုဘဲ ၁၀၀% ရာနှုန်း ပြည့်ပိုင် ဆိုင်ခွင့်ရသော ကုမ္ပဏီဖွဲ့စည်းပုံများဖြင့် ရိုးရှင်းစေသည်။ |
| ၃ | အမြတ်ဝေစုခွဲဝေခြင်း | ယခင်ဥပဒေအဟောင်းအရ ကုမ္ပဏီတစ်ခု၏အမြတ်(သို့မဟုတ်) မခွဲဝေရ သေးသောအမြတ်မှအပ မည်သည့်အမြတ်ဝေစုမှ ခွဲဝေပေးခွင့်မရှိ။ ယခုအခါ အမြတ်ဝေစုကို ကုမ္ပဏီအမြတ်မှခွဲဝေပေးရမည်ဟုမရှိ။ ယင်း အစားဥပဒေ အရ လိုအပ်သော ကြွေးမြီစစ်ဆေးချက် (Statuory Solvency Test) ပြုလုပ် ရန်လိုအပ်သည်။ တစ်နည်းဆိုသော် ကုမ္ပဏီမှ အရှုံးစုပေါင်းငွေ ရှိခဲ့ လျှင်ပင် အောက် ဖော်ပြပါလိုအပ်ချက်များကို ပြည့်မီပါက အမြတ်ဝေစုခွဲဝေ ပေးနိုင် သည်။<br>(၁)အမြတ်ဝေစုခွဲဝေပြီးနောက်တွင်လည်းကြွေးမြီစစ်ဆေးချက်ကို ပြေလည် နေရမည်။<br>(၂)အမြတ်ဝေစုထုတ်ပေးခြင်းသည် သင့်လျော်မျှတမှုရှိရမည်။<br>(၃)အမြတ်ဝေစုပေးချေမှုသည် ကုမ္ပဏီက ယင်း၏မြီရှင်များသို့ ငွေပေးချေ ရမည့် တာဝန်များကို အများစုထိခိုက်မှုမရှိစေရ (Materially prejudice) လက်တွေ့တွင် ယင်းကြွေးမြီစစ်ဆေးချက် မည်သို့ဆောင်ရွက်ရမည် ဆိုသည် မှာ စောင့်ကြည့်ရဦးမည်မှန်သော်လည်း ယင်းအချက်မှာ ကောင်းသော အပြောင်း အလဲတိုးတက်မှုတစ်ခုပင်ဖြစ်သည်။ ကုမ္ပဏီတစ်ခုသည် စဉ်ဆက် မပြတ်အမြတ်ချည်းသာရနေရမည်မှာမဖြစ်နိုင်ဟူသော လက်တွေ့ နှင့်လည်း |

| စဉ် | အကြောင်းအရာ | ဖော်ပြချက် |
|---|---|---|
| | | လျော့ကန့်သင့်မြတ်သည်။ |
| ၄ | အသေးစားကုမ္ပဏီများနှင့် Administrative ကင်းလွတ်ခွင့်များ | အသေးစားကုမ္ပဏီများ အားဖြင့်လည်း မြန်မာကုမ္ပဏီများဥပဒေတွင် ကျေနပ်ဖွယ်ရာ အချက်တစ်ခုမှာ နှစ်စဉ်စုစုပေါင်းဝင်ငွေ မြန်မာကျပ်ငွေ ၅၀,၀၀၀,၀၀၀ (သိန်း ၅၀၀) မကျော်ဘဲ ဝန်ထမ်းဦးရေစုစုပေါင်း အယောက် (၃၀) မကျော်သော အချက်နှစ်ချက်နှင့်ကိုက်ညီပါက စီမံခန့်ခွဲရေးဆိုင်ရာ ကင်းလွတ်ခွင့်များကို ရရှိခြင်း ဖြစ်သည်။<br>ယင်းကင်းလွတ်ခွင့်များမှာ ကုမ္ပဏီ၏ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းမှ ဆန့်ကျင်ဘက် မဖော်ပြလျှင်သော်လည်းကောင်း၊ အစုရှယ်ယာဝင်များမှ နှစ်ပတ်လည် အထွေထွေအစည်းအဝေးလိုအပ်သည်ဟု (မဆုံးဖြတ်လျှင်) သာမန် ဆုံးဖြတ်ချက် တစ်ရပ်မချမှတ်လျင်သော်လည်းကောင်း၊ ကုမ္ပဏီမှ နှစ်ပတ် လည် အထွေထွေ အစည်းအဝေးကျင်းပ သင့်သည်ဟု ကုမ္ပဏီ မှတ်ပုံတင် အရာရှိမှ ယင်းဆုံးဖြတ်ခွင့် ရှိသည့် အလျောက် မဆုံးဖြတ် လျှင်သော် လည်းကောင်း အသေးစားကုမ္ပဏီတစ်ခုမှာ နှစ်ပတ်လည် အထွေထွေ အစည်း အဝေး ကျင်းပရန်မလိုအပ်ပေ။<br>အလားတူပင် ငွေရရှိမှုနှင့်အသုံးစရိတ်များရရှိပိုင်ခွင့်များနှင့် တာဝန်ရှိမှုများနှင့် ပတ်သက်ပြီး စာရင်းစာအုပ်များနှင့်မှတ်တမ်းများကို ထိန်းသိမ်းထားရှိရန်၊ ဒါရိုက်တာမှတ်တမ်းထားရှိရန်၊ နှင့် စာရင်းစစ်ခန့်ထားရန် စသော အမျိုးမျိုး သောဝတ္တရားများမှကင်းလွတ်ခွင့်လည်းရရှိထားသည်။<br>ယင်းကင်းလွတ်ခွင့်များကိုလည်း အထက်တွင် ဖော်ပြခဲ့သော အချက်များဖြင့် ရုတ်သိမ်းနိုင်သည်။ သတိပြုသင့်သည်မှာ စာရင်းစစ်ခန့်ထားခြင်း မှ ကင်းလွတ်ခွင့်မှာ ပါလီမန်အောက်လွှတ်တော်တွင် ယင်းပြဌာန်းချက် အပေါ် ဆန့်ကျင်ပြောဆိုဆွေးနွေးမှုများရှိခဲ့ပြီး ယင်းကင်းလွတ် ခွင့်ကို နောက်ဆုံး အတည်ပြုမည်မပြုမည်မှာ မေးခွန်းထုတ်စရာဖြစ်သည်။ ယင်းကင်းလွတ်ခွင့် များမှာကုမ္ပဏီများအတွက် အထူးသဖြင့် ယင်းတို့၏ အစောပိုင်း ဈေးကွက် ထိုးဖောက်ရန်ကာလအတွက် ရိုးရှင်းလွယ်ကူစေပြီး အသုံးစရိတ်များလျော့ ကျစေသည်။ |
| ၅ | နည်းပညာနှင့်အဖွဲ့အစည်းတစ်ခု၏ အစုများ ပိုင်ဆိုင်သည့်မကဏီများ၏ အစည်းအဝေးများ | မြန်မာကုမ္ပဏီများဥပဒေမှ ကုမ္ပဏီအုပ်ချုပ်မှု(Coporate Governance)အတွက် နောက်ဆုံးပေါ် နည်းပညာများ သုံး၍ဆောင်ရွက်နိုင်သည်။ ဥပမာအားဖြင့်-<br>• ဒါရိုက်တာအစည်းအဝေးများကို ၄င်းတို့အကြားသဘောတူလျှင် မည်သည့်နည်းပညာအထောက်အပံ့ဖြင့်မဆို ကျင်းပရန်ခွင့်ပြုခြင်း (တယ်လီဖုန်းသို့မဟုတ်ဗီဒီယိုကွန်ဖရန့်များဖြင့်)<br>• အစုရှယ်ယာဝင်များအတွက် အဆင်ပြေမည့်နည်းပညာအသုံးပြုပြီး အထွေထွေအစည်းအဝေးများခေါ်ယူခြင်း (သို့မဟုတ်)ကျင်းပခြင်း<br>အဓိကကျသော ကုမ္ပဏီအစည်းအဝေးများကို ဗီဒီယိုအချိတ်အဆက်များ သုံးပြီးကျင်းပရန်အသိအမှတ်ပြု ခွင့်ပြုခြင်းအားဖြင့် အစည်းအဝေးများ ကျင်းပ ရာသို့ လူကိုယ်တိုင်လာရောက်ရန်မလိုအပ်တော့ဘဲ ပို၍သက်သာထိရောက်စွာ စီးပွားရေးလုပ်ငန်းဆောင်တာများဆောင်ရွက်နိုင်သည်။ |

[1] VDB Loi is a network of leading law and advisory member firms and affiliated companies that comprises 10 partners and over 100 lawyers and advisers, with offices in Cambodia, Indonesia, Laos, Myanmar and Vietnam, and representatives in Japan and Singapore. (http://www.vdb-loi.com/)

[2] www.vdb-loi.com/mlw/five-things-to-like-in-the-new-companies-law/

VDB Loi သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် ပတ်သက်ပြီး ဖြစ်လာနိုင်ဖွယ်ရှိသော အားနည်းချက် များနှင့် လက်တွေ့ တွင်ကုမ္ပဏီများကို မည်သို့သက်ရောက်မှုရှိမည်ကိုလည်း အောက်ပါအတိုင်း ထုတ်နုတ်ပြထားသည်။[1]

| စဉ် | အကြောင်းအရာ | ဖော်ပြချက် |
| --- | --- | --- |
| ၁ | ပြည်ပကော်ပိုရေးရှင်းများအတွက် မှတ်ပုံတင်ခြင်းပြဿနာများ | MCLမှ ပြည်ပကော်ပိုရေးရှင်းတစ်ခု (သို့မဟုတ်) အခြားမည်သည့် ကော်ပိုရိတ်အဖွဲ့အစည်း (corporate body) မဆိုသည် MCL အရ မှတ်ပုံမတင်သ၍ မြန်မာနိုင်ငံတွင်စီးပွားရေးလုပ်ကိုင်ခွင့်မရှိရပါ။ ၄င်းမှာတူးဖော်ခြင်း (Drilling) နှင့် အခြားသော ဝန်ဆောင်မှုကုမ္ပဏီများ ကဲ့သို့ကုမ္ပဏီအများအပြားအတွက် ယခင်က မှတ်ပုံတင်စရာမလိုဘဲ ယခုအခါမှ MCL အရ မှတ်ပုံတင်ရသဖြင့် ဝန်ထုပ်ဝန်ပိုးဖြစ်နိုင်မှုများရှိနိုင်ပါသည်။ |
| ၂ | အကူးအပြောင်းကာလအတွင်းမသေချာမရေရာမှု | ဥပဒေအားအတည်ပြုပြဋ္ဌာန်းသည့်နေ့မှစတင်၍(၁၂)လကို အကူး အပြောင်းကာလအဖြစ်သတ်မှတ်အကောင်အထည်ဖော်သည်။ ယင်း အကူးအပြောင်းကာလအတွင်း ကုမ္ပဏီမှ ဖျက်သိမ်းရန် မဆုံးဖြတ်သ၍ ယခုလက်ရှိ အသင်းအဖွဲ့ မှတ်တမ်း (memorandum of association)မှ ကုမ္ပဏီလုပ်ကိုင်ခွင့်ရှိသော ဆောင်ရွက်ချက်များ (Object Clause) ဆက်၍အသက်ဝင်နေဦးမည်သာဖြစ်သည်။ အကူးအပြောင်းကာလပြီးဆုံးသည်နှင့် တစ်ပြိုင်နက်ယင်း object clause မှာ ပျက်ပြယ်သွားမည်ဖြစ်သည်။<br>သို့ရာတွင်အခြားသောအကူးအပြောင်းကိစ္စရပ်များမှာ ယင်းလောက် တိကျပြတ်သားမှုမရှိပေ။ ဥပမာအားဖြင့် MCL မှ ဥပဒေပြဋ္ဌာန်းချက် အပိုဒ်အများအပြားမှာ ပိုမိုပြတ်သားနားလည်နိုင်စေရန်စည်းမျဉ်းများကို ညွှန်းဆိုထားသော်လည်း ယင်းစည်းမျဉ်း များမှာထုတ်ပြန်ရန်ကျန်ရှိသေးသည်။ အာဏာပိုင်အဖွဲ့တို့မှ ၄င်းစည်းမျဉ်းများ ပြဋ္ဌာန်းသတ်မှတ်မည့်အချိန်အထိ ကုမ္ပဏီများမှာ ဥပဒေအသစ်အား မည်သို့အဓိပ္ပါယ် ဖွင့်ဆိုရမည်၊မည်သို့ဆောင်ရွက်ရမည်နှင့် ပတ်သက်ပြီး အရေးကြီးသောလမ်းညွှန်မှုမရှိသေးသည်ကို ကြုံတွေ့ရမည်။ |
| ၃ | အစုရှယ်ရာဝင်များ၏ဝင်ရောက်စွတ်ဖက်နိုင်<br>သောအခြေအနေပိုမိုမြင့်မားလာမှု | MCL သည်ကုမ္ပဏီတစ်ခု၏ အစုရှယ်ရာဝင်ဖြစ်ပါက လုပ်ဆောင်နိုင်သော ဆောင်ရွက်ရန် အကြောင်းနှစ်ခုကိုထပ်မံထည့်သွင်းထားသည်။ ပထမတစ်ခုမှာ ကုမ္ပဏီမှာ ရှယ်ယာရှင် တစ်ဦး၏အကျိုးကိုထိခိုက်စေသော ဖိနှိပ်မှုအပြုအမူအတွက် သက်ဆိုင်ရာ အရေးယူ ဆောင်ရွက်မှုပြုလုပ်နိုင်ခြင်းဖြစ်ပြီး၊ ဒုတိယတစ်ခုမှာ ကုမ္ပဏီကအဖွဲ့ဝင်ဖြစ်သော မည်သည့်Proceedingsတွင်မဆို ဝင်ရောက်ပြောဆိုပိုင်ခွင့် (Intervention)ပင်ဖြစ်သည်။ ၄င်းမှမြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ယင်းသို့ခွင့်ပြုခြင်းပင်ဖြစ်သည်။<br>တရားစွဲဆိုခွင့်မှာ (ကုမ္ပဏီတွင် အစုရှယ်ယာတစ်စုကိုင်ဆောင်ထားသော) မည်သည့် ရှယ်ယာရှင်တွင်မဆိုရှိသည်။ ဥပဒေအရလုပ်ဆောင်ရင်းဖြင့်(သို့မဟုတ်) ဆန္ဒအလျောက် ရှယ်ယာထည့်ဝင်ထားသော ဆိုလိုသည်မှာ ရှယ်ယာ တစ်စောင်ရှိရုံနှင့်ပင် အထက်တွင် ဖော်ပြခဲ့သော လုပ်ဆောင်ချက် များကိုလုပ်ဆောင်နိုင်သည်။<br>အကောင်းဘက်မှကြည့်လျှင် ယင်းတို့မှာ ပိုင်ဆိုင်မှုအစုနည်းသော minority stakeholders များကို ကာကွယ်ပေးနိုင်မည့် ထိရောက်မှုရှိသော နည်းလမ်းဖြစ်မည်ဖြစ်သော်လည်း အဆိုးဖြစ်နိုင်သည်မှာ ယင်းတို့သည်ဥပဒေကိုအတည်မဖြစ်အောင် အဟန့်အတား ဖြစ်စေခြင်းနှင့် အသေးအမွှား ပိုင်ဆိုင်မှုဖြေရှင်းရခြင်းများ obstruction and petty account settling အတွက် အခွင့်အရေး များဖြစ်စေနိုင်သည်။<br>MCL တွင် ကုမ္ပဏီအား မပြောပလောက်သော အမှုများဖြင့် (Frivolous lawsuits) တရားစွဲဆိုခံရခြင်းမှ ကာကွယ်နိုင်မည့် ပြဋ္ဌာန်းချက်များပါရှိသည်။ ဥပမာအားဖြင့် |

| စဉ် | အကြောင်းအရာ | ဖော်ပြချက် |
|---|---|---|
| | | တရားလို(Claimant)အား ကုမ္ပဏီအကျိုးအတွက်သဘောရိုးနှင့် ဆောင်ရွက်ရမည်ဟုပါရှိသည်။ သို့ရာတွင် ယင်းတို့မှာယခုအချိန်ထိ တိကျမှုမရှိပေ။ ယင်းတို့ကို ထိရောက်စေရန်မှာ တရားရုံးအပေါ်တွင်မူတည်နေသည်။ ရေတိုတွင် ကုမ္ပဏီများအား ရှယ်ယာရှင်အရေအတွက်များကို သေးသေးကျစ်ကျစ်နှင့် ထိန်းထိန်းသိမ်းသိမ်းထားရှိရန် အကြံပြုထားသည်။ |
| ၄ | ကုမ္ပဏီမှတ်ပုံတင်ရာတွင်လိုအပ်သည့် စာရွက်စာတမ်းများအားလုံးကိုစုပေါင်း၍ ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအဖြစ် ပြောင်းလဲခြင်း | MCL မှ ယခင် ၁၉၁၄ ကုမ္ပဏီအက်ဥပဒေအရ လိုအပ်ခဲ့သော အသင်းအဖွဲ့မှတ်တမ်း (MoA) နှင့် အသင်းအဖွဲ့စည်းမျဉ်း (AoA) တို့အား ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ (Constitutions)အဖြစ် အလိုအလျောက် ပြောင်းလဲစေရမည်ဟု ပြဋ္ဌာန်းပါရှိသည်။ ယင်းမှာ ရှိရင်းစွဲ ကုမ္ပဏီများအနေဖြင့် မလိုလားအပ်သော ကုန်ကျစရိတ်များ သက်သာစေရန် ရည်ရွယ်သည်။<br>သို့ရာတွင် ကုမ္ပဏီအများစုမှာ ၁၉၁၄ MCA ၏ ဇယား A တွင် အရန်သင့် ပါရှိသော စည်းကမ်းချက်များနှင့်အညီ ဖြစ်ကြရာ ယင်းတို့အား MCL အသစ်အရ မည်သို့မည်ပုံဆောင်ရွက်ရမည်ကိုလမ်းညွှန်ချက်မပေးထားပေ။ ဖျက်သိမ်းပြီးသော ဥပဒေတစ်ခုကိုညွှန်းဆိုသောကြောင့် ၄င်းတို့ပျက်ပြယ်သလော။ ယင်းသို့ဖြစ်လျှင် ကုမ္ပဏီများနှင့် သက်ဆိုင်သည့် ကိစ္စရပ်အတော်များများ MCL တွင် အရန်သင့်ပါဝင်သော စည်းကမ်းချက် များနှင့်ပင် သတ်မှတ်လုပ်ကိုင်ရပေလိမ့်မည်။ နောက်တစ်နည်းအားဖြင့် ဇယား(က)အား ညွှန်းဆိုထားချက်များမှာ ၄င်းပြဋ္ဌာန်းချက်များကို လက်တွေ့ကျင့်သုံးနိုင် နေသေးသ၍ အကျုံးဝင်နေ သေးသလော။ ဤသို့ဆိုလျှင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းမှ အချို့ကိစ္စရပ်များသည် MCL မှသွေဖီနေပေလိမ့်မည်။ မှတ်ယူထားရမည် မှာ အထက် ဖော်ပြခဲ့သော ဥပဒေအဓိပ္ပါယ်ဖွင့်ဆိုချက် နှစ်ခုလုံးမှာ လျော်ကန်သင့်မြတ်မှုရှိနေသည်။<br>ဤကိစ္စမှာစာရွက်ပေါ်တွင်သာမရှင်းလင်းသောကိစ္စမျိုးမဟုတ်ပေ။ ဥပမာအားဖြင့် ကြိုတင် ခုခံကာကွယ်နိုင်ခွင့်(pre-emptive rights) ကိုကြည့်လျှင် ၁၉၁၄ MCA နှင့်ယင်း၏ ဇယား(က)မှ ကုမ္ပဏီတစ်ခု၏ လက်ရှိအစုရှယ်ယာဝင်များမှ ၄င်းတို့၏ အစုရှယ်ယာ ပါဝင်မှုအချိုးအဆ လျော့နည်းသွားမည်ကို ကာကွယ်ရန် အတွက် အသစ်ထုတ်ပေးသော အစုရှယ်ယာအသစ်များကို ဝယ်ယူခွင့်ပေးထားသည်။ MCL တွင်မူ ထိုအခွင့်အရေးများမှာ ဥပဒေအရ အလိုအလျောက် ပေးထားခြင်းမျိုးမဟုတ်ဘဲ ထိုအခွင့်အရေးမျိုးကိုအလိုရှိပါက ကုမ္ပဏီ၏ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း တွင် ထည့်သွင်း ဖော်ပြထားရမည်။ ၁၉၁၄MCA ဇယား(က)အပေါ် ရည်ညွှန်းအဓိပ္ပါယ် ဖွင့်ဆိုချက်ပေါ်မူတည်၍ အစုရှယ်ရာရှင် တစ်ဦးသည် ကြိုတင်ခုခံကာကွယ်နိုင်ခွင့်ကို ရချင်လည်းရနိုင်သည်။ မရနိုင်သည် လည်းဖြစ်နိုင်သည်။<br>MCL ပြဋ္ဌာန်းအတည်ပြုပြီး ပေါ်ထွက်လာမည့်စည်းမျဉ်းများတွင် တိကျပြတ်သားသော လမ်းညွှန်မှုမပါသ၍ ကုမ္ပဏီများအကြား ဇယား(က)ကို ညွှန်းဆိုမှုများကို ပယ်ဖျက်ပြီး ၄င်းကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြင်ဆင်ရန် စဉ်းစားသင့်သည်။ ထိုအခါ ကုမ္ပဏီများမှ ၄င်းတို့၏အသင်းအဖွဲ့ စည်းမျဉ်းကို ပုံစံအသစ်ချပြသောအခါ ယင်းပုံစံ အသစ်ဖြင့် လက်ရှိအသင်းအဖွဲ့စည်းမျဉ်းကို အစားထိုးသင့်သည်။ |

| စဉ် | အကြောင်းအရာ | ဖော်ပြချက် |
| --- | --- | --- |
| ၅ | မြန်မာနိုင်ငံတွင်အမြဲနေထိုင်သောဒါရိုက်တာ | MCL အရ မှတ်ပုံတင်ထားသောကုမ္ပဏီတစ်ခုတွင် မြန်မာနိုင်ငံအတွင်း အမြဲတမ်းနေထိုင်သူ ဒါရိုက်တာတစ်ဦးအနည်းဆုံး ပါဝင်ရမည်ဟုဆိုသည်။ ယင်းသဘောအရ ဆိုလိုသော အမြဲတမ်းနေထိုင်သူဖြစ်ရန်မှာ ထိုသူသည် ပြက္ခဒိန်နှစ်အတွင်း အနည်းဆုံး ၁၈၃ရက် မြန်မာနိုင်ငံတွင် နေထိုင်ရန်လိုအပ်သည်။<br>ကုမ္ပဏီများအနေဖြင့် ဤအချက်မှာ မလိုအပ်ဘဲ ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်သည်။ မြန်မာနိုင်ငံ အတွင်း အချိန်ပြည့်နေထိုင်သော ဒါရိုက်တာ တစ်ဦးခန့်ထားရန် စီစဉ်ရပေမည်။ MCL အရ ၁၉၁၄ MCA ဖြင့် တည်ထောင်ထားသော ကုမ္ပဏီများသည် အကူး အပြောင်းကာလအဆုံးအထိ အမြဲတမ်း နေထိုင်သူ ဒါရိုက်တာတစ်ဦး ခန့်အပ်ရမည်။ |

## ၃.၂.၄။ နိုင်ငံတကာလုပ်ငန်းစဉ်နှင့်သဘောတူညီချက်များ

### (က) လမ်းစဉ်ပြမြေပုံ (Roadmap) အပါအဝင် မြန်မာနိုင်ငံ REDD + လုပ်ငန်းစဉ်

၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံသည် UN-REDD အစီအစဉ်နှင့် ပူးပေါင်းခဲ့ပါသည်။ (REDD မှာ ဖွံ့ဖြိုးဆဲ နိုင်ငံများ ၌ သစ်တောများပြုန်းတီးမှုနှင့် သစ်တောပျက်စီးမှုကြောင့် ဖြစ်ပေါ်လာသော မှန်လုံအိမ်ဓါတ်ငွေ့ထွက်ရှိမှုလျော့ကျရေး အတွက် ကုလသမဂ္ဂမှ ပူးပေါင်းဆောင်ရွက်မှုအစပျိုးလုပ်ငန်းဖြစ်သည်။) REDD+ ပင်မယူနစ် (core unit) ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၌ ဖွဲ့စည်းခဲ့သည်။ REDD+ readiness Roadmap ကိုရေးဆွဲခဲ့ပြီးဖြစ်သည်။

REDD+ Readiness process သည် သစ်တောကိုအခြေခံသည့် ဖန်လုံအိမ်ဓါတ်ငွေ့(GHG) ထွက်မှုကို တိုင်းတာခြင်း (Measurement)၊အစီရင်ခံခြင်း(Reporting) နှင့် မှန်ကန်အောင်ဆောင်ရွက်ခြင်း (Verification) (MRV) လုပ်ငန်းနှင့် သစ်တောဖုံးလွှမ်းမှုနှင့် သစ်တောဖုံးလွှမ်းမှုအကြောင်းရင်းတို့ကိုကြီးကြပ်ကွပ်ကဲခြင်း၊ မှန်ကန်တိကျသော အမျိုးသားသစ်တောဆိုင်ရာစာရင်းများကို ဆောင်ရွက်ရန်လိုအပ်သော အတိုင်းအတာများ၊ အခြေခံ အဆောက်အအုံများနှင့် စနစ်များကို သတ်မှတ်ပေးပါသည်။

မြန်မာနိုင်ငံသည် REDD+လမ်းပြမြေပုံနှင့်အညီ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ပြင်ဆင်မှု ဆိုင်ရာ လေ့လာမှုများ ပြီးစီးပြီး သို့မဟုတ် အစပျိုးဆောင်ရွက်နေပြီဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် (၁၂)ကြိမ်မြောက် ပါတီအဖွဲ့အစည်းများ၏ညီလာခံ၌ သဲကန္တာရ တိုက်ဖျက်ရေးကို ဆောင်ရွက်သောကုလသမဂ္ဂညီလာခံ(UNCCD COP ၁၂) သို့ အမျိုးသားရေးဆိုင်ရာ ရည်ရွယ် ဆုံးဖြတ်ထားသော အထောက်အကူပြုရေး (INDC – Intended Nationally Determined Contribution)စာတမ်းကိုတင်ပြခဲ့သည်။ ၎င်းစာတမ်းမှာ ပထမအဆင့်သစ်တော နှင့်စွမ်းအင်ဇရိယာများ၌အန္တရာယ်လျော့ပါးရေးလုပ်ငန်းများနှင့် မူဝါဒများကို ဖော်ထုတ်ထားပါသည်။ ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လုပ်မှုလျော့ကျမှုလုပ်ငန်းများနှင့် ထူးကဲသောဖွံ့ဖြိုးမှုဆိုင်ရာ ပူးတွဲအကျိုးကျေးဇူး နှစ်မျိုးလုံးကိုဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သော အမျိုးသားသစ်တော ကဏ္ဍမဟာစီမံကိန်း၏ ရည်မှန်းချက် ၂၀၃၀ကို အခြေခံထားပါသည်။

[1] http://www.vdb-loi.com/mlw/five-potential-pitfalls-in-the-myanmar-companies-law/

**(ခ) EUFLEGT (European Union's Forest Law Enforcement Governance Trade) နှင့် ၄င်း၏ VPA (Voluntary Partnership Agreement)**

မြန်မာနိုင်ငံသည် FLEGT လုပ်ငန်းစဉ်၌ပါဝင်ရန် ပြဌာန်းခဲ့ပါသည်။ ၄င်းအစီအစဉ်ကို ၂၀၁၄ခုနှစ်တွင်ပူးပေါင်းခဲ့ပြီး ၂၀၁၅ ခုနှစ် အစပိုင်းတွင် ပြင်ဆင်မှုအဆင့်၌တရားဝင် ဝင်ရောက်ခဲ့ပါသည်။

ပြင်ဆင်မှုအဆင့်၏ရည်ရွယ်ချက်မှာအကယ်၍ မြန်မာနိုင်ငံသည် VPA ကို အမှန်တကယ် လိုက်ပါ ဆောင်ရွက်မည်ဆိုပါက အောင်မြင်သော စေ့စပ်ညှိနှိုင်းမှုအတွက် ခိုင်မာသော အခြေခံအုတ်မြစ်တစ်ရပ်ကို ပြင်ဆင်ချမှတ်ရန်ဖြစ်ပါသည်။

FLEGT ကြားကာလ task force(ITF)ကို ဖွဲ့စည်းခဲ့ပြီး လောလောဆယ်အားဖြင့် ပါဝင်ဆက်စပ်သောအုပ်စုများ (Multi-stakeholders Group/ MSG)ဆီသို့ ဦးတည်ကူးပြောင်း လျက်ရှိသည်။စေ့စပ်ညှိနှိုင်းမှုဆိုင်ရာလမ်းပြမြေပုံတစ်ရပ်ပေါ်ပေါက်ရန်အချို့သောအဆင့်များကို ဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် ပြဌာန်းချက်များအား ပိုမိုရှင်းလင်းစွာသဘောပေါက်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆဲပင်ဖြစ်ပါသည်။ သစ်တရားဝင်အာမခံမှုစနစ် (TLAS - Timber Legality Assurance System)ကိုပေါ်ပေါက်လာစေရေးအတွက် လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။၄င်းလုပ်ငန်းမှာ မြန်မာနိုင်ငံမှ သစ်များကိုတင်ပို့ရာတွင် တရားဝင်ဖြစ်ရေးကို အာမခံနိုင်ရန်ဖြစ်ပါသည်။ပထမဆုံးအကြိမ်တရားဝင်ဖြစ်ရေးဆိုင်ရာ အဓိပ္ပါယ်သတ်မှတ်ချက် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ခုနှစ် ဒီဇင်ဘာလ၌ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတွင် လက်ရှိသစ်များ စောင့်ရှောက်မှုကွင်းဆက် ကို ပုံဖော်ထုတ်နိုင်ခဲ့ပါသည်။၄င်းလုပ်ငန်းမှာ TLASဖွံ့ဖြိုးရေးကို ဦးတည်သော အရေးပါသည့် ခြေလှမ်းများ ဖြစ်ပါသည်။အနာဂါတ်၌ပေါ်ပေါက်လာမည့် TLASသည် အခွန်ကောက်ခံခြင်း၊ royalities ၊အခွန်ဂျူတီများနှင့် ဆိုင်သော ဥပဒေများကိုလိုက်နာဆောင်ရွက်မှုနှင့် ပတ်သက်သည့် အကြောင်းရပ်များနှင့်ထိန်းချုပ်မှုများပါရှိရန် မျှော်မှန်းထားပါသည်။ ပြင်ဆင်မှုအဆင့် ၏အစိတ်အပိုင်းအဖြစ် ITFအနာဂတ်MSGသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်အတူ အဖွဲ့အစည်းဆိုင်ရာ ပြင်ဆင်မှုလိုအပ်ချက်များနှင့် ညှိနှိုင်းပေါင်းစပ်မှုအကျိုးရလဒ်များ ကိုပါ ညှိနှိုင်း ဆွေးနွေးနေပါသည်။ VPAs၏ရည်ရွယ်ချက်မှာ ပွင့်လင်းမြင်သာမှုဖြစ်ပြီး ၄င်းတွင်ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အလက်များဖွင့်ဟခြင်း နှင့်ဆိုင်သော သီးသန့်နောက်ဆက်တွဲ ပါရှိပါသည်။VPAsနှင့် EITI အကြား သိသာထင်ရှားသောပေါင်းစပ်မှု အကျိုးရလဒ်များရရှိခဲ့ပါသည်။ EITI အစီရင်ခံခြင်းတွင် မြန်မာနိုင်ငံ သစ်တောကဏ္ဍထည့်သွင်းမှုနှင့် FLEGT လုပ်ငန်းစဉ်တို့မှာ တစ်ခုနှင့်တစ်ခုအား ဖြည့်ထောက်ခံပေးလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့၏ ပိုမိုပွင့်လင်းမြင်သာမှုအတွက်လိုအပ်ချက်များကို လုပ်ငန်းနှင့်ဆက်စပ်နေသူများမှ နားလည်သဘောပေါက်မှုကို ပိုမိုခိုင်မာစေပြီး လုပ်ငန်းနှင့်ပတ်သက်သူ အများက ပါဝင်ဆက်သွယ်လာမှုကိုပါ တိုးချဲ့လာပါသည်။

EITI အစီရင်ခံခြင်းလုပ်ငန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပွင့်လင်းမြင်သာမှုဆိုင်ရာလုပ်ငန်းကို နားလည်သဘောပေါက်မှုနှင့် ပွင့်လင်းမြင်သာမှုလိုအပ်ချက်များကို တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းရပါသည်။ ၄င်းလုပ်ငန်းသည် VPA ပွင့်လင်းမြင်သာမှုနောက်ဆက်တွဲကို ဖော်ထုတ်ပြီးစီးပါက ဆွေးနွေးညှိနှိုင်းမှုများကိုဦးတည်နိုင်ပြီး လွယ်ကူချောမွေ့အောင် ဆောင်ရွက်နိုင်ပါမည်။[1]

[1] Source: European Union, Myanmar.

**(ဂ) သစ်တောဆိုင်ရာလက်မှတ်ထုတ်ပေးခြင်း**

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၌သစ်တောဆိုင်ရာပွဲကိုင်ကောင်စီ (Forest Stewardship Council/FSC) ၏ သစ်တောဆိုင်ရာလက်မှတ်ထုတ်ပေးခြင်းကို ထောက်ခံပေးသည့်အစီအစဉ် (Programme for the Endorsement of Forest Certification / PEFC) ကဲ့သို့သော နိုင်ငံတကာအသိအမှတ်ပြု သစ်တောဆိုင်ရာလက်မှတ်ထုတ်ပေးခြင်းစံ မရှိသေးပါ။ မြန်မာနိုင်ငံသစ်တောဆိုင်ရာလက်မှတ်ထုတ်ပေးမှုကော်မတီ (MFCC) ကို ဖွဲ့စည်းခဲ့ပြီး လွပ်လပ်သော (အမှီအခိုကင်းသော)သစ်တောလုပ်ငန်းဆိုင်ရာ လက်မှတ်ထုတ်ပေးရေးအဖွဲ့များသို့မဟုတ် စာရင်းစစ်များ ပါဝင်ရမည့်သစ်တောဆိုင်ရာ လက်မှတ်ထုတ်ပေးမှုအစီအစဉ်ကို လက်ရှိအခြေအနေ၌ ရေးဆွဲဖော်ထုတ် နေပါသည်။

နိုင်ငံတကာ PEFC က နိုင်ငံအတွင်းရေရှည်တည်တံ့သော သစ်တောစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်ရန် MFCC နှင့်အတူ ပူးပေါင်းမှုအစပျိုးမှုတစ်ရပ်ကို မကြာသေးမီက ထုတ်ပြန်ခဲ့သည်။ဆက်လက်ဆောင်ရွက်လျက်ရှိသော သစ်တောဥပဒေကို ပြန်လည်ပြင်ဆင်မှုတွင် တိုးတက်အောင် ဆောင်ရွက်ထားသည့် အုပ်ထိန်းမှုကွင်းဆက် (CoC)စနစ်နှင့်သစ်လုပ်ငန်းတရားဝင်မှုကို မှန်ကန်စွာ ဆောင်ရွက်မှုများဆီသို့လည်းဦးတည်ဆောင်ရွက်နိုင်ပါလိမ့်မည်။

### ၃.၂.၅။ နောက်ဆုံးအဆင့်ဆန်းစစ်ချက်

(က) ပါဝင်ပတ်သက်သူများဆိုင်ရာ မြေပုံပြုအစီရင်ခံစာ(၂၀၁၆)

အောက်တွင်ဖော်ပြထားသော ဇယား(၃၈)တွင် မြန်မာနိုင်ငံ၏သစ်တောကဏ္ဍနှင့် ဆက်နွယ်လျက်ရှိသော ပါဝင်ပတ်သက်သူများဆိုင်ရာ မြေပုံပြုအစီရင်ခံစာမှ အဓိကတွေ့ရှိချက်များကို ဖော်ပြထားပါသည်။

**ဇယား (၃၈) – Stakeholder Mapping Report (ပါဝင်ခဲ့သူများ၏လုပ်ဆောင်မှု ပြုံအရအစီရင်ခံစာ ၂၀၁၆ ခုနှစ်မှ အဓိကတွေ့ရှိချက်များ**

| စဉ် | အဓိကတွေ့ရှိချက်များ | ဖော်ပြချက် |
|---|---|---|
| ၁ | မမြင်ရသော၊ဖုံးကွယ်ထားသော ပါဝင်ပတ်သက်မှုများ | ပွဲစားများ၊ ကိုယ်စားလှယ်များ၊ ကြားခံအားပေးသူများ၊ ဒေသခံပြည်သူတို့၏ အမည်များနောက်ကွယ်ရှိ နိုင်ငံခြားသားများ၊ နယ်စပ်ဒေသကုန်သွယ်ရေးမှ တရားမဝင်ကဏ္ဍများရှိ အကြီးစားဝယ်ယူသူများ အစရှိသည်တို့ကို တွေ့ရှိရပါသည်။ဈေးကွက်ထဲတွင် သိသာမြင်သာစွာဖော်ထုတ်နိုင်သော ပုဂ္ဂိုလ်အချို့ ရှိသကဲ့သို့ မြင်ကွင်းနောက်ကွယ်၌ အခြားသောသတိမပြုနိုင်သည့် ပုဂ္ဂိုလ်များလည်းရှိပါသည်။ |
| ၂ | တရားမဝင်ကဏ္ဍသည် သီးခြားမဟုတ်ဘဲ တရားဝင်ကဏ္ဍနှင့် ဆက်နွယ်နေပါသည် | တရားဝင်ကဏ္ဍနှင့် တရားမဝင်ကဏ္ဍ နှစ်ခုအကြား ရှုပ်ထွေး သောဆက်စပ်မှုကို ပုံ(၅)၊ သစ်လုပ်ငန်းစီးဆင်းမှုကားချပ်၌ တွေ့မြင် နိုင်ပါ သည်။<br><br>အောက်ပါတို့မှာ တရားမဝင်သစ်လုပ်ငန်း စီးဆင်းမှုတွင် အထောက်အကူပြုနေသော အဓိကအကြောင်းရင်းများဖြစ်ပါသည်။<br><br>၁။ တရားမဝင်သောကုန်သည်များအား ရင်းနှီးမြှုပ်နှံခွင့် ရရှိရန်နှင့် အရည်အသွေး ပြည့်သော ထွက်ကုန်များရရှိအောင် ယှဉ်ပြိုင်ခွင့်ရရန် ကြိုတင်ပေးချေမှုအင်အားကိုအသုံးပြုလျက် အိမ်နီးချင်းနိုင်ငံများမှ ဝယ်ယူ သူများ၏ ကြီးမားသောဝယ်လိုအားရှိခြင်း<br><br>၂။ အခြေခံအိမ်ထောင်စုလိုအပ်ချက်များမှသည် စက်မှုဆိုင်ရာနှင့် ဆောက်လုပ်ရေးဆိုင်ရာ လိုအပ်ချက်များ မှသစ်နှင့်သစ် အခြေခံထုတ်ကုန် ပစ္စည်းများ |

| စဉ် | အဓိကတွေ့ရှိချက်များ | ဖော်ပြချက် |
|---|---|---|
| | | အတွက် ပြည်တွင်း၏ကြီးမားသောလိုအပ်ချက်ရှိခြင်း<br><br>၃။ အခြားသောလုပ်ငန်းအခွင့်အလမ်း မတည် အရင်းအနှီး၊ နည်းပညာဆိုင်ရာကျွမ်းကျင်မှု၊ ပညာပေးမှုနှင့် အသိပညာကြွယ်ဝမှု စသည်တို့ ရှားပါးသဖြင့် အခြားသောရွေးချယ်စရာ အခွင့်အလမ်းမရှိသောကြောင့် သစ်လုပ်ငန်း နှင့်အခြားသောသစ်တောထွက်ပစ္စည်းများအပေါ်၌သာ အဓိကအားထားနေရသော သစ်တောဧရိယာရှိ လူ့အဖွဲ့အစည်းများ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် လူမှုစီးပွားရေးအခြေအနေ<br><br>၄။ ပစ္စည်းကိရိယာ၊ အထောက်အပံ့များ အလွယ်တကူရရှိနိုင်ခြင်းနှင့် တရားမဝင်အထောက်အကူပြုသော ထုတ်လုပ်မှုလုပ်ငန်းများ<br><br>၅။ ထုတ်လုပ်မှုလုပ်ငန်းအတွက် ပြီးပြည့်စုံမှုမရှိသော ဥပဒေ နှင့်နည်းဥပဒေ နှင့် စည်းမျဉ်းစည်းကမ်းများ<br><br>၆။ ဥပဒေစိုးမိုးမှုမရှိခြင်း၊ အဂတိလိုက်စားမှုနှင့် စီမံခန့်ခွဲမှုမမှန်ကန်ခြင်း<br><br>၇။လုံခြုံရေးအခြေအနေအရ ပေးလံခေါင်ဖျားဒေသများတွင် ထိန်းချုပ်မှုနည်းပါးခြင်း၊ မရှိခြင်း (ဤအခြေအနေမှာ ပြည်ထောင်စုအစိုးရဘက်မှ လက်ရှိအနေအထားတွင် အခြေအနေတစ်ရပ်လုံးအား ရှုမြင်သုံးသပ် မှုပင်ဖြစ်သည်။ တစ်နည်းအားဖြင့် အခြားတစ်ဘက်မှ ဤအခြေအနေကို ရှုမြင်လျှင် ၄င်းတို့မှာ နိုင်ငံရေးကိစ္စသာဖြစ်ပြီး ၊အဆိုပါ ဧရိယာများရှိ သဘာဝအရင်းအမြစ်များကို သတ်မှတ်ခြင်းနှင့်စီမံခန့်ခွဲခြင်းနှင့် ပတ်သက် သည့် ပိုမိုရှင်းလင်းသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန် မျှော်လင့် နိုင်သော ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ် ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံရမည်ဖြစ်ပါသည်။) |
| ၃ | အစိုးရကဏ္ဍ၌လည်း ပါဝင်ပတ်သက်သူများစွာရှိပါသည်။ | အစိုးရကဏ္ဍတွင် ပါဝင်ပတ်သက်သူများစွာသည် လုပ်ငန်းစဉ်၌ လွှမ်းမိုးချယ်လှယ်နိုင်ပါသည်။ မြန်မာစစ်တပ်နှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များမှာလည်း များစွာသော အခန်းကဏ္ဍမှ သိသိသာသာပါဝင်နေကြောင်းသိရပါသည်။ အချို့ သောအစိုးရဌာန ဝန်ထမ်းများမှာ တရားဝင်ကုန်သွယ်မှုကွင်းဆက်တွင် မူလအခန်း ကဏ္ဍမှ ပါဝင်လျက် ရှိပါသည်။ ဥပမာ မူဝါဒချမှတ်ခြင်း၊ စည်းမျဉ်းစည်းကမ်းနှင့် အမှန်တကယ် စီမံခန့်ခွဲမှုအပိုင်းတွင် ပါဝင်၍ အချို့ မှာ ဒုတိယအပိုင်းကဏ္ဍဖြစ်သည့် ဥပဒေလေးစားလိုက်နာမှု၊ နှင့် လုံခြုံရေးအပိုင်းတို့ဖြစ်ကြပါသည်။ သို့ရာတွင် အချို့ မှာ လုပ်ငန်းစဉ်၏ အဆင့်မြင့်သော အာဏာပါဝါနှင့် အကျိုးစီးပွား အားဖြင့် ဒုတိယအခန်း ကဏ္ဍမှ ပါဝင်ကြသည်။ ဖြစ်နိုင်သောအကြောင်းပြချက်မှာ ၄င်းတို့၏ အခန်းကဏ္ဍသည် စည်းမျဉ်းစည်းကမ်းနှင့် စီမံခန့်ခွဲမှုနှင့် အဆိုပါ ထုတ်လုပ်မှုလုပ်ငန်းအတွက် ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်း စည်းကမ်း မပြည့်စုံသော စနစ်အပြင် အားနည်းသော ဥပဒေ၊ အဂတိလိုက်စားမှုနှင့် စီမံခန့် ခွဲမှုညံ့ဖျင်းမှုတို့ကြောင့်လည်း ဖြစ်ကြပါသည်။ |

| စဉ် | အဓိကတွေ့ရှိချက်များ | ဖော်ပြချက် |
|---|---|---|
| ၄ | အာဏာရှိသူတို့၏ နီးစပ်သောအသိုင်းအဝိုင်းတို့သည် အာဏာနှင့်အကျိုးစီးပွားမြင့်မား သောအုပ်စုများဖြစ်ကြသည် | သစ်ထုတ်လုပ်ရေးလုပ်ငန်းအတွက် မြန်မာ့သစ်လုပ်ငန်းမှ ဆပ်ကန်ထရိုက်လုပ်ငန်းကို အဆုံးသတ်ရန် မကြာသေးမီက မူဝါဒများ ပြောင်းလဲခဲ့သော်လည်း၊ ခရိုနီများ အဖြစ်စနစ်ထဲတွင်ရှိနေဆဲဖြစ်ပါသည်။ အဆိုပါ ပါဝင်ပတ်သက် ကြသော ပုဂ္ဂိုလ်များသည် တရားဝင်ကဏ္ဍ၌ အာဏာ ရှိသောသူများနှင့် နီးစပ်မှုဆက်နွယ်မှုအရလည်းကောင်း၊ ငွေကြေးပိုင်း၊ နည်းပညာပိုင်း၊ ရုပ်ဝတ္ထုပိုင်း၊ လူသားအရင်းအမြစ်ပိုင်း ပိုင်ဆိုင်မှုအရ၊ အာဏာနှင့်အကျိုးစီးပွားမြင့်မားသောအုပ်စု၌ ပါဝင်ကြပါသည်။ ဤမြေပုံပြ အစီရင်ခံစာတွင် စိတ်ဝင်စားဖွယ်တွေ့ရှိချက် နောက်ထပ်တစ်ခုမှာ သစ်စီး ဆင်းမှုတရားဝင်စနစ်နှင့် အတူ ၎င်းတို့၏ပါဝင်မှုအခန်းကဏ္ဍမှာ ရှိနေဆဲဖြစ်သည်။ |

## ၁။ မြန်မာနိုင်ငံရှိ EU-FLEGT ပဋိပက္ခ-ထိလွယ်သိလွယ်မှုဆန်းစစ်ခြင်း (Conflict-Sensitivity Analysis)

၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံတကာ ၊ Alert [1]အဖွဲ့မှ ထုတ်ဝေမှုထုတ်ဝေမှုတစ်ရပ်ဆောင်ရွက်ခဲ့သည်။[2] ၎င်းသည် VPA ညှိနှိုင်းမှုလုပ်ငန်းစဉ်ကို အသိပေးလို၍ မြန်မာနိုင်ငံ၏ သစ်တောဆိုင်ရာအုပ်ချုပ်မှုနှင့် ပတ်သက်ပြီး လွှမ်းခြုံဆန်းစစ်မှုတစ်ရပ်တင်ပြခဲ့သည်။[3]

၎င်းဆန်းစစ်မှုတွင် တွေ့ရှိခဲ့ရသော အဓိကကျသည့် သစ်တောဆိုင်ရာ အုပ်ချုပ်မှုကိစ္စရပ်များကို အောက်ပါအတိုင်းစာရင်းပြခဲ့ကြသည်။

- သစ်လုပ်ငန်းကုန်သွယ်မှု၏ နိုင်ငံရေးဆိုင်ရာ ဘောဂဗေဒ
- တရားမဝင်သစ်ခုတ်ခြင်းနှင့် သစ်လုပ်ငန်းတရားဝင်မှုစနစ် စိန်ခေါ်ချက်များ
- တရားမဝင်သစ်ခုတ်မှုကို ဆန့်ကျင်သောလူမှုအသိုင်းအဝိုင်းဆိုင်ရာ လုပ်ရပ်
- မြေအခွင့်အရေးဆိုင်ရာ အုပ်ချုပ်မှု

### ၃.၂.၆ ပါမစ်အမျိုးမျိုး

### (က) သစ်ထုတ်လုပ်ယူခွင့် ခွင့်ပြုချက်ပါမစ်များ

မြန်မာ့သစ်လုပ်ငန်း၏အဆိုအရ သစ်ထုတ်ယူရန် ဆပ်ကန်ထရိုက်ရွေးချယ်ရန် သီးခြားလုပ်ထုံးလုပ်နည်း မရှိပါ။ ထုတ်ယူလိုသောကျွန်းနှင့်သစ်မာပမာဏကို ဖေါ်ညွှန်းလျက် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအတွက် ကုမ္ပဏီ နှစ်ဦးလုံးမှ မြန်မာ့သစ်လုပ်ငန်းသို့လျှောက်ထားနိုင်သည်။

မြန်မာ့သစ်လုပ်ငန်းရှိ သစ်ထုတ်လုပ်ရေးဦးစီးဌာနက အောက်တွင်ဖော်ပြထားသည့် သတ်မှတ်ချက်များ ပါရှိသည့် ၁၉၅၈ခုနှစ် ဇွန်လ(၅)ထုတ်ပြန်ထားသည့် အမှတ်စဉ်(၁၉) ပါ ဦးစီးဌာန၏ညွှန်ကြားချက်ကအရ လျှောက်လွှာများကိုစစ်ဆေးရပါသည်။

- သစ်ထုတ်လုပ်မှုလုပ်ငန်းကိုအဓိကလုပ်ငန်းအဖြစ်ဆောင်ရွက်ပြီး အတိတ်ကာလ ကောင်းမွန်သော အစဉ်အလာရှိခဲ့သည့် ဆပ်ကန်ထရိုက်တာများကို ဦးစားပေးရပါမည်။

[1] International Alert is a non-profit organisation focusing on peacebuilding activities.

[2] According to International Alert, "Conflict sensitivity" is a term that refers to recognising the two-way dynamics of the impact of an intervention on the context in which is undertaken, as well as the impact of context on interventions, such as governance reform.

[3] http://www.international-alert.org/sites/default/files/Myanmar_ForestGovernanceTrade_EN_2017.pdf.

- ဆပ်ကန်ထရိုက်တာ၏လုပ်ငန်းအတိုင်းအတာပေါ်အခြေခံ၍ လုပ်ငန်းရာသီတစ်နှစ်(သို့မဟုတ်) နှစ်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်ခွင့်ကိုပေးရပါမည်။

- ယုံကြည်အားထားရသည့် ဆပ်ကန်ထရိုက်တာအဖြစ်လုပ်ငန်းဆောင်ရွက်မှုကောင်းမွန်ပြီး လက်ရှိ အတွေ့အကြုံရှိသောကန်ထရိုက်တာများနှင့်ပူးပေါင်းသည့်အခါ တစ်ဦးချင်း လျှောက်ထား လာသော ဆပ်ကန်ထရိုက်တာများကို လုပ်ငန်းအပ်ခြင်းမပြုရပါ။ ထိုသို့သော ဆပ်ကန်ထရိုက်များကိုသာ တစ်ဦးချင်းခွင့်ပြုရပါသည်။

- အောင်မြင်သောလုပ်ဆောင်ချက်ပေါ်မူတည်လျက် လုပ်ငန်းခွင်စွမ်းဆောင်ရည်ကို တိုးမြှင့်ပေးနိုင်မှုအပေါ် အခြေခံ၍ ဆပ်ကန်ထရိုက်တာများကို တာဂန်ပေးအပ်ရမည်။

၄င်းနောက် ၄င်းလျှောက်လွှာများကို အအောက်ပါအချက်တို့ကိုသတ်မှတ်ပေးရန်အလို့ငှာ MONREC ဝန်ကြီးဌာနသို့တင်ပြရပါသည်။

- ထုတ်လုပ်သည့်ဧရိယာ

- ထုတ်လုပ်သည့်ပစ္စည်းအမျိုးမျိုး(ကျွန်းနှစ်သစ်မာ)

- ထုတ်လုပ်ရန်ခွင့်ပြုသည့်ပမာဏ

ဤအစီရင်ခံစာနောက်ဆက်တွဲ(၈)တွင် ဖော်ပြထားသည့်၂၀၁၅/၁၆ နှစ်အတွင်းဆောင်ရွက်ခဲ့သော ဆပ်ကန် ထရိုက်တာ စာရင်းကိုဖော်ပြထားပါသည်။

MEIT ကွန်ယက် www.myanmareiti.org တွင်ထုတ်ပြန်ကြေငြာသည့်သီးခြားမှတ်တမ်းတစ်ရပ်တွင် ပိုမိုအသေးစိတ်သော ခွင့်ပြုချက်ပါမစ်မှတ်ပုံတင်မှုပါရှိပါသည်။

**(ခ)သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်၊ ခွင့်ပြုချက်ပါမစ်**

ခွင့်ပြုချက်ရပြီးမှသာ သစ်တောထွက်ပစ္စည်းများကို ထုတ်ယူနိုင်သည်ဆိုရာတွင် စီးပွားဖြစ်မဟုတ်ဘဲ ပြည်တွင်းသုံး၊ လယ်ယာစိုက်ပျိုးရေး(သို့မဟုတ်)ရေလုပ်ငန်းသုံးအတွက်ရည်ရွယ်ပါက သစ်တောထွက် ပစ္စည်းများကို သတ်မှတ် အရေအတွက်ထက်မပိုဘဲ ခွင့်ပြုချက်မပါဘဲထုတ်ယူနိုင်သည်။

သစ်တောထွက်ပစ္စည်းများထုတ်ယူရန်ခွင့်ပြုရာတွင် စီးပွားဖြစ်ထုတ်လုပ်မည်ဆိုပါက ယှဉ်ပြိုင်လေလံစနစ် ကိုသစ်တော ဦးစီးဌာနမှအသုံးပြုရပါမည်။သို့ရာတွင်အဆိုပါ ယှဉ်ပြိုင်လေလံစနစ်ကိုအသုံးမပြုဘဲ အောက်ပါရည်ရွယ်ချက်များ အတွက် ထုတ်လုပ်မှုကိုခွင့်ပြုနိုင်သည်။

- နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ အဖြစ် ပြည်တွင်းပြည်ပ၌ သစ်တောထွက် ပစ္စည်းထုတ်လုပ် ရောင်းချမှုကို ဆောင်ရွက်ခြင်း။

- သစ်တောထွက်ပစ္စည်းထုတ်လုပ်မှုနှင့်ပတ်သက်၍ GOUM နိုင်ငံတော်အစိုးရက ဝန်ကြီးအား တာဂန်ပေးအပ်ခြင်း။

- စီးပွားဖြစ်အပြင် အသေးစား သစ်တောထွက်ပစ္စည်းများကို ထုတ်ယူခွင့်ပြုထားခြင်း။

- စီးပွါးဖြစ်မဟုတ်ဘဲ အောက်ဖော်ပြပါလုပ်ငန်းများတွင် သစ်တောထွက်ပစ္စည်း အသုံးပြုရန် ရည်ရွယ် ပါက ထုတ်လုပ်ခွင့်ပြုထားခြင်း။

- သုတေသနနှင့်ပညာပေးရေးလုပ်ငန်းနှင့် ပြည်သူလူထု(သို့မဟုတ်) ဘာသာရေးလုပ်ငန်းအတွက် အကျိုးရှိသော လုပ်ငန်းများ။

စီးပွါးဖြစ်သစ်တောထွက်ပစ္စည်းထုတ်လုပ်ရန်ခွင့်ပြုချက်တောင်ခံခြင်းနှင့်ပတ်သက်၍

- ဝန်ကြီးသည်ခွင့်ပြုချက်ကို (၅)နှစ်နှင့်အထက်ကာလကိုခွင့်ပြုနိုင်သည်။

- ညွှန်ကြားရေးမှူးချုပ်အနေဖြင့် (၂)နှစ်နှင့်အထက်မှသည် (၄)နှစ်အထိ ခွင့်ပြုပေးနိုင်သည်။
- ပြည်နယ်နှင့်တိုင်းဒေသကြီးသစ်တောအရာရှိများသည် (၁)နှစ်အထိသောကာလအထိ ခွင့်ပြု ပေးနိုင်သည်။

သစ်ထွက်ပစ္စည်းများကို ပါမစ်ထုတ်ပေးသောပုဂ္ဂိုလ်သည် လုံလောက်သောအကြောင်းပြချက်ဖြင့် တစ်ကြိမ်လျှင် (၆) လထက်မပိုသော ပါမစ်သက်တမ်းကို (၂)ကြိမ်ထက်မပိုဘဲ ထုတ်ပေးခွင့်ရှိသည်။[1]

(ဂ) အိမ်သုံးအတွက်သစ်ထုတ်လုပ်ခွင့်[2]
နိုင်ငံသားတစ်ယောက်သည် သစ်တောဥပဒေအရ ၄င်းတို့နေထိုင်ရာနေရာမှ မိုင်(၂၀)အတွင်း သစ်တောကြိုးဝိုင်းများ၏ အပြင်ဘက်တွင် သဘာဝအတိုင်းပေါက်ရောက်နေသော ထုတ်လုပ်ခွင့် တားမြစ်ထားခြင်းမရှိသည့် သစ်တောများမှ သစ်များကို ထုတ်ယူခွင့်ရှိသည်။

ထုတ်လုပ်ခြင်းမပြုရန်တားမြစ်ထားသည့် သစ်အမျိုးအစားများမှာ-
- ကျွန်း ၊ပျဉ်းကတိုး သို့မဟုတ် Iron wood(Xylia Xlyocarpa)
- သစ်ရာ သို့မဟုတ် Yellow balau( Shorea oblongifolia)
- အင်းကြင်း(Penacme siamensis)
- သင်ကန်း(Hopea odorata)
- ပိတောက် သို့မဟုတ်Rose wood (Pterocarpus macrocarpus)
- တမလန် သို့မဟုတ် Rose wood (Dalbergia oliveri)
- သစ်ခ သို့မဟုတ် Melnak(Pentace Burmanica)
- သစ်ရှိ(Penace griffithii)
- ရှား
- သစ်ယော်(Grewia tiliaefolia)
- ထင်းရှူး

သစ်တောဦးစီးဌာနမှ လျှောက်လွှာများကို စိစစ်ပြီးသချာလျှင် ၊ တစ်နှစ်လျှင်အများဆုံး (၁၀) Hoppus tons သစ်များကို အမိန့်ညွှန်ကြားချက်များနှင့်အညီ ထုတ်လုပ်ခွင့်ရရှိသည်။ သစ်တောဥပဒေပါ ပြဌာန်းချက်များ နှင့်နည်းဥပဒေများသည် အိမ်သုံးသစ်ထုတ်လုပ်ရေးအတွက် လိုက်လျောညီထွေ ရှိနေစေရမည် ဖြစ်သည်။

[1] Source: Forest Law, Chapter VI.
[2] Source: Notification N°31/88 issued by the Ministry of Agriculture and Forestry.

## (ဃ) သစ်တောစိုက်ခင်းများပြုစုပျိုးထောင်ခြင်း

သစ်တောဦးစီးဌာန ညွှန်ချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သစ်တောမြေများ (သို့မဟုတ်) အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေ (Land at the disposal of GOUM) တွင် သစ်တောစိုက်ခင်းများ ပြုလုပ် နိုင်သည်။

- စီးပွားရေးစိုက်ခင်းများ
- စက်ရုံသုံးကုန်ကြမ်းစိုက်ခင်းများ
- ရေမြေသဘာဝဂုန်းကျင်ထိန်းသိမ်းရေးစိုက်ခင်းများ
- ဒေသန္တရ ထောက်ပံ့ရေး စိုက်ခင်းများ
- ကျေးရွာထင်းစိုက်ခင်းနှင့်
- အခြားစိုက်ခင်းများ

အစိုးရ မှခွင့်ပြုချက်ရရှိလျှင်

- အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိလျှင် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်စိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းကို

  (က) အစိုးရနှင့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခွင့် ရှိသည်။

  (ခ) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က စည်းကမ်းသတ်မှတ်ချက်နှင့်အညီ လုပ်ကိုင် ဆောင်ရွက်ခွင့်ရှိသည်။

- ညွှန်ကြားရေးမှူးချုပ်သည် ကျေးရွာအနီး ပတ်ဝန်းကျင်တွင် ရှိသော ကြိုးဝိုင်းတောတွင် ဖြစ်စေ၊ ကြိုးပြင်ကာကွယ် တောတွင်ဖြစ်စေ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင်ဖြစ်စေ အောက်ပါကျေးရွာပိုင် ထင်းစိုက်ခင်းများကို စည်းကမ်းသတ်မှတ်ချက်ဖြင့် တည်ထောင်ခွင့်ပြုနိုင်သည်။

  (က) သစ်တောဦးစီးဌာနက နှစ်အကန့်အသတ်အလိုက် စိုက်ပျိုးပေးပြီးနောက် ကျေးရွာပိုင်အဖြစ် ဆက်လက် ထိန်းသိမ်းသုံးစွဲရန် လွှဲပြောင်းပေးသည့်ထင်းစိုက်ခင်း၊

  (ခ) ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီး ထိန်းသိမ်းသုံးစွဲသော ကျေးရွာပိုင်ထင်းစိုက်ခင်း၊

- စီးပွားဖြစ်သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်ရရှိသူသည် ခွင့်ပြုမိန့်အရ နိုင်ငံတော်အတွက် သစ်တောစိုက်ခင်း တည်ထောင်ခြင်း သို့မဟုတ် သဘာဝနည်းလမ်းဖြင့် သစ်တောပြုစုပျိုးထောင်ခြင်း လုပ်ငန်းကို ဆောင်ရွက်ပေး ရန် တာဝန်ရှိလျှင် ယင်းလုပ်ငန်းကို မိမိ၏ စရိတ်ဖြင့် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးရမည်။

နိုင်ငံတော်မှ ထုတ်ပေးသော ခွင့်ပြုချက်ပါမစ်ဖြင့် စီးပွားဖြစ်ပုံစံဖြင့် သစ်တောထွက်ပစ္စည်းများထုတ်လုပ်ရန် အခွင့်အရေး ရှိသူ၊ယင်းသည် သစ်တောစိုက်ခင်းများထူထောင်ခြင်း(သို့မဟုတ်) သဘာဂအလျောက် ပြန်လည်ဖြစ်ပေါ် မှုအတွက် တာဂန်ရှိသူတို့သည် ပြဌာန်းချက်များနှင့်အညီ အထက်ပါအတိုင်း ၄င်းတို့၏ ကိုယ်ပိုင်ကျခံမှုစရိတ်အားဖြင့် ဆောင်ရွက် နိုင်ပါသည်။[1]

## (င) သစ်အခြေခံသောစက်မှုလုပ်ငန်းများတည်ထောင်ခြင်း

လွှစက်၊သစ်စက်၊လျှာထိုးစက်၊ အထပ်သားစက်၊ပါကေးစက် (သို့မဟုတ်) သစ်အခြေခံသော အိမ်တွင်းမှုထုတ်လုပ်ရေး လုပ်ငန်းနှင့် ပရိဘောဂထုတ်လုပ်မှုလုပ်ငန်းမှလွဲသော သစ်အခြေခံစက်မှုလုပ်ငန်းများကို ထူထောင်ရန်ဆန္ဒရှိသော ပုဂ္ဂလိ ကလုပ်ငန်းရှင်တစ်ဦးသည် ဤကိစ္စရပ်အတွက် တာဂန်ပေးအပ်ထားသော သစ်တောအရာရှိထံမှ ခွင့်ပြုမိန့်ကို ရယူရပါမည်။

ညွှန်ကြားရေးမှူးချုပ်သည် ဂန်ကြီး၏ သဘောတူညီချက်ဖြင့် အဆိုပါခွင့်ပြုမိန့် တွင်ပါရှိသော အချိန်ကာလ (terms) သတ်မှတ်ချက်များ၊ ခိုင်ကြေး နှုန်းထားများကို သတ်မှတ်နိုင်သည်။[2]

[1] Source: Forest Law, Chapter V.

[2] Source: Forest Law, Chapter IX.

### ၃.၂.၇။ ကန်ထရိုက်စာချုပ်ဖွင့်လှစ်ချပြရသည့်မူဝါဒ

ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံတွင်ကန်ထရိုက်စာချုပ်များနှင့်ဆပ်ကန်ထရိုက်စာချုပ်များကို ပြည်သူလူထု သိရှိစေရန် ဆောင်ရွက်မှုကို ပိတ်ပင်မှု(သို့မဟုတ်)တောင်းဆိုရန်ဥပဒေပြဋ္ဌာန်းထားခြင်းမရှိသည်ကို သိရှိ နားလည် သဘော ပေါက်သည်။
ကျွန်ုပ်တို့၏တောင်းဆိုချက်အရ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ကျွန်ုပ်တို့နှင့်အတူ NCS တို့အားဖော်ပြပါ ကန်ထရိုက်စာချုပ်နှစ်ရပ်အား လေ့လာခွင့်ပြုခဲ့သည်။

| စဉ် | ကန်ထရိုက်တာ (Sub-Contractors) | ကန်ထရိုက်စာချုပ်အမှတ် | နေ့စွဲ |
|---|---|---|---|
| ၁ | တင်ဖင်းထွန်းနိုင်ငံတကာကုန်သွယ်မှု ကုမ္ပဏီလိမိတက် | ၄၆/AD-AE/၂၀၁၅-၂၀၁၆ | ၂၀၁၆၊မတ်(၁) |
| ၂ | သစ်တောအကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကုမ္ပဏီလိမိတက် | ၅၆/AD-AE/၂၀၁၅-၂၀၁၆ | ၂၀၁၆၊ဖေဖော်ဝါရီ(၃) |

### ၃.၂.၈။ ဒေသန္တရ ပါဝင်မှုနှင့်လူမှုရေးဆိုင်ရာပေးချေမှု

မြန်မာနိုင်ငံရှိသစ်တောကုမ္ပဏီများအတွက် CSR နှင့်စပ်လျဉ်းသော သီးသန့်ဥပဒေများကို လက်ရှိအခြေအနေတွင် မရှိသေးကြောင်း ကျွန်ုပ်တို့နားလည်သဘောပေါက်သည်။

## ၃.၃ ဘဏ္ဍာစီမံအုပ်ချုပ်မှု (Fiscal Regime)

### ၃.၃.၁။ အခွန်ဆိုင်ရာအုပ်ချုပ်မှု

**(က) အခွန်စည်းကြပ်ထိုက်သော ကာလ**

ကုမ္ပဏီတစ်ခု၏ အခွန်စည်းကြပ်ရန်ကာလမှာ ဧပြီ (၁)ရက်နေ့မှ စပြီး မတ်လ (၃၁)ရက်တွင်ဆုံးသော ဘဏ္ဍာရေး နှစ်အတိုင်းပင်ဖြစ်သည်။

**(ခ) အခွန်ပြန်ဖင်မှု(Tax returns)**

ယေဘုယျအားဖြင့် နှစ်စဉ်ဖင်ငွေကြေညာလွှာ tax returns တို့ကို ဖင်ငွေနှစ်ကုန်ဆုံးပြီး (၃)လ အတွင်း ဥပမာ ဘဏ္ဍာရေးနှစ်၏ ဇွန်လ (၃၀) ရက်အတွင်း ပေးပို့ပေးပါမည်။

**(ဂ) အခွန်ပေးဆောင်ခြင်း**

နှစ်တစ်နှစ်အတွက် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းကျသင့်သည့် အခွန်ကို ဝင်ငွေနှစ်တစ်လျှောက်လုံး သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီးနောက် (၁၀)ရက် အတွင်း ကြိုတင် ဝင်ငွေခွန်အဖြစ် သုံးလပတ် instalments များအရ ပေးဆောင်ပါသည်။ ကြိုတင်ပေးဆောင် ထားသော သို့မဟုတ် ပင်ရင်းမှနုတ်ယူပေးသွင်းထားသော မည်သည့် အခွန်အမျိုးအစားမဆို အပြီးသတ်စည်းကြပ်မှုအရ ကျသင့် အခွန်မှ ခုနှိမ်ခွင့်ရှိသည်။ နောက်ဆုံး ပေးဆောင်ရမည့် အခွန် ပေးချေရန် သတ်မှတ်သည့်ရက်ကို ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ပေးပို့သည့် အခွန် တောင်းခံ လွှာတွင် သေချာစွာ ဖော်ပြထားပါသည်။

## ၃.၃.၂. ပုံမှန်အခွန်များ (Common Taxes)

အောက်ဖော်ပြပါ ဇယား ၃၉မှာ မြန်မာနိုင်ငံတွင်းကောက်ခံသော အခွန်များစာရင်းကို ပြသထားသည်။

**ဇယား ၃၉ - စည်းကြပ် ကောက်ခံလေ့ရှိသော အခွန်အမျိုးအစားများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

| စဉ် | အခွန်အမျိုးအစား | အဓိပ္ပာယ်ရှင်းလင်းချက် |
|---|---|---|
| ၁ | ဝင်ငွေခွန် | ဝင်ငွေခွန်နှုန်းထားသည် အခွန်ထမ်းဆောင်သော ဖက်စပ် လုပ်ငန်းတွင်ပါဝင်သည့် ကုမ္ပဏီမှာ (မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေအရ တည်ထောင်သော) ပြည်တွင်းတွင် ဖွဲ့စည်း ထားသော ကုမ္ပဏီ ဖြစ်ခြင်း၊ သို့မဟုတ် မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေမဟုတ်သော အခြား တည်ဆဲ ဥပဒေတစ်ရပ်ရပ် အရ တည်ထောင် သော၊ ကုမ္ပဏီရုံးခွဲကဲ့သို့သော နိုင်ငံခြားကုမ္ပဏီ ဖြစ်ခြင်း အပေါ်တွင် မူတည်သည်။ ပြည်တွင်းနေ ကုမ္ပဏီများ အနေဖြင့် ( resident companies) ဝင်ငွေခွန် နှုန်းမှာ ရရှိသော အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅% ဖြစ်ပြီး၊ ပြည်တွင်းနေ မဟုတ်သော (non-resident companies) များအတွက်မှာ ၂၀၁၅ ဧပြီ လကတည်းက စုစုပေါင်း ဝင်ငွေအပေါ် ၂၅%ဖြင့် ကောက်ခံခဲ့သည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြု မိန့်ရထားပြီး လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံတော် အစိုးရမှ ကမကထပြု လုပ်သော စီမံကိန်း၊ စီးပွားရေး လုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှုအတွက် အထူးခွင့်ပြုမိန့် ရထားသော နိုင်ငံခြားသားလုပ်ငန်းများအတွက် ဝင်ငွေခွန်နှုန်းမှာ အသားတင် အမြတ်ဝင်ငွေအပေါ် ၂၅% ဖြစ်သည်။ |
| ၂ | အခြေပစ္စည်းမှမြတ်စွန်းငွေ (Capital Gain Tax) | အခြေပစ္စည်းတစ်ခုကို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းမှ ရရှိသော မြတ်စွန်း ငွေအပေါ်တွင် ဝင်ငွေခွန် ပေးဆောင်ရမည်။ ဝင်ငွေခွန်ပေးဆောင်ရန်အလို့ငှာ ရောင်းချ ၍ရသော ရောင်းရငွေစုစုပေါင်းမှ ယင်းအခြေပစ္စည်းကို ဝယ်ယူစဉ်က ပေးရသောအဝယ်တန်ဘိုး၊ အခြား မတည် စရိတ်များ၊ အနှုတ်တန်ဘိုးလျော့ငွေတို့ကို နှုတ်၍ရရှိသော မြတ်စွန်းငွေအပေါ်တွင် တွက်သည်။ အခြေပစ္စည်းများမှာ မြေ၊ အဆောက်အအုံနှင့် ယင်းတို့၏ အခန်းများ၊ ယာဉ်နှင့် လုပ်ငန်း ဆိုင်ရာ မတည်ပစ္စည်း၊ အစု ရှယ်ယာ၊ ကတိဝန်ခံချုပ်၊ ငွေချေးသက်သေခံလက်မှတ်များ ယင်းတို့ကဲ့ သို့သော အလားတူ စာချုပ်စာတမ်းများကို ခေါ်သည်။<br><br>အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ်တွင် ဝင်ငွေခွန်ကို မြတ်စွန်းငွေ၏ ၁၀%ဖြင့် ကောက်ခံပြီ ရောင်း ချ ရသည့် ရက်မှ ရက် ၃၀ အတွင်း အခွန်ပေးသွင်းရသည်။ |
| ၃ | ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax) | ၂၀၁၅ ဧပြီလတွင် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန် အကောက်ဥပဒေ ပုဒ်မ-၁၁ အရ ကုန်စည် သို့မဟုတ် ဝန် ဆောင်မှု အမျိုးအစားပေါ်မူတည်ပြီး ကုန်သွယ်လုပ်ငန်းခွန် ကို ၅% မှ ၁၀၀% အထိ ကောက်ခံသည်။ ကုန်သွယ်လုပ်ငန်း ခွန်အလို့ငှာ လုပ်ငန်းမှတ်ပုံတင်ခြင်းကို သတ်မှတထ ား်သည့် လျှောက်လွှာပုံစံဖြင့် လုပ်ငန်းမစတင်မီ တစ်လကြို တင်၍ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံ မှတ်ပုံတင်ခွင့်ပြု ရန်လျှောက်ထားရမည်။ မှတ်ပုံတင်လက်မှတ်တွင် သတ်မှတ် သောကာလ ကုန်ဆုံးပြီးနောက် မိမိဆောင်ရွက်နေသည့်လုပ်ငန်း ဆက်လက် လုပ်ကိုင်လိုပါက မှတ်ပုံတင် လက်မှတ် သက်တမ်းမကုန်ဆုံးမီ တစ်လကြိုတင်၍ သက်ဆိုင်ရာမြို့ နယ်အခွန်ဦးစီး ဌာနမှူးထံ သတ်မှတ်သည့် ပုံစံဖြင့်လျှောက် ထားရမည်။<br><br>(ကုန်သွယ်လုပ်ငန်းခွန်နှုန်းထားမှာ English Version ဘာသာဖြင့် အစီရင်ခံစာ တွင် ၅% နှင့် ၁၀၀% ဟုဖော်ပြထားခဲ့သော်လည်း ပြည်တွင်းအခွန်ဦးစီးဌာန မှ ၃% မှ ၁၀၀% ကိုအကောက် ခံသည်ဟု ပြင်ဆင်ပေးထားသည့်အတိုင်း ဖော်ပြထားပါသည်။) |
| ၄ | တံဆိပ်ခေါင်းခွန် (Stamp Duty) | Judicial stamps နှင့် Non-judicial stamps များရောင်းချမှုမှ ရရှိသော တံဆိပ်ခေါင်း ခွန်ကိုဆိုသည်။ Judicial stamps ဆိုသည်မှာ ရုံးခွန်အက်ဥပဒေ (Court Fees Act) အရ ပေး ဆောင်ရသော အခနျ အတွက်ဖြစ်ပြီး၊ Non-judicial stamps ဆိုသည်မှာ မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန် အက်ဥပဒေအရ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမည်ဟု ဆိုသော စာချုပ်စာတမ်း အမျိုးမျိုးအပေါ် ထမ်းဆောင် ရသည်။ |
| ၅ | သွင်းကုန်ပေါ်ကောက်ခံသော အခကြေးငွေ (Import Duties) | မြန်မာနိုင်ငံတွင်းသို့ တင်သွင်းလာသော ကုန်စည်များအပေါ် အကောက်ခွန်ေ ပးဆောင်ရမည်ဖြစ်ပြီး မြန်မာအကောက်ခွန်ဦးစီးဌာနသို့ ကြေညာရန်လိုအပ်သည်။ လက်ရှိတွင် ပြည်တွင်းသို့တင်သွင်းသည့် ကုန်စည်တန်ဘိုးအပေါ်တွင် စက်ပစ္စည်း၊ စက်အပို ပစ္စည်း၊ ကုန်ကြမ်းစသဖြင့် အမျိုးအစားပေါ်မူတည်ပြီး ၀% မှ ၄၀% အထိပေးဆောင်ရသည်။ |

| စဉ် | အခွန်အမျိုးအစား | အဓိပ္ပာယ်ရှင်းလင်းချက် |
| --- | --- | --- |
| ၆ | ပင်ရင်းမှ နှုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန် (Withholding Tax) | ပင်ရင်းမှနှုတ်ယူပေးသွင်းသောအခွန်ဆိုသည်မှာ လစာဝင်ငွေ ခေါင်းစဉ်ဖြင့် ရရှိသောဝင်ငွေမှအပ ကျန်ဝင်ငွေအမျိုးအစား များအပေါ် ငွေပေးချေမှုပြုလုပ်ရာတွင် ငွေထုတ်ပေးချိန်၌ ငွေထုတ်ပေး ရန်တာဝန်ရှိသူမှ ပင်ရင်းမှနှုတ်ယူထားပြီး ပေး သွင်းရသည့် အခွန်ကိုဆိုပါသည်။ ထိုသို့ နှုတ်ယူ ထားသော အခွန်များကို နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း၏ ငွေထုတ်ပေး ရန်တာဝန်ရှိသည့် စီမံခန့်ခွဲရေးဝန်ထမ်းဖြစ်ပါက နှုတ်ယူ သည့်နေ့၌ လည်းကောင်း၊ အခြားသူဖြစ်ပါက နှုတ်ယူသည့် နေ့မှ(၇)ရက်အတွင်း၌ လည်းကောင်း သက်ဆိုင်ရာ ပြည်တွင်း အခွန်များဦးစီးဌာနသို့ ပေးသွင်းရမည်။<br>ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားများ ထံမှ နှုတ်ယူထားသောအခွန်ကို ၎င်း တို့၏အခွန် အပြီးသတ် စည်းကြပ်ရာတွင် ခုနိမ်ရမည်ဖြစ်ပြီး၊ ပြည်ပနေ နိုင်ငံခြား သားများနှင့် ပြည်ပအခြေစိုက် ကုမ္ပဏီများမှ နှုတ်ယူထားသောအခွန်ကို အပြီးသတ် ပေးဆောင်ရမည့် အခွန်အဖြစ် မှတ်ယူရမည်။<br><br>နောက်ဆုံးပြင်ဆင်ချက်များ<br>၂၀၁၇ ခုနှစ် မေလ ၂၂ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာ ၅၁/၂၀၁၇<br>ပင်ရင်းမှ နှုတ်ယူပေးသွင်းသောအခွန် (WHT)ကို ငွေထုတ် ပေးရန်တာဝန်ရှိသူသည်-<br>- အခွန်ထမ်းကိုယ်တိုင် ကျသင့်အခွန်ကို ကိုယ်တိုင် စည်းကြပ်ပေးဆောင်စေခြင်း၊ အခွန်စနစ်သစ်တွင် ပါဝင်ကြသည့် အခွန်ထမ်းကြီးများ၊ အလယ်အလတ် အခွန် ထမ်းများဖြစ်ပါက ပေးချေငွေ ကျပ် ၁၅ သိန်း အထိ အခွန်နှုတ်ယူပေးသွင်းခြင်း မပြုရ၊ ပေးချေငွေ သည် ကျပ် ၁၅ သိန်းထက် ကျော်လွန်ပါက သက်ဆိုင်ရာအခွန်နှုန်းဖြင့် နှုတ်ယူပေးသွင်းရမည်။<br>- အထက်အပိုဒ်ခွဲပါ လုပ်ငန်းများမှအပဖြစ်ပါက ပေး ချေးငွေ ကျပ် ၅ သိန်းအထိ အခွန်နှုတ်ယူပေး သွင်းခြင်းမပြုရ။ စုစုပေါင်းပေးချေငွေသည် ကျပ် ၅ သိန်းထက် ကျော်လွန်ပါက သက်ဆိုင်ရာ အခွန်နှုန်း ဖြင့် နှုတ်ယူပေးသွင်းရမည်။<br>- အစိုးရ အဖွဲ့အစည်းအချင်းချင်း ပေးချေငွေများ၊ အစိုးရအဖွဲ့အသီးသီးနှင့် နိုင်ငံပိုင် လုပ်ငန်းဌာနများ သို့ ပေးချေငွေများအပေါ် ငွေထုတ်ပေးသည့်အချိန်၌ ပင်ရင်းမှ ဝင်ငွေခွန်နှုတ်ယူပေးသွင်းခြင်းမပြုရ။<br>- အထက်အပိုဒ်ပါ ပေးချေငွေများအနက် ချေးငွေ သို့မဟုတ် ကြွေးမြီ တစ်ရပ်ရပ် သို့မ ဟုတ် ယင်း သဘောသဘာဝ သက်ရောက်သည့် ကိစ္စရပ် သို့မဟုတ် ငွေစုဆောင်း ခြင်းအတွက် အတိုးပေးငွေ နှင့် စပ်လျဉ်း၍ နိုင်ငံအတွင်း၌ ပြည်ပနေနိုင်ငံခြား သား၏ ရုံးခွဲအဖြစ် မှတ်ပုံတင်ဖွဲ့စည်းထားခြင်း၊ အဆိုပါရုံးခွဲမှ ပြည်တွင်းဝင်ငွေနှင့် စပ်လျဉ်း၍ ပြည်တွင်း၌ အခွန်စည်းကြပ်မှုခံယူနေခြင်းဖြစ်ပါက ပေးချေငွေများအပေါ် ငွေထုတ်ပေး သည့်အချိန်၌ ပင်ရင်းမှ ဝင်ငွေခွန်နှုတ်ယူပေးသွင်းခြင်းမပြုရ။<br>၂၀၁၇ ခုနှစ် မေလ ၂၂ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာ ၅၁/၂၀၁၇ ကို အမိန့်ကြော်ငြာစာ ၄၇/၂၀၁၈ဖြင့် အစားထိုး ပြင်ဆင်ပြီး ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ စ၍ အကျိုး သက်ရောက်သည်။ အဓိကပြောင်းလဲမှုမှာ နိုင်ငံတော်နှင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများ၊ အစုစပ်လုပ်ငန်း၊ ဖက်စပ်လုပ်ကိုင်သည့်လုပ်ငန်း၊ ကုမ္ပဏီ၊ တစ်ဦးချင်းပုဂ္ဂိုလ် တို့ စုပေါင်းထား သည့်အဖွဲ့အစည်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ် အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသည့်အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့၊ သမဝါယမအသင်းနှင့် နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားသား ပိုင်လုပ်ငန်း များက ကန်ထရိုက်စာချုပ် သို့မဟုတ် သဘောတူစာချုပ် သို့မဟုတ် အခြားစနစ်တစ်ခုခုဖြင့် နိုင်ငံ တော်အတွင်း ပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်ပေး စေခြင်း၊ ဝန်ဆောင်မှု ဆောင်ရွက် ပေးစေခြင်းတို့ အတွက် ပေးချေငွေများအပေါ် ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံ ခြားသားများအတွက် ပင်ရင်းမှ နှုတ်ယူပေးသွင်း ခြင်းကို ပယ်ဖျက်လိုက်ခြင်းပင်ဖြစ်သည်။<br>အမိန့်ကြော်ငြာစာအသစ်၏ ဖော်ပြပါဇယားမှ ပင်ရင်းမှ နှုတ်ယူပေးသွင်းရမည့် အခွန်နှုန်း ထားများပြ အပိုဒ် ဂ ပါ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီး ဌာနများ၊ နေပြည် တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ နိုင်ငံပိုင်လုပ်ငန်းများ၊ စည်ပင်သာယာရေး အဖွဲ့များက တင်ဒါစနစ် သို့မဟုတ် လေလံစနစ် သို့မဟုတ် ဈေးပြိုင် ခေါ်ယူသည့်စနစ် သို့မဟုတ် ကန်ထရိုက်စာချုပ် သို့မဟုတ် သဘောတူစာချုပ် သို့မဟုတ် အခြားစနစ်တစ်ခုခု ဖြင့် နိုင်ငံတော်အတွင်း ပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းဆောင် ရွက်ပေးစေခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ပေးစေခြင်းတို့ အတွက် ပေးချေငွေများမှ အခွန်နှုတ်ယူပေးသွင်းရာတွင် နှစ် တစ်နှစ်အတွင်း စုစုပေါင်းပေးချေငွေ ကျပ်သိန်း ၁၀ အထိ အခွန်နှုတ်ယူပေးသွင်းခြင်းမပြုရဟု ပြဋ္ဌာန်းထားသည်။ |

အောက်ပါ ဇယားသည် ပင်ရင်းမှ နုတ်ယူဖြတ်တောက်ခွန် နှုန်း အပြောင်းအလဲကို ဖော်ပြထားပါသည်။

| ပေးချေငွေ အမျိုးအစား | ပေးချေသူ | ထုတ်ပေးသည့်ငွေမှ အခွန်အတွက်ထုတ်ယူရန် ရာခိုင်နှုန်း | | | | | |
|---|---|---|---|---|---|---|---|
| | | ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားများအတွက် | ပြည်တွင်းနေ | | ပြည်ပနေနိုင်ငံခြားသားများအတွက် | ပြည်ပနေ | |
| | | (၁)ရက် ဇူလိုင် ၂၀၁၈ မှ စ၍ | (၁) ရက် ဧပြီ ၂၀၁၇ နှင့် (၃၀) ရက် ဇွန် ၂၀၁၈ ကြား | (၃၁) ရက် မတ် ၂၀၁၇ အထိ | (၁)ရက် ဇူလိုင် ၂၀၁၈ မှ စ၍ | ၁)ရက် ဧပြီ ၂၀၁၇ နှင့် (၃၀) ရက် ဇွန် ၂၀၁၈ ကြား | (၃၁) ရက် မတ် ၂၀၁၇ အထိ |
| အတိုးပေးငွေများ | (က) အားလုံး | **၀%** | ၀% | ၀% | **၁၅%** | ၁၅% | ၁၅% |
| နိုင်ကြေး | (ခ) အားလုံး | **၁၀%** | ၁၀% | ၁၅% | **၁၅%** | ၁၅% | ၂၀% |
| လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ မူပိုင် အခွင့်အရေး စသည်တို့ကို အသုံးချခွင့်ပြုသည့်အတွက် ပေးချေငွေများ | (ဂ)ပြည်တောင်စုအဆင့် အဖွဲ့အစည်းများ၊ပြည်ထောင်စု ဝန်ကြီးဌာနများ၊နေပြည်တော်ကောင်စီ၊တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊နိုင်ငံတော်ပိုင်စီးပွားရေး လုပ်ငန်းများ စည်ပင်သာယာရေးအဖွဲ့များကတင်ဒါစနစ်သို့မဟုတ် လေလံစနစ် သို့မဟုတ် ဈေးပြိုင်ခေါ်ယူသည့် စနစ်သို့မဟုတ် သဘောတူစာချုပ် သို့မဟုတ် အခြားစနစ်တစ်ခုခု ဖြင့် နိုင်ငံတော်အတွင်းပစ္စည်းဝယ်ယူခြင်း၊လုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ဝန်ဆောင်မှုဆောင်ရွက်ပေးစေခြင်းတို့အတွက်ပေး ချေငွေများ | **၂%** | ၂% | ၂% | **၂.၅၀%** | ၂.၅၀% | ၃.၅၀% |
| | (ဃ)နိုင်ငံတော်နှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများ၊အစုစပ်လုပ်ငန်း၊ဖက်စပ်လုပ်ကိုင်သည့်လုပ်ငန်း ကုမ္ပဏီ၊တစ်ဦးချင်းပုဂ္ဂိုလ်တို့စုပေါင်းထားသည့်အဖွဲ့အစည်း၊တည်ဆဲ ဥပဒေ တစ်ရပ်ရပ်အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသည့်အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့၊ သမဝါ ယမ အသင်းနှင့် နိုင်ငံခြား ကုမ္ပဏီများ၊နိုင်ငံခြားသားပိုင်လုပ်ငန်းများက ကန်ထရိုက်စာချုပ် သို့မဟုတ် သဘောတူစာချုပ်သို့မဟုတ် အခြားစနစ်တခုခု ဖြင့် နိုင်ငံတော်အတွင်း ပစ္စည်းဝယ်ယူခြင်း၊လုပ်ငန်းဆောင်ရွက်ပေးစေခြင်း တို့အတွက်ပေးချေငွေများ | **၀%** | | | | | |

## ၃.၃.၃။ အထူးကုန်စည်ခွန်

MTE မှပေးချေသော အဓိက အခွန်မှာ သစ်ထုတ်ခြင်းမှ ပေးချေသောခိုင်ကြေး (Royality) ကို FD သို့ပေးချေခြင်း ဖြစ်ပါသည်။၂၇ရက် ဧပြီလ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်သော ပြင်ဆင်ပြီးလက်ရှိခိုင်ကြေးနှုန်းထားကို ဇယား (၄၀) တွင် ဖော်ပြထားပါသည်။

**ဇယား (၄၀) - ခိုင်ကြေးများ၏ (Royalties) နှုန်းထား**

ကျပ်

| စဉ် | ထုတ်ကုန် | ယူနစ် | နှုန်းထား ၃၀ရက် ဧပြီလ ၂၀၁၅ထိ | နှုန်းထား၁ရက် မေ ၂၀၁၅မှ စ၍ |
|---|---|---|---|---|
| ၁ | ကျွန်း | Hoppus Ton | ၃,၇၅၀ | ၁၅,၀၀၀ |
| ၂ | သစ်မာ (အုပ်စု၁) | | | |
| | ပိတောက်/တမလန် | Hoppus Ton | ၁,၈၇၅ | ၁၅,၀၀၀ |
| | ပိတောက်/တမလန် မှအပ | Hoppus Ton | ၁,၈၇၅ | ၈,၀၀၀ |
| ၃ | သစ်မာ (အုပ်စု ၂) | Hoppus Ton | ၉၃၈ | ၄,၀၀၀ |
| ၄ | သစ်မာ (အုပ်စု ၃) | Hoppus Ton | ၆၂၅ | ၃,၀၀၀ |
| ၅ | Teak Post | Hoppus Ton | ၂၀၀ | ၅၀၀ |
| ၆ | သစ်မာ သစ်လုံး | Hoppus Ton | ၁၀၀ | ၃၀၀ |
| ၇ | Pole (၁၀၀) | Hoppus Ton | ၂၀၀ | ၅၀၀ |

၂၀၁၄/၁၅ နှင့် ၂၀၁၅/၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ခိုင်ကြေးစုဆောင်းမှု အသေးစိတ်ကို ဤအစီရင်ခံစာ၏ နောက်ဆက်တွဲ (၁၃)တွင် ဖော်ပြထားပါသည်။

## ၃.၃.၄။ အခြားငွေပေးချေငွေများ

### (က) မြန်မာ့သစ်လုပ်ငန်း

အခြားသော နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများနည်းတူ၊ မြန်မာ့သစ်လုပ်ငန်းသည် သူ၏ အမြတ်များကို အောက်ပါ အတိုင်း ခွဲဝေပေးရမည်။

- ဝင်ငွေခွန် (၂၅%) ကို ပြည်တွင်းအခွန်များဦးစီးဌာနသို့ လည်းကောင်း၊
- စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ နိုင်ငံတော်ရန်ပုံငွေအဖြစ် (State Contribution) ၂၀% ကို လည်းကောင်း၊
- ကျန်ရှိသော အမြတ်လက်ကျန် (၅၅%) ကို အခြားစာရင်းများ (Other Accounts) သို့ လည်းကောင်း ပေးရသည်။[1]

နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ၏ အရှုံးအမြတ်စာရင်းပုံစံကို ဤအစီရင်ခံစာ၏ နောက်ဆက်တွဲ ၁၄ တွင် တွေ့နိုင်သည်။

### (ခ) သစ်တောထွက်ပစ္စည်းများ ဖက်စပ်ကော်ပိုရေးရှင်း လီမိတက် (FPJVC)

FPJVC ၏မတည်ငွေ ၄၅% နှင့် ၁၀% အသီးသီး ကို မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့မှ ပိုင်ဆိုင်သည်။
FPJCV မှ အမြတ်ဝေစု ပုံမှန်ခွဲဝေပေးသည်။
သစ်တောဦးစီးဌာနမှ FPJVC မှရသော အမြတ်ဝေစု ကို အစိုးရဘတ်ဂျက်သို့ နှစ်စဉ်ပေးသွင်းသည်။

### (ဂ) သစ်တောဦးစီးဌာန

သစ်တောဦးစီးဌာနမှ အခြားသော သစ်တောဆိုင်ရာ အောက်ပါဝင်ငွေတို့ကို ကောက်ခံရရှိသည်။

- ရာဘာအခွန်
- မြေငှားရမ်းခ
- အခကြေးငွေများ ။ ။ သစ်စက်လိုင်စင်အခ၊ ဆင်မှတ်ပုံတင်ကြေးအခ နှင့် မြေအတွက် ရရှိသော ပရီမီယမ်အခ။
- ဒဏ်ငွေ ။ ။ သစ်တောဆိုင်ရာပြစ်မှုများအတွက် ဒဏ်ငွေ၊ ဖွံ့ဖြိုးမှုစီမံကိန်းများမှ သစ်ပင်တောများ ရှင်းလင်းခြင်းအတွက် လျော်ကြေးငွေ နှင့်

သိမ်းယူခြင်း။ ။ သစ်မှတပါး အခြားသစ်တောထွက်ပစ္စည်းများ သိမ်းယူရရှိပြီးနောက် ရောင်းချရသော ဝင်ငွေ။

## ၃.၄။ ဘဏ္ဍာရေးလုပ်ငန်းစဉ်

မြန်မာနိုင်ငံ၏ဘဏ္ဍာရေးနှစ်သည် ဧပြီလ(၁)ရက်နေ့မှမတ်လ(၃၁)ရက်နေ့အထိဖြစ်သည်။ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနသည်အစိုးရဌာနများသို့ဘတ်ဂျက်ပြက္ခဒိန်ကိုထုတ်ပေးသည်။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ (နိုင်ငံ ပိုင်စီးပွားရေး လုပ်ငန်းများအပါအဝင်) အနေဖြင့် ၎င်းတို့၏ ဘတ်ဂျက် အဆိုပြုလွှာများကို ဘတ်ဂျက်ဌာန(ရုံးချုပ်) (ရသုံးမှန်းခြေငွေ စာရင်းဦးစီးဌာန) သို့ ပေးပို့သည်။ဘတ်ဂျက်ဌာနအနေဖြင့် သာမန်အသုံးစရိတ်များကို တာဝန်ရှိပြီး၊ စီမံကိန်းဌာနအနေဖြင့် ငွေလုံးငွေရင်းအသုံးစရိတ်များအတွက် တာဝန်ရှိသည်။ ငွေတိုက်ဦးစီးဌာနမှာ ငွေကြေး ရာဖွေမှုဆိုင်ရာအသုံးစရိတ်များအတွက်တာဝန်ရှိသည်။ ၎င်းနောက်တွင် ဘတ်ဂျက်ဌာနမှ သာမန်အသုံးစရိတ်၊ ငွေလုံး ငွေရင်းအသုံးစရိတ်နှင့် ငွေကြေးရှာဖွေမှု ဆိုင်ရာအသုံးစရိတ်များကို စုပေါင်းပြီး စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနဒုတိယဝန်ကြီးထံသို့ တင်ပြရသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဒုတိယ ဝန်ကြီး မှဌာနတစ်ခုချင်းစီမှ ကနဦးစစ်ဆေးချက်များဆောင်ရွက်ပြီးသည့်အခါတွင် ဘတ်ဂျက်ကို စစ်ဆေးသည်။ ထို့နောက် စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးမှနေ၍ ဘတ်ဂျက်ကို စစ်ဆေးပြီး ဒုတိယသမ္မတများ ထံစစ်ဆေးရန်ပေးပို့သည်။ ဒုတိယသမ္မတများစစ်ဆေးပြီးသည့်အခါတွင် စုပေါင်း ထားသည့်ဘတ်ဂျက်ကို ဘဏ္ဍာရေးကော်မရှင်သို့ဆက်လက်၍ စစ်ဆေးရန်နှင့် ဆွေးနွေးရန်အတွက် ပေးပို့ရပါသည်။ ပြည်ထောင်စု အစိုးရ၏ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနသည် ပြည်ထောင်စုဘတ်ဂျက်ဥပဒေနှင့် ဘတ်ဂျက် အဆိုပြုချက်တို့ကို ပြည်ထောင်စု လွှတ်တော်သို့ ဘဏ္ဍာရေး ကော်မရှင်၏ အကြံပြုချက်များဖြင့်ပေးပို့သည်။ ပြည်ထောင်စု လွှတ်တော်က ဆွေးနွေး ပြီးနောက် အတည်ပြုပြီး သည့်အခါတွင် သမ္မတသည် ပြည်ထောင်စုဘတ်ဂျက် ဥပဒေကို လက်မှတ် ရေးထိုးပြီး ပြဌာန်းသည်။ ဤဘတ်ဂျက်ကို သတင်းစာများနှင့် MOPF website တွင်တင်ပြပြီးပုံနှိပ်ထုတ်ဝေသည်။ ဘတ်ဂျက် ဌာနသည် ပြည်ထောင်စု ဘတ်ဂျက်ဥပဒေပါ ဘတ်ဂျက် အသုံးပြုခွင့်များကို အစိုးရဌာနများ သို့ထုတ်ပေးသည်။[2] ပြည်ထောင်စု ရသုံးမှန်းခြေငွေစာရင်းဥပဒေတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ လိုအပ်သည် များကို ပြည်ထောင်စု ကလွှဲပြောင်းပေး သည့်ကိစ္စများလည်းပါဝင်သည်။ ဘတ်ဂျက် အသုံးပြုခွင့်များနှင့်ပတ်သက်သော လွှတ်တော် အတွင်းဆွေးနွေး မှုများကို ရုပ်သံလိုင်းများနှင့် ဒေသတွင်း သတင်းစာ များတွင်တွေ့နိုင်သည်။

ဘတ်ဂျက်ပြင်ဆင်မှုလုပ်ငန်းစဉ်ကို အောက်ပါအတိုင်းဖော်ပြနိုင်သည်။

[1] Other Accounts are used by SEEs to manage their own-source revenue under the supervision of Parliament.

[2] Assembly of the Union.

ပုံ (၁၀) ဘတ်ဂျက် (ရသုံးမှန်းခြေ) ပြင်ဆင်ခြင်းလုပ်ငန်းစဉ်




PAC- Public Account Committee
TD- Treasury Department
PD- Planning Department
BD- Budget Department

အစိုးရစာရင်းကိုင်စနစ်မှာ ငွေသားအခြေပြုစစ်(*i.e., in contrast to accrual basis*) ဖြစ်ပြီး စာရင်းကို နှစ်ဖက်သွင်း မဟုတ်ဘဲ တစ်ချက်စီသွင်းသော single- entry system ကိုကျင့်သုံးသည်။ မြန်မာအစိုးရ၏ ဘတ်ဂျက်ကို ပင်မ ရင်းမြစ်လေးခုမှရရှိသည်။

- အခွန်
- သဘာဝအရင်းအမြစ်များမှ ဝင်ငွေများ
- နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများမှဝင်ငွေများနှင့်
- အခြားအခွန်မဟုတ်သောဝင်ငွေအမျိုးမျိုး(အစိုးရမှ ထောက်ခံသည့်အမျိုးမျိုးသော အခကြေးငွေ နှင့် စရိတ်များ)

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်၍ မြန်မာနိုင်ငံအတွင်း နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများကို ငွေကြေး ပံ့ပိုးပေးခြင်းနှင့် ထိုနိုင်ငံပိုင်လုပ်ငန်းများမှနေ၍ ဘတ်ဂျက်အတွင်းသို့ မည်သို့ထည့်ဝင် နေသည် ဟူသော နည်းလမ်းများတွင် ပြောင်းလဲမှုများအပါအဝင် အရေးကြီးသော ဘတ်ဂျက်နှင့်ဆိုင်သည့် တိုးတက် ပြောင်းလဲ မှုများစွာရှိခဲ့သည်။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့၏ကုန်ကြမ်းများ၊ လောင်စာ နှင့်အခြား ထုတ်လုပ်မှု တိုက်ရိုက်ကုန်ကျစရိတ်များအတွက် ကိုယ်ထူကိုယ်ထနည်းအားဖြင့် ငွေရှာရန် သတ်မှတ်ထားပြီး ဤငွေများအားမြန်မာ့စီးပွားရေးဘဏ်မှ အတိုးနှုန်း ၄% ချေးယူခွင့်ပေးထားသည်။ ဤသို့ဖြင့် လူမှုရေးကဏ္ဍ အတွက်သာမက နိုင်ငံတစ်ခုလုံးအတွက် ဘဏ္ဍာရေးသက်သာချောင်ချိမှုကို ဖြစ်ပေါ်စေသည်(fiscal space ကိုတိုးမြင့်လာစေသည်)။

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘတ်ဂျက်ကို နိုင်ငံတော်ဘတ်ဂျက်တွင် ထည့်သွင်း ထားသော်လည်း ယင်းဘတ်ဂျက်များ၏အစိတ်အပိုင်းအချို့မှာ ၎င်းတို့ကိုယ်ပိုင်ငွေကြေးများ ဖြင့်လည်ပတ်နေကြခြင်းဖြစ်သည်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘတ်ဂျက်လိုငွေပြမှုအား ငွေကြေးအားဖြင့် ဖြည့်ဆည်းခြင်းကို ပြည်ထောင်စုရန်ပုံငွေမှ ပေးအပ်ခြင်း(သို့မဟုတ်)ချေးယူခြင်းဖြင့် ဆောင်ရွက်ပြီးပြည်ထောင်စု အစိုးရအဖွဲ့က သဘောတူရသည်။ [1]ဘတ်ဂျက်ဦးစီးဌာန (ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန)မှ တာဝန်ရှိသူများနှင့် အင်တာဗျူးများ အရ ၂၀၁၂/၁၃ဘဏ္ဍာရေးနှစ် အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ တည်ဆောက်ပုံအောက်ပါပုံ(၁၁)တွင် တွေ့ရသည့်အတိုင်း ဖော်ပြနိုင်သည်။

**ပုံ ၁၁ - ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်း Union Fund Account (UFA) တည်ဆောက်ပုံ ၂၀၁၂/၂၀၁၃ ဘဏ္ဍာနှစ်**




၂၀၁၅/၁၆ ခုနှစ်တွင် နိုင်ငံတော်ပိုင်စီးပွားအဖွဲ့အစည်းများမှ လုပ်ငန်းမှအကျိုးအမြတ်ရရှိလျှင် ၎င်းတို့လုပ်ငန်း အတွက် သာမန်အသုံးစရိတ်ခေါင်းစဉ်အောက်မှ ကုန်ကြမ်းဝယ်ယူခြင်း၊ ကုန်သွယ်လုပ်ငန်းခွန် ၊ဝင်ငွေခွန် ပေး ဆောင်ခြင်း၊ နိုင်ငံတော်ဘဏ္ဍာ အတွင်းထည့်သွင်းပါဝင်ခြင်းတို့၏ ၁၀၀%ကို ၎င်းတို့၏ ကိုယ်ပိုင် ငွေကြေး နှင့်ပြုလုပ်စေပြီး၊ အခြားသောသာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ငွေရှာခြင်းနှင့် ပတ်သက် သော

စရိတ်မှန်သမျှကို ပြည်ထောင်စုရန်ပုံငွေမှရယူရသည်။ အရှုံးပေါ်လျှင်မူ သာမန် အသုံးစရိတ် ခေါင်းစဉ်အောက်မှ ကုန်ကြမ်းဝယ်ယူမှုနှင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ခြင်းတို့ကို ပြုလုပ်စေပြီး၊ အခြားသော သာမန် အသုံးစရိတ်များ၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ငွေရှာခြင်းနှင့် ပတ်သက်သော စရိတ်မှန်သမျှကို ပြည်ထောင်စုရန်ပုံငွေမှကျခံစေသည်။

၂၀၁၅ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေရသုံးဆိုင်ရာဥပဒေပုဒ်မ၁၆(က)တွင် "နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ငွေကြေး အင်အားပေါ်မိမိတို့ ရပ်တည်နိုင်ရေးမူနှင့် အညီ ဆောင်ရွက်ကြရာတွင် အဖွဲ့အစည်းများအလိုက် ကုန်ပစ္စည်းထုတ်လုပ်ဆောင်ရွက်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် သာမန် အသုံးစရိတ် အောက်၌ ကုန်ကြမ်းများ ဝယ်ယူခြင်း အသုံးစရိတ်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေနှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ဘဏ္ဍာရေး ဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းသုံး ရင်းနှီးငွေအဖြစ် မိမိတို့၏ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန် မလုံလောက်ပါက မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ သတ်မှတ်ချက်နှင့်အညီ ငွေချေးယူသုံးစွဲနိုင်သည်။"[2]

၂၀၁၅ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေရသုံးဆိုင်ရာဥပဒေပုဒ်မ ၁၆(ခ)တွင် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများသည် ပုဒ်မ ၁၆(က)တွင် ပါရှိသည့် သာမန်အသုံးစရိတ်များမှအပ အခြားသာမန်အသုံးစရိတ်၊ ပြည်ပသို့ ကြွေးမြီပြန်လည်ပေးဆပ်ရန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များ ကိုပြည်ထောင်စု၏ ဘဏ္ဍာ ရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

ပုဒ်မ၁၇ကမူ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ငွေအဝင်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ စာရင်းတွင်ဖော်ပြရမည်။

ပြည်ထောင်စု၏ဘဏ္ဍာငွေရသုံးဆိုင်ရာ အထက်ပါဥပဒေပုဒ်မများနှင့်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (MoPF)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းချက်များအရ ၄င်းတို့၏ အခြားစာရင်းများ (other accounts)တွင် ထည့်သွင်းထားသည်များအပါအဝင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဝင်ငွေများနှင့်အသုံးစရိတ်များအားလုံးကို ပြည်ထောင်စုဘတ်ဂျက်အောက်တွင် ပေါင်းစည်းထားသည်ဟု သိရသည်။

ပြည်ထောင်စုလွှတ်တော်သည် အစိုးရ၏ ပြည်သူ့ဘဏ္ဍာများကို ကြီးကြပ်ကွပ်ကဲပေးရန်အတွက် ၂၀၁၁ ခုနှစ်မှစ၍ အထူးကော်မတီနှစ်ရပ်ကို ဖွဲ့စည်းထားခဲ့သည်။

- ပြည်သူ့ငွေစာရင်းကော်မတီသည် ဘတ်ဂျက်ဥပဒေနှင့် စာရင်းစစ်အစီရင်ခံစာများကို စစ်ဆေးသည်
- စီမံကိန်းနှင့်ဘဏ္ဍာရေးကော်မတီသည် အမျိုးသားဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း နှင့်ဘဏ္ဍာရေးကဏ္ဍနှင့် စပ်လျဉ်းနေသည့် ဥပဒေများကို ပြန်လည်သုံးသပ်ရန်တာဝန်ရှိသည်။

[1] http://www.mof.gov.mm/en/content/budget-department

[2] http://www.mof.gov.mm/sites/default/files/Budget%20Law%20English%20PDF_0.pdf

၂၀၁၂-၂၀၁၃ ခုနှစ်မှစတင်၍ အထက်ဖော်ပြပါကော်မတီ နှစ်ရပ်မှအစိုးရဘတ်ဂျက်အဆိုပြုချက်များအား သိသိသာသာပြန်လည်သုံးသပ်ခဲ့ကြပြီး အတည်ပြုပြဋ္ဌာန်းလိုက်သော ဘဏ္ဍာငွေရသုံးဆိုင်ရာဥပဒေအား သတင်းစာများတွင် ထည့်သွင်းပြဋ္ဌာန်းစေရန် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်ရသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး များ၏ဘတ်ဂျက်များကို ပြည်ထောင်စုဘတ်ဂျက်နှင့်ပူးပေါင်းစုစည်းရန်အလို့ငှာ အစိုးရက ဘဏ္ဍာရေးကော်မရှင်နှင့် အမျိုးသားစီမံကိန်းကော်မရှင်တို့ကို ဖွဲ့စည်းခဲ့သည်။၂၀၁၁ မှစ၍အသစ်အသစ်ဖြစ်လာ သော စီမံကိန်းနှင့်ဘတ်ဂျက်ရာထားခြင်းအလေ့အထများအရ ပြည်သူ့ ဘဏ္ဍာစီမံ ခန့်ခွဲမှု(Public Finance Management –PFM) မူဝါဒရေးရာတာဝန်များကို ဗဟိုချုပ်ကိုင်မှုမှ ဖြေလျှော့သည့် အနေဖြင့် သမ္မတရုံးမှ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အသီးသီး သို့ခွဲဝေပေးအပ်သည်။

ပြည်ထောင်စုအစိုးရ၏ငွေစာရင်းများနှင့်ပတ်သက်၍ မြန်မာ့စီးပွားရေးဘဏ်တွင် ပြည်ထောင်စု ဘဏ္ဍာရန် ပုံငွေစာရင်း (Union Fund Account-UFA) ကို လည်းကောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်တွင် ပြည်ထောင်စု အစိုးရအပ်ငွေစာရင်း (Union Government Deposit Account-UGDA) ကိုလည်းကောင်း ဖွင့်လှစ်ထား ရှိဆောင်ရွက်ထားသည်။

မြန်မာ့စီးပွားရေးဘဏ်အခွဲများအားလုံးရှိ အစိုးရ၏စာရင်းအကောင့်များ၏ လက်ကျန်များကို လက်ကျန် တစ်ခုတည်းဖြစ်အောင်ပေါင်းစည်းရသည် (Consolidate) ထို့ကြောင့်မြန်မာ့စီးပွားရေးဘဏ်၏ ရုံးချုပ် တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (UFA) ၏ပိုငွေ သို့မဟုတ် လိုငွေ လက်ကျန်များကို စုစည်း၍ UFA ပိုငွေလိုငွေစုစည်းပြင်ဆင်ထားသော လက်ကျန် (Consolidated Balance of UFA surplus and deficit) တစ်ခုပြင်ဆင် ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏စာရင်းနှင့် အပတ်စဉ် လစဉ် စာရင်းရှင်းခြင်းများ ပြုလုပ်ရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ထားရှိပြီး ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း (UGDA) မှ ငွေသွင်း ငွေထုတ်ပြုလုပ်သော ရန်ပုံငွေများမှာ

- ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (UFA) မှ အသားတင်ပိုငွေ သို့မဟုတ် လိုငွေ
- နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ (SEEs) များမှ နိုင်ငံတော်သို့ ထည့်ဝင်ငွေ သို့မဟုတ် ပြန်အမ်းငွေ
- Treasury Bills ရောင်းချခြင်းနှင့် ပြန်ရွေးခြင်း
- Treasury Bonds ရောင်းချခြင်းနှင့် ပြန်ရွေးခြင်း
- ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဘက်ဂျက်လိုငွေအား ဖြည့်ဆည်းပေးခြင်း
- ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဘက်ဂျက်လိုငွေ သို့မဟုတ် ပိုငွေများအား စာရင်းရှင်းရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တွင် ဖွင့်လှစ်ထားရှိသော အကောင့်များ။

ပုံ ၁၂၊ ၁၃ နှင့် ၁၄ တို့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (UFA) နှင့် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း (UGDA) တို့၏ လုပ်ငန်းလုပ်ကိုင်ပုံ အဆင့်ဆင့်ကို ဖော်ပြသည်။

**ပုံ(၁၂) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ၏ လုပ်ငန်းဆောင်ရွက်ပုံ**



**ပုံ (၁၃) ပြည်ထောင်စုအစိုးရဘဏ္ဍာငွေစာရင်း (UFA) နှင့် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း (UGDA ) လုပ်ဆောင်ပုံ**




**ပုံ (၁၄) - ပြည်ထောင်စုအစိုးရဘဏ္ဍာငွေစာရင်း (UFA) ၏ လစဉ်ပေါင်းစပ် စာရင်း**




ဘတ်ဂျက်လုပ်ငန်းစဉ်နှင့်ပတ်သတ်၍ နောက်ထပ် အချက်အလက်များကို MoPF ၏ ဝက်ဆိုက်ဖြစ်သော http://www.mof.gov.mm/en/content/budget-department တွင်ရရှိနိုင်ပါသည်။

## ၃.၅။ ပြည်သူ့ဘဏ္ဍာနှင့် ဂင်ငွေစီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲမှုများ

### ၃.၅.၁။ မြန်မာနိုင်ငံတွင် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲခြင်း

မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲခေတ်မီတိုးတက်ရေးစီမံကိန်း (Modernization of Pulic Finanace Management Project) အတွက် ကမ္ဘာ့ဘဏ်အောက်မှ International Development Association မှ အမေရိကန်ဒေါ်လာသန်း(၃၀)ချေးရန်၊ ကမ္ဘာ့ဘဏ်၏ အမှုဆောင်ဒါရိုက်တာ ဘုတ်အဖွဲ့မှ ၂၀၁၄ တွင် အတည်ပြုခွင့်ပြုလိုက်သည်။ သြစတေးလျအစိုးရနှင့် ဗြိတိသျှအစိုးရ၏ Department for International Development(DFD)တို့ အမေရိကန်ဒေါ်လာ ၈.၅ သန်း နှင့် ၁၆.၅ သန်း အသီးသီးဖြင့် မြန်မာနိုင်ငံအတွက် Multi-donar Trust Fund မှ စီမံကိန်းအား ပူးတွဲငွေကြေးကုန်ကျခံသည်။

ဤစီမံကိန်းသည် မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ်များကို ခေတ်မီဆန်းသစ်စေခြင်း များမှတဆင့် အများပြည်သူသို့ဂန်ဆောင်မှုလုပ်ငန်းများကို အချိန်တိုအတွင်း ထိရောက်စွာ တာဂန်ခံမှုရှိသော၊ တုန့်ပြန်မှုရှိသော ဂန်ဆောင်မှုများဖြစ်လာစေရန်၊ ကူညီပေးရန်ရည်ရွယ်သည်။ ဤစီမံကိန်းသည် အစိုးရဂင်ငွေစီမံခန့်ခွဲခြင်း (Revenue Administraion) ကိုလည်း ပို၍အားကောင်းလာစေနိုင်ပြီး၊ အခွန်နှင့်အခွန်မဟုတ်သော ဂင်ငွေများကောက်ခံရရှိမှုကိုပိုမိုထိရောက် လာစေနိုင်သည်။ တိုးပွားလာသောဂင်ငွေများမှ အများပြည်သူအတွက် ဂန်ဆောင်မှုလုပ်ငန်းများအပေါ် တိုးမြှင့်ကျခံနိုင်မည်ဖြစ်ရာ အစိုးရအတွက် ဘဏ္ဍာရေး သက်သာချောင်ချိစေပြီး ၊ Creat fiscal space ဆင်းရဲမှုလျော့ကျစေပြီး (Shared prosperity )ကို ပိုမိုမြှင့်တင်နိုင်မည်။

ပြီးမြောက်ခဲ့သောအဆင့်များကို အောက်ပါအတိုင်းအနစ်ချုပ်နိုင်သည်။

- ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် ပြည်သူ့ဘဏ္ဍာသုံးစွဲမှုနှင့် ငွေကြေးဆိုင်ရာတာဂန်ခံမှုရှိခြင်း တို့အပေါ် ဆန်းစစ်၍ ၂၀၁၃ ခုနှစ် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစွမ်းဆောင်ရည်အစီရင်ခံစာ (Public Financial Management Performance Report) ကိုထုတ်ပေခြင်း။
- ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးအတွက် မဟာဗျူဟာ(၂၀၁၃) ရေးဆွဲခြင်း။
- လိုချင်သောဖွံ့ဖြိုးမှုရည်ရွယ်ချက်နှင့် ယင်းအတွက်အစိုးရမှကုန်ကျသော အရင်းအမြစ်တို့ကို နှိုင်းယှဉ် သုံးသပ်ရန် ရည်ရွယ်ချက်နှင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ်မှ သက်ဆိုင်ရာကဏ္ဍ မှရလဒ်နှင့် ယင်းရလဒ်များအတွက် ကုန်ကျသောစရိတ်တို့ကို ခွဲခြမ်းစိစစ်ရန် ပြည်သူ့အသုံးစရိတ် ပြန်လည် ခွဲခြမ်းစိတ်ဖြာ သုံးသပ်ရေး ဆောင်ရွက်ခြင်း။
- နေပြည်တော်သဘောတူညီမှု(Nay Pyi Taw accord)အရ ဖွဲ့စည်းထားသော ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့အစည်း(၁၇)ခုအနက်မှ ပြည်သူ့စီမံအုပ်ချုပ်မှုလုပ်ငန်းအဖွဲ့ (public administration working group)အောက်မှ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကဏ္ဍအတွက် လုပ်ငန်းအဖွဲ့အစည်း (Sub-sector working group)ဖွဲ့စည်းခြင်း။
- မြန်မာနိုင်ငံ၏ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုခေတ်မီတိုးတက်ရေးစီမံကိန်းကို အကောင်အထည် ဖော်ဆောင် ထားသည့် MMPFM စီမံကိန်း(၂၀၁၄-၂၀၁၉ ခုနှစ်အထိ)။

ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုခေတ်မီတိုးတက်ရေးစီမံကိန်းတွင် အဓိကအစိတ်အပိုင်း ငါးခုပါဂင်သည်။

(၁)ဂင်ငွေတိုးလာအောင်ဆောင်ရွက်ခြင်း

(၂)ဘတ်ဂျက်ပြင်ဆင်ခြင်းနှင့်စီစဉ်ခြင်း

(၃)ဘတ်ဂျက်သုံးစွဲခြင်း

(၄)ပြင်ပမှကြီးကြပ်ကွပ်ကဲခြင်း

(၅)စွမ်းဆောင်ရည်မြှင့်တင်တည်ဆောက်ခြင်းတို့ဖြစ်သည်။

## ဂင်ငွေတိုးလာအောင်ဆောင်ရွက်ခြင်း

အောက်ပါပြုပြင်ပြောင်းလဲမှုများကိုဆောင်ရွက်ဆဲဖြစ်သည်။

- အခွန်မူဂါဒနှင့်အခွန်စီမံအုပ်ချုပ်မှုပြုပြင်ပြောင်းလဲမှုဆောင်ရွက်ခြင်း။
- အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(Large taxpayer office)နှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(Medium taxpayer office ၁,၂,၃)တို့ကိုတည်ထောင်ခြင်း။
- အခွန်စည်းကြပ်ရာတွင် ရုံးမှကြီးကြပ်သည့်စနစ် (OAS) မှနေ၍ အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့် စနစ်(SAS)သို့ ပြောင်းလဲခဲ့ပြီး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (LTO)နှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးတို့တွင် စတင်ကျင့်သုံးခဲ့ခြင်း။
- အထူးကုန်စည်ခွန်ဟူ၍သတ်မှတ်ပြီး အထူးကုန်စည်ခွန်ဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ခြင်း။
- ကုန်သွယ်လုပ်ငန်းခွန်မှတန်ဖိုးထပ်ဆောင်းခွန် (Value added tax) နှင့် အထူးကုန်သွယ် လုပ်ငန်းခွန် (special commercial tax)အဖြစ် သို့ပြောင်းလဲခြင်း။
- ကွန်ပျူတာနည်းပညာစနစ်များကို ခေတ်နှင့်လျော်ညီအောင် ပြုပြင်မွမ်းမံခဲ့သည် (transformation technology)။
- IT နည်းပညာပစ္စည်းများကို တပ်ဆင်ခဲ့သည်။
- နှစ်စဉ်နှစ်တိုင်းအခွန်မှ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုးအချိုးအစား ကိုတိုးတက်အောင် ဆောင်ရွက်ခဲ့သည်။

## ဘတ်ဂျက်ကြိုတင်ပြင်ဆင်ခြင်းနှင့်စီမံကိန်းရေးဆွဲခြင်း

ဘတ်ဂျက်ကြိုတင်ပြင်ဆင်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်းအပိုင်းတွင် အောက်ပါပြုပြင်ပြောင်းလဲမှုများကို အကောင် အထည်ဖော်ဆောင်လျက်ရှိပါသည်။

- စုစည်းပေါင်းစည်းထားသော နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေစာရင်း (State Fund Account) ကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ရန်ပုံငွေစာရင်းတို့နှင့် ၂၀၁၁ ခုနှစ်မှစ၍ သီးခြား ထားရှိသည်။
- ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်မှစတင်၍ ကာလလတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework-MTFF)ကို ရေးဆွဲပြီးဆောင်ရွက်လျက်ရှိသည်။ ဤသို့လုပ်ရသည်မှာ နှစ်စဉ်နှစ်တိုင်း မက်ခရိုစီးပွားရေးတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပေးရန်ဖြစ်သည်။
- နိုင်ငံ၏ဦးစားပေးဇရိယာများနှင့်ပတ်သက်၍ ပညာရေးနှင့်ကျန်းမာရေးကဲ့သို့သော လူမှုရေး ကဏ္ဍများကို အသုံးစရိတ်မူဂါဒတွင် ထိပ်ဆုံးမှဦးစားပေးခြင်းဖြင့် အသုံးစရိတ်ပိုမိုချပေးခြင်း။
- ကာလလတ်ဘဏ္ဍာရေးမူဘောင်(Medium Term Fiscal Framework-MTFF)ကို ကျင့်သုံး၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ငွေကြေးအထောက်အပံ့နှင့် ဘဏ္ဍာငွေ လွှဲပြောင်းပေးမှုများ ကိုပြုလုပ် နိုင်သည်။ မည်သည့်ပြည်နယ်နှင့်တိုင်းဒေသကြီး ဆိုသည်ကို အညွှန်းကိန်း(၆)ခုနှင့် ကြည့်သည် (စုစုပေါင်းလူဦးရေ၊ ဆင်းရဲနွမ်းပါးမှုအညွှန်းကိန်း၊ ဇရိယာ၊ လူတစ်ဦးချင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုး ရရှိမှု၊ ပြည်နယ်တစ်ခုလုံးလူဦးရေအပေါ်မြို့ ပြလူဦးရေရာခိုင်းနှုန်း နှင့်လူတစ်ဦးချင်း အခွန်ကောက် ခံရရှိမှု)။
- ဗဟိုမှအောက်ခြေသို့ချပေးသည့်ဘတ်ဂျက်ရေးဆွဲနည်းနှင့် အောက်ခြေမှစသည့် စီမံကိန်းရေးဆွဲ နည်းစနစ်ကို ဖော်ဆောင်ထားသည်။
- ကာလလတ်ဘဏ္ဍာရေးမူဘောင် လုပ်ငန်းစဉ်ကို ဘတ်ဂျက်ဦးစီးဌာန (ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန) မှ အကောင်အထည် ဖော်ဆောင် ရွက်သည်။
- ဘဏ္ဍာရေးအရ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခဲ့သည်။
- ဘဏ္ဍာရေးပွင့်လင်းမြင်သာမှုကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း(ပြဋ္ဌာန်းထားသော ရသုံးမှန်းခြေ ငွေစာရင်းဥပဒေကို သတင်းစာနှင့်ဂန်ကြီးဌာန၏ ဂက်ဘ်ဆိုဒ်တွင် ကြေငြာခြင်း၊ Citizen ဘတ်ဂျက်ကို ၂၀၁၅-၂၀၁၆ ခုနှစ်မှစ၍ အများပြည်သူသိရှိစေရန် ပုံနှိပ်ထုတ်ပေဝေခြင်း)
- ပြင်ဆင်မွမ်းမံထားသော ဘဏ္ဍာရေးစည်းမျဉ်းနှင့် နည်းဥပဒေများကိုထုတ်ပြန်ခြင်း

## ၃.၅.၂။ ပြည်တွင်းအခွန်များဦးစီးဌာန၏ မဟာဗျူဟာမြောက်စီမံကိန်း ၂၀၁၄-၂၀၂၀

ဇယား(၄၁)တွင် ပြည်တွင်းအခွန်များဦးစီးဌာန မဟာဗျူဟာစီမံကိန်း ၂၀၁၄/၂၀၂၀ ၏ရည်မှန်းချက်များ ကိုဖော်ပြထားသည်။

ဇယား(၄၁) - ပြည်တွင်းအခွန်ဦးစီးဌာန (IRD) ၏ မဟာဗျူဟာစီမံကိန်း ၏ ရည်မှန်းချက်များ ၂၀၁၄/၂၀၂၀ ကိုဖော်ပြထားသည်။

| စဉ် | ရည်မှန်းချက်များ | အကြောင်းအရာ |
|---|---|---|
| ၁ | ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် လုပ်ငန်း များ ထိရောက်စွာ ဆောင်ရွက် နိုင်စေမည့် ခိုင်မာ သော ဥပဒေမူဘောင်တစ်ရပ် ဖော်ဆောင်ခြင်း | ကိုယ်တိုင်စည်းကြပ်ခြင်းကဲ့သို့သော စီမံအုပ်ချုပ်မှုနည်းလမ်း အသစ်များကို ပံ့ပိုးမှုပေးနိုင်ရန် လုပ်ထုံးလုပ်နည်းများဆိုင်ရာ နည်းလမ်းညွှန်ကြားချက် တစ်ရပ်ကို ရေးဆွဲရန်နှင့် အခွန်ဥပဒေ များကို ပြန်လည်ရေးဆွဲခြင်း၊ တန်ဖိုးမြင့်ခွန်ဥပဒေနှင့် အထူးကုန်စည်ဥပဒေတို့ကို ရေးဆွဲကျင့်သုံး ခြင်း။ |
| ၂ | စီမံအုပ်ချုပ်မှုနည်းလမ်းသစ်များနှင့်ကိုက်ညီစေရန် ပြည်တွင်းအခွန်များဦးစီးဌာနကို ပြန်လည်ပြင် ဆင်ဖွဲ့စည်းခြင်း | ဌာနတစ်ခုလုံးကို အခွန်ထမ်းအမျိုးအစားအလိုက် (အခွန်ထမ်းကြီးများ ဆိုင်ရာအခွန်ရုံး၊ အလယ်အလတ် အခွန်ထမ်း များဆိုင်ရာအခွန်ရုံး၊ အခွန်ထမ်း ငယ်များ ဆိုင်ရာ အခွန်ရုံး စသည်ဖြင့်) ဦးတည်ပြီး လုပ်ငန်း နယ်ပယ်များ (အခွန်ထမ်း ဝန်ဆောင်မှု၊ ကြေညာလွှာ တင်သွင်းခြင်းနှင့် အခွန်ပေး ဆောင်ခြင်း၊ ကြေညာလွှာတင်သွင်းမှုအပေါ် လိုက်နာဆောင် ရွက်ခြင်းနှင့် အခွန်ကြွေးကျန်ကောက်ခံမှု ဆောင်ရွက်ခြင်း၊ စာရင်းစစ်ဆေးခြင်း၊ အငြင်းပွားမှုများကိုဖြေရှင်းခြင်း၊ ဥပဒေရေးရာနှင့် အခွန် ဆိုင်ရာစီရင် ထုံးများ) အပေါ် မူတည်၍ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဌာန တစ်ခုလုံးကို ပိုမိုလမ်းညွှန်ဦးဆောင်မှုပေးနိုင်ရန် ရုံးချုပ်ကိုလည်း ပြန်လည်ပြင်ဆင် ဖွဲ့စည်းခြင်း။ |
| ၃ | အခွန်စည်းကြပ်ခြင်း လုပ်ငန်းစဉ်ကို ခေတ်မီအောင် ပြုပြင်ပြောင်းလဲခြင်း | ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် အခွန်ရုံးမှ တွက်ချက် စည်းကြပ် သည့်စနစ် (OAS) မှ တိကျခိုင်မာသော လမ်းညွှန်ချက်များအတိုင်း လိုက် နာလျက် အခွန်ထမ်းကိုယ်တိုင် မိမိ ပေးဆောင် ရမည့်အခွန်ကို ကိုယ် တိုင်တွက် ချက်စည်းကြပ်သည့်စနစ် (SAS) သို့ပြောင်းလဲခြင်း၊ သွယ် ဝိုက်ခွန်ပုံစံဖြစ်သော တန်ဖိုးမြင့်ခွန်စနစ်ကို စတင်ကျင့်သုံးခြင်း နှင့် အခွန်အမှတ်တံဆိပ်ကို နယ်ပယ်ချဲ့ထွင်ကျင့်သုံးခြင်း။ |
| ၄ | လုပ်ငန်းစဉ်များနှင့်လုပ်ထုံးလုပ်နည်းများကို အစီအစဉ်တကျဖြစ်စေပြီး ရိုးရှင်းအောင် ပြုလုပ်ရန် နှင့် နည်းပညာ ကိုအပြည့်အဝ အသုံးချခြင်း | မိမိတို့အနေဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြန်လည်သုံးသပ်ပြီး အခွန် စီမံအုပ်ချုပ်မှု လုပ်ငန်း နယ်ပယ်အားလုံးတွင် နည်းပညာကို အသုံးပြု သွားမည်။ ဆက်သွယ်ရေးနည်းပညာကိုလည်း အခွန်စီမံခန့်ခွဲမှုလုပ်ငန်း ဆောင်ရွက်လျက် အခြေအနေတစ်ခုလုံးအတွက် အထောက်အကူဖြစ် စေရန် စတင်အသုံးပြုခြင်း။ |
| ၅ | | မိမိတို့အနေဖြင့် စနစ်အရသော်လည်းကောင်း၊ ကဏ္ဍအလိုက်သော် လည်းကောင်း၊ ဖြစ်ပေါ်လာသည့် risk များကို စီမံခန့်ခွဲရန်အလို့ငှာ အာရုံစိုက်ပြီး စွမ်းဆောင်ရည်များ တိုးတက်မြင့်တင်ရေး အလေးပေး ဆောင် |

| စဉ် | ရည်မှန်းချက်များ | အကြောင်းအရာ |
|---|---|---|
| | ဆုံးရှုံးနိုင်ခြေ (Risk) များကို ဖြေရှင်းနိုင်ရန်ဝန်ဆောင်မှု နှင့် အရေးယူဆောင်ရွက်ခြင်း နည်းလမ်း များကို မျှတစွာ အသုံးချခြင်း | ရွက်ခြင်း၊ အခွန်ထမ်းနှင့် အခွန်ထမ်း၏ လိုအပ်ချက် များ အပေါ် အခြေခံ၍ အခွန်ထမ်း ဝန်ဆောင်မှု အမျိုးမျိုးကို ဖော်ဆောင်သွားခြင်း၊ အခွန်ဥပဒေများကို လေးစား လိုက်နာခြင်း မရှိသူများအား ထိရောက်စွာ အရေး ယူဆောင်ရွက်ခြင်း။ |
| ၆ | ဝန်ထမ်းများကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ယင်း တို့၏အစွမ်းအစရှိသမျှ အစွမ်းကုန် အသုံးချစေ နိုင်စေခြင်း | လူသားအရင်းအမြစ်ဆိုင်ရာစနစ်များ၊ လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ် နည်းများအားလုံးကို ပြန်လည်သုံးသပ်ပြီး စီမံအုပ်ချုပ်မှုနည်းလမ်း အသစ်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခြင်း၊ ကဏ္ဍအလိုက်၊ လုပ်ငန်း နယ်ပယ် အလိုက်၊ တစ်ဦးချင်းအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအစီ အစဉ်များ ကို ချမှတ်ဖော်ဆောင်ခြင်း။ |
| ၇ | အပြောင်းအလဲများကို စီမံခန့်ခွဲနိုင်စေရန် ခေါင်း ဆောင်မှုနှင့်စီမံအုပ်ချုပ်မှုဆိုင်ရာ အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း | ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မိမိတို့၏စနစ်၊ မိမိတို့၏ ဝန်ထမ်းများနှင့် ဆက်စပ် ပတ်သက် သူများ အပေါ် သက်ရောက်မှုရှိနိုင်မည့် အဆိုပါ သိသာ ထင်ရှားသည့် အပြောင်းအလဲများကို စီမံခန့်ခွဲရန် လို အပ်သည့် စွမ်းဆောင်ရည်များ ဖွံ့ဖြိုးအောင် ဆောင်ရွက် ခြင်း၊ လုပ်ထုံး လုပ်နည်းများ သတ်မှတ် ထားရှိခြင်း၊ မိမိတို့ဝန်ထမ်းများနှင့် အဓိက ဆက်စပ် ပတ်သက် သူများအကြား ချိတ်ဆက် ဆောင်ရွက်မှု ရှိစေရန် လုပ်ငန်းစဉ်များ သတ်မှတ်ထားရှိခြင်း။ |
| ၈ | စီမံအုပ်ချုပ်မှု၏ ကဏ္ဍအားလုံးတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိစေရေး ဆောင်ရွက်ခြင်း | ဌာနတွင်းနှင့် ဌာနပြင်ပအတွက် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုဆိုင်ရာ စနစ်များ တည်ထောင်ခြင်း၊ ယင်း စနစ်ဖြင့် အခွန်စနစ်၏ သမာသမတ် ရှိမှုအပေါ် အများ ပြည်သူ၏ ယုံကြည်ကိုးစားမှုရရှိစေရန် ဆောင်ရွက် ခြင်း။ |

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အကောင်အထည်ဖော် ရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ ချမှတ်ထားသည့် နည်းဗျူဟာများအား အောက်ပါနည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။

ပြုပြင်ပြောင်းလဲရေး လုပ်ငန်းအစီအစဉ်တစ်ခုလုံးကို ပြည်တွင်းအခွန်များဦးစီးဌာနက စီမံ ဦးဆောင် သွားရန်၊

- ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အဖွဲ့အစည်း၏ စွမ်းဆောင်ရည်နှင့် အပြောင်းအလဲအတွက် အဆင်သင့်ဖြစ်မှုနှင့်အညီ စဉ်ဆက်မပြတ်တိုးတက်မှုရှိစေရန် အ ကောင်အထည်ဖော်ဆောင်ရွက်ရန်၊

- ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ပြည်တွင်းအခွန် များဦးစီးဌာနတစ်ခုလုံးတွင် ဖော်ဆောင်ခြင်းမပြုမီ ကနဦးအနေဖြင့် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန်

- ဆောင်ရွက်ပုံနည်းလမ်းအသစ်များကို ဖော်ဆောင်နိုင် စေရန်လည်းကောင်း၊ ဌာနကိုဦးဆောင် လမ်းညွှန်မှုပေးနိုင်စေရန်လည်းကောင်း ရုံးချုပ်ကို ပြန်လည်ပြင် ဆင်ဖွဲ့စည်းဆောင်ရွက်ရန်

- ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင်နိုင်ငံတကာမှ အကောင်းဆုံးလုပ်နည်းလုပ်ဟန်များကို မြန်မာ့ ရေမြေသဘာဝနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ပြီး အသုံးချရန်

- စီမံချက်နှင့် လုပ်ငန်းအားလုံးကို အစီအစဉ်ချမှတ် ဆောင်ရွက်သွားရန်

- လုပ်ငန်းအားလုံးတွင် စီမံချက် စီမံခန့်ခွဲမှုဆိုင်ရာ စည်း မျဉ်းများကို အသုံးပြုလျက် တည်ဆဲဥပဒေများနှင့် ညီညွတ်အောင်ဆောင်ရွက်ရန်

- သင်ခန်းစာများထုတ်ယူရရှိစေရန် အလို့ငှာ စီမံချက် အားလုံးအပေါ် လုပ်ငန်းပြီးစီးသည်နှင့် အကောင်အထည်ဖော်မှုပြီးနောက် ပြန်လည်သုံးသပ်ခြင်း ပြုလုပ် သွားရန်

၃.၅.၃။ ပြည်တွင်းအခွန်များဦးစီးဌာန၏ ဒုတိယအဆင့် အခွန်ဆိုင်ရာ ပြုပြင် ပြောင်းလဲရေး အစီအစဉ် (၂၀၁၇/၁၈ မှ ၂၀၂၁/၂၂)

ပြည်တွင်းအခွန်များဦးစီးဌာနသည် ခေတ်မီသည့် အခွန် ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်သို့ ကူးပြောင်းသည့် လုပ်ငန်းစဉ်ကို ၂၀၁၂ ခုနှစ်တွင် စတင် လုပ်ဆောင်ခဲ့ပါသည်။ အဓိကကျသော အပြောင်းအလဲများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ပြည်တွင်းအခွန်များဦးစီးဌာနရုံးချုပ်ကို လုပ်ဆောင် ချက်အခြေပြုသည့် ဖွဲ့စည်းပုံသို့ ပြောင်းလဲနိုင်ခဲ့ ခြင်း။

- ပြုပြင်ပြောင်းလဲရေးအစီအစဉ် စီမံခန့်ခွဲမှုနည်းစနစ် တစ်ရပ်ကို စတင်မိတ်ဆက်ကျင့်သုံးနိုင်ခဲ့ခြင်း။

- အခွန်အမြင့်မားဆုံးထမ်းဆောင်သည့် အခွန်ထမ်းများ ကို အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့် စနစ်ဖြင့် စီမံခန့်ခွဲနိုင်ရန် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးကို တည် ထောင်နိုင်ခဲ့ခြင်း။

- အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်ကို အခြား အခွန်ထမ်းများထံသို့ ဆက်လက်ချဲ့ထွင်နိုင်ရန် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများအနက် ပထမဦး ဆုံးရုံးအတွက်ကြိုတင်ပြင်ဆင်မှုများ စတင်နေပြီဖြစ်ခြင်း။

- အခွန်မူဝါဒနှင့် ဥပဒေမူဘောင်တွင် ပြင်ဆင် ပြောင်းလဲ မှုများပြု လုပ်ထားခြင်း၊ ယင်းတို့တွင် အထူးကုန်စည်ခွန် ဥပဒေပြဌာန်းခြင်း၊ ပေါင်းစည်းထားသည့် အခွန်ဆိုင်ရာ စီမံ ခန့်ခွဲမှုနှင့် လုပ်ထုံးလုပ်နည်းဥပဒေ (Tax Administration Procedure Law)ကို မူကြမ်း ရေးဆွဲခြင်း၊ ဝင်ငွေခွန်ဥပဒေကို ခေတ်မီအောင် ပြောင်းလဲရန် အဆိုပြုခြင်း။

- အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးကို အထောက်အကူ ပြုနိုင်ရေးအတွက် အသုံးပြုမည့် သတင်းအချက်အလက် နည်းပညာစနစ်တစ်ရပ် (Tax Revenue Management System)ကို အသုံးပြုနိုင်ရန် ရေးဆွဲပြုစုထားခြင်း။

- ပြည်တွင်းအခွန်များဦးစီးဌာနရှိရုံးများကို ကွန်ယက် ချိတ်ဆက်ရန်၊ အီးမေးလ်များ၊ အက်ပလီကေးရှင်းများ အသုံးပြုနိုင်ရန်၊ အချက်အလက်များ အလွယ်တကူပေးပို့ နိုင်ရန် Data Center ထားရှိနိုင်ရေး အကောင်အထည်ဖော်ခြင်းမှာလည်း ပြီးဆုံးတော့မည်ဖြစ်ခြင်း။

- အခွန်ထမ်းများအပေါ် ဝန်ဆောင်မှုပေးသည့် လုပ်ငန်း စဉ်များတွင် ပိုမိုတိုးတက်ကောင်းမွန်လာစေ ခြင်း။

- အခွန်ထမ်းများ၏ လိုက်နာဆောင်ရွက်မှု လုပ်ငန်းစဉ် များအား ပိုမိုတိုးတက်ကောင်းမွန်လာစေခြင်း

- အဂတိလိုက်စားမှုနှိမ်နင်းပပျောက်ရေး လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ခြင်း။

အောက်ဖော်ပြပါ ဇယား (၄၂) သည် IRD ပြင်ဆင်မှုခရီးမှရရှိလာသည့် မဟာဗျူဟာမြောက်ရလဒ်များကို တင်ပြထားပါသည်။

ဇယား ၄၂ - IRD ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏ မဟာဗျူဟာမြောက်ရလဒ်များ

| စဉ်. | ရလဒ်များ | ဖော်ပြချက် |
|---|---|---|
| ၁ | အခွန်ကောက်ခံရရှိမှု အမြင့်မားဆုံးဖြစ်စေရန်၊ | ဥပဒေနှင့် အညီအခွန်ကောက်ခံရရှိမှုကို အမြင့်မားဆုံး အနေအထားရောက်ရှိစေရန်။ အပိုအလိုမရှိ အတိအကျ ဆောင်ရွက်ရန်ဖြစ်ပါသည်။ |
| ၂ | အခွန်အခြေကိုချဲ့ထွင်ရန် | အခွန်စနစ်အတွင်း ပါဝင်သင့်သူများအားလုံး စနစ်အတွင်း ပါဝင်လာအောင် ဆောင်ရွက် ရန်ဖြစ်ပါသည်။ တန်ဖိုးဖြည့် အခွန်ပုံစံ အတွင်းတွင် ပါဝင်သော သွယ်ဝိုက်ခွန်များမှာ အနာဂတ်အခွန်စနစ်၏ သွင်ပြင် လက္ခဏာပင်ဖြစ်ပါ သည်။ |
| ၃ | လိုက်နာဆောင်ရွက်မှု ကိုတိုးတက်စေရန်နှင့် တိုးတက်မှုကို ဆောင်ရွက်ရန် | အခွန်ထမ်းမှယင်းတို့၏ အခွန်ထမ်းဆောင်ရမည့် တာဝန်ကို နားလည်လက်ခံပြီး မိမိတို့ သဘော ဆန္ဒအလျောက် လိုက်နာဆောင်ရွက် လာနိုင်ရေး ဖြစ်ပါသည်။ လိုအပ်ပါကအခြားမိတ်ဖက် အဖွဲ့အစည်းများ နှင့် ညှိနှိုင်း လျက် အခွန်ဥပဒေကို မလိုက်နာပါက အခြားအခွင့် အရေးများ တားမြစ် ကန့်သတ်ထားရန် ကန့်သတ် ညှိနှိုင်း မည်။ နည်းစနစ် များနှင့် လုပ်ငန်း စဉ်များ အားလုံးသည် အခွန်ထမ်းများအားလုံးအပေါ် သာတူ ညီမျှ ဖြစ်စေရန်နှင့်သတင်းအချက်အလက်များအားလုံးကို တန်းတူညီမျှဖြစ် အောင် ပံ့ပိုး ပေးနိုင်ရန်ဖြစ်ပါသည်။တနျးတူညီမှုဖြစျအောငျ ပံ့ပိုး ပေးနိုငျရနျဖွစျပါသညျ။ |
| ၄ | အခွန်စီမံခန့်ခွဲမှုကို ခေတ်မီအောင်ဆောင်ရွက်ရန် | မြန်မာနိုင်ငံ၏လိုအပ်ချက်နှင့် ကိုက်ညီမည့် နည်းပညာ နှင့် အကောင်းဆုံးနိုင်ငံတကာ လုပ်နည်းလုပ်ဟန် များကို အခြေခံ၍ အခွန်စီမံခန့်ခွဲမှုကိုခေတ်မီအောင်ပြုပြင်ပြောင်းလဲနိုင်ရေးဖြစ်ပါသည်။ |

## ရိုးဖြောင့်မှန်ကန်မှုပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံမှု

ရိုးဖြောင့်မှန်ကန်မှုပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ ရှိလာစေရန် ခေတ်မီသည့် အခွန်ဥပဒေများ၊ လူသားရင်းမြစ်စီမံခန့်ခွဲမှုနည်းပညာနှင့် လွယ်ကူချောမွေ့သော လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ စသည့် အစီအစဉ်များစွာဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်များသည် ပြည်တွင်း အခွန်များ ဦးစီး ဌာနတွင်ရင်ဆိုင် နေရသော ရိုးဖြောင့်မှန်ကန်မှုဆိုင်ရာ ကိစ္စရပ်များ အား အကောင်အထည်ဖော် ဆောင်ရွက် ရာတွင် အချိန်မီပြီးမြောက် အောင်မြင်စေပေလိမ့်မည်။ သို့သော်လည်း ဌာနတွင်း စာရင်း စစ်ဆေးခြင်း၏ အာရုံစိုက်မှုနယ်ပယ်ကို ပိုမို ကျယ်ပြန့် စေခြင်းနှင့် ဌာနတွင်းရေးရာ ရုံးကို တည်ထောင်ခြင်းသည် ဦးစီး ဌာန၏ လုပ်ငန်းဆောင်ရွက်မှု များတွင် ရိုးဖြောင့် မှန်ကန် မှုရှိလာစေရန် ဆောင်ရွက်ရမည့် လက်တွေ့ ကျသော ခြေလှမ်းများဖြစ်ပါသည်။ ၂၀၂၂တွင် ပြည့်မီရန်ခန့်မှန်းထားသော ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

- ဌာနတွင်း စာရင်းစစ်ဌာနခွဲကို တည်ထောင်ထားပြီး စာရင်းအင်းများနှင့် လုပ်ငန်းဆောင်ရွက် မှုဆိုင်ရာ လုပ်ထုံး လုပ်နည်းများခိုင်မာမှန်ကန်မှုရှိစေရန်နှင့် လုပ်ငန်းဆိုင်ရာ စွန့်စားရမှုများကို စီမံခန့်ခွဲပြီး အာရုံစိုက် လုပ်ဆောင်လျက် ရှိခြင်း။

- ဌာနတွင်းရေးရာရုံးကိုတည်ထောင်ထားပြီး အဂတိလိုက်စားသည့် အပြုအမူများကိုသတ်မှတ် ဖော်ထုတ်၊ အရေး ယူဆောင်ရွက်လျက်ရှိခြင်း။

- အဂတိလိုက်စားသည့်အပြုအမူများဖြစ်ပေါ်စေမည့်အခွင့်အလမ်းများကို လျှော့ချနိုင်ရေးလုပ်ငန်း တာဝန်များကိုခွဲခြားထားခြင်း။

- ရိုးဖြောင့်မှန်ကန်မှုအပေါ် အများပြည်သူ၏ အမြင်များ ပိုမိုတိုးတက်ကောင်းမွန်လာခြင်း။

- လုပ်ငန်းဆောင်ရွက်မှုနယ်ပယ်မှ လုပ်ဆောင်ချက်များကို သဘောတူညီထားပြီးဖြစ်သည့် အဓိကစွမ်းဆောင်ရည် အညွှန်းကိန်းများဖြင့်တိုင်းတာခြင်း။

- အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အဓိကကျသည့် အခွန်ဆိုင်ရာ လုပ်ဆောင်ချက်များကို စောင့်ကြည့်လေ့လာ ခြင်း။

- အခွန်ထမ်းပဋိညာဉ်နှင့် ဝန်ထမ်းကျင့်ဝတ်များ တည်ရှိနေခြင်း။

**<u>ခေတ်မီသောအခွန်ဥပဒေများ</u>**

အခွန်စည်းကြပ်သည့်စနစ်ကို အထောက်အကူပြုစေရန် အခွန်ဥပဒေများကို ခေတ်နှင့်အညီ ပြင်ဆင်ဖြည့်စွက်ပြောင်း လဲရန်လိုအပ်ပါသည်။ ဥပဒေများသည် အခွန်ထမ်း များအား ယင်းတို့၏အခွန် ဆိုင်ရာတာဝန်ဝတ္တရားများနှင့် လိုက်နာဆောင်ရွက်ရန် တာဝန်များကို နားလည်စေရန် အထောက်အကူ ပြုပေးဖို့လိုအပ်ပါသည်။ ဥပဒေအရထမ်း ဆောင်ရန်တာဝန်ရှိသည့်အခွန်များကို ကောက်ခံနိုင်ခွင့်ရှိစေရန် ဥပဒေများက ခွင့်ပြုပေးရပါမည်။ တစ်ပုံစံတည်း ဖြစ်စေရန် ပေါင်းစည်းထားသည့် အခွန်ဆိုင် ရာစီမံခန့်ခွဲမှုနှင့် လုပ်ထုံးလုပ်နည်းဥပဒေ၊ ပြန်လည်ပြင်ဆင် ရေးဆွဲထား သည့် ဝင်ငွေခွန်ဥပဒေနှင့် နောင်တွင်ပေါ်ထွက်လာမည့် တန်ဖိုး ဖြည့်အခွန်ဥပဒေများ ပြဋ္ဌာန်းခြင်းသည် မြန်မာနိုင်ငံ ၏ အခွန်စနစ်ကို အမှန်တကယ် ခေတ်မီလာစေမည်ဖြစ်သည်။

**၂၀၂၂တွင် ပြည့်မီရန်ခန့်မှန်းထားသော ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။**

- အခွန်စီမံအုပ်ချုပ်မှုနှင့် လုပ်ထုံးလုပ်နည်းများဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ရမည်။
- ဝင်ငွေခွန်ဥပဒေကို ပြန်လည်ရေးဆွဲပြီးဖြစ်ရမည်။
- တန်ဖိုးဖြည့်အခွန်မူဝါဒကို ရေးဆွဲပြီးဖြစ်ရမည်။

လုပ်ဆောင်ချက်အခြေပြုသည့် အခွန်ထမ်းအလွှာအလိုက်ခွဲခြားကိုင်တွယ်သောဖွဲ့စည်းပုံရုံးချုပ်

ခေတ်မီသည့်အခွန်ဌာနများသည် ရုံးချုပ်မှုနိုင်မာသည့် လမ်းညွှန်ချက်နှင့် စီမံခန့်ခွဲမှုကို ရရှိ ကြသည်။ ပြည်တွင်းအခွန်များဦးစီးဌာနရုံးချုပ်ကိုလုပ်ဆောင်ချက် အခြေပြုအဖွဲ့အစည်း အဖြစ် ဖွဲ့စည်းရန် အရေးပါသည့် ပြုပြင်ပြောင်းလဲမှုအချို့ကို ပြုလုပ်ခဲ့ပါသည်။ ဌာနခွဲအသစ်များ သည်ယင်းတို့၏ စွမ်းဆောင်ရည်နှင့် လုပ်ဆောင်နိုင်စွမ်းတိုးတက်ရေးကို တည်ဆောက်လျက် ရှိကြပါသည်။ ရုံးချုပ် တွင် နောက်ထပ်ရုံး/ ဌာနခွဲ အသစ်များကို ထပ်မံ ဖြည့်တင်းသွားမည်ဖြစ်ပြီး လက်ရှိလုပ်ငန်းဆောင်ရွက်မှုများ၏ ရည်မှန်းချက်များကိုပြည့်မီအောင်မြင် ရန် သာမက ဤလုပ်ငန်းအစီအစဉ်တွင် အသေးစိတ်ဖော်ပြထားသည့် အပြောင်း အလဲများကို ဆောင်ကြဉ်ပေးနိုင်ရန် အတွက်ပါ မိမိတို့၏ စီမံခန့်ခွဲမှုကို မြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်တွင် ရရှိရန်မျှော်မှန်းထားသည့်ရလဒ်များ

- ရုံးချုပ်၏ ဖွဲ့စည်းပုံနှင့်စီမံခန့်ခွဲမှုစနစ်များကို ပိုမိုခိုင်မာအားကောင်းအောင် ဆောင်ရွက် ထားခြင်း။

- ရုံးချုပ်တွင် ဒုညွှန်ချုပ် (ပြုပြင်ပြောင်းလဲရေး)၊ ဌာနတွင်းရေးရာ၊ ဆက်သွယ်ရေး၊ ညွှန်ကြားရေးမှူးချုပ် ၏ ရုံးအဖွဲ့၊ စွန့်စားရမှုနှင့် သတင်းထောက်လှမ်းရေးဌာနစသည့် ဌာနခွဲအသစ်များကို တည် ထောင်ခြင်း။

- အခွန်ထမ်းအလွှာများကို တိကျစွာ သတ်မှတ် ဖော်ထုတ်ပြီးခြင်း။

- အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်အား အငယ်စားနှင့်အသေးစား အခွန်ထမ်းများ ကျင့်သုံးနိုင်ရေးအတွက် အဆိုပြုချက်ကို ရေးဆွဲ ပြုစုပြီးခြင်း။

ရန်ကုန်မြို့တွင် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးကို တည်ထောင်ထားပါသည်။ အဆိုပါရုံးသည် အခွန်အမြင့်မားဆုံး ထမ်းဆောင်သည့် ကုမ္ပဏီကြီးများအပေါ် အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်ကို စတင်ကျင့်သုံး အကောင်အထည်ဖော်ရန်အတွက် လမ်းခင်းပေးလိုက်ခြင်း ဖြစ်ပါသည်။အခွန်ဥပဒေများကို ကျင့်သုံးဆောင်ရွက် နိုင်ရန် လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်း အသစ်များကိုလည်း ပြုစုဖော်ထုတ်ထားပြီး ဖြစ်ပါသည်။ ယင်းတို့သည် မကြာမီ အခွန်ထမ်း ကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်ဖြင့် စတင်လည်ပတ် ဆောင်ရွက်တော့မည်ဖြစ်သည့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးအတွက် အခြေခံတစ်ရပ် ဖြစ်လာမည် ဖြစ်ပါ သည်။ သို့သော်လည်း အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးသည် ကာလတစ်ခုအကြာတွင် မြန်မာနိုင်ငံရှိ အခွန်အမြင့်မားဆုံး ထမ်းဆောင် သည့်အခွန်ထမ်းများအတွက် အခွန်ဆိုင်ရာပေးရန် တာဝန်အလုံးစုံကိုတာဝန်ယူဆောင်ရွက်နိုင်သည့် အဖွဲ့အစည်း တစ်ခုဖြစ်လာရန်လိုအပ်ပါ သည်။

၂၀၂၂ခုနှစ်တွင် ရရှိရန် မျှော်မှန်းထားသည့် ရလဒ်များ

အခွန်ထမ်းကြီးများအားလုံးကို အဓိကကျသည့် အခွန်အမျိုးအစားအားလုံးအတွက် စီမံခန့်ခွဲနိုင်စေရန် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးကို ပိုမိုနိုင်မာအားကောင်း အောင် ဆောင်ရွက်ထားခြင်း။

**အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (Medium taxpayer office)**

အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးလုပ်ငန်းများ၏ အောင်မြင်မှုအပေါ်အခြေပြုကာ အလယ်အလတ်စားအခွန်ထမ်းများဆိုင်ရာ အခွန်ရုံးကိုတည်ထောင်နေသည်။ အလယျအလတျအခှနျထမျး မြားဆိုငျရာအခှနျရုံး မြားထဲမှပထမရုံးအနေဖြင့် ၂၀၁၇-၂၀၁၈ အခွန်စည်းကြပ်သည့်နှစ် (၂၀၁၆-၂၀၁၇ ဝင်ငွေနှစ်)များအတွက် LTO ရုံးကဲ့သို့အခြေခံနည်းလမ်းကို အခြေပြု၍ အခွန်ကြေငြာလွှာများကိုစတင်ဆန်းစစ်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် ပြည့်မီရန်ခန့်မှန်းထားသော ရည်မှန်းချက်များ မှာ အောက်ပါအတိုင်းဖြစ်သည်။

- အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး ရန်ကုန်၊ မန္တလေးနှင့် အခြားအဓိကနေရာများတွင် လုပ်ငန်းကောင်းမွန်စွာ လည်ပတ်နေပြီးဖြစ်ရမည်။

**ခေတ်မီသော အခွန်စီမံခန့်ခွဲမှုစနစ်များ၏ အဓိက အင်္ဂါရပ် တစ်ခုမှာ အခွန်ထမ်းကိုယ်တိုင်ထိရောက်သောပြောင်းလဲမှုကို စီမံခန့်ခွဲခြင်း**

ရှေ့ဆက်လက်ဆောင်ရွက်သွားသည့်အခါတွင် ပြည်တွင်းအခွန် များဦးစီးဌာန၏ ရိုးသားဖြောင့်မတ်မှုအတွက် ချမှတ်ထားသော ပြောင်းလဲမှုများကို စနစ်တကျနှင့်မှန်ကန်စွာ အချိန်မီ ဆောင်ရွက်သွားရန် အလွန်အရေးကြီးသည်။

၂၀၂၂ ခုနှစ်တွင် ပြည့်မီရန်ခန့်မှန်းထားသော ရည်မှန်းချက် များမှာ အော်ပါအတိုင်းဖြစ်သည်။

- ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ၊ လုပ်ငန်း ဆောင်ရွက် ခြင်းဆိုင်ရာအစီအစဉ်နှင့် အဓိက စွမ်းဆောင်ရည်ညွှန်း ကိန်းများသည် လိုအပ်နေသည့် ပြောင်းလဲမှုများကို ထင်ဟပ်နေသည်။
  - တိုးတက်မှုအားစောင့်ကြည့်၍ ခိုင်မာသည့် ဆုံးဖြတ်ချက် များချမှတ် အသုံးပြုနိုင်ခြင်း။
  - ဂန်ထမ်းများနှင့် အဓိကဆက်စပ်ပတ်သက်သူများ (လွှတ်တော်ကိုယ်စားလှယ်များ၊ အခွန်အေးဂျင့်များနှင့် အခွန်ထမ်းပြည်သူများ) အားကူညီပေးရန် တိုးတက်မှုကို စောင့်ကြည့်လေ့လာ၍ အသုံးပြုသည်။

## လူထုနှင့်လူ့စွမ်းအားအရင်းအမြစ်

လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးသည် အဓိက အာရုံစိုက် ရမည့်အပိုင်းဖြစ်သည်။ ပြည်တွင်းအခွန်များဦးစီးဌာန အနေဖြင့် ပို၍ခေတ်မီသောအခွန်စီမံအုပ်ချုပ်ရေး ဖြစ်လာသည်နှင့်အမျှ ဂန်ထမ်းများ၏ လိုအပ်ချက်များနှင့် စွမ်းဆောင်ရည်များသည် လည်းပြောင်းလဲသွားမည်ဖြစ်သည်။ ဂန်ထမ်းသစ်များကို ခန့်အပ်ခြင်း၊ ရှိပြီး သားဂန်ထမ်းများ၏ အရည်အသွေးကို ဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် ပြည်တွင်းအခွန်များဦးစီး ဌာနဂန်ထမ်းများ၏ အခန်းကဏ္ဍများ၊ တာဂန်များနှင့်ပတ်သက်၍ မျှော်မှန်းချက်များအား ရှင်းလင်းစွာ ဖော်ပြ ပေးခြင်းသည် နောက် တစ်ဆင့်သို့သွားမည့် ပြုပြင်ပြောင်းလဲရေးအတွက် အလွန် အရေးကြီးသော အပိုင်းများ ဖြစ်ကြသည်။

၂၀၂၂တွင် ပြည့်မီရန်ခန့်မှန်းထားသော ရည်မှန်းချက်များ မှာ အောက်ပါအတိုင်းဖြစ်သည်။

- ကျွမ်းကျင်ဝန်ထမ်းများအား ရာဖွေခန့်ထားရန်နှင့် ထိန်းသိမ်း ထားရန် လူသားရင်းမြစ်ဆိုင်ရာ မဟာဗျူဟာ၊ သင့်လျော်သည့် လုပ်ခလစာမူဝါဒများနှင့် အဂတိလိုက်စားမှုကိုလျှော့ချရန် လုပ်နည်းလုပ်ဟန်များကို ပြုစု ဖော်ထုတ်ပြီး အကောင်အထည်ဖော်ခြင်း။
- ဝန်ထမ်းအင်အားဆိုင်ရာ ကြိုတင်စီမံချက်ရေးဆွဲခြင်းနှင့် လေ့ကျင့်သင်ကြားပေးရေးအစီအစဉ်များ အသင့် ရှိနေခြင်း။

## အဆင်ပြေလွယ်ကူချောမွေ့သည့်လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် စာရွက်စာတမ်းကိုအခြေခံသည့် လုပ်ငန်းစဉ်များအစား နည်းပညာမှ ပေးလာသည့် အခွင့်အလမ်းများအားလုံးကို ပြည်တွင်းအခွန်များဦးစီးဌာန အတွက်ထိရောက်စွာ အသုံးချ နိုင်ရန်လိုအပ်သည်။ လုပ်ငန်းစဉ် များကိုရိုးရှင်းလွယ်ကူ၍ ချောမွေ့စွာဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်း အခွန်များဦးစီးဌာန အနေဖြင့်ပို၍အကျိုးရှိမည့် အလုပ်များကို လုပ်နိုင်ပြီး ၎င်း၏ဂန်ဆောင်မှုလုပ်ငန်းများ သည်လည်း ထိရောက်၍ အကျိုးရှိပေလိမ့်မည်။

၂၀၂၂ ခုနှစ်တွင် ပြည့်မီရန်မျှော်မှန်းထားသည့် ရည်မှန်း ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- အဓိကလုပ်ငန်းဆောင်ရွက်မှုနယ်ပယ်များတွင် စွမ်းဆောင်ရည် ပြည့်ဝလာခြင်း - အခွန်ထမ်းဝန်ဆောင်မှုရုံး များကို တည်ထောင်ထားခြင်း။ တစ်နေရာတည်းတွင် အချက်အလက်များ စုစည်း ထည့်သွင်းရေးအဖွဲ့နှင့် အထူးသဖြင့် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများရှိ တယ်လီဖုန်းဖြင့်ဝန်ဆောင်မှုပေးရေးအဖွဲ့တို့အတွက် အသင့်ရှိနေ ခြင်း။
- လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများဖြင့် ကောင်းမွန်သည့် နိုင်ငံတကာအတွေ့အကြုံများ ရရှိလာနိုင်ပြီး နည်းပညာကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်လာစေခြင်း။
- ရုံးချုပ်မှ အတည်ပြုပြဌာန်းထားသော လုပ်ငန်းစဉ်များဖြင့် လိုက်နာဆောင်ရွက်မှုစွမ်းရည်ကို ထိန်းသိမ်း စောင့်ကြပ်ခြင်း။

## ဆုံးရှုံးနိုင်ခြေ (Risk) ကို အခြေခံသည့် ဂန်ဆောင်မှုနှင့် အခွန်ထမ်းများအနေဖြင့် လိုက်နာဆောင်ရွက်စေရန် အရေးယူဆောင်ရွက်ခြင်း

အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ်ကို အထောက်အကူပြု ရန်မှန်မှန်ကန်ကန်ဆောင်ရွက်လိုသည့် အခွန်ထမ်းများအား ပညာ ပေးခြင်းနှင့် ဥပဒေဆိုင်ရာ တာဝန်များနှင့်အညီ လိုက်နာ ဆောင်ရွက်ခြင်း မရှိ သည့်အခွန်ထမ်းများအား ထိရောက်စွာ အရေးယူခြင်းတို့လိုအပ်ပါသည်။ လိုက်နာဆောင်ရွက်မှု အားကောင်း လာစေရေးအတွက် ဝန်ဆောင်မှုနှင့် အရေးယူ ဆောင်ရွက်မှုတို့အကြား ဘက်ညီမျှတစွာ ဆောင် ရွက်ရန်လိုအပ်ပြီး ယင်းသည် အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ်၏ အဓိကသွင်ပြင် လက္ခဏာ တစ်ရပ်ဖြစ်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနက တိုက်ရိုက် ရရှိထားသည့် အချက်အလက်များနှင့် တတိယအဖွဲ့အစည်းများမှ

ရရှိထားသည့် အချက်အလက်များအား ပိုင်းခြားသုံးသပ်ခြင်းပေါ် အခြေခံထားသည့် လိုက်နာ ဆောင်ရွက်မှုတိုးတက် ကောင်းမွန်စေ ရေးမဟာဗျူဟာတစ်ရပ်သည် မိမိတို့၏ ဝန်ဆောင်မှုနှင့် အရေးယူဆောင်ရွက်မှု မဟာဗျူဟာများကို လမ်းညွှန်ထိန်းကျောင်းပေးမည်ဖြစ်ပါသည်။

၂၀၂၂ခုနှစ်တွင် ပြည့်မီရန်မျှော်မှန်းထားသည့် ရည်မှန်းချက် များမှာအောက်ပါအတိုင်းဖြစ်သည်။

စွန့်စားရမှု (တိကျသည့် အချက်အလက်များအပေါ် အခြေပြု ထားသည့်) အခြေပြု သည့်လိုက်နာထမ်းဆောင်မှု တိုးတက်ကောင်းမွန် စေရေးမဟာဗျူဟာများကို အသုံးပြုခြင်းဖြင့် ကိုယ်တိုင်စည်းကြပ် သည့် အခွန်ထမ်း များအတွက် ကြေညာလွှာ အချိန်မီတင်သွင်းခြင်း၊ အချိန်မီပေးဆောင်ခြင်းနှင့် အခွန်ဆိုင်ရာပေးရန် တာဝန်များကို တိကျစွာအစီရင်ခံတင်ပြခြင်းတို့ကို ပိုမိုကောင်းမွန်စေခြင်း။

## နည်းပညာ

နည်းပညာတိုးတက်မှုများသည်လည်း ပြုပြင်ပြောင်းလဲရေးခရီး စဉ်၏ ဒုတိယအဆင့်အတွက် အဓိက အင်္ဂါရပ်တစ်ခုဖြစ်ပေသည်။ သတင်းအချက်အလက်စင်တာ အကောင်အထည်ဖော် ဆောင်ခြင်းနှင့် ကွန်ပျူတာများကို ကွန်ယက်ချိတ်ဆက်ခြင်း တို့ကြောင့် ဝန်ထမ်းများအနေဖြင့် ဌာနတွင်း (name@ird .gov. mm) ကိုအသုံးပြုနိုင်ပြီး စာရွက်စာတမ်းများမျှဝေခြင်းနှင့် အီးမေးလ် စနစ်ဖြင့်ဆက်သွယ်နိုင်ခြင်း၊တို့ကို ဆောင်ရွက်နိုင်ပေမည်။ ခေတ်မီ အခွန်စီမံခန့်ခွဲမှုစနစ် (INTEGRATED TAX ADMINISTRATION SYSTEM) ကို အကောင်အထည် ဖော်ခြင်းဖြင့် အခွန်ထမ်း မှတ်ပုံတင်ရန်၊ စိစစ်ဆောင်ရွက်ရန်၊ စာရင်းအင်းထားရှိရန်နှင့် အမှုတွဲများ ကိုင်တွယ် လုပ်ဆောင်ရန် နည်းလမ်းတစ်ခု ပေါ်ထွက် လာမည်ဖြစ်ပါသည်။

၂၀၂၂ခုနှစ်တွင် ပြည့်မီရန်မျှော်မှန်းထားသည့် ရည်မှန်းချက် များမှာအောက်ပါအတိုင်းဖြစ်သည်။

- အဓိကကျသည့်နေရာများ (နေပြည်တော်ရုံးချုပ်၊ ရန်ကုန်၊ မန္တလေး)တွင် ခေတ်မီအခွန်စီမံခန့်ခွဲမှုစနစ် (ITAS) လည်ပတ် လုပ်ဆောင်နေခြင်း။
- အီလက်ထရောနစ်ဝန်ဆောင်မှုအသစ်များအား ပြင်ဆင်ပြောင်းလဲ ထားခြင်း- (ပြည်တွင်းအခွန်များဦးစီးဌာန၏ အင်ထရာနက်နှင့် အီးမေးလ်ဒိုမိန်း၊ ဝက်ဘ်ဆိုက်၊ တယ်လီဖုန်းဝန်ဆောင်မှုများ၊ အခွန်ထမ်းကြီး များနှင့် အလယ်အလတ်အခွန်ထမ်းများအတွက် အီလက်ထရောနစ်နည်းလမ်းဖြင့် ကြေညာလွှာတင်သွင်းခြင်း၊ အခွန်ပေးဆောင်ခြင်းတို့ကို မဖြစ်မနေဆောင်ရွက်ရန် သတ်မှတ် ခြင်း။

အသစ်နှင့် အချိန်နှင့်တပြေးညီ အချက်အလက်သစ်များကို ပြုပြင်မွမ်းမံထားသည့် အီလက်ထရောနစ် ဝန်ဆောင်မှုများ- ပြည်တွင်းအခွန်များဦးစီးဌာနတွင်း အင်ထရာနက် နှင့် Email Domain၊ ဝက်ဘ်ဆိုဒ်၊ ဖုန်းဝင်ဆောင်မှုများ၊ e-File နှင့်E–Pay တို့ကို အကြီးစား အခွန်ထမ်းကြီးများနှင့် အလယ်အလတ် အခွန်ထမ်းများအတွက် လုပ်ဆောင်ပြီးဖြစ်ရမည်။

**အခွန်ထမ်းများကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်**

ခေတ်မီသည့် အခွန်ဆိုင်ရာစီမံခန့်ခွဲမှု၏ အဓိကသွင်ပြင်လက္ခဏာ တစ်ရပ်မှာ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်သို့ ကူးပြောင်းခြင်းဖြစ်ပါသည်။ယင်းစနစ်ကို အခွန်ထမ်းကြီးများ ဆိုင်ရာအခွန်ရုံးတွင် စတင်ကျင့်သုံးခဲ့ပြီး အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများအနက် ပထမဆုံးရုံးသို့ တိုးချဲ့ ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ အနာဂတ်တွင်ကျင့်သုံးမည့် တန်ဖိုးဖြည့်အခွန်စနစ်သည် အခွန်ထမ်းကိုယ်တိုင် အခွန် စည်းကြပ်သည့်စနစ်အပေါ် အခွန်ရုံး၏ စီမံခန့်ခွဲနိုင်စွမ်းနှင့် ကောင်းမွန် သည့်သတင်း အချက်အလက် နည်းပညာစနစ်တစ်ရပ် တို့အပေါ်၌ မူတည်နေမည်ဖြစ်ပါသည်။

၂၀၂၂ ခုနှစ် တွင် ပြည့်မီရန်မျှော်မှန်းထားသည့် ရည်မှန်း ချက်များမှာအောက်ပါအတိုင်းဖြစ်သည်။

- ကိုယ်တိုင်စည်းကြပ်သည့် အခွန်ထမ်းများထံမှ ကောက်ခံရရှိမှု သည် စုစုပေါင်းအခွန်ကောက်ခံရရှိမှု၏ ၈၀ မှ ၉၀ ရာခိုင်နှုန်း ထိရှိလာခြင်း။

- မီဒီယာ (သတင်းစာစောင်များနှင့်ဂက်ဘ်ဆိုဒ်) တွင် ယခုထက် ပို၍အများပြည်သူဆိုင်ရာ သတင်းအချက်အလက် များကို အလွယ်တကူရရှိနိုင်မည်။

## ၃.၅.၄ ။ အကောက်ခွန်ပြုပြင် ပြောင်းလဲရေး နှင့် ခေတ်မီဆန်းသစ်အောင်ဆောင်ရွက်ခြင်း မဟာဗျူဟာ (CRMS) ၂၀၁၇/၂၀၂၁

မြန်မာ့အကောက်ခွန်ဦးစီးဌာနအနေဖြင့် ယင်းတို့၏ မျော်မှန်းချက်များနှင့် တာဝန်များကို ပြည့်ဝစွာ ထမ်းဆောင်နိုင်စေရန်နှင့် နိုင်ငံတော်အတွက် မျော်မှန်းသည့်ရလဒ်များရရှိရန်ဆောင်ရွက်ရာတွင် တစ်ဘက်တစ်လမ်းမှအထောက်အပံ့ဖြစ်စေရန် လမ်းညွှန်မှုပေးနိုင်ရန် ခေါင်းစဉ်ပါ ပြုပြင်ပြောင်းလဲရေး နှင့် ခေတ်မီဆန်းသစ်အောင်ဆောင်ရွက်ခြင်း မဟာဗျူဟာကို ရည်ရွယ်သည်။ မဟာဗျူဟာသည် ဦးစီးဌာနမှတာဝန်ရှိသော လုပ်ငန်းတာဝန်များအားလုံးတွင် စနစ်များ၊ အရင်းမြစ်များ၊ အလုပ်လုပ်ကိုင်ပုံ နည်းလမ်းများကို ခေတ်မီဆန်းသစ်စေခြင်းဖြင့် အဖွဲ့အစည်းတစ်ခုလုံး၏ စွမ်းဆောင်ရည်အား တစ်ဖြည်းဖြည်းတစ်စစတိုးတက်လာစေမည်။ ၎င်းမှာ ဖြောင့်မတ်မှန်ကန်မှုနှင့် အများပြည်သူအတွက် ဝန်ဆောင်မှုတို့တွင် အဆင့်အမြင့်ဆုံးစံနှုန်းများနှင့် လုပ်ကိုင်မည့်၊ ကောင်းမွန်စွာ လေ့ကျင့်သင်ကြားပေးထားပြီး လိုက်လျောညီထွေရှိသည့် လုပ်သားအင်အားဖြင့် သာလျင်ရရှိနိုင်မည်။ ဤမဟာ ဗျူဟာသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးရည်မှန်းချက်များကို ထင်ဟပ်နေပြီး သက်ဆိုင်ဆက်စပ်နေသည့် ဥပဒေမူဘောင်များနှင့်လည်းကိုက်ညီသည်။
မဟာဗျူဟာနှင့် မဟာဗျူဟာဆိုင်ရာ လုပ်ငန်းစီမံချက်ကို နှစ်ခုတွဲလျက် မြန်မာအကောက်ခွန်ဦးစီးဌာန အနေဖြင့် အောက်ပါတို့ကိုဆောင်ရွက်နိုင်ပေလိမ့်မည်။

- အခွန်များကောက်ခံရာတွင် ပိုမိုကောင်းမွန်စေခြင်းနှင့် အခွန်ရှောင်ခြင်း၊ အခွန်ဘဏ္ဍာငွေများ ဆုံးရှုံးခြင်းတို့ကို တားဆီးကာကွယ်ရန်၊ ထိရောက်သောဘဏ္ဍာရေးထိန်းချုပ်မှုစနစ်များကို ဆောင်ရွက် နေစဉ်တွင် ကုန်သွယ်ရေးကိုပိုမို လွယ်ကူစေသည့်နည်းလမ်းများကို စတင်လုပ် ဆောင်ခြင်းဖြင့် အခွန်အကောက်များကောက်ခံခြင်းနှင့် အခွန်ဘဏ္ဍာများ ဆုံးရှုံးခြင်း တို့ကို တားဆီးကာကွယ်ရန်။
- တားမြစ်ထားသောသို့ ကန့်သတ်ထားသော ကုန်ပစ္စည်းများကို မှောင်ခိုကူးခြင်းမှ တားဆီးကာကွယ် ရန်။
- နိုင်ငံတကာစံနှုန်းများနှင့် အကောင်းဆုံးသော လုပ်ထုံးလုပ်နည်းများနှင့်ကိုက်ညီစေရန် အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်ကိုက်ညီစေရန်။
- အကောက်ခွန်လုပ်ထုံးလုပ်နည်းများကိုခေတ်မီအောင်ဆောင်ရွက်ခြင်းနှင့် စံအဖြစ်ဆောင်ရွက် ရန်။
- ပြည်ပကုန်သွယ်မှုအပေါ် စာရင်းအင်းပြုစုနိုင်ရန် အချက်အလက်များကောက်ခံခြင်း၊
- အခြားသောအကောက်ခွန်ဆိုင်ရာ စီမံခန့်ခွဲရေးဌာနများနှင့် ဥပဒေအရေးယူ ဆောင်ရွက်မည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။
- အကောက်ခွန်အမှုထမ်းအရာထမ်းများ၏ ရိုးသားဖြောင့်မတ်မှုကိုမြှင့်တင်ခြင်း၊ ပိုမိုကောင်းမွန် အောင်ဆောင်ရွက်ခြင်းအားဖြင့် ပြည်သူ့ယုံကြည်မှုကို မြှင့်တင်ရန်ဖြစ်သည်။

အောက်ပါ ဇယား ၄၃ မှ အကောက်ခွန်ပြုပြင် ပြောင်းလဲရေး နှင့် ခေတ်မီဆန်းသစ်အောင်ဆောင်ရွက်ခြင်း မဟာဗျူဟာ (CRMS)၏ အဓိကဧရိယာများနှင့် မဟာဗျူဟာမြောက်ရည်ရွယ်ချက်များကို ဖော်ပြ ထားသည်။

**ဇယား (၄၃) - CRMS ၏အထူးပြုဖရိယာ နှင့် မဟာဗျူဟာရည်ရွယ်ချက်များ**

| စဉ် | အဓိကရေးရာ | မဟာဗျူဟာမြောက်ရည်ရွယ်ချက် |
|---|---|---|
| ၁ | ခေတ်မီနိုင်ငံတကာ အကောက်ခွန်လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ဆောင်ရန် | • ပြန်လည်ပြင်ဆင်ထားသည့် တိုကျိုကွန်ဗန်းရှင်းပါ စံနှုန်းများကို လိုက်နာဆောင်ရွက်မှုရှိရန်<br>• Authorized Economic Operator Scheme ကိုစတင်မိတ်ဆက်ရန်<br>• အကောက်ခွန်ရှင်းလင်းရေးနောက်ပိုင်း စာရင်းစစ်ခြင်း (Post Clearance Audit) ကိုစတင်ဆောင်ရွက်ရန်<br>• အကောက်ခွန်ထိန်းချုပ်သည့် နေရာများအားလုံးတွင် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲဆိုင်ရာ ဘက်စုံလွှမ်းခြုံသည့် ရှေ့နောက်ညီပြီး တသမတ်တည်းဖြစ်သော စနစ်တစ်ခုကို ရေးဆွဲပြီး လိုက်နာကျင့်သုံးရန်<br>• တားဆီးကာကွယ်ခြင်း၊ဟန့်တားခြင်း၊ စုံစမ်းစစ်ဆေးခြင်း နှင့် အရေးယူဆောင်ရွက်ခြင်းတို့ကို ထိရောက်သောစနစ်တစ်ခုဖြင့် စတင်ဆောင်ရွက်ရန်<br>• ပြည်ပမှတင်သွင်းလာသည့်ကုန်စည်များ၏ တန်ဖိုးသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း၏ တန်ဖိုးဖြတ်ရေးသဘောတူညီချက်နှင့် အပြည့်အဝနှင့် တသမတ်တည်း ကိုက်ညီမှုရှိစေရန် ထိန်းချုပ်မှုများကို ဆောင်ရွက်ရန်။<br>• WTO ကုန်သွယ်ရေးအဆင်ပြေချောမွေ့အောင် ပံ့ပိုးကူညီရေးသဘောတူညီချက် (WTO Trade Facilitation Agreement) တွင်ပါဝင်သည့်အကောက်ခွန်စံနှုန်းများကို ပြည့်မီရန်၊<br>• အကောက်ခွန်ပစ္စည်းသိုလှောင်ရေး ခေတ်မီသောစနစ်တစ်ခုကို ရေးဆွဲ၍စတင်ရန် |
| ၂ | ခေတ်မီသော ကွန်ပြူတာနည်းပညာဝန်းကျင် တစ်ခုကို တည်ဆောက်ရန် | • ဌာနတွင်းကွန်ပြူတာ (IT) ဌာနခွဲတစ်ခုကို တည်ထောင်ရန် ဝန်ထမ်းများနှင့်လိုအပ်သော စက်ပစ္စည်းများကိုတပ်ဆင်ခြင်း<br>• MACCS နှင့် MCIS တို့စတင်အကောင်အထည်ဖော်ခြင်းကို ဆက်လက်ဆောင်ရွက်ရန်<br>• အမျိုးသားအဆင့် တစ်နေရာတည်းတွင် အကောက်ခွန်ရှင်းလင်းလုပ်ဆောင်ခြင်း (National Single Window) ဖြစ်ပေါ်လာအောင် ဆောင်ရွက်မှုတွင် ပါဝင်ပံ့ပိုးပေးရန်<br>• မြန်မာအကောက်ခွန်ဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ကို အဆင့်မြှင့်တင်ရန်<br>• IT စနစ်အသစ်များနှင့် applications များကိုစတင်တင်ဆက်အသုံးပြုရန်<br>- မြန်မာ့အကောက်ခွန်ဌာနတွင်း ကွန်ရက်တစ်ခုကို တည်ဆောက်ရန် |

| စဉ် | အဓိကဧရိယာ | မဟာဗျူဟာမြောက်ရည်ရွယ်ချက် |
|---|---|---|
| ၃ | ဌာနဆိုင်ရာအဖွဲ့အစည်း ပြုပြင်ပြောင်းလဲရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန် | • ဌာန၏ဖွဲ့စည်းပုံအသစ်ကို စတင်မိတ်ဆက်ရန်နှင့် ဝန်ထမ်းများကို တဖြေးဖြေးစနစ်သစ်ဖြင့်သွားရန်<br>• မဟာဗျူဟာနှင့် ဌာနဖွဲ့စည်းပုံကို ပံ့ပိုးပေးမည့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုစနစ်များနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန်နှင့် စတင်အသုံးပြုရန်။<br>• မဟာဗျူဟာနှင့် ဌာနဖွဲ့စည်းပုံကို ပံ့ပိုးပေးမည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး စနစ်များနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန်နှင့် စတင်အသုံးပြုရန်။<br>- |
| ၄ | ထိရောက်မှုရှိသော ပူးပေါင်းဆောင်ရွက်မှုများကို တည်ထောင်ရန်နှင့် ကောင်းမွန်လာအောင် ထိန်းသိမ်းရန် | • ပုဂ္ဂလိကကဏ္ဍနှင့် ထိရောက်သောဆက်ဆံရေးများကို တည်ဆောက်ရန်<br>- အခြားအစိုးရဌာနများနှင့် အကောက်ခွန်စီမံခန့်ခွဲမှုဌာနများနှင့် ထိရောက်သောပူးပေါင်းဆောင်ရွက်မှုများတည်ထောင်ရန် |

## ၃.၅.၅။ မြန်မာနိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးစီမံကိန်းမူကြမ်း (MSDP)

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီတွင် မြန်မာနိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးစီမံကိန်းမူကြမ်း (MSDP)ကို ထုတ်ပြန်ခဲ့သည်။ MSDPသည် ကမ္ဘာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်း ချက်များ (Sustainable Development Goals- SDGs) နှင့် အခြားသောမြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာနိုင်ငံများအကြား ကတိကဝတ်များကိုအခြေခံထားသည့် အစိုးရ၏ အမျိုးသား ဖွံ့ဖြိုးတိုးတက်မှုမူဝါဒဆိုင်ရာ မူဘောင် တစ်ရပ် အဖြစ်ယူဆသည်။ ၎င်းသည် ပြည်သူ့ရင်းနှီးမြှုပ်နှံမှု အစီအစဉ်(Public Investment Program –PIP) ဟု အများသိကြသော အစပျိုးလုပ်ငန်းသစ်တစ်ရပ်၏ rubric အောက်တွင် အမျိုးသားဖွံ့ဖြိုးမှုလုပ်ငန်းစီမံကိန်းများ အတွက် ယေဘူယျလုပ်ငန်းစီမံကိန်းများ စိစစ်ခြင်းနှင့် ဦးစားပေးဆောင်ရွက်ခြင်းများ ဖွံ့ဖြိုးတိုး တက်မှုနှင့် မဟာဗျူဟာမြောက် ဆက်စပ်လျက် ရှိပါသည်။

MSDPသည် စစ်မှန်ပြီးဘက်စုံလွှမ်းခြုံနိုင်သော ဗိပြင်ထိရောက်အောင်ပြောင်းလဲနိုင် စွမ်းရှိသည့် စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှုမျိုးကိုရရှိနိုင်စေရန် လိုအပ်သောမူဝါဒများနှင့်အဖွဲ့အစည်းများအကြား ပေါင်းစပ် ညှိနိုင်း မှုပေးနိုင်ရန်ရည်ရွယ်သည်။ မြန်မာနိုင်ငံရှိ လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းပေါင်းစုံ၏ လုပ်ငန်းများနှင့် ပါဝင်ပတ်သက်သူများအားလုံးတက်ကြွစွာ ညှိနိုင်းတိုင်ပင်မှုလုပ်ငန်း၏ လုပ်အားရလာဒ် လည်း ဖြစ်သည်။

MOPF သည် MSDP လုပ်ငန်းအကောင်အထည်ဖော်မှုကို ကြီးကြပ်ကွပ်ကဲရာ၌ အဓိက တာဝန်ရှိသော အဖွဲ့အဖြစ်ရပ်တည်လျက် လိုအပ်သောအကောင်အထည်ဖော်မှုပိုင်းဆိုင်ရာ ဖွဲ့စည်း တည်ဆောက်မှုများ၊ ပေါင်းစပ်ညှိနိုင်းမှု မူဘောင်များနှင့် ကြီးကြပ်ကွပ်ကဲမှု လုပ်ငန်းစဉ်များကို ဖန်တီးရာတွင် ကြီးကြပ်ကွပ်ကဲပြီး MSDP အကောင်အထည်ဖော်မှုယူနစ် (MSDP-IU) ကို အခြေခံပေးရန်ဖြစ်သည်။

MSDP သည် မြေယာအုပ်ချုပ်မှုနှင့် ဘဘာဝသယံဇာတရင်းမြစ်ကိုအခြေခံသော စက်မှု လုပ်ငန်းများ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲမှုများတိုးတက်ကောင်းမွန် လာစေရန်လုပ်ငန်းစီမံကိန်း တစ်ရပ် ရေးဆွဲ ဖော်ထုတ်ခဲ့ပါသည်။

၎င်း၏ အကောင်အထည်ဖော်မည့် လုပ်ငန်းရပ်များ၏ အစိတ်အပိုင်းတစ်ခုအဖြစ် EITI လိုအပ် ချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်မှုကို အရှိန်မြှင့်တင်သည့် လုပ်ငန်းပါဝင်သတ် မှတ် ထားပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန (MOI) ဝက်ဘ်ဆိုက်ပေါ်တွင်တွေ့နိုင်သော မြန်မာဖွံ့ဖြိုးရေး ဆိုင်ရာ အကူ အညီမူဝါဒ (Myanmar Development Assistant Policy) ကို MOPF ၏ နိုင်ငံခြား စီးပွားဆက်သွယ် ရေးဦးစီး ဌာနနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီပေါင်းစပ်နိုင်ရေးယူနစ် (Development Assistance Coordination Unit) တို့က ရေးဆွဲထားခြင်းဖြစ်သည်။ MDAP သည် MSDP ၌ ဖော်ပြထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် မူဝါဒ တစ်ရပ်ဖြစ်သည်။

## ၃.၆။ ဘဏ္ဍာရေးအာဏာခွဲဝေပေးခြင်း (Fiscal Devolution)

လက်ရှိအခြေအနေတွင် ပြည်ထောင်စုအစိုးရ၏ ငွေကြေးသုံးစွဲမှုကို ဒေသအလိုက်ထက် ကဏ္ဍအလိုက် ဝန်ကြီးဌာနများအရရသုံးမှန်းခြေငွေစာရင်းတွင်မှတ်တမ်းပြုထားပါသည်။သို့ဖြစ်၍ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုချင်း၏ ပြည်ထောင်စုအစိုးရသုံးစွဲငွေ၏စုစုပေါင်းပမာဏကိုရရှိနိုင်ခြင်းမရှိပါ။[1]

မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများကို၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရေးဆွဲ ဖန်တီး ခဲ့ပြီး၂၀၁၁ ခုနှစ် မတ်လတွင်ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ပြည်နယ်(၇)ခု နှင့်တိုင်း ဒေသကြီး(၇)ခု၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ(၅)ခု၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ပြည်ထောင်စု နယ်မြေ နေပြည်တော်တို့ဖြင့် ဖွဲ့စည်း ထားပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရ အဖွဲ့ကိုဝန်ကြီးချုပ်က ဦးဆောင်ပြီး၊ ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်အဖွဲ့ဝင်များ ၊အမတ်များမှ တင်မြှောက်သည့် သမ္မတက ဝန်ကြီးချုပ် များကိုခန့်အပ်သည့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများအား တူးဖော်ထုတ်လုပ်ရေးကဏ္ဍ များမှ အခွန်ကောက်ယူနိုင်ရန်နှင့်ဥပဒေများပြဌာန်းနိုင်ရန်အာဏာအပ်နှင်းထားသည်။သို့သော်အလွန်သေးငယ်သည့်လုပ် ငန်းများတွင်သာအာဏာကျင့်သုံးနိုင်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးတစ်ခုစီတွင် မြို့နယ်တစ်ခုမှကိုယ်စားလှယ် (၂)ဦးပါဝင်ပြီး ကာကွယ်ရေးဝန်ကြီး ဌာနမှကိုယ်စားလှယ်(၂၅)ရာခိုင်နှုန်း ပါဝင်သော လွှတ်တော်တစ်ခုစီ နှင့် ဝန်ကြီးချုပ် နှင့် အစိုးရအဖွဲ့ တစ်ခုစီ ရှိကြသည်။ ဝန်ကြီးချုပ်ကို သမ္မတကရွေးချယ်ပြီး လွှတ်တော်ကအတည်ပြု သည်။

[1] The deconcentrated channel of funds for states and region departments of union ministries are not presented in national budget documents; the parent union ministry is the primary budget unit, and there is not currently a secondary budget classification that clearly breaks out state/region spending at union level. Together, these factors mean that it is currently very difficult to answer the most basic question about fiscal decentralization: how much of Myanmar's public spending is decentralized, and to what levels?' (Nixon and Joelene, 2014).

ပြည်ထောင်စုတစ်နှစ်အသုံးစရိတ်၏ အနိမ့်ဆုံးသတ်မှတ်ချက်အပေါ်အခြေခံပြီးတိုင်း ဒေသကြီးနှင့်ပြည်နယ် လွှတ် တော်များ (Sub-national Hluttaw) သည်၎င်းတို့ဘတ်ဂျက်ကို ရေးဆွဲနိုင်ခွင့်ရှိသည်။ (ပုဒ်မ၂၅၂အရ)
ပြည်နယ်နှင့်တိုင်းဒေသကြီးများအောက်တွင်ခရိုင်၊ မြို့နယ်၊မြို့ရွာ၊ရပ်ကွက် အစရှိသည် အုပ်ချုပ်ရေး အဆင့်ဆင့် ရှိသည်။ အောက်ခြေအဆင့် အုပ်ချုပ်ရေးပိုင်း၏ လုပ်ပိုင်ခွင့်များမှာ ရှင်းရှင်းလင်းလင်းမရှိပါ။၎င်းတို့အားဗဟိုအစိုးရ လက်အောက်ခံပြည်ထဲရေးဝန်ကြီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှထိန်းချုပ်စီမံသည်။[1]

၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေအရ သဘာဝသယံဇာတစီမံခန့်ခွဲမှုနှင့်အခွန်ကောက်ခြင်းတွင် ပြည်နယ်နှင့် တိုင်း ဒေသကြီးအစိုးရများ၏ပါဝင်နိုင်မှုမှာအကန့်အသတ်ရှိသည်။ဥပဒေပြုရေးအုပ်ချုပ်ရေးအခွင်အာဏာ များကိုဖွဲ့စည်းပုံအခြေခံဇယား (၂) တွင်ပြဌာန်းထားသည်။

၂၀၀၈ခုနှစ်အခြေခံဥပဒေဇယား(၅)တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများ ကောက်ခံနိုင်သည့် အခွန်များကို ဖော်ပြထားသည်။၎င်းတို့တွင်သစ်တောဦးစီးဌာနမှ ကောက်ယူရသည့် သတ်မှတ်ထားသည့် သစ် အမျိုးအစား များနှင့်သစ်တောထွက်ပစ္စည်းအတွက်အခွန်များပါရှိသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည်ယစ်မျိုးခွန်များ၊ မြေခွန်များ၊ ရေခွန်များ၊ လမ်းတံတားကြေး နှင့်အခွန်အခများ၊ငါးလုပ်ငန်းမှအခွန်များကောက်ယူနိုင်သည်။ ၎င်းတို့သည် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး

အစိုးရပိုင်ဆိုင်မှုများကို ရောင်းချခြင်း သို့မဟုတ်ငှားရမ်းခြင်း ပြုနိုင်သည်။ ၎င်းတို့သည်ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရပိုင်ပစ္စည်းများအား ရောင်းချခြင်း (သို့မဟုတ်) အငှားချခြင်းတို့ကို ပြုလုပ်နိုင်ပြီး၊ အစိုးရပိုင်လုပ်ငန်းများမှ အကျိုးအမြတ်ရယူနိုင်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့်တိုင်းတို့သည် ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၃)ပါ သတ်မှတ်ချက်များအရကွဲပြားစွာ လုပ်ငန်းလည်ပတ်လျက်ရှိသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် တိုင်းများမှအခွန်များကိုဗဟိုအစိုးရ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရဘတ်ဂျက်မှရယူသည်။

၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့်အာဏာ ခွဲဝေပေးမှုအပြင်ဘဏ္ဍာရေးအာဏာ ဖြေလျှော့ ခြင်းကို ဦးတည်သည့် ပြုပြင်ပြောင်းလဲမှုများစွာကို ၂၀၁၁ခုနှစ်အစိုးရကတည်းက ဆောင်ရွက် ခဲ့သည်။ ဥပမာ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ပြည်သူ့ဝန်ဆောင်မှုနှင့်ဖွံ့ဖိုးရေး လုပ်ငန်းစီမံကိန်း များအတွက် ဘဘတ်ဂျက် များကိုသိသိသာသာတိုးမြှင့်ပေးခဲ့သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရသည် နိုင်ငံတော် ဘတ်ဂျက်၏ (၃.၄) ရာခိုင်နှုန်းကို ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက် ချေးငွေ/ ထောက်ပံ့ ငွေများအဖြစ် ချထားပေးခဲ့သည်။

၂၀၁၄-၂၀၁၅ခုနှစ်တွင်ဘဏ္ဍာရေးနှစ်တွင် (၇.၆) ရာခိုင်နှုန်းထိရှိပြီး၂၀၁၅-၁၆ဘဏ္ဍာ ရေးနှစ်တွင် (၈.၇) ရာခိုင် နှုန်းသို့မဟုတ်ကျပ်ငွေ (၁.၈) ထရီလီယံထိတိုးမြှင့်ပေးခဲ့သည်။[2]

သဘာဝသယံဇာတနှင့် ဆက်စပ်ပြီး ပြည်ထောင်စုဝန်ကြီးဌာနသို့မဟုတ်ပြည်တွင်းအခွန်များဦးစီးဌာန (IRD) က ပေးသွင်းရမှုများ ထုတ်လုပ်ရာဒေသအလိုက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးသွင်း တင်ပြလေ့ မရှိပါ။ဥပမာ၊ကုမ္ပဏီတစ်ခုသည်၎င်းကုမ္ပဏီရုံးချုပ်တည်ရှိရာ ပြည်တွင်းအခွန်ဦးစီး ဌာန မြို့နယ် အရာရှိ ထံသို့ကုမ္ပဏီ၏အမြတ်ခွန်ကိုပေးသွင်းမည်ဖြစ်သည်။ သယံဇာတထုတ်ယူရာ ဒေသတွင် ပေးသွင်းမှုမပြုလုပ်ပါ။ ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့လွှဲပြောင်းပေးရာတွင် ဘဏ္ဍာရေးမျှဝေခြင်းသတ်မှတ်အချိုးအစား အတိုင်း ခွဲဝေခြင်း မဟုတ်ပါ၊အချိုးအစားနှင့်ခွဲဝေပေးသည့် တစ်ခုတည်းသောလွှဲပြောင်းမှုမှာဖွံ့ဖြိုးရေး ရန်ပုံငွေအဖြစ် လွှဲပြောင်းပေးမှု၏ (၅)ရာခိုင်နှုန်းကိုသတ်မှတ်ပေးခြင်းဖြစ်သည်။ ဆင်းရဲမွဲတေမှုနှုန်း ပေါ်မူတည်ပြီး ခွဲဝေပေး ခြင်းဖြစ်သည်။[3]

[1] World Bank (2015) Myanmar Public Expenditure Review 2015. World Bank Group, September 2015.

[2] https://www.mmtimes.com/national-news/13864-u-thein-sein-govt-s-last-budget-approved.html

[3] https://asiafoundation.org/publication/local-development-funds-in-myanmar/

## ၃.၇။ အခွန်ကောက်ခံခြင်း

### ၃.၇.၁။ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု

ပြည်ထောင်စုလွှတ်တော် နှင့်ပြည်ထောင်စုအစိုးရသည် ဘဏ္ဍာရေး စနစ်စီမံခန့်ခွဲမှုကို အဓိက ကြပ်မတ်စိစစ်သည့် အစုအဖွဲ့များဖြစ်သည်။ နိုင်ငံတော်အစိုးရသည် ဝင်ငွေနှင့်အသုံးစရိတ် ခန့်မှန်းချက် ကိုတစ်နှစ် တာရသုံးစရိတ်တင်ပြချက်တွင်ထည့်သွင်းတွက်ချက်ပြီးလွှတ်တော်သို့တင်ပြသည်။

ရသုံးမှန်းခြေငွေစာရင်းဥပဒေ (BL) အရ အမျိုးသားရသုံးမှန်းခြေငွေစာရင်းတွင် အခွန်နှင့်အခွန် မဟုတ်သည့်ဝင်ငွေများပါဝင်သည်။ အခွန်မဟုတ်သည့်ဝင်ငွေများမှာ-

- နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရရှိမှု
- သာမန်ရငွေ (Current receipts)
- အမြတ်အစွန်းမှအတိုးငွေရရှိမှု (Interest receipts)
- ထောက်ပံ့ငွေရရှိမှု (Grant receipts)
- ငွေလုံးငွေရင်းလက်ခံရရှိမှု (Capital receipt)
- နိုင်ငံခြားအထောက်အပံ့မှရရှိမှု (Receipt from foreign aids)
- အဖွဲ့အစည်းများ၏ရင်းနှီးမြှုပ်နှံမှုမှရရှိမှု (Receipt from investment in organizations)
- စုဆောင်းငွေမှရရှိမှု (Receipts from saving)

မြန်မာနိုင်ငံတွင် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုအတွက် သီးသန့်စနစ်မရှိပါ။ အစိုးရဌာနများနှင့်အစုအဖွဲ့များ သည် မတူညီသောစနစ်များကိုအသုံးပြုနေသဖြင့်စာရင်းထပ်မှုများ ဖြစ်ပေါ်စေသည်။ ဥပမာ ဝန်ကြီးဌာနအများစုတွင် ဌာနတွင်း စာရင်းစစ်စနစ်မရှိသဖြင့် ဆောင်ရွက် နေသည့်လုပ်ငန်းစဉ်နှင့် ငွေအလွှဲအပြောင်း တို့တွင် သတ်မှတ်ထားသည့်အတိုင်းလိုက်နာမှုရှိမရှိဆန်းစစ်နိုင်သည့်နည်းလမ်းမရှိပါ။
ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများကို ငွေကြေးလွှဲပြောင်းမှုပမာဏကို အချိန်မီအကြောင်းကြား ထားခြင်းမရှိပါ၊ သို့အတွက်၄င်းတို့သည်ဘတ်ဂျက်ကို ကြိုတင်ပြင်ဆင်နိုင်ခြင်းမရှိကြပါ။

ကမ္ဘာ့ဘဏ်၏ ပြည်သူ့အသုံးစရိတ်နှင့်ဘဏ္ဍာရေးတာဝန်ခံမှုဆန်းစစ်ချက် (Public Expenditure and Financial Accountability /PEFA ) နှင့် International Budget Partnership: Open Budget Survey ရလာဒ်များအရ မြန်မာ့ရသုံးခန့်မှန်းခြေလုပ်ငန်းစဉ်သည် ကမ္ဘာပေါ်တွင် ပွင့်လင်းမှုအနည်းဆုံး ထဲမှတစ်နိုင်ငံဖြစ်သည်။ ဝင်ငွေနှင့် အသုံးစရိတ်၊ ကြွေးမြီး ဘဏ္ဍာရေးရပိုင်ခွင့်များ၊ ရသုံးမှန်းခြေ ရလာဒ်များကို ပြည်သူ့ထံသို့ ထုတ်ပြန် ပေးခြင်းမရှိပါ။ စာရင်းစစ်ဆေးချက်များ၊ ငွေအရင်းအနှီးများ သည့်လုပ်ငန်း စီမံကိန်းများ၏ စာချုပ်များကိုလည်း ယေဘူယျအားဖြင့် လျှို့ဝှက်ထားလေ့ရှိပါသည်။

ကမ္ဘာ့ဘဏ်၊ ဩစတြေးလျနှင့်ယူကေအစိုးရများ၏အကူအညီဖြင့် ဆောင်ရွက်နေသည့် ပြည်သူ့ဘဏ္ဍာစီမံမှု အဆင့်မြှင့်တင်ရေးစီမံကိန်းသည်အဆိုပါပြဿနာများကိုဖြေရှင်းပေးရန် ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ လက်ရှိဆောင်ရွက်နေသောလုပ်ငန်းများမှာ-

- အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးတစ်ခုထူထောင်ခြင်း
- အလယ်အလတ်အဆင့်ရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးများ အပါအဝင်ဘဏ္ဍာရေးမှုဘောင် တစ်ရပ် အကောင်အထည်ဖော်ခြင်း
- သတင်းအချက်အလက်များ သိုမှီးရန်နှင့်စနစ်တကျဖွဲ့စည်းရန် တစ်ခုတည်းသော ကွန်ပြူတာစနစ်၊ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ထူထောင်ခြင်း
- တစ်နိုင်ငံလုံး တညီတညွတ်တည်း အသုံးပြုနိုင်သည့် ဝယ်ယူဖြည့်တင်းရေး ဆိုင်ရာစည်းမျဉ်းများ၊ အလေ့အကျင့် များသတ်မှတ်ခြင်း
- လွတ်လပ်စွာ(အမှီအခိုကင်းသော/မည်သူနှင့်မျှပတ်သက်မှုမရှိသော) ဘတ်ဂျက်ဆန်းစစ်မှု ပြုနိုင်ရန် ပြည်သူ့ငွေစာရင်း ကော်မတီရုံးဖွဲ့စည်းထူထောင်ခြင်း
- စာရင်းစစ်ချုပ်ရုံး (OAG) ၏စွမ်းဆောင်ရည် မြှင့်တင်ခြင်း

## ၃.၇.၂။ အခွန်ကောက်ခံခြင်း

မြန်မာနိုင်ငံတွင်အခွန်ကောက်ယူပုံအမျိုးမျိုးရှိသည်။ အရေးကြီးသောအခွန်များမှာ ကုန်သွယ် လုပ်ငန်းခွန် နှင့်ဝင်ငွေခွန်တို့ဖြစ်ကြပါသည်။ အဆိုပါအခွန်၂မျိုးမှရရှိမှုသည်စုစုပေါင်းအခွန်၏ (၉၅) ရာခိုင်နှုန်းဖြစ်ပါသည်။

သစ်တောကဏ္ဍမှရသည့်အချို့သောအခွန်ငွေများကို ပြည်ထောင်စုအစိုးရသို့ ပေးသွင်းပြီး အချို့ကို အောက်တွင် ဖော်ပြထားသည့်ဂရပ် (၈) အရ MTE မှထိန်းသိမ်းထားပါသည်။

ပြည်ထောင်စုဘတ်ဂျက်သို့ MTE မှဘဏ္ဍာရေးလုပ်ငန်း (၂) ခုဖြင့် အထောက်အကူပြုပါသည်။ ပထမတစ်ခုမှ အမြတ်ခွန်မှဖြစ်ပြီး (နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်နှစ်ခု) လုပ်ငန်းများမှအမြတ် (၂၅) ရာခိုင်နှုန်းထား ဖြင့် ကောက်ယူခြင်း ဖြစ်သည်။ဒုတိယအမျိုးအစားမှာအစိုးရ၏ဘတ်ဂျက်သို့ အမြတ်၏ (၂၀)ရာခိုင်နှုန်းကို တိုက်ရိုက် ထည့်သွင်းပေးရ သည့် ပြည်ထောင်စုအတွက် အမြတ်ခွဲဝေမှုပုံစံဖြစ်ပါသည်။ ကျန်ရှိသည့် အမြတ်အစွန်း ဝေစုကိုရင်းနှီးမြှုပ်နှံမှု ငွေထည့်ဝင်၍ သို့မဟုတ် ပြည်ထောင်စုသို့ လွှဲပြောင်းပေးရပါသည်။

## (က) ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ကောက်ခံရသည့်အခွန်

ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၏ဥပဒေအရဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ၏ပုဒ်မ (၂၅၄) အရ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့ သည်ဇယား (၅) ပါစာရင်းပြုထားသည့်အခွန်နှင့်ဝင်ငွေများကို ကောက်ခံပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး ရန်ပုံငွေ၌ ထည့်သွင်းရပါသည်။[1]

ပြည်နယ်နှင့် တိုင်းဒေသကြီးတို့သည်ဥပဒေနှင့်အညီ ပြည်နယ်နှင့်တိုင်းဒေသကြီး ရန်ပုံငွေကို သုံးစွဲ နိုင်ခွင့် ရှိသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဇယား(၅)တွင် ဖော်ပြထားသည့်အခွန်အမျိုးအစားများကို ဤအစီရင် ခံစာ၏ နောက်ဆက်တွဲ (၁၅) ၌အသေးစိတ်ဖော်ပြထားပါသည်။

## (ခ) ပြည်ထောင်စုက ကောက်ခံသည့်အခွန်

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၃၀) အရ ပြည်ထောင်စုအစိုးရသည် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ကောက်ခံ ရမည့် ဇယား(၅) ပါ taxes နှင့် revenues များမှလွဲ၍ taxes and revenues များအားလုံးကို ဥပဒေအရ ကောက်ခံ၍ ပြည်ထောင်စုရံပုံငွေသို့ အပ်နှံရပါမည်။
ပြည်ထောင်စုအစိုးရသည်ဥပဒေအရ ပြည်ထောင်စုရံပုံငွေကို သုံးစွဲနိုင်ခွင့်ရှိသည်။ဝန်ကြီးဌာန (MONREC) ၏ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလ (၁၄)ရက်နေ့စွဲပါထုတ်ပြန် ကြေညာချက် အမိန့်အမှတ် ၁၇/၂၀၁၃အရ ကျွန်းသစ် နှင့်သစ်မာမှ ကောက်ခံရသည့်အခွန် စုစုပေါင်းမှအချို့ပြည်ထောင်စု ရန်ပုံငွေထဲသို့ အပ်နှံရပါမည်။ အခြားသော အခွန်များတို့ကို၂၀၁၃ခုနှစ်ဧပြီလ(၁)ရက်မှစတင်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများ ရန်ပုံငွေများ ၌ထည့်သွင်း ရပါမည်။

[1] Source: http://www.burmalibrary.org/docs5/Myanmar_Constitution-2008-en.pdf.

အောက်တွင် ဖော်ပြထားသော ပုံ(၁၅)မှာ သစ်တောကဏ္ဍမှ ဝင်ငွေခွန်စီးဆင်းမှုဇယားကိုဖော်ပြ ထားပါသည်။

**ပုံ(၁၅): ဝင်ငွေ ရရှိမှု စီးဆင်းမှု ပြပုံကားချပ်**




## ၃.၇.၃။ ဝင်ငွေခွဲဝေပေးခြင်း (Revenue Allocation)

အထက်ဖော်ပြပါပုံတွင် MOPF ရှိဘတ်ဂျက်နှင့် ငွေတိုက်ဦးစီးဌာနသည်မြန်မာ့သစ်လုပ်ငန်းနှင့်၎င်း၏ ဆပ်ကန်ထရိုက်တာများထံမှ လက်ခံရရှိသောအခွန်နှင့်အခများနှင့်ဆိုင်သော သတင်းအချက် အလက်များ လက်ခံ ရရှိရေးတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရပါသည်။လောလောဆယ်အနေဖြင့် MOPFရှိ ပြည်တွင်း အခွန်များ ဦးစီး ဌာန နှင့် MCD တို့သည် ဝင်ငွေခွန် (Witholding tax)အပါအဝင် ၊ ကုန်သွယ်လုပ်ငန်းခွန်၊ အခြေပစ္စည်းမှ မြတ်စွန်းငွေ၊တံဆိပ်ခေါင်းအခွန်နှင့် အကောက်ခွန်ဆိုင်ရာ အခွန်များကဲ့သို့သော အခွန်များကို ပြည်တွင်း သုံးငွေနှင့် နိုင်ငံခြားငွေနှစ်မျိုးလုံးနှင့် ကောက်ခံရပါသည်။

မြန်မာ့သစ်လုပ်ငန်းအနေဖြင့် နှစ်စဉ်ပုံမှန်အားဖြင့် ဘဏ္ဍာရေးဆိုင်ရာသုံးသပ်ချိန်တွင် ၎င်းတို့၏အခွန် ရရှိရာ ငွေသားနှင့် ပစ္စည်းနှစ်ရပ်လုံးပါသော ဌာနများ (Sources) နှင့် ကုန်ကျစရိတ်များအတွက် အစီရင်ခံစာ ကိုတင်ပြရန် လိုအပ်ပါသည်။

အခွန်ပေးဆောင်သူများ (သို့မဟုတ်) ကန်ထရိုက်စနစ်အားဖြင့် တာဝန်ရှိသောအဖွဲ့က ငွေသားအားဖြင့် သစ်တောကဏ္ဍအခွန် ပေးချေမှုများကို မြန်မာငွေဖြစ်ပါက မြန်မာ့စီးပွားရေးဘဏ် သို့လည်းကောင်း၊ နိုင်ငံခြား ငွေဖြစ်ပါက မြန်မာနိုင်ငံနိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) သို့လည်းကောင်း လွှဲပြောင်းပေး ရပါသည်။ MEB နှင့် MFTB တို့မှာ နိုင်ငံပိုင်စီးပွားရေး ဘဏ်များဖြစ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထိန်းချုပ်ထားသကဲ့သို့ အစီရင်ခံမှုလမ်းကြောင်း လုပ်ငန်းစဉ်အရ MOPF ကလည်းထိန်းချုပ်ထားပါသည်။

နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ၏ အခြားစာရင်းရှင်များသို့ ခွဲဝေပေးခြင်း (Allocation of SOE other accounts)

EITI ၏ကိန်းဂဏန်းများအရ သစ်တောကဏ္ဍမှအခွန်များ၏ ၆၂ ရာခိုင်နှုန်းကို မြန်မာ့သစ်လုပ်ငန်း (MTE) မှအခြားသောငွေစာရင်းများအရ ကောက်ခံရပါသည်။ MOPF ၏ ကြေညာချက်အမိန့်အမှတ် ၅၄၇/ ၂၀၁၂အရ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ တွင် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ စာရင်းနှင့်အခြားစာရင်း (OA) များဖွင့်ခွင့်ပြုခဲ့ပါသည်။ ၎င်းမှမူဝါဒ (၂) ရပ်အပေါ် အဓိကအခြေခံ ဆောင်ရွက် ခြင်းဖြစ်ပါသည်။ မူဝါဒ တစ်ရပ်မှာလုပ်ငန်းများက ပို၍စီးပွားရေးဆန်ဆန်ကျင့်သုံးသွားရန်ဖြစ်ပြီး နောက်တစ်ခုမှာဘဏ္ဍာရေးအရ လွပ်လပ်စွာရပ်တည် ထားသွားရန်ဖြစ်သည်။ အဆိုပါ မူဝါဒ (၂) ရပ်ကိုနိုင်ငံတော်အပေါ်၌ ရန်ပုံငွေ ဝန်ထုပ် ဝန်ပိုးမဖြစ်ရန်နှင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ အနေဖြင့် စီးပွားရေး ဆန်ဆန် ကျင့်သုံးလာစေရန် ချမှတ်အကောင်အထည် ဖော်ခြင်းဖြစ်သည်။

နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ စာရင်းတွင် ငွေကြေးလွှဲပြောင်းမှုအတွက် ဥပဒေစည်းကမ်း တင်းကြပ် သော်လည်း၊ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ၏အခြားငွေ စာရင်းများတွင် ငွေကြေးလွှဲပြောင်းမှုကို လျှင်မြန်စွာဆောင်ရွက် နိုင်သည့် ကွာခြားမှုရှိပါသည်။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ၏ အခြားငွေ စာရင်းများ (OA) ကို MEB ၌ ဖွင့်လှစ်ပြီး ၎င်းတွင် ကောက်ခံရရှိသော အခွန်များနှင့်စရိတ်များပါဝင်ပါသည်။

နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ၏အခြားငွေစာရင်းမှထုတ်ယူသုံးစွဲသည့်စရိတ်များအားလုံးကို ပြည်ထောင်စု လွှတ်တော်သို့ ကြိုတင် ခွင့်ပြုချက်တင်ပြတောင်းခံရပါသည်။ လုပ်ငန်းများအရ၎င်းတို့၏အသုံးစရိတ်ခန့်မှန်းခြေကို ပြုပြင်ပြောင်းလဲ ရန်လိုအပ်ပါက ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်နှင့်အတူ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြ အတည်ပြုချက်တောင်းခံပြီးနောက် ပြင်ဆင်နိုင်ပါသည်။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ OA ခေါ် အခြား ငွေစာရင်းများကို MOPF ၏ကွပ်ကဲမှုဖြင့်အသုံးပြု ကြောင်းနားလည်သိရှိရသည်။

ဝင်ငွေခွန်ဥပဒေအရ ဝင်ငွေခွန်ပေးသွင်းပြီးပါကနိုင်ငံတော်နှင့်ဘဏ္ဍာထည့်ဝင်မှု (ပါဝင်မှု) (state contribution) နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ OA ၏ လက်ကျန်ရှင်းတမ်း (remaining balance) ကို နောင်နှစ်ဘတ်ဂျက်သို့ သယ်ယူရပါသည်။အကယ်၍ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ရန်ပုံငွေပိုလျှံ၍ ငွေကြေးဆိုင်ရာ ရင်းနှီးမြုပ်နှံမှုအဖြစ် ရန်ပုံငွေ ထူထောင်လိုပါက ငွေတိုက်စာချုပ် (treasury bills) ၌သာရင်းနှီးမြှုပ်နှံရပါသည်။

သို့ရာတွင် မြန်မာ့စီးပွားရေးဘဏ် (MEB) နိုင်ငံတော်ဘဏ္ဍာသို့ထည့်ဝင်မှု၊အခွန်များ၊ မြန်မာ့စီးပွားရေးဘဏ်မှ ချေးယူထား သောလုပ်ငန်းသုံးလှည့်ပတ်ရန်ပုံငွေ (Working Capital) အပြည့်အဝ ပေးဆပ်ပြီးမှ သာလျှင်ရင်းနှီးမြုပ်နှံနိုင်သည်။စီးပွားရေးအဖွဲ့အစည်းတစ်ရပ်အနေဖြင့် အခြား နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ သို့ ချေးယူနိုင်ခွင့်မရှိပါ။

MOPF အရ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ၏အခြားငွေစာရင်းသည် ပြည်ထောင်စုရန်ပုံငွေ၏အစိတ်အပိုင်း ဖြစ်သလို ပြည်ထောင်စု ဘတ်ဂျက်၏အစိတ်အပိုင်းလည်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ OA အခြားငွေစာရင်းများကိုဘတ်ဂျက်ငွေစာရင်းများဖြင့် ပေါင်းစည်း ပြီး ဘတ်ဂျက်လို ငွေအတွက်ငွေထည့်ခြင်း (deficit financing) အတွက် အသုံးပြုရသည်။ ဆိုလိုသည်မှာ အခြားငွေစာရင်းမှ ပိုငွေများကို SEE အတွက်လည်းကောင်း၊ အခွန်ငွေမရှိသော ဝန်ကြီးဌာနများ ဖြစ်သည့်ပညာရေး ၊ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီး ဌာနများ၏အသုံးစရိတ်များအတွက်သုံးပါသည်။

## ၃.၈။ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု

### ၃.၈.၁။ ကုမ္ပဏီများကို ကြီးကြပ်သည့် ဥပဒေဆိုင်ရာစည်းမျဉ်းဆိုင်ရာ မူဘောင်များ

၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် SI.c (xxii) အရပိုင်ဆိုင်မှုအကျိုးခံစားခွင့် (ownership interest) ဆိုသည်မှာ ကုမ္ပဏီတစ်ခုဥပဒေဆိုင်ရာ equitable သို့မဟုတ် သတ်မှတ်ထားသော အကျိုးအမြတ် (interest) ဖြစ်ပြီး အောက်ပါတို့မှရရှိနိုင်ပါသည်။

- ကုမ္ပဏီ၌အစုရှယ်ယာများကိုတိုက်ရိုက်ပိုင်ဆိုင်ခြင်း (shareholding)

- ကုမ္ပဏီတွင်အစုရှယ်ယာများ ကိုတိုက်ရိုက်ပိုင်ဆိုင်ခြင်းဖြင့်ဖြစ်စေ၊ သွယ်ဝိုက်သောအားဖြင့် ပိုင်ဆိုင်၍ဖြစ်စေ၊ရရှိထားသည့်အခြားကုမ္ပဏီတစ်ခု၌အစုရှယ်ယာများကိုတိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေပိုင်ဆိုင်ခြင်း၊သို့မဟုတ်
- ကုမ္ပဏီ၏ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ဆန္ဒ မဲပေးနိုင်ခွင့်အတွက်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက ်၍ဖြစ်စေ ကြီးကြပ်ဆောင်ရွက်နိုင်သည့် အခွင့်အရေးရရှိသောသူအဖြစ် သဘောတူညီချက်ရှိခြင်း။

"ပိုင်ဆိုင်မှုအကျိုးခံစားခွင့်"နှင့်ပတ်သက်သည့် ကိုးကားချက်ကို "နိုင်ငံခြားကုမ္ပဏီ" ၏အရေးကြီးသော အဓိပ္ပါယ်သတ်မှတ်ချက်တွင်ဖော်ပြထားရှိပါသည်။ ၆၁.c (xiv))အရ နိုင်ငံခြားကုမ္ပဏီ ဆိုသည်မှာ နိုင်ငံရပ်ခြားကော်ပိုရေးရှင်း သို့မဟုတ် အခြားသောနိုင်ငံခြားသား (သို့မဟုတ်) ၄င်းတို့အချင်းချင်း ပေါင်းစည်းလျက်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့် ဖြစ်စေ ပိုင်ဆိုင်မှုပမာဏ (၃၅) ရာခိုင်နှုန်း ထက်ပိုသော အကျိုးခံစားခွင့်တစ်ရပ်ရှိသော နိုင်ငံတော်ပိုင်ဖွဲ့စည်း တည်ထောင်ထားသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။ ငွေလွှဲပြောင်းမှုလိုအပ်ချက်နှင့်ပတ်သက်၍ ၈၃. c.၂တွင်လည်းကိုးကားထားပါ သေးသည်။

၄င်းအပြင်မြန်မာနိုင်ငံ၏၂၀၁၄ခုနှစ်ငွေကြေးခဝါချမှုဆိုင်ရာဥပဒေတွင်လည်းအောက်ပါအဓိပ္ပါယ်သတ်မှတ်ချက်ကိုဖော်ပြထားပါသည်-

- ပုဒ်မ၃(ည) "**အကျိုးခံစားခွင့်ရှိသူပိုင်ရှင်**" ဆိုသည်မှာ "မူလအဓိကပိုင်ဆိုင်သူကိုဖြစ်စေ၊ ဆက်သွယ်ဆောင်ရွက်သူတစ်ဦးအားထိန်းချုပ်သူကိုဖြစ်စေ သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှု တစ်ခုခုကို မိမိကိုယ်စားအခြားသူတစ်ဦးက ဆောင်ရွက် စေသည့်သူတစ်ဦးကို ဆိုလိုသည်။ ယင်းစကား ရပ်တွင် ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် စီစဉ် ဆောင်ရွက်မှုတစ်ခုခုကို ထိရောက်သော ထိန်းချုပ်မှုပြုလုပ်သည့်သူတစ်ဦးလည်းပါဝင်သည်။ ဤအဓိပ္ပါယ်ဖော်ပြချက်တွင်ကုမ္ပဏီ သို့မဟုတ် အစီအစဉ်များကို ထိရောက်စွာ ထိန်းချုပ်နိုင်သည့် ပုဂ္ဂိုလ်ကိုဆိုလိုသည်။
- ပုဒ်မ၃(ဌ) "**ပြည်တွင်းပြည်ပတွင် ဩဇာတိက္ကမရှိသူ**"ဆိုသည်မှာ "နိုင်ငံတော်အတွင်း၌ ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု၌ဖြစ်စေအများပြည်သူဆိုင်ရာလုပ်ငန်းများဖြင့်ထင်ရှားသူ သို့မဟုတ် ယင်းလုပ်ငန်းများအတွက် ယုံကြည်ခြင်းခံရသူကိုလည်းကောင်း၊ ယင်း၏မိသားစုဝင်များ သို့မဟုတ် ယင်းနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူကိုလည်း ကောင်းဆိုသည်။
- ပုဒ်မ၃(ဍ)အရ "**အပြည်ပြည်ဆိုင်ရာတွင်ဩဇာတိက္ကမရှိသူများ**" ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းများဆောင်ရွက်သည့် ဒါရိုက်တာ၊ ဒုတိယဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့ဝင်နှင့် အဆင့်မြင့်အဖွဲ့ဝင်ဖြစ်သူ၊အလားတူလုပ်ငန်းများတွင် ယင်းအဆင့်နှင့်ညီမျှသော အဖွဲ့ဝင်ဖြစ်သူသို့မဟုတ်ယင်းလုပ်ငန်းဆောင်ရွက်၍ ယုံကြည်ခြင်းခံရသူနှင့်ယင်း၏မိသားစုဝင်များသို့မဟုတ်ယင်းနှင့်နီးကပ်စွာပူးပေါင်းဆောင်ရွက်သူတို့ကိုဆိုလိုသည်။

## ၃.၈.၂ မြန်မာနိုင်ငံဥပဒေနှင့် စည်းမျဉ်းဆိုင်ရာ မူဘောင်တွင်ပါရှိသည့် ပိုင်ဆိုင်မှုခံစားခွင့်အကျိုး

### (က) ပုဂ္ဂလိကပိုင်ကုမ္ပဏီများအတွက်အများပြည်သူများသိရှိရန်လိုအပ်ချက်များ

အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဖြစ်မှု၏ အဓိပ္ပါယ်သတ်မှတ်ချက်သည် အစုရှယ်ယာပိုင်ဆိုင်မှုနှင့် ဆက်စပ်မှုမရှိနိုင်ပါ။ အစုရှယ်ယာ၏ရာခိုင်နှုန်း တစ်စိတ်တစ်ဒေသထက် ပိုမိုပိုင်ဆိုင်ခြင်းသည် အကျိုးခံစားခွင့်ပိုင်ရှင်ဖြစ်မှုကို အပြည့်အဝရည်ညွှန်းလျက်ရှိသည်။ သို့ရာတွင်အမှန်တကယ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်က သတ်မှတ်မည်ဆိုလျှင် ပဋိဉာဉ် နှင့်တရားဝင်မဟုတ်သော အစီစဉ်များကို လည်းသတိပြုရန်လိုပါသည်။

ထိန်းချုပ်မှုသဘောတရား သို့မဟုတ် အကျိုးခံစားခွင့်ကိုကုမ္ပဏီများဆိုင်ရာဥပဒေများ ဖြင့်သတ်မှတ် ထားခြင်းမရှိပါ။အဆုံးသတ်အကျိုးခံစားခွင့်ရှိသူပိုင်ရှင်များနှင့်ပတ်သက်၍သတင်းအချက်အလက်ကိုအများသိစေရန် ဖော်ထုတ်ပြောကြားရန်မလိုအပ်ပါ။

### (ခ) ကုမ္ပဏီများအတွက် ပြည်သူများသိအောင်ဆောင်ရွက်ရန်လိုအပ်ချက်

သစ်တောဥပဒေအရအစိုးရ၊ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ နှင့်ပုဂ္ဂလိကကုမ္ပဏီများက အကျိုးခံစားခွင့်ပိုင်ရှင်ဖြစ်မှုဆိုင်ရာသတင်းအချက်အလက်ကိုအများပြည်သူသိရှိအောင်ဖော်ပြရန်တာဝန်မရှိပါသို့မဟုတ် ကန့်သတ်ချက်များလည်းမရှိပါ။ MONREC ဝန်ကြီးဌာနနှင့်ကုမ္ပဏီများသည် လက်ရှိအခြေအနေတွင် အဆိုပါသတင်းအချက်အလက်ကို ပြည်သူသို့ဖွင့်ပြခြင်းမရှိပါ။

ပုဂ္ဂလိကကုမ္ပဏီများအတွက်အများပြည်သူသိရှိအောင် ဆောင်ရွက်ရန်အကျိုးခံစားခွင့်ပိုင်ရှင် ဖြစ်မှု အချက်အလက် အသေးစိတ်များမှာ အများအယွင်းအတိမ်းအစောင်းမခံသော (sensitive) သတင်း အချက်အလက် တစ်ရပ် ဖြစ်ကြောင်းသတိမူရန်လိုသည်။

၄င်းအပြင်မြန်မာနိုင်ငံ၏သစ်တောထုတ်လုပ်မှုလုပ်ငန်းကိုပွင့်လင်းမြင်သာမှုစံများအရအတွေ့အကြုံနည်းပါးသည့်အသေးစားပုဂ္ဂလိကပိုင်ကုမ္ပဏီများကသာလွှမ်းမိုးထားပါသည်။

### (ဂ) အစိုးရအရာရှိများအတွက်အများပြည်သူသိရှိရန်ဆောင်ရွက်မှုလိုအပ်ချက်

လက်ရှိအခြေအနေတွင်သစ်တောကဏ္ဍမှ/တွင်အစိုးရအရာရှိများအတွက် ၄င်းတို့၏ အကျိုးစီးပွား၊ ဝင်ငွေ သို့မဟုတ်ပိုင်ဆိုင်မှုကို အများပြည်သူသိအောင်ဆောင်ရွက်ရန်သီးသန့်ဥပဒေ ပြဌာန်းချက်များမရှိပါ။

ပြန်လည်ပြင်ဆင်ထားသော ၂၀၁၅ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးစည်းမျဉ်းများ (စည်းမျဉ်း (၃၇) နောက်ပိုင်း) နှင့်၂၀၁၃ခုနှစ်အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်၂၀၁၈ခုနှစ် နောက်ဆက်တွဲပြင်ဆင်မှုများအရ ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက် ရေးကော်မရှင် သို့ ၄င်းတို့၏ ပိုင်ဆိုင်မှု အသေးစိတ်ကို တင်ပြရမည့်အာဏာပိုင်အဆင့်ကိုသတ်မှတ်နိုင်ခွင့်ရှိသည်။ (အာဏာပိုင်ဆိုသည်မှာ အကြီးတန်းအရာရှိ များကို ဆိုလိုသည်)

## ၃.၈.၃ အကျိုးခံစားခွင့်ပိုင်ရှင်ဖြစ်မှုအတွက် ပိုင်ဆိုင်မှုအဆိုပြုထားသည့်အဓိပ္ပါယ်သတ်မှတ်ချက်

EITI လိုအပ်ချက်အမှတ်၂.၅ကိုထည့်သွင်းစဉ်းစားသောအကျိုးခံစားခွင့်ပိုင်ရှင်ဖြစ်မှုနှင့်ပတ်သက်သည့် ပြဌာန်းချက်များမပါရှိသည့် မြန်မာဥပဒေမူဘောင်ကိုစိစစ်သုံးသပ်ချက်အပေါ်အခြေခံလျက် MSG သည်အကျိုး ခံစားခွင့်ပိုင်ရှင်ဖြစ်မှုအဓိပ္ပါယ်သတ်မှတ်ချက်ကို အောက်ပါအတိုင်းသဘောတူညီခဲ့သည်။

| အကျိုးခံစားခွင့်ပိုင်ရှင်ဖြစ်မှုအဓိပ္ပါယ်သတ်မှတ်ချက်အတွက်အဆိုပြုချက် |
| --- |
| အကျိုးအမြတ်ရယူနိုင်သည့်ပိုင်ရှင်သည်သာမန်ပုဂ္ဂိုလ် (ပုဂ္ဂိုလ်များ) ဖြစ်ပြီး အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်း လုပ်ငန်းတစ်ခု ကိုတိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်စွာ အဆုံးသတ်တွင် ပိုင်ဆိုင်သို့မဟုတ်ထိန်းချုပ်ထားသူ (ultimately owns or controls) ဖြစ်သည်။အကယ်၍ ၄င်းတို့သည် (၅) ရာခိုင်နှုန်း သို့မဟုတ် ၎င်းထက်ပိုသောအများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်ကုမ္ပဏီ သို့မဟုတ် ကော်ပိုရိတ်လုပ်ငန်းကိုပိုင်ဆိုင် သို့မဟုတ် ထိန်းချုပ်ထားပါက ၎င်းပုဂ္ဂိုလ် ကိုအလိုအလျောက် အကျိုးအမြတ် ရယူနိုင်သည့် ပိုင်ရှင်အဖြစ်သတ်မှတ်ရမည်။ |

- ၅ ရာခိုင်နှုန်းနှင့် ၎င်းအထက်ဝေစုများကို အစီရင်ခံသည့် ကာလအတွင်း အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် သို့မဟုတ် ကော်ပိုရိတ် လုပ်ငန်းကိုတိုက်ရိုက်သို့မဟုတ်သွယ်ဝိုက်စွာကိုင်ဆောင်ထားသည့် ပုဂ္ဂိုလ်

- အစီရင်ခံသည့် ကာလအတွင်း ခွင့်အများပိုင်သို့မဟုတ် ပုဂ္ဂလိကပိုင်သို့မဟုတ်ကော်ပိုရိတ်လုပ်ငန်းများရှိ ၅ရာခိုင်နှုန်း နှင့် ၎င်း အထက်ရှိမဲပေးပိုင်ခွင့်ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်လျက်ကိုင် စွဲထားသည့် ပုဂ္ဂိုလ်၊အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် သို့မဟုတ် ကော်ပိုရိတ် လုပ်ထုံးများက ကိုင်ဆွဲထားသည့် မဲပေးပိုင်ခွင့်ကို ဤကိစ္စရပ်နှင့်မပတ်သက်စေရပါ။

## အကျိုးခံစားခွင့်ပိုင်ရှင်ဖြစ်မှုအဓိပ္ပါယ်သတ်မှတ်ချက်အတွက်အဆိုပြုချက်

- အများပိုင် သို့မဟုတ်ပုဂ္ဂလိကပိုင်ကုမ္ပဏီ သို့မဟုတ် ကော်ပိုရိတ်လုပ်ငန်းများရှိမဲပေးပိုင်ခွင့်ကို တိုက်ရိုက် သို့မဟုတ်သွယ်ဝိုက်စွာပိုင်ဆိုင်ထားသည် ပုဂ္ဂိုလ်
- အများပိုင်သို့မဟုတ် ပုဂ္ဂလိကပိုင်ကုမ္ပဏီသို့မဟုတ် ကော်ပိုရိတ်လုပ်ငန်းများကကိုင်ဆွဲထားသည့် မဲပေးပိုင်ခွင့်ကို ဤကိစ္စရပ် နှင့်မပတ်သတ်စေရပါ။

- အများပိုင် သို့မဟုတ်ပုဂ္ဂလိကပိုင်ကုမ္ပဏီသို့မဟုတ် ကော်ပိုရိတ်လုပ်ငန်းအပေါ် သိသာသော လွှမ်းမိုးမှု သို့မဟုတ် ထိန်းချုပ်မှုကို ဆောင်ရွက်နိုင်သည့်အခွင့်အရေးကိုပိုင်ဆိုင်ထားသည့် ပုဂ္ဂိုလ်

ရည်ညွှန်း ချက် "အဆုံးသတ်ပိုင်ဆိုင်ခြင်းသို့မဟုတ်ထိန်းချုပ်ခြင်း (ultimately owns or controls)" ဆိုရာ၌ ပိုင်ဆိုင်မှု / ထိန်းချုပ်မှုကိုပိုင်ဆိုင်မှုကွင်းဆက်အရ သော်လည်းကောင်း သို့မဟုတ်တိုက်ရိုက်ထိန်းချုပ်မှုအစား ထိန်းချုပ်မှု နည်းလမ်းများအားဖြင့် (means) လေ့ကျင့် ဆောင်ရွက်ခြင်းကို ရည်ညွှန်း ပါသည်။ ဤ အဓိပ္ပါယ်သတ်မှတ်ချက်သည် Life or other investment စသည့် ရင်းနှီးမြှုပ်နှံမှုများ ရှိအကျိုးအမြတ် ကိုလည်း ဆိုလိုပါသည်။

MSG သည်နိုင်ငံ ရေးအရအရေးပါသည့်ပုဂ္ဂိုလ်များ၏ ဖော်ပြပါအဓိပ္ပါယ်သတ်မှတ်ချက် ကို သဘော တူပါသည်-

## နိုင်ငံရေးအရအရေးပါသည့် ပုဂ္ဂိုလ် များ (PEPs)

နိုင်ငံရေးအရအရေးပါသည့်ပုဂ္ဂိုလ်များကို အောက်တွင်ဖော်ပြပါရှိသည့်အတန်းအစားများတွင် ပါဝင်သောပုဂ္ဂိုလ်များအဖြစ် သတ်မှတ်ပါသည်-

**ပြည်တွင်းရှိနိုင်ငံရေးအရအရေးပါသည့်ပုဂ္ဂိုလ်များ:** ထင်ရှားသောအများပြည်သူလုပ်ငန်းများဖြင့် ပြည်တွင်း၌ ယုံကြည်အားထားခြင်းခံရသူ သို့မဟုတ်ခံခဲ့ရသူကိုဆိုလိုသည်။ ဥပမာ - ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီးအဆင့်ရှိအစိုးရအဖွဲ့ဝင်များ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ရှိ လွှတ်တော်ကိုယ်စားလှယ်များ၊အကြီးတန်းအစိုးရအရာရှိများ (ဒုတိယဝန်ကြီးများ ၊အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး၊စာရင်းစစ်ချုပ်၊ ဗဟိုဘဏ်မှ ပုဂ္ဂိုလ် အစရှိသဖြင့်)၊တရားရေးသို့မဟုတ်ကာကွယ်ရေးဌာနအရာရှိများ၊တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏အငြ ကီးတန်းခေါင်းဆောင်များနှင့်အရာရှိများ၊နိုင်ငံပိုင်ကော်ပိုရေးရှင်းများမှအကြီးတန်းအမှုဆောင်အရာရှိများ၊ အရေးပါသော နိုင်ငံရေးပါတီမှ ဗဟိုကော်မတီဝင် များနှင့်အဓိက ဩဇာညောင်းသူများ။

**နိုင်ငံခြားရှိနိုင်ငံရေးအရအရေးပါသည့်ပုဂ္ဂိုလ်များ**

နိုင်ငံခြားကုမ္ပဏီတစ်ခုအရသိသာထင်ရှားသောအများပြည်သူလုပ်ငန်းများအားဖြင့်ယုံကြည်ကိုးစားခံရသူသို့မဟုတ် ခံခဲ့ရသူ ဥပမာ-အစိုးရသို့မဟုတ်ပြည်နယ်တစ်ခု၏ ခေါင်းဆောင်ပိုင်းပုဂ္ဂိုလ်များ၊ ဝါရင့်နိုင်ငံရေးသမားများ၊ အကြီးတန်းအစိုးရအရာရှိများ၊ တရားရေးနှင့်ကာကွယ်ရေးဌာနမှအရာရှိများ၊ နိုင်ငံပိုင်ကော်ပို ရေးရှင်းများမှ အကြီးတန်းအမှုဆောင်အရာရှိများ၊ အရေးပါသော နိုင်ငံရေးပါတီမှအရာရှိများ၊သံတမန်များ၊

**နိုင်ငံတကာအဖွဲ့အစည်းမှနိုင်ငံရေးအရအရေးပါသောပုဂ္ဂိုလ်များ:**

နိုင်ငံတကာအဖွဲ့အစည်းတစ်ခုအရအရေးပါသောလုပ်ငန်းတစ်စုံအရ ယုံကြည်ကိုးစားခံရသူ သို့မဟုတ်ခံခဲ့ရသူ၊ အကြီးတန်းစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ သို့မဟုတ်အလားတူလုပ်ငန်းများအရ ယုံကြည်အားထားခံရသည့်ပုဂ္ဂိုလ်များ ဥပမာဘုတ်အဖွဲ့သို့မဟုတ်အ လားတူလုပ်ငန်းမှဒါရိုက်တာ၊ ဒုတိယဒါရိုက်တာနှင့်အဖွဲ့ဝင်များ၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်း များမှ ခေါင်းဆောင်များ၊အကြီးတန်းဝန်ထမ်းများ

နိုင်ငံရေးအရအရေးပါသောပုဂ္ဂိုလ် (PEPs) များတွင် အောက်ပါတို့ကိုလည်းပါဝင်ထည့်သွင်းသတ်မှတ်နိုင်ပါသည်

- **မိသားစုဝင်များ**-အထက်ဖော်ပြပါနိုင်ငံရေးအရအရေးပါသောပုဂ္ဂိုလ် (PEP) များနှင့်တိုက်ရိုက် သော်လည်းကောင်း (သွေးသားစပ်၍) သို့မဟုတ်အိမ်ထောင်ပြုခြင်းအရသို့မဟုတ်အလားတူ (civil)

နိုင်ငံရေးအရအရေးပါသည့် ပုဂ္ဂိုလ် များ (PEPs)

ပုံစံအရဆက်စပ်သူ၊ ဒုတိယအတန်းအစားပတ်သက်သူများ၊

- **နီးစပ်ဆက်စပ်သူများ-**
  အထက်ဖော်ပြပါအတန်းအစားများထဲမှတစ်ခုဖြစ်သောပုဂ္ဂိုလ်တစ်ဦးဦးနှင့်လူမှုရေးအရသော်လည်းကောင်း၊ပညာရပ်ပိုင်းဆိုင်ရာအရ သော်လည်းကောင်းနီးစပ်ဆက်သွယ်နေသူ၊

နိုင်ငံအနေဖြင့် EITIလိုအပ်ချက်များနှင့် လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ရှေ့သို့ လျှောက်လှမ်းလျှက် ရှိရာ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့် ရုပ်ပိုင်းဆိုင်ရာအရစဉ်းစားရမည့် ပိုင်ဆိုင်မှုရာခိုင်နှုန်း တို့ကို ဖြေရှင်း ပေးသည့် MSG အရ လမ်းပြမြေပုံတစ်ခုကို ဖော်ထုတ်ခဲ့ပါသည်။ အဆိုပါလမ်းပြမြေပုံ၏ အသေးစိတ်ကို အောက်ပါ ကွန်ယက်တွင်ရယူနိုင်ပါသည်။

## ၃.၈.၄ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဖြစ်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါအဆိုပြုထားသော အဓိပ္ပါယ်သတ်မှတ်ချက်အရ အကျိုးအမြတ်ရယူပိုင်ဆိုင်မှု နှင့်ပတ်သက်သည့် ၎င်းတို့၏သတင်းအချက်အလက်များကို အစီရင်ခံတင်ပြရန် ရွေးချယ်ခြင်း ခံရသော ကုမ္ပဏီများ သည် အကျိုးအမြတ်ရယူပိုင်ဆိုင်မှုကြေညာမှုကို ဆောင်ရွက်ရပါသည်။ သို့အတွက် အောက် ဖော်ပြပါ သတင်းအချက်အလက်များကို ရနိုင်အောင်ဆောင်ရွက်ရပါသည်။

- **အကျိုးအမြတ်ရယူရန်ပိုင်ရှင်၏အမည် (Name of Beneficial Owner)**၊ ကုမ္ပဏီ၏ အကျိုးအမြတ်ရယူမည့် ပိုင်ရှင်၏အမည် အပြည့်အစုံ နှင့်၎င်းတို့၏ထူးခြားသော identity နှင့် ပတ်သက်သော အချက်များ၊ ၎င်းတို့မှာ-
- **နိုင်ငံရေးအရအရေးပါသောပုဂ္ဂိုလ်၏အမည်** - နိုင်ငံရေးအရပါဝင်ပတ်သက်နေပါက မည်သည့်ပိုင်ရှင်ကိုမဆိုဖော်ပြပေးရပါသည်။
- **အသေးစိတ်အချက်အလက်များတင်ပြခြင်း -** ထပ်မံ၍အသေးစိတ်အချက်အလက်များ လိုအပ်ပါသည်။ သို့မှသာလျှင်အကျိုးအမြတ်ရယူပိုင်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးချင်းသို့ ခြေရာခံ၍ စိစစ်နိုင်ပါသည်။
- **ဆက်သွယ်ရန်လိပ်စာ** - လုပ်ငန်းလိပ်စာကဲ့သို့သော အကျိုးအမြတ်ရယူမည့် ပိုင်ရှင်၏ ဆက်သွယ်ရန် လိပ်စာ။
- **ထိန်းချုပ်သည့်နည်းလမ်း -** အကျိုးအမြတ်ရယူပိုင်ဆိုင်မည့်ပိုင်ရှင်နှင့် နိုင်ငံရေးအရ ပတ်သက်နေသော ပုဂ္ဂိုလ်တို့က ကုမ္ပဏီ အားမည်ကဲ့သို့ထိန်းချုပ်ထားသည်ဆိုသည်ကို ဖော်ပြချက်၊ အကယ်၍အဆိုပါ ပိုင်ရှင်နှင့်သဘာဝအရင်းအမြစ်ပိုင်ဆိုင်မှုအကြား ကုမ္ပဏီ၏ကွင်းဆက် တစ်ရပ်ရှိခဲ့လျှင် ပါဝင်သော ကုမ္ပဏီတစ်ခုချင်း၏ အမည်ကိုဖော်ပြရန်လိုသည်။ အချို့သောကိစ္စများတွင် အကျိုးအမြတ် ပိုင်ဆိုင်သူ နှင့်ကွင်းဆက်ရှိ နောက်ဆုံးကုမ္ပဏီ၏ပိုင်ရှင်တို့အကြား ပုဂ္ဂလိကသဘောတူညီချက်တစ်ရပ်ကဲ့သို့သော နောက်ထပ်ဆက်သွယ်မှုရှိနေနိုင်သည့် အခြေအနေမျိုးတွင် နောက်ထပ်ဆက်သွယ်မှုကို တိတိကျကျ ဖော်ပြရပါမည်။ သို့မှသာ တတိယပါတီတို့မှာလည်း အစုရှယ်ယာရှင်များမှတ်ပုံတင်စာရင်း၌ ဖော်ပြထား သည့်သတင်းအချက်အလက်များမှာ အကုန်လုံးမဟုတ်သည့်တိုင် မှန်မမှန်စိစစ်နိုင်ပေလိမ့်မည်။
- **မှန်ကန်ကြောင်းလက်မှတ်ရေးထိုးထားသည့် ဖော်ပြချက်။** - ကုမ္ပဏီ၏အကြီးတန်းအရာရှိ ဖြစ်သူက ဖော်ပြချက်များမှန်ကန်ကြောင်းလက်မှတ်ရေးထိုးရမည်။

ရွေးချယ်ထားသည့်ကုမ္ပဏီများအားလုံးက အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဖြစ်ကြောင်းကြေညာချက် (Beneficial ownership declaration) ကို တင်ပြခဲ့ကြသည်။ နိုင်ငံရေးအရအရေးပါသူ (PEPs) တစ်ဦးတစ်ယောက်မျှ ဖော်ပြခြင်းမခံခဲ့ရပါ။

## ၃.၉။ လုပ်ငန်းစစ်ဆေးခြင်းနှင့် အာမခံခြင်းဆိုင်ရာကျင့်သုံးပုံများ

### ၃.၉.၁။ ပုဂ္ဂလိကကုမ္ပဏီများ(အများနှင့်မသက်ဆိုင်သောကုမ္ပဏီများ)

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေတွင် ကုမ္ပဏီများသည်မှတ်ပုံတင်ထားသည့်ရုံး၌ စာရင်းစာအုပ်များထားရှိရမည်။ မြန်မာနိုင်ငံစာရင်းကိုင် စံသတ်မှတ်ချက်များ (Myanmar Accounting Standards MAS) အရ ငွေစာရင်းများကို ပြင်ဆင်ထားရပါမည်။

စာရင်းကိုင်နှင့်ပတ်သက်သောအလေ့အကျင့်မှာ ဗြိတိသျှစာရင်းကိုင်စံများနှင့် အများလက်ခံကျင့်သုံးနေသောစာရင်းကိုင်မှုများ (Generally Accepted Accounting Principles GAAPs) တို့ကို အစဉ်အလာအရလက်ခံလာခဲ့ကြသည်။ နှစ်ပေါင်းများစွာ ဘဏ္ဍာရေးအစီရင်ခံရေးကိစ္စအတွက် မြန်မာနိုင်ငံစာရင်းကောင်စီ (Myanmar Accountancy Council MAC) သည် နိုင်ငံတကာစာရင်းစံများ (IAS) များကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံ ပြည်သူ့လက်မှတ်ရ စာရင်းကိုင်များအသင်း (MICPA) မှတဆင့် ၂၀၀၃နှင့် ၂၀၀၄ခုနှစ်၌ တည်ရှိလာခဲ့သော နိုင်ငံတကာစာရင်းကိုင်စံ အများစုကိုသတ်မှတ်ဖော်ဆောင်ခဲ့ပါသည်။ ၂၀၁၀ခုနှစ်တွင် MACသည် နိုင်ငံတကာ စာရင်းကိုင်စံ အခု(၃၀)လုံးကို ပြန်လည်ရုပ်သိမ်း၍ ၂၀၁၀ခုနှစ်တွင် သက်ရောက်လျက် ရှိသော နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံရေးဆိုင်ရာ အစီရင်ခံစံများ (International Financial Reporting Standards - IFRS) နှင့်ထပ်တူညီသော မြန်မာနိုင်ငံ စာရင်းကိုင်စံအသစ် (Myanmar Accounting Standards) (၂၉) ခုနှင့် မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံရေးဆိုင်ရာစံများ (Myanmar Financial Reporting Standards - MFRS) (၈)ခုတို့ဖြင့် အစားထိုးခဲ့သည်။ ၂၀၁၁ခုနှစ်ဇန်နဝါရီလ (၄) ရက် နေ့တွင်အဆိုပါစံများကိုတရားဝင်ဂေဇက်၌ ထည့်သွင်းပြီး စတင်အသက်ဝင်စေခဲ့သည်။

ရန်ကုန်စတော့အိပ်ချိန်း (YSX) ကို ငွေချေးသက်သေခံ စာချုပ်များလဲလှယ်ရောင်းဝယ် ရေးစည်းမျဉ်း များ၏အခန်း (၈) အရတည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ Securities Exchange Commission မှ ကြီးကြပ် ကွပ်ကဲလျက်ရှိသည်။ ၎င်းကို ၂၀၁၆ခုနှစ်မတ်လတွင် ဂျပန်နိုင်ငံရင်းနှီးမြုပ်နှံမှုဘဏ် Daiwa securities group နှင့် မြန်မာနိုင်ငံစီးပွားရေးဘဏ် (MEB), Yangn Stock Exchange မှ Majority Owner အဖြစ် Partnership အနေဖြင့် စတင်ဆောင်ရွက်ခဲ့သည်။

YSXတွင် ကုမ္ပဏီ (၅) ခုကို လက်ရှိစာရင်းတင်ရှိထားသည်။ ၎င်းတို့အားလုံးမှာ သစ်တောကဏ္ဍ နှင့်တိုက်ရိုက်ဆက်စပ်မှုမရှိပေ။ ပထမမြန်မာရင်းနှီးမြုပ်နှံမှုကုမ္ပဏီ၊ မြန်မာသီလဝါ SEZ Holding Public Ltd, Myanmar Citizen Bank Ltd, First Private Bank Ltd, TMH Tekecim Public Co. Ltd တို့ဖြစ်သည်။ သို့ရာတွင် TMH Telecom Public Co. Ltd နှင့် ချိတ်ဆက် ဆောင်ရွက်မှုရှိပြီး ဒါရိုက်တာများတူသော ကုမ္ပဏီတစ်ခု ဖြစ်သည့် Tar Moe Ngel Chantha ကုမ္ပဏီသည် မြန်မာ့သစ်လုပ်ငန်း MTE ၏ ဆပ်ကန် ထရိုက်တာ ကုမ္ပဏီတစ်ခုဖြစ်သည်။ (နောက်ဆက်တွဲ (၈) ကိုကြည့်ပါ)။

နောက်ထပ်အားဖြင့် SECM သည် အစုရှယ်ယာများကို over the counter basis ဖြင့်ရောင်းချဆောင်ရွက်နိုင်သော အများပိုင်ကုမ္ပဏီများကို ကြီးကြပ်ရန်တာဝန်ရှိပြီး၎င်းကို Disclosures လိုအပ်ချက်များကိုတင်ပြရန်လိုအပ်သည်။

MCRB[1] မှထုတ်ပြန်သည့် ၂၀၁၈ခုနှစ် ပွင့်သစ်စအစီရင်ခံစာအရ အများပိုင်ကုမ္ပဏီအများစုမှာ ၎င်းတို့၏ ဥပဒေပိုင်းလိုအပ်ချက်ကို ပြည့်မီနိုင်ခြင်းမရှိကြောင်းသိရ၏။
အများပိုင်ကုမ္ပဏီများ နှင့် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများမှာ MFRS ကိုလိုက်နာရန်လိုအပ်ပြီး အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SME) တို့သည်လည်း MFRS for SMEs ကိုလိုက်နာရမည်။ (၎င်းတို့မှာ IFRS နှင့် IFRSs for SME အတိုင်းတစ်ထပ်တည်းယူထား/ ဘာသာပြန်ဆိုထားသောစံများ ဖြစ်သည်။)

အခွန်စည်းကြပ်မှုကို ဧပြီလ(၁)ရက်မှ မတ်လ (၃၁) ရက် ကာလအတွက် ဆောင်ရွက်ရသည်။ ဘဏ္ဍာရေးနှစ်မတူညီ သော နိုင်ငံခြားကုမ္ပဏီများ၏ရုံးခွဲများဖြစ်စေကာမူ ယင်းကာလအတိုင်း အခွန်စည်းကြပ်မှု မဖြစ်မနေဆောင်ရွက်ရပါမည်။

MCA (Myanmar Companies Act) က ကုမ္ပဏီများကို စာရင်းစစ်ခန့်အပ်ရန်လိုအပ်ပြီး ကုမ္ပဏီများ က စာရင်းစစ်ပြီး ငွေကြေးအစီရင်ခံစာ (Audited Financial Statement) များကို အခွန်ဌာနအာဏာပိုင်များသို့ ၃၀ ရက် ဖွန့်လပိုင်း အရောက်အစီရင်ခံရပါသည်။

အသစ်ပြဌာန်းလိုက်သော MCL (Myanmar Companies Law) အတည်ပြုပြီးနောက်ပိုင်းတွင် ငွေကြေး အစီရင်ခံစာနှင့် စာရင်းစစ်ဆေးမှုလိုအပ်ချက်များကို ဥပဒေ၏ အခန်း (၂၄) တွင် ပြဌာန်း သတ်မှတ်ထားပါသည်။ အချို့သော ရှိရင်းစွဲစည်းမျဉ်း ဥပဒေများနှင့် ပတ်သတ်သည့်ရုပ်ဆိုင်း (Repeal) ရန်လိုအပ်ချက်များနှင့် ဆက်လက်သက် ရောက်မှုရှိနေသေးသော အချက်များကို ဥပဒေ၌ပုဒ်မ (၄၇၁) နှင့် (၄၇၂) တို့၌ ဖော်ပြထားသည်။

EITI reconciliation scope တွင်ပါရှိသော ရွေးချယ်ထားသည့်ကုမ္ပဏီများမှာ ၎င်းတို့၏၂၀၁၅ - ၂၀၁၆ခုနှစ် ငွေကြေးအစီရင်ခံစာသည် စာရင်းစစ်ဆေးပြီးခြင်းရှိမရှိတင်ပြရပါသည်။ စာရင်းစစ်ဆေးခြင်း ပြောကြားချက် အသေးစိတ်ကို ဤအစီရင်ခံစာ၏ နောက်ဆက်တွဲ ၁၆ နှင့် ၁၇ တို့တွင် တွေ့ရှိနိုင်ပါသည်။

## ၃.၉.၂။ အများပိုင်ကဏ္ဍနှင့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ (SEEs)

မြန်မာနိုင်ငံတွင် စာရင်းစစ်ဆေးခြင်းနှင့် ပတ်သက်၍ ကြီးကြပ်ကွပ်ကဲသည့်အဖွဲ့တစ်ရပ် ရှိပါသည်။ ၎င်းမှာ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးဖြစ်သည်။ မြန်မာနိုင်ငံ၏ အဆင့်အမြင့်ဆုံး စာရင်းစစ်အဖွဲ့ဖြစ်ပြီး သမ္မတ နှင့် လွှတ်တော်သို့ တပြိုင်တည်းအစီရင်ခံရပါသည်။ ၎င်းအဖွဲ့သည် နိုင်ငံတော်၏ ဘတ်ဂျက်နှင့် အခွန်ထမ်းဆောင်ခြင်းနှင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများနှင့် Partners များမှ ပေးချေမှုအပါအဝင်အခြားမဖြစ်မနေ ဆောင်ရွက်ရမည့် ပေးချေမှုများ လုပ်ငန်းများကို ကြီးကြပ်ထိန်းကွပ်ပေးရပါသည်။
၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတ သည်နိုင်ငံတော်၏ အရအသုံးစာရင်းများကို စစ်ဆေး၍ ပြည်ထောင်စု လွှတ်တော် သို့တင်ပြနိုင်ရန် လွှတ်တော် ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသည့်ပုဂ္ဂိုလ် တစ်ဦးဦး အား ပြည်ထောင်စု လွှတ်တော် ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စု စာရင်းစစ်ချုပ် အဖြစ်ခန့်အပ်တာဝန် ပေးအပ်ရမည်။

OAGM သည် အများလက်ခံ လိုက်နာ ကျင့်သုံးလျက်ရှိသော စစ်ဆေးရေးစံများ (GAAS) သို့မဟုတ် နိုင်ငံတကာ စာရင်းစစ်ချုပ်ရုံးများက လိုက်နာရမည့်စံများ (ISSAIs) နှင့်အညီစာရင်းများကိုစစ်ဆေးပါသည်။

[1] http://www.myanmar-responsiblebusiness.org/pdf/TiME/2018-Pwint-Thit-Sa_en.pdf

OAGM အရ နှစ်စဉ်စာရင်းစစ်ဆေးမှုတွင် ထုတ်လုပ်မှု လုပ်ငန်းကဏ္ဍဆိုင်ရာလုပ်ငန်းစီမံကိန်း (Extractive Industries Sector Project) သို့ လုပ်ငန်းဆောင်ရွက်သူများအားလုံးက ပေးဆောင်ကြသည့်အခွန်နှင့် အခွန်မဟုတ်သော ပေးဆောင်မှုများ (tax and non- tax payments) အားလုံးပါဝင်ပါသည်။နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်း များတာဝန်ယူ (ဖွင့်လှစ်ထားသည့်) သည့်အခြားစာရင်းများ (Other Accounts) မှာ MEB တွင် ဖွင့်လှစ်ထားသည့် အားလုံးသော နိုင်ငံတော်စာရင်းများ (State Accounts) ကဲ့သို့ပင် OAGM မှစာရင်းစစ်ရသည့် နိုင်ငံတော် ရန်ပုံငွေစာရင်း များဖြစ်ကြပါသည်။

ကျွန်ုပ်တို့သည် ၂၀၁၄ ခုနှစ်ဧပြီလမှ စက်တင်ဘာလအထိနှင့် ၂၀၁၄ အောက်တိုဘာလ မှ ၂၀၁၅ ခုနှစ် မတ်လအထိ MTE ၏ စာရင်းအစီရင်ခံစာများကို လက်ခံရရှိပါသည်။ သို့ရာတွင် ၎င်းစာရင်းစစ် အစီရင်ခံစာ များသည် အများပြည်သူများအတွက် အလွယ်တကူကြည့်ရှုနိုင်သော စာရွက်စာတမ်းများ မဟုတ်ကြောင်း ကျွန်ုပ်တို့သတိပြုမိ ပါသည်။

အစိုးရကပိုင်ဆိုင်သည့် အစုရှယ်ယာ တစ်ရပ်ရပ် ပါဝင်သော ကုမ္ပဏီ၏ စာရင်းစစ်အား ပြည်ထောင်စု စာရင်းစစ်ချုပ်၏ အကြံပြုချက်အရ ပြည်ထောင်စု ဝန်ကြီးကခန့်အပ်နိုင်သည် သို့မဟုတ် ပြန်လည် ခန့်အပ်နိုင်သည်။ ပြင်ဆင် ထားသည့် ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေ(၂၀၁၈)အရ ပြည်ထောင်စု စာရင်းစစ် ချုပ်သည် လိုအပ်ပါက အောက်ပါတို့ကိုစစ်ဆေး ရန်တာဝန်ရှိသည်။

- ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ၊ပုဒ်မ ၁၁ (ဗ) အရ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ၊ပုဒ်မ ၁၁ (ဗ) အရ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် လိုအပ်ပါက နိုင်ငံပိုင် ရေ၊ မြေ၊ လေ သယံဇာတများကို အသုံးပြု၍ အကျိုးခံစားခွင့်ပေးသည့် စာချုပ်ပုံစံ အမျိုးမျိုး နည်းစနစ်အမျိုးမျိုးဖြင့် အစိုးရနှင့် ဆောင်ရွက်သည့် ဖက်စပ် လုပ်ငန်းများ၏ လုပ်ငန်းနှင့်စာရင်း များစစ်ဆေးခြင်း
- ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၊ ပုဒ်မ ၂၅ (ဇ)အရ "နိုင်ငံပိုင် ရေ၊ မြေ၊ လေ သယံဇာတများကို အသုံးပြု၍ အကျိုးခံစားခွင့်ပေးသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် စာချုပ်ပုံစံအမျိုးမျိုး၊ နည်းစနစ်အမျိုးမျိုးဖြင့် ဖက်စပ် လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းများ၏ လုပ်ငန်းနှင့် စာရင်းများကို လိုအပ်၍တာဝန်ပေးလာပါက စစ်ဆေးခြင်း "

ပြည်ထောင်စုစာရင်းစစ်ချုပ် သည်လိုအပ်ပါက လက်မှတ်ရပြည်သူ့ စာရင်းကိုင်နှင့် ကိုယ်ပိုင် စာရင်းလုပ်ငန်း လုပ်ကိုင်သူတို့က စစ်ဆေးထားသည့် ပုဂ္ဂလိက လုပ်ငန်းများ၏ စာရင်းများတွင် နိုင်ငံတော် သို့ပေးဆောင်ရသည့် အခွန်အခများနှင့် စပ်လျဉ်း၍ လိုအပ်ပါက စစ်ဆေးရန် တာဝန်ရှိသည်။ သို့ရာတွင် လောလောဆယ်တွင် အဆိုပါလုပ်ငန်း ဆောင်ရွက်ရန် အရင်းအမြစ် မရှိသေးပါ။
အစိုးရဝန်ကြီးဌာနများ၊ SEEsများ နှင့် ပြည်သူ့လွှတ်တော်တို့အား ပြည်သူများထံသို့ ၄င်းတို့၏ တာဝန်ယူမှု၊တာဝန်ခံမှုကို ချပြနိုင်စေခြင်းနှင့်စပ်လျဉ်းသော OAGM၏ ထိရောက်မှု နှင့် စွမ်းဆောင်ရည်ရှိမှုကို အဆုံးအဖြတ်ပြုရန် လိုအပ်ပါသေးသည်။ ၄င်းအစီရင်ခံစာများမှာလည်း အများ ပြည်သူများ ကြည့်ရှုနိုင် ရန်အတွက်မရည်ရွယ်ထားသေးပါ။

OAGM သည်ပြည်ထောင်စုလွှတ်တော် အစည်းအဝေးဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသား လွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ၊ နိုင်ငံတော်၏အရအသုံး စာရင်းများစစ်ဆေးခြင်း၊ လုပ်ငန်း အကောင် အထည်ဖော် ဆောင်ရွက်မှုများ စစ်ဆေးဖြင်းတို့နှင့်စပ်လျဉ်း၍ တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်တင်ပြခြင်း နှင့် ထူးခြားသော အခြေအနေကို အခါအားလျော်စွာတင်ပြရပါသည်။
သို့ရာတွင် ကြန့်ကြာမှုရှိသည့်အစီရင်ခံခြင်းများအတွက် ပြစ်ဒါဏ်များမရှိပါ။
ပြည်ထောင်စု စာရင်းစစ်ချုပ် သည် မြန်မာနိုင်ငံ၏ စာရင်းစစ်ဆေးမှုစံများနှင့်ပတ်သက်သည့် မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ဥက္ကဋ္ဌလည်းဖြစ်ပါသည်။ စီးပွားရေးကဏ္ဍအတွက် အသုံးပြုနိုင်သည့် စာရင်းကိုင်စံများ ကို သတ်မှတ် ဖော်ဆောင်ခဲ့ပြီး စီးပွားရေးရေးပုံစံစာရင်းများဖြင့် လည်ပတ် ရပ်တည်နေသော နိုင်ငံတော်ပိုင် စီးပွားရေလုပ်ငန်းများ အတွက်လည်း ယင်းစံများမှာ အကျုံးဝင်သည်။

အစိုးရဌာနများသည် စာရင်းထားသိုမှုစနစ်ကို ငွေသားအခြေခံမှု (Cash Basis)ဖြင့် ထိမ်းသိမ်းဆောင်ရွက်ထားသည့် SEEs၏ စာရင်းထားသိုမှုစနစ်ကို စေ့ရောက်မှု အခြေခံမှု (Accruan Basis) ဖြင့်ဆောင်ရွက်ပါသည်။ သို့ရာတွင် လက်ရှိ ကျင့်သုံးနေသော ငွေကြေးအစီရင်ခံစာပုံစံများသည် IPSAS လိုအပ်ချက်ကို အပြည့်အဝထင်ဟပ်ခြင်းမရှိပါ။

# ၄ စာရင်းတိုက်ဆိုင်စစ်ဆေးမှုနယ်ပယ်ဆုံးဖြတ်မှု

တိုက်ဆိုင်စစ်ဆေးခြင်းတွင် ပါဝင်ရမည့်ပေးချေမှုလမ်းကြောင်းနှင့် အစီရင်ခံခြင်းပြုလုပ်ရမည့် အစိုးရ အဖွဲ့စည်း များ နှင့် ကုမ္ပဏီများအား MSG က တိုက်ဆိုင်စစ်ဆေးခြင်း မပြုလုပ်မီ နယ်ပယ် သတ်မှတ်ချက်ပေါ်မူတည်၍ သတ်မှတ် သည်။

## ၄.၁။ ပေးချေမှု စီးဆင်းမှုကို ရွေးချယ်ခြင်း

### ၄.၁.၁။ MTE

၂၀၁၄/၁၅ နှင့်၂၀၁၅/၁၆ ဘဏ္ဍာနှစ်အတွင်း MSG သည် MTE မှပေးချေမှုများအားလုံး ကိုစာရင်းတိုက်ဆိုင် စစ်ဆေးရန် သဘောတူခဲ့ပါသည်။

### ၄.၁.၂။ ကုမ္ပဏီများ

MSG သည် ၂၀၁၄/၁၅ နှင့် ၂၀၁၅/၁၆ ဘဏ္ဍာနှစ် အတွင်းအခွန်ပေးချေမှု ကျပ်သန်း ၁၀၀ ကျော်နှင့် ဝင်ငွေ ကျပ်၂၀သန်း ကျော် သော ကုမ္ပဏီ များအသီးသီး ကိုစာရင်းတိုက်ဆိုင်စစ်ဆေးမှု နယ်ပယ် တွင်ပါဝင်ရန် သဘောတူခဲ့ပါသည်။

တစ်ဆင့်ခံဆပ်ကန်ထရိုက်တာ အားလုံးကို အခွန်ပေးချေမှုကျပ်သန်း ၁၀၀ နှင့် ဝင်ငွေကျပ်သန်း ၂၀၀ မကျော်သော ကုမ္ပဏီများ အသီးသီးအား ၂၀၁၄/၁၅ နှင့် ကို ၂၀၁၅/၁၆ EITI အစီအရင်ခံစာတွင် တိုက်ဆိုင်၍ မရသော် လည်း အစိုးရ ဌာန များမှ တစ်ဖတ်တည်းဖော်ပြမှု များအရ ထည့်သွင်း စဉ်းစားခဲ့ပါသည်။

ဖော်ပြပါများအရ ဝင်ငွေ ခုနစ်မျိုးကို ၂၀၁၄/၁၅ နှင့် ၂၀၁၅/၂၀၁၆ စာရင်းတိုက်ဆိုင်စစ်ဆေးမှု နယ်ပယ်တွင် ပါဝင်ခဲ့ပါသည်။

| စဉ်. | ဝင်ငွေ စီးဆင်းမှု | Paid by | | |
|---|---|---|---|---|
| | | MTE | ဆပ်ကန်ထရိုက်တာ | FPJVC |
| ၁ | ခိုင်ကြေး | ✓ | | |
| ၂ | ကုန်သွယ်လုပ်ငန်းခွန် | ✓ | ✓ | |
| ၃ | ဝင်ငွေခွန် | ✓ | ✓ | |
| ၄ | နိုင်ငံတော်ထည့်ဝင်မှု | ✓ | | |
| ၅ | အခြားစာရင်းရှင် | ✓ | | |
| ၆ | အကောက်ခွန် | | ✓ | |
| ၇ | အမြတ်ဝေစု | | | ✓ |

ဤအစီအရင်ခံစာ၏ နောက်ဆက်တွဲ(၁၈)တွင် ပေးချေမှုများကို အသေးစိတ်ဖော်ပြထားပါသည်။

### ၄.၁.၃။ အခြားထည့်သွင်းစဉ်စားမှုများ

ကျန်ရစ်ခဲ့မှုများ မဖြစ်စေရန် ထူးခြားဖြစ်စဉ်များ၊အခြားထူးခြားသောပေးချေစီးဆင်းမှုများကို RT တွင်ကုမ္ပဏီများမှ ကျပ်သန်း ၂၀ ကျော်ပါက ဖြည့်သွင်းခဲ့ပြီးစာရင်းတိုက်ဆိုင်မှုနယ်ပယ်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။

### ၄.၁.၄။ နိုင်ငံတော် ထုတ်လုပ်မှု အချက်အလက်

MSG ထုတ်လုပ်မှုအချက်အလက်များကို စာရင်းတိုက်ဆိုင်စစ်ဆေးရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။ ၂၀၁၄/၁၅ နှင့် ၂၀၁၅/၁၆ ဘဏ္ဍာနှစ်အတွင်းMTE နှင့်၎င်း၏ ဆပ်ကန်ထရိုက်တာများထံမှ သစ်လုံးအရေ အတွက် များအစီအရင်ခံ ရန်တောင်းခံခဲ့ပါသည်။

### ၄.၁.၅။ နိုင်ငံတော် ထုတ်လုပ်မှု အရိုးအရောင်း

MSG နိုင်ငံတော် ထုတ်လုပ်မှုအရိုးအရောင်းဖြစ်သော MTE ၏ ဝင်ငွေများကို အရောင်းအဝယ်ပြုလုပ်သော ကုမပ္ပဏီ များနှင့် စာရင်းတိုက်ဆိုင်ရန် မလိုသော်လည်း ဝင်ငွေများကိုဖော်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။

၂၀၁၄/၁၅ နှင့် ၂၀၁၅/၁၆ ဘဏ္ဍာနှစ် အတွင်း သစ်အရောင်း ကို အောက်ပါတို့ အရ ပြည့်စုံစွာအသေးစိတ် ဖော်ပြခဲ့ပါသည်။

- ထုတ်လုပ်မှု အမျိုးအစား

- သစ်အဝယ် ကုမ္ပဏီ
- ပမာဏ
- ဈေးနှုန်း နှင့်
- ဈေးကွက်။

### ၄.၁.၆။ MTE မှ MoPF သို့ လွှဲပြောင်းမှုများ

MSG ၏ ဆုံးဖြတ်ချက်အရ ၂၀၁၄/၁၅ နှင့် ၂၀၁၅/၁၆ ဘဏ္ဍာနှစ် အတွင်း စာရင်းတိုက်ဆိုင်စစ်ဆေးမှုနယ်ပယ်တွင် MTE ၏ လက်ခံ ရရှိငွေအားလုံးနှင့် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများမှ အစီရင်ခံသော ဂင်ငွေများကို တိုက်ဆိုင် စစ်ဆေးခဲ့ပါသည်။

| စဉ် | MTE မှ လွှဲပြောင်းမှုများ |
|---|---|
| ဘတ်ဂျက်စာရင်းများသို့ လွှဲပြောင်းမှု | |
| ၁ | ဝင်ငွေခွန် (IT) |
| ၂ | ကုန်သွယ်လုပ်ငန်းခွန် |
| ၃ | အကောက်ခွန် |
| ၄ | ပင်ရင်းမှ နုတ်ယူဖြတ်တောက်ခွန် |
| ၅ | ခိုင်ကြေး |
| ၆ | နိုင်ငံတော် ထည့်ဝင်ငွေ |
| ၇ | အခြားလွှဲပြောင်းမှုများ (ကျပ်သန်း ၂၀ထက်ပိုသော) |
| အခြားစာရင်းရှင်-MTE အခြားစာရင်း | |

## ၄.၂။ ကုမ္ပဏီများ ရွေးချယ်ခြင်း

၂၀၁၄/၁၅ နှင့် ၂၀၁၅/၁၆ ဘဏ္ဍာနှစ်တွင် MSG သည် ပေးချေမှု သတ်မှတ်ချက်များအပြင် သစ်တန် ၁၀,၀၀၀ Hoppus Ton (သို့မဟုတ်) ၎င်းထက်ကျော်သော ကုမ္ပဏီများကို ပေးချေမှု သတ်မှတ်ချက် ကျော်သည်ဖြစ်စေ မကျော်သည်ဖြစ်စေ စာရင်းတိုက်ဆိုင်စစ်ဆေးမှုနယ်ပယ်တွင် ပါဝင်ရန်သဘောတူခဲ့ပါသည်။

### ၄.၂.၁။ သဘောတူညီခဲ့သည့် ချဉ်းကပ်မှုမှ ရလဒ်များ

သဘောတူညီခဲ့သော ချဉ်းကပ်မှုများကို အခြေခံ၍ကုမ္ပဏီ (၁၉) ခုအားစာရင်းတိုက်ဆိုင်စစ်ဆေးမှု ဆောင်ရွက်ချက်များကို ၂၀၁၄/၁၅ နှင့် ၂၀၁၅/၁၆ ဘဏ္ဍာနှစ် EITI အစီရင်ခံစာတွင်ဖော်ပြပါဝင်ခဲ့ပါသည်။ ၎င်းကုမ္ပဏီများကိုအောက်ပါ အတိုင်းဖော်ပြအပ်ပါသည်။

**၂၀၁၄/၁၅ ခု၊ စာရင်းတိုက်ဆိုင်စစ်ဆေးမှုနယ်ပယ်တွင် ပါဝင်သည့်ကုမ္ပဏီများ**

| No. | အမည် |
|---|---|
| | Selected based on payments > MMK 100 million and production >10,000 Hoppus Tons |
| ၁ | MTE |
| ၂ | Myat Noe Thu Co., Ltd |
| ၃ | FPJVC |
| ၄ | Nature Timber Trading Co., Ltd |
| ၅ | Wood World Trading Enterprise Ltd |
| ၆ | Pacific Timber Enterprise Company Ltd |
| ၇ | Lucre Wood Company Ltd |
| ၈ | Momentum Trading Enterprise Ltd |
| | Selected based on payments > MMK 100 million |

| | |
|---|---|
| ၉ | Tin Myint Yee Trading Company Ltd |
| ၁၀ | Green Hardwood Enterprise Ltd |
| ၁၁ | Golden Flower Company Ltd |
| ၁၂ | Manaw Phyu Company Ltd |
| ၁၃ | Htoo Trading Co., Ltd |
| ၁၄ | Chin Su (Myanmar) Co., Ltd |
| ၁၅ | Htun Myat Aung Company Ltd |
| ၁၆ | Shwe Moe Thar Group Co., Ltd |
| | **Selected based on production >10,000 Hoppus Tons** |
| ၁၇ | Tin Win Tun International Trading Company Ltd |
| ၁၈ | Myanmar Rice Trading Co., Ltd |
| ၁၉ | Global Star Co., Ltd |

**၂၀၁၅/၁၆ ခု၊ စာရင်းတိုက်ဆိုင်စစ်ဆေးမှုနယ်ပယ်တွင် ပါဝင်သည့်ကုမ္ပဏီများ**

| No. | Name |
|---|---|
| | **Selected based on payments > MMK ၁၀၀ million and production > ၁၀,၀၀၀ Hoppus Tons** |
| ၁ | Myanma Timber Enterprise (MTE) |
| ၂ | Myat Noe Thu Co., Ltd. |
| ၃ | FPJVC |
| ၄ | Nature Timber Trading Co., Ltd. |
| ၅ | Pacific Timber Enterprise Company Ltd. |
| ၆ | Lucre Wood Company Ltd. |
| ၇ | Kaung Myat Company Ltd. |
| ၈ | Tin Myint Yee Trading Company Ltd. |
| ၉ | Green သစ်မာ Enterprise Ltd. |
| | **Selected based on payments > MMK ၁၀၀ million** |
| ၁၀ | Wood World Trading Enterprise Ltd. |
| ၁၁ | Golden Flower Company Ltd. |
| ၁၂ | Manaw Phyu Company Ltd. |
| | **Selected based on production > ၁၀,၀၀၀ Hoppus Tons** |
| ၁၃ | Htun Myat Aung Company Ltd. |
| ၁၄ | Tin Win Tun International Trading Company Ltd. |
| ၁၅ | Myanmar Rice Trading Co., Ltd. |
| ၁၆ | Global Star Co., Ltd. |
| ၁၇ | Century Dragon Ltd. |

## ၄.၂.၂။ ကိန်းဂဏန်းပိုင်းဖြတ်မှုအောက်ရောက်သော ကုမ္ပဏီများ

သဘောတူညီခဲ့သော ချဉ်းကပ်မှုအပေါ်အခြေခံ၍ ၍ ၂၀၁၄/၂၀၁၅ နှင့် ၂၀၁၅/၁၆ ဘဏ္ဍာနှစ် တွင် EITI အစီရင်ခံစာတွင် ကုမ္ပဏီ (၁၉) ခု နှင့် (၁၆) ခုတို့သည် အစိုးရဌာနများ၏ ဖော်ပြချက်အရ ပါဝင်ခဲ့ပါသည်။ ၎င်းကုမ္ပဏီ အသီးသီး ၏ တစ်ဦးချင်းပေးချေမှုများ ကို ဤအစီရင်ခံစာ ၏ နောက်ဆက်တွဲ (၁၉) တွင် ဖော်ပြထားပါသည်။ IRD သည် အခြားသော တစ်ဆင့်ခံကန်ထရိုက်တာများမှ ပေးချေမှုများကိုဖော်ပြနိုင်ခြင်းမရှိပါ။

## ၄.၃။ အစိုးရဌာနများ ရွေးချယ်ခြင်း

ကုမ္ပဏီများနှင့် ပေးချေငွေ စီးဆင်းမှုများ၏ အဆိုပြုချဉ်းကပ်မှုကို အခြေခံ၍ ၍ ၂၀၁၄/၂၀၁၅ နှင့် ၂၀၁၅/၁၆ EITI အစီ အရင်ခံစာသည်အစိုးရဌာန **(၅) ခုနှင့်** နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်း (၁) ခုကို ရွေးချယ်ပြီး သစ်တော ကဏ္ဍမှငွေများကောက်ခံ ရမှုကို အောက်ပါတို့မှဖြစ်ကြောင်းဖော်ပြအပ်ပါသည်။

| No. | အမည် |
|---|---|
| | **နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ(SEE)** |
| ၁ | မြန်မာ့သစ်လုပ်ငန်း (MTE) |
| | **အစိုးရဌာနများ** |
| ၂ | သစ်တောဦးစီးဌာန (FD) |
| ၃ | ပြည်တွင်းအခွန်ဦးစီးဌာန (IRD) |
| ၄ | ငွေတိုက်ဦးစီး (TD) |
| ၅ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (BD) |
| ၆ | မြန်မာ အကောက်ခွန်ဦးစီးဌာန (MCD) |

## ၄.၄။ ဘဏ္ဍာနှစ်

EITI အစီရင်ခံစာသည် ၂၀၁၄/၁၅ နှင့်၂၀၁၅/၁၆ ဘဏ္ဍာနှစ် ကိုလွှမ်းခြုံပါသည်။သို့ဖြစ်၍ ကုမ္ပဏီများနှင့် အစိုးရဌာန များမှ ၁ ရက် ဧပြီ လ ၂၀၁၄ ခုနှစ်မှ ၃၁ ရက် မတ်လ ၂၀၁၅ ခုနှစ် အတွင်းနှင့် ၁ ရက် ဧပြီ လ ၂၀၁၅ ခုနှစ်မှ ၃၁ ရက် မတ်လ ၂၀၁၆ ခုနှစ် အတွင်း ငွေပေးချေစီးဆင်းမှုများကို ၂၀၁၄/၁၅ နှင့် ၂၀၁၅/၁၆ EITI အစီရင်ခံစာတွင် အစီအရင်ခံပါသည်။ ၎င်းနေ့ များအတွင်းငွေရရှိမှု များနှင့် ၎င်းရက်များ ရှိ ချက်လက်မှတ် နှင့် ဘဏ် လွှဲပြောင်းမှုများလည်း ထည့်သွင်းစဉ်းစားပါသည်။

## ၄.၅။ အဆင့်သတ်မှတ်မှု - Level of Disaggregation

MSG သည် RTs နှင့် အချက်အလတ်များပေးပို့ရန် သဘောတူခဲ့ပါသည်။

- ကုမ္ပဏီ အလိုက်
- အစိုးရဌာန များအလိုက် (သို့) နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းဌာနများ (တိုက်ဆိုင်စစ်ဆေးမှု တွင် ပါဝင်ရွေးချယ်ထားသည့် ကုမ္ပဏီ များအတွက်) နှင့်
- အခွန်အလိုက် နှင့် ပေးချေမှု အမျိုးအစား အလိုက် - RT တွင်ပါဝင်သော အသေးစိတ်များအရ

အစီရင်ခံခဲ့သော ပေးချေမှု စီးဆင်းမှု တစ်ခုချင်းစီအတွက် ကုမ္ပဏီများနှင့် အစိုးရ ဌာနများသည် ပေးချေမှု လက်ခံ ပြေစာများ အသေးစိတ်ကို ရက်စွဲနှင့် ရရှိသူ (beneficiary) အလိုက်တင်ပြရန်လိုပါသည်။

ကုမ္ပဏီ များသည် အောက်ပါတို့ကိုလည်းပေးပို့ရန်လိုပါသည်။

- ၎င်းတို့၏ အကျိုးအမြတ် ရရှိပိုင်ဆိုင် မှု နှင့် ပတ်သတ်သော သတင်း အချက်အလတ်များ နှင့်
- ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅/၁၆ ဘဏ္ဍာနှစ် စာရင်းစစ် အစီရင်ခံစာ။

အားလုံးသော အချက်အလက် များနှင့် တိုက်ဆိုင်စစ်ဆေးမှု ကာလအပိုင်းအခြားနှင့် သက်ဆိုင်သောအပိုင်း အလိုက် အသေးစိတ် များကို ဤအစီရင်ခံစာ ၏ နောက်ဆက်တွဲ (၅) တွင် ဖော်ပြထားပါသည်။

## ၄.၆။ အခြားပေးခြေမှုများ - Other Consideration

### ၄.၆.၁။ နိုင်ငံတော်နှင့် တိုင်းဒေသရန်ပုံငွေများတွင် သစ်မာမှ ဝင်ငွေ

၂၀၁၄/၁၅ နှင့်၂၀၁၅/၁၆ ဘဏ္ဍာနှစ် တွင် ကျွန်ုပ်တို့ နားလည်သည်မှာ သစ်မာအတွက် ကောက်ခံရရှိမှု များတွင် အချို့သော ပေးချေငွေများသည် နိုင်ငံတော်နှင့် တိုင်းဒေသကြီးရန်ပုံငွေ များသို့ ပေးချေရပါပေးသည်။ သို့သော်

၎င်းပေး ချေငွေများသည် ပမာန ကျမှု မရှိပါ။၎င်းတို့ကို MSG သည် EITI အစီရင်ခံစာတွင် တစ်ဖက်သတ် သီးခြား (unilateral disclosure) ဖော်ပြရန် ဆုံးဖြတ်ကြပါသည်။

ဤနိုင်ငံတော်နှင့်တိုင်းဒေသကြီးများသို့ပေးချေမှုများကို ဤအစီရင်ခံစာ၏ နောက်ဆက်တွဲ(၂၀)တွင် အသေးစိတ် ဖော်ပြထားပါသည်။

### ၄.၆.၂။ သစ်တောလုပ်ငန်းလုပ်ဆောင်ခြင်းနှင့် သစ်တောလုပ်ငန်း မဟုတ်သောစီပွားရေးလုပ်ငန် းနှစ်မျိုးစလုံး လုပ်ကိုင်သော ကုမ္ပဏီများ

နယ်ပယ်ရွေးချယ်မှုအဆင့် ပြုလုပ်စဉ် အချို့သောကုမ္ပဏီများသည် ထုတ်လုပ်မှု အနည်းငယ်ပမာဏ နှင့်သက်ဆိုင်သော်လည်း ပြည်တွင်း အခွန်ဦးစီး ဌာနသို့ ပမာနကျသော ပေးချေမှုများ ပြုလုပ်ထားကြောင်းကိုလည်း တွေ့ရှိခဲ့ပါသည်။

ကျနုပ်တို့နားလည်သည်မှာ ၎င်း ကုမ္ပဏီများသည် သစ်လုပ်ငန်းမဟုတ်သောစီပွားရေးလုပ်ငန်းများကိုလုပ်ကိုင်ပြီး ၎င်းတို့ အတွက်ပေးချေမှုများတွင် သစ်ထုတ်လုပ်မှုနှင့် အလုံးစုံ မသက်ဆိုင်ကြောင်းကိုလည်း တွေ့ရှိရပါသည်။

MSG သည် ၎င်းပေးချေမှုများကို စာရင်းတိုက်ဆိုင်စစ်ဆေးမှုနယ် ပယ်တွင် ထည့်သွင်းရန်ဆုံးဖြတ်ချက်ချခဲ့ပါသည်။

### ၄.၆.၃။ နိုင်ငံတော်ဌာနခွဲသို့ပေးချေငွေများ

သတင်းအချက်အလက်ကောက်ယူမှု နှင့် အစိုးရဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံအစည်းအဝေး များပြုလုပ်ခဲ့ ခြင်းများ ကို အခြေခံ၍ ကုမ္ပဏီများသည်နိုင်ငံတော် အစိုးရ ဌာနခွဲ များသို့ တိုက်ရိုက် ငွေပေးချေမှုများ မပြုလုပ်ခဲ့ပါ (EITI လိုအပ်ချက် ၄.၆).

တွေ့ရှိချက်အရနိုင်ငံတော်၏ လက်အောက်ဌာနခွဲများသို့ ပေးချေငွေများသည် မြန်မာနိုင်ငံ သစ်တော ကဏ္ဍ စာရင်း တိုက်ဆိုင်စစ်ဆေးမှုနှင့်မသက်ဆိုင်ပါ။

### ၄.၆.၄။ နိုင်ငံတော်၏ဌာနခွဲများသို့ လွှဲပြောင်းမှုများ

ဝင်ငွေခွန်မှ ၅%ကို တိုင်းဒေသကြီးများ သို့လွှဲပြောင်းပေးသည်ဟု နားလည်ပါသည်။

MSG သည် Sub-national transfer များကိုစာရင်း တိုက်ဆိုင်စစ်ဆေးရန် သဘောတူညီခဲ့ပါသည်။ (EITI လိုအပ်ချက် ၅.၂)

ကျွန်ုပ်တို့အား ၆ရက် မတ်လ ၂၀၁၈ ခုနှစ်နေ့တွင် အကြောင်းကြားခဲ့သည်မှာ တစ်ဦးချင်းများမှ အခွန်ငွေ ပေးချေမှု များနှင့် သာသက်ဆိုင်သောဝင်ငွေခွန် မှ ၅% ကို ပြည်တွင်း အခွန်ဦးစီးဌာနသည် မြို့နယ်စည်ပင်သာရေး ကောင်စီ[1] သို့လွှဲပြောင်းပေးပါသောကြောင့် စာရင်းတိုက်ဆိုင်စစ်ဆေးမှု နယ်ပယ်နှင့် မသက်ဆိုင်ပါ။

### ၄.၆.၅။ လူမှုရေး အသုံးစရိတ်များ

သတင်းအချက်အလက် ကောက်ယူမှု နှင့် အစိုးရဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံ အစည်းအဝေးများပြုလုပ် ခဲ့ခြင်းများကို အခြေခံ၍ ကုမ္ပဏီများသည် လူမှုရေးအသုံးစရိတ်များ ပေးချေမှု မရှိပါ။(EITI လိုအပ်ချက် ၆.၁)

တွေ့ရှိချက်အရ လူမှုရေးသုံးစရိတ်များသည် မြန်မာနိုင်ငံ သစ်တောကဏ္ဍအစီအစဉ် နှင့် မသက်ဆိုင်ပါ။

[1] Source: Income Tax Law, Article 59, Notification No. (49/2012), Nay Pyi Taw, dated on 22 June 2012.

## ၄.၆.၆။ အခြေခံလိုအပ်ချက်များအတွက် လျာထားခြင်းနှင့်ဖလှယ်မှု အစီအစဉ်များ

သတင်းအချက်အလက်ကောက်ယူမှု နှင့် အစိုးရ ဌာနတာဝန်ရှိသူများနှင့် တွေ့ဆုံ အစည်းအဝေးများပြုလုပ်ခဲ့ခြင်းများကို အခြေခံ၍ အခြေခံလိုအပ်ချက်များအတွက် လျာထားခြင်းနှင့် ဖလှယ်မှု အစီအစဉ်များ (ချေးငွေများ၊ထောက်ခံငွေများနှင့် အခြေခံအဆောက်အအုံ အလုပ်များ အပါအဝင်) သည် လုပ်ဆောင်ပြီး (သို့မဟုတ်) ဆောင်ရွက်ဆဲ ၂၀၁၄/၁၅ ခုနှစ် နှင့် ၂၀၁၅/၁၆ ဘဏ္ဍာနှစ်တွင်မရှိပါ။ (EITI လိုအပ်ချက် ၄.၃)

တွေ့ရှိချက်အရ အခြေခံလိုအပ်ချက်များအတွက် လျာထားခြင်း နှင့် ဖလှယ်မှုအစီအစဉ်များသည် မြန်မာနိုင်ငံ သစ်တော ကဏ္ဍ ၏ အစီအစဉ်နှင့် မသက်ဆိုင်ပါ။

## ၄.၆.၇။ Quasi-fiscal expenditures

Quasi-Fiscal Expenditure တွင် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်း များမှ တာဝန်ယူသော အများပြည်သူမှုရေး အသုံးစရိတ်များ၊ ၎င်းတို့မှာ- လူမှုဝန်ဆောင်မှုစရိတ်၊ ပြည်သူ့အဆောက်အအုံ၊ Fuel subsidies နှင့် နိုင်ငံတော် အကြွေးဝန် ဆောင်မှုများ အစရှိသည့်တို့နှင့် တိုင်းပြည်ဘတ်ဂျက် လုပ်ငန်းစဉ် တွင်မပါဝင်သော စရိတ်များ (EITI လိုအပ်ချက် ၆.၂)

ရငွေ ရှင်းတမ်း စာရင်းချုပ်တွင် ဖော်ပြထားခြင်း မရှိသော ၎င်းစရိတ်များကို MSG သည် MTE မှ ၂၀၁၄-၂၀၁၅ နှင့်၂၀၁၅ - ၁၆ ဘဏ္ဍာ နှစ် စာရင်း quasi – fiscal expenditure များကို စာရင်းတိုက်ဆိုင်စစ်ဆေး နိုင်ခြင်းမရှိသော်လည်း တဖက် သတ်ဖော်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။.

# ၅။ စာရင်းတိုက်ဆိုင်စစ်ဆေးမှုရလဒ်များ

တိုက်ဆိုင်စစ်ဆေးခြင်း ရလာဒ်အသေးစိတ်များအပြင်၊ ကုမ္ပဏီများ၏ပေးဆောင်မှုပမာဏများနှင့် အစိုးရဌာနအဖွဲ့အစည်းများမှ လက်ခံရရှိမှုပမာဏများအကြား ကွာဟမှုများလည်းကို အောက်တွင် ဖော်ပြထားသည်။ ကနဦးအစီရင်ခံ မှုပမာဏများ၊ တိုက်ဆိုင်စစ်ဆေးမှုလုပ်ဆောင်အပြီး ဖြစ်ပေါ်လာသော ညှိနှိုင်းတွက်ချက် ပြင်ဆင်အတည်ပြုမှုများ၊ အပြီးသတ်ပမာဏများနှင့် တိုက်ဆိုင်စစ်ဆေးမှု မရှိသော ကွာဟမှုများကိုလည်း စာရင်း တိုက်ဆိုင်စစ်ဆေးသည့်အဖွဲ့မှ အထူးဂရုပြုဖော်ပြထားပါသည်။

ကုမ္ပဏီတစ်ခုချင်း စာရင်းတိုက်ဆိုင်စစ်ဆေးမှု ဇယားကို ဤအစီအရင်ခံစာ၏ နောက်ဆက်တွဲ (၂၁) တွင် ဖော်ပြထားပါသည်။

## ၅.၁။ ကုမ္ပဏီများမှ ငွေပေးချေမှုများ

### ၅.၁.၁။ ကုမ္ပဏီအလိုက် ငွေကြေးစီးဆင်းမှုများ တိုက်ဆိုင်စစ်ဆေးခြင်း

ကုမ္ပဏီများမှ အစီရင်ခံတင်ပြသော ပေးဆောင်မှုများနှင့် အစိုးရဌာနအဖွဲ့အစည်းများမှ အစီရင်ခံ တင်ပြသော လက်ခံရရှိမှုတို့အကြား ကွာဟမှုများကို အောက်ဖော်ပြပါဇယားတွင် အကျဉ်းချုံး တင်ပြထားပါသည်။

**ဇယား(၄၄): ကုမ္ပဏီ အလိုက် တိုက်ဆိုင်စစ်ဆေးမှုရလဒ်များ (၂၀၁၄/၁၅ ဘဏ္ဍာနှစ်)**

*in MMK million*

| စဉ် | ကုမ္ပဏီ | ကုမ္ပဏီအလိုက် | | | အစိုးရ အလိုက် | | | အချေသတ်ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|---|
| | | မူလ | ညှိနှိုင်း | အချေသတ် | မူလ | ညှိနှိုင်း | အချေသတ် | ပမာဏ | % |
| ၁ | FPJVC | ၇၀၄.၄၂ | ၃၁.၃၃ | **၇၃၅.၇၅** | ၇၃၅.၇၅ | ၀.၀၀ | **၇၃၅.၇၅** | ၀.၀၀ | ၀.၀၀% |
| ၂ | Manaw Phyu | ၅၉၄.၁၃ | ၀.၀၀ | **၅၉၄.၁၃** | ၅၉၄.၁၃ | ၀.၀၀ | **၅၉၄.၁၃** | ၀.၀၀ | ၀.၀၀% |
| ၃ | Golden Flower | ၄၄၈.၂၆ | ၀.၀၀ | **၄၄၈.၂၆** | ၄၄၆.၂၆ | ၀.၀၀ | **၄၄၆.၂၆** | ၂.၀၀ | ၀.၄၅% |
| ၄ | Myat Noe Thu | ၁၈၈.၈၂ | ၁၃၆.၂၉ | **၃၂၅.၁၁** | ၃၃၄.၀၁ | -၈.၈၉ | **၃၂၅.၁၁** | ၀.၀၀ | ၀.၀၀% |
| ၅ | Nature Timber | ၃၀၃.၈၁ | ၀.၀၀ | **၃၀၃.၈၁** | ၂၀.၇၂ | ၂၈၃.၀၉ | **၃၀၃.၈၁** | ၀.၀၀ | ၀.၀၀% |
| ၆ | Chin Su (Myanmar) | ၂၉၄.၀၃ | -၁၅.၉၃ | **၂၇၈.၁၀** | ၁၃.၆၆ | ၂၆၄.၄၄ | **၂၇၈.၁၀** | ၀.၀၀ | ၀.၀၀% |
| ၇ | Htoo Trading | ၁၅၀.၅၂ | ၇၉.၃၀ | **၂၂၉.၈၂** | ၁၇၆.၅၉ | ၅၃.၂၃ | **၂၂၉.၈၂** | ၀.၀၀ | ၀.၀၀% |
| ၈ | Pacific Timber | ၂၂၉.၃၄ | ၀.၀၀ | **၂၂၉.၃၄** | ၂၂၉.၃၄ | ၀.၀၀ | **၂၂၉.၃၄** | ၀.၀၀ | ၀.၀၀% |
| ၉ | Green Hardwood | ၂၉.၄၆ | ၁၉၁.၆၅ | **၂၂၁.၁၂** | ၂၂၄.၆၄ | -၃.၅၂ | **၂၂၁.၁၂** | ၀.၀၀ | ၀.၀၀% |
| ၁၀ | Htun Myat Aung | ၈၁.၉၄ | ၁၀၆.၈၇ | **၁၈၈.၈၁** | ၁၉၀.၄၀ | ၀.၀၀ | **၁၉၀.၄၀** | -၁.၅၉ | -၀.၈၃% |
| ၁၁ | Shwe Moe Thar | ၁၅၃.၃၂ | ၀.၀၀ | **၁၅၃.၃၂** | ၀.၀၀ | ၁၅၃.၃၂ | **၁၅၃.၃၂** | ၀.၀၀ | ၀.၀၀% |
| ၁၂ | Momentum Trading | ၁၃၈.၂၄ | ၀.၀၀ | **၁၃၈.၂၄** | ၁၃၈.၂၄ | ၀.၀၀ | **၁၃၈.၂၄** | ၀.၀၀ | ၀.၀၀% |
| ၁၃ | Lucre Wood | ၁၂၈.၂၀ | -၁၃.၆၉ | **၁၁၄.၅၂** | ၁၀၂.၀၂ | ၁၂.၅၀ | **၁၁၄.၅၂** | ၀.၀၀ | ၀.၀၀% |
| ၁၄ | Wood World | ၈၉.၅၇ | ၀.၀၀ | **၈၉.၅၇** | ၈၉.၅၇ | ၀.၀၀ | **၈၉.၅၇** | ၀.၀၀ | ၀.၀၀% |
| ၁၅ | Tin Myint Yee | ၂၉၃.၉၄ | -၂၁၃.၉၁ | **၈၀.၀၄** | ၆၇.၈၆ | ၁၂.၁၇ | **၈၀.၀၄** | -၀.၀၀ | ၀.၀၀% |
| ၁၆ | Global Star | ၅၉.၈၂ | -၃၀.၀၀ | **၂၉.၈၂** | ၃၂.၃၂ | -၂.၅၀ | **၂၉.၈၂** | ၀.၀၀ | ၀.၀၀% |
| ၁၇ | Tin Win Tun | ၁၈.၄၀ | ၀.၀၀ | **၁၈.၄၀** | ၁၉.၉၈ | -၁.၅၈ | **၁၈.၄၀** | ၀.၀၀ | ၀.၀၀% |
| ၁၈ | Myanmar Rice | ၃၇.၃၆ | -၂၁.၈၄ | **၁၅.၅၂** | ၀.၀၀ | ၁၅.၅၂ | **၁၅.၅၂** | ၀.၀၀ | ၀.၀၀% |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| Payments made by companies | ၃,၉၄၃.၆၀ | ၂၅၀.၀၇ | ၄,၁၉၃.၆၇ | ၃,၄၁၅.၄၇ | ၇၇၇.၇၈ | ၄,၁၉၃.၂၅ | ၀.၄၂ | ၀.၀၁% |
| Payments made by MTE | ၁၃၆,၃၀၈.၇၂ | ၄၈,၄၅၂.၃၀ | ၁၆၄,၇၆၁.၀၁ | ၂၄၅,၆၉၂.၇၃ | ၃၉.၁၀ | ၂၄၅,၇၃၁.၈၃ | -၈၀,၉၇၀.၈၁ | -၃၂.၉၅% |
| စုစုပေါင်းpayments | ၁၂၀,၂၅၂.၃၂ | ၄၈,၇၀၂.၃၆ | ၁၆၈,၉၅၄.၆၈ | ၂၄၉,၁၀၈.၂၀ | ၈၁၆.၈၈ | ၂၄၉,၉၂၅.၀၈ | -၈၀,၉၇၀.၄၀ | -၃၂.၄၀% |

*အရင်းအမြစ်: စာရင်းတိုက်ဆိုင်စစ်ဆေးမှုများပြုလုပ်ပြီးနောက် ကုမ္ပဏီများမှ EITI အချက်အလက်များအစီရင်ခံခြင်း။*

**ဇယား(၄၄) - ကုမ္ပဏီ အလိုက် တိုက်ဆိုင်စစ်ဆေးမှုရလဒ်များ (၂၀၁၅/၁၆ ဘဏ္ဍာနှစ် )**

*in MMK million*

| စဉ် | ကုမ္ပဏီ | ကုမ္ပဏီအလိုက် | | | အစိုးရ အလိုက် | | | အချေသတ်ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|---|
| | | မူလ | ညှိနှိုင်း | အချေသတ် | မူလ | ညှိနှိုင်း | အချေသတ် | ပမာဏ | % |
| ၁ | Golden Flower | ၁,၂၃၃.၅၇ | ၀.၀၀ | **၁,၂၃၃.၅၇** | ၁,၂၃၂.၁၄ | ၀.၀၀ | **၁,၂၃၂.၁၄** | ၁.၄၄ | ၀.၁၂% |
| ၂ | Myat Noe Thu | ၂၆၆.၀၄ | ၅၆၉.၆၉ | **၈၃၅.၇၃** | ၈၃၅.၂၈ | ၀.၄၅ | **၈၃၅.၇၃** | ၀.၀၀ | ၀.၀၀% |
| ၃ | FPJVC | ၁,၁၅၂.၂၂ | -၅၄၇.၄၉ | **၆၀၄.၇၃** | ၅၉၃.၆၈ | ၁၁.၀၅ | **၆၀၄.၇၃** | ၀.၀၀ | ၀.၀၀% |
| ၄ | Nature Timber | ၄၅၉.၇၃ | ၀.၀၀ | **၄၅၉.၇၃** | ၃၅၀.၀၇ | ၁၀၉.၆၆ | **၄၅၉.၇၃** | ၀.၀၀ | ၀.၀၀% |
| ၅ | Green သစ်မာ | ၃၉.၄၄ | ၃၃၃.၄၁ | **၃၇၂.၈၅** | ၃၆၅.၃၃ | ၇.၅၂ | **၃၇၂.၈၅** | ၀.၀၀ | ၀.၀၀% |
| ၆ | Tin Myint Yee | ၇၇၂.၁၆ | -၄၀၄.၀၁ | **၃၆၈.၁၅** | ၃၀.၂၁ | ၃၃၇.၉၄ | **၃၆၈.၁၅** | ၀.၀၀ | ၀.၀၀% |
| ၇ | Kaung Myat | ၁၈၉.၆၃ | ၃၃.၃၈ | **၂၂၃.၀၁** | ၂၈၇.၉၆ | ၉.၆၂ | **၂၉၇.၅၉** | -၇၄.၅၇ | -၂၅.၀၆% |
| ၈ | Tin Win Tun | ၁၉၅.၇၉ | ၀.၀၀ | **၁၉၅.၇၉** | ၁၉၅.၇၉ | ၀.၀၀ | **၁၉၅.၇၉** | ၀.၀၀ | ၀.၀၀% |
| ၉ | Pacific Timber | ၁၈၀.၈၇ | ၀.၀၀ | **၁၈၀.၈၇** | ၁၈၀.၈၇ | ၀.၀၀ | **၁၈၀.၈၇** | ၀.၀၀ | ၀.၀၀% |
| ၁၀ | Lucre Wood | ၂၁၄.၁၆ | -၁၀၃.၃၈ | **၁၁၀.၇၈** | ၉၄.၆၂ | ၁၆.၁၆ | **၁၁၀.၇၈** | ၀.၀၀ | ၀.၀၀% |
| ၁၁ | Myanmar Rice | ၁၀၂.၉၂ | ၁.၈၁ | **၁၀၄.၇၃** | ၀.၀၀ | ၁၀၄.၇၃ | **၁၀၄.၇၃** | ၀.၀၀ | ၀.၀၀% |
| ၁၂ | Manaw Phyu | ၉၈.၉၄ | ၀.၀၀ | **၉၈.၉၄** | ၉၈.၅၆ | ၀.၀၀ | **၉၈.၅၆** | ၀.၃၈ | ၀.၃၈% |
| ၁၃ | Global Star | ၅၂.၆၁ | ၃၀.၀၀ | **၈၂.၆၁** | ၈၂.၇၀ | -၀.၀၉ | **၈၂.၆၁** | ၀.၀၀ | ၀.၀၀% |
| ၁၄ | Century Dragon | ၂၃.၅၇ | ၃၂.၀၇ | **၅၅.၆၅** | ၇၁.၁၇ | -၁၅.၅၂ | **၅၅.၆၅** | ၀.၀၀ | ၀.၀၀% |
| ၁၅ | Wood World | ၃၁.၆၁ | ၀.၀၀ | **၃၁.၆၁** | ၃၁.၆၁ | ၀.၀၀ | **၃၁.၆၁** | ၀.၀၀ | ၀.၀၀% |
| ၁၆ | Htun Myat Aung | ၅၀.၈၉ | -၂၇.၂၉ | **၂၃.၆၀** | ၀.၀၀ | ၂၃.၆၀ | **၂၃.၆၀** | ၀.၀၀ | ၀.၀၀% |
| | Payments made by companies | ၅,၀၆၄.၁၆ | -၈၁.၈၀ | ၄,၉၈၂.၃၆ | ၄,၄၅၀.၀၀ | ၆၀၅.၁၁ | ၅,၀၅၅.၁၁ | -၇၂.၇၆ | -၁.၄၄% |
| | Payments made by MTE | ၁၄၉,၀၂၄.၆၁ | ၅၆,၀၃၉.၅၉ | ၂၀၅,၀၆၄.၂၁ | ၂၀၈,၇၂၃.၅၂ | ၆၅.၇၆ | ၂၀၈,၇၈၉.၂၇ | -၃,၇၂၅.၀၆ | -၁.၇၈% |
| | Total payments | ၁၅၄,၀၈၈.၇၇ | ၅၅,၉၅၇.၇၉ | ၂၁၀,၀၄၆.၅၆ | ၂၁၃,၁၇၃.၅၂ | ၆၇၀.၈၇ | ၂၁၃,၈၄၄.၃၈ | -၃,၇၉၇.၈၂ | -၁.၇၈% |

*အရင်းအမြစ်: စာရင်းညှိနှိုင်းမှုများပြုလုပ်ပြီးနောက် ကုမ္ပဏီများမှ EITI အချက်အလက်များအစီရင်ခံခြင်း။*

## ၅.၁.၂။ အခွန်စီးဆင်းမှုအလိုက် ငွေကြေးစီးဆင်းမှုများ တိုက်ဆိုင်စစ်ဆေးခြင်း

တွက်ချက်ပြင်ဆင်အတည်ပြုမှုအားလုံးကို ထည့်တွက်ပြီး ကုမ္ပဏီများနှင့် အစိုးရဌာနအဖွဲ့အစည်းများမှ အစီရင်ခံတင်ပြသော အခြေခံပေးဆောင်မှုစုစုပေါင်းကို အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားသည်။

**ဇယား (၄၅) : ဝင်ငွေ စီးဆင်းမှုအလိုက် တိုက်ဆိုင်စစ်ဆေး မှုရလဒ်များ (၂၀၁၄/၁၅ ဘဏ္ဍာနှစ်)**

*in MMK million*

| စဉ် | ရငွေဖော်ပြချက်များ | ကုမ္ပဏီအလိုက် | | | အစိုးရဌာန အလိုက် | | | အချေသတ်ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|---|
| | | မူလ | ညှိနှိုင်း | အချေသတ် | မူလ | ညှိနှိုင်း | အချေသတ် | ပမာဏ | % |
| ၁ | ဝင်ငွေခွန် | ၂,၅၅၅.၄၂ | ၂၃၁.၅၇ | **၂,၇၈၆.၉၉** | ၂,၃၅၄.၅၈ | ၄၃၁.၉၉ | **၂,၇၈၆.၅၈** | ၀.၄၂ | ၀.၀၁% |
| ၂ | ကုန်သွယ်လုပ်ငန်းခွန် | ၁,၂၄၈.၅၀ | ၃၄.၄၃ | **၁,၂၈၂.၉၃** | ၉၀၆.၉၀ | ၃၇၆.၀၃ | **၁,၂၈၂.၉၃** | ၀.၀၀ | ၀.၀၀% |
| ၃ | အကောက်ခွန် | ၁၅.၉၃ | -၁၅.၉၃ | **၀.၀၀** | ၃၀.၂၄ | -၃၀.၂၄ | **၀.၀၀** | ၀.၀၀ | - |
| ၄ | အမြတ်ဝေစု | ၁၂၃.၇၅ | ၀.၀၀ | **၁၂၃.၇၅** | ၁၂၃.၇၅ | ၀.၀၀ | **၁၂၃.၇၅** | ၀.၀၀ | ၀.၀၀% |
| | Payments made by companies | ၃,၉၄၃.၆၀ | ၂၅၀.၀၇ | ၄,၁၉၃.၆၇ | ၃,၄၁၅.၄၇ | ၇၇၇.၇၈ | ၄,၁၉၃.၂၅ | ၀.၄၂ | ၀.၀၁% |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၅ | ဝင်ငွေခွန် | ၄၀,၆၃၁.၄၇ | ၇,၃၃၃.၂၀ | ၄၇,၉၄၄.၆၇ | ၄၇,၉၄၄.၆၇ | ၀.၀၀ | ၄၇,၉၄၄.၆၇ | ၀.၀၀ | ၀.၀၀% |
| ၆ | ကုန်သွယ်လုပ်ငန်းခွန် | ၇၃,၇၃၂.၇၈ | ၄၁,၁၃၉.၁၀ | ၁၁၄,၈၇၁.၈၈ | ၁၉၅,၈၃၃.၆၂ | ၀.၀၀ | ၁၉၅,၈၃၃.၆၂ | -၈၀,၉၆၁.၇၄ | -၄၁.၃၄% |
| ၇ | အကောက်ခွန် | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၃.၅၅ | -၃.၅၅ | ၀.၀၀ | ၀.၀၀ | - |
| ၈ | နိုင်ကြေး | ၁,၉၄၄.၄၆ | ၀.၀၀ | ၁,၉၄၄.၄၆ | ၁,၉၁၀.၈၉ | ၄၂.၆၅ | ၁,၉၅၃.၅၄ | -၉.၀၈ | -၀.၄၆% |
| | Payments made by MTE | ၁၁၆,၃၀၈.၇၂ | ၄၈,၄၅၂.၃၀ | ၁၆၄,၇၆၁.၀၁ | ၂၄၅,၆၉၂.၇၃ | ၃၉.၁၀ | ၂၄၅,၇၃၁.၈၃ | -၈၀,၉၇၀.၈၁ | -၃၂.၉၅% |
| | စုစုပေါင်းပေးချေမှုများ | ၁၂၀,၂၅၂.၃၂ | ၄၈,၇၀၂.၃၆ | ၁၆၈,၉၅၄.၆၈ | ၂၄၉,၁၀၈.၂၀ | ၈၁၆.၈၈ | ၂၄၉,၉၂၅.၀၈ | -၈၀,၉၇၀.၄၀ | -၃၂.၄၀% |

*အရင်းအမြစ်: စာရင်းတိုက်ဆိုင်စစ်ဆေးမှုများပြုလုပ်ပြီးနောက် ကုမ္ပဏီများမှ EITI အချက်အလက်များအစီရင်ခံခြင်း။*

**ဇယား(၄၅) - ဝင်ငွေ စီးဆင်းမှုအလိုက် တိုက်ဆိုင်စစ်ဆေးမှု ရလဒ်များ (၂၀၁၅/၁၆ ဘဏ္ဍာနှစ် )**

*in MMK million*

| စဉ် | ရငွေဖော်ပြချက်များ | ကုမ္ပဏီအလိုက် | | | အစိုးရဌာန အလိုက် | | | အချောသတ်ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|---|
| | | မူလ | ညှိနှိုင်း | အချောသတ် | မူလ | ညှိနှိုင်း | အချောသတ် | ပမာဏ | % |
| ၁ | ဝင်ငွေခွန် | ၃,၃၉၄.၂၀ | ၆၇.၂၀ | ၃,၄၆၁.၄၀ | ၂,၉၃၇.၅၇ | ၅၂၃.၀၀ | ၃,၄၆၀.၅၇ | ၀.၈၃ | ၀.၀၂% |
| ၂ | ကုန်သွယ်လုပ်ငန်းခွန် | ၁,၅၁၃.၅၅ | -၁၇၈.၀၁ | ၁,၃၃၅.၅၄ | ၁,၂၄၆.၂၀ | ၈၈.၃၆ | ၁,၃၃၄.၅၆ | ၀.၉၉ | ၀.၀၇% |
| ၃ | အကောက်ခွန် | ၅.၇၈ | ၃၃.၃၈ | ၃၉.၁၆ | ၁၁၉.၉၈ | -၆.၂၅ | ၁၁၃.၇၃ | -၇၄.၅၇ | -၆၅.၅၇% |
| ၄ | အမြတ်ဝေစု | ၁၅၀.၆၃ | -၄.၃၈ | ၁၄၆.၂၅ | ၁၄၆.၂၅ | ၀.၀၀ | ၁၄၆.၂၅ | ၀.၀၀ | ၀.၀၀% |
| | Payments made by companies | ၅,၀၆၄.၁၆ | -၈၁.၈၀ | ၄,၉၈၂.၃၆ | ၄,၄၅၀.၀၀ | ၆၀၅.၁၁ | ၅,၀၅၅.၁၁ | -၇၂.၇၆ | -၁.၄၄% |
| ၅ | ဝင်ငွေခွန် | ၅၇,၅၅၀.၈၁ | ၅၄,၉၆၈.၈၉ | ၁၁၂,၅၁၉.၇၀ | ၁၁၂,၆၀၂.၀၉ | -၈၂.၃၉ | ၁၁၂,၅၁၉.၇၀ | ၀.၀၀ | ၀.၀၀% |
| ၆ | ကုန်သွယ်လုပ်ငန်းခွန် | ၈၇,၃၁၃.၉၉ | ၁,၀၇၀.၇၀ | ၈၈,၃၈၄.၇၀ | ၉၂,၁၀၀.၇၅ | ၀.၀၀ | ၉၂,၁၀၀.၇၅ | -၃,၇၁၆.၀၅ | -၄.၀၃% |
| ၇ | အကောက်ခွန် | ၄,၁၅၉.၈၁ | -၀.၀၀ | ၄,၁၅၉.၈၁ | ၄,၀၂၀.၆၈ | ၁၄၈.၁၅ | ၄,၁၆၈.၈၂ | -၉.၀၁ | -၀.၂၂% |
| | Payments made by MTE | ၁၄၉,၀၂၄.၆၁ | ၅၆,၀၃၉.၅၉ | ၂၀၅,၀၆၄.၂၁ | ၂၀၈,၇၂၃.၅၂ | ၆၅.၇၆ | ၂၀၈,၇၈၉.၂၇ | -၃,၇၂၅.၀၆ | -၁.၇၈% |
| | စုစုပေါင်းပေးချေမှုများ | ၁၅၄,၀၈၈.၇၇ | ၅၅,၉၅၇.၇၉ | ၂၁၀,၀၄၆.၅၆ | ၂၁၃,၁၇၃.၅၂ | ၆၇၀.၈၇ | ၂၁၃,၈၄၄.၃၈ | -၃,၇၉၇.၈၂ | -၁.၇၈% |

*အရင်းအမြစ်: စာရင်းညှိနှိုင်းမှုများပြုလုပ်ပြီးနောက် ကုမ္ပဏီများမှ EITI အချက်အလက်များအစီရင်ခံခြင်း။*

## ၅.၁.၃။ တိုက်ဆိုင်စစ်ဆေးမှုမရှိသော ကွာဟမှုများ

### (က) ကုမ္ပဏီများ

၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုက်ဆိုင်စစ်ဆေးမှု လုပ်ဆောင်အပြီး တိုက်ဆိုင်စစ်ဆေးမှုမရှိသော စုစုပေါင်းကွာဟမှုမှာ မြန်မာကျပ် ၄၁၆,၅၁၄ ဖြစ်ပြီး၊ ၎င်းပမာဏသည် အစိုးရဌာနအဖွဲ့အစည်းများမှ အစီရင်ခံတင်ပြသော ပေးဆောင်မှုစုစုပေါင်း၏ ၀.၀၁% ရှိသည် (နောက်ဆက်တွဲ (၆) တွင် ဖော်ပြထားသည်)။ ၎င်းသည် မြန်မာကျပ် ၂,၀၀၄,၆၈၅ ပမာဏရှိသည့် ပိုသွားသောကွာခြားမှု (Positive Differences) နှင့် မြန်မာကျပ် (၁,၅၈၈,၁၇၁) ပမာဏရှိသည့် လျော့သွားသော ကွာခြားမှု (Negative Differences) တို့ စုစုပေါင်း ဖြစ်သည်။ အထက်ဖော်ပြပါအခန်း ၂.၃.၂ တွင် ဖော်ပြထား ချက်များအရ စာရင်းတိုက်ဆိုင်စစ်ဆေး ၍မရသော ကွာခြားချက်များအားလုံးသည်စာရင်းတိုက်ဆိုင်စစ်ဆေးမှုတွင် သတ်မှတ်ထားသော ပမာနကျသော အချိုးအစား ( မြန်မာကျပ် ၈သန်း)အထက်ဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုက်ဆိုင်စစ်ဆေးမှု လုပ်ဆောင်အပြီး တိုက်ဆိုင်စစ်ဆေးမှုမရှိသော စုစုပေါင်းကွာဟမှုမှာ မြန်မာကျပ်၇၂,၇၅၅,၈၆၈ ဖြစ်ပြီး၊ ၎င်းပမာဏသည် အစိုးရဌာနအဖွဲ့အစည်းများမှ အစီရင်ခံတင်ပြသော ပေးဆောင် မှုစုစုပေါင်း၏ ၁.၄၄% ရှိသည် (နောက်ဆက်တွဲ (၆) တွင် ဖော်ပြထားသည်)။ ၎င်းသည် မြန်မာကျပ် ၁,၈၁၆,၇၀၄ ပမာဏရှိသည့် ပိုသွားသောကွာခြားမှု (Positive Differences) နှင့် မြန်မာကျပ် (၇၄,၅၇၂,၅၇၂) ပမာဏရှိသည့် လျော့သွားသောကွာခြားမှု (Negative Differences) တို့ စုစုပေါင်း ဖြစ်သည်။ adjustments made (see Annex ၆ to this Report) အထက်ဖော်ပြပါအခန်း ၂.၃.၂ တွင် ဖော်ပြထားချက်များအရ စာရင်းတိုက်ဆိုင်စစ်ဆေး ၍မရသော ကွာခြားချက်များအားလုံးသည်

စာရင်းတိုက်ဆိုင်စစ်ဆေးမှုတွင် သတ်မှတ်ထားသော ပမာနကျသော အချိုးအစား ( မြန်မာကျပ် ၈သန်း) အထက်ဖြစ်ပါသည်။

**(ခ) MTE**

၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကွာခြားချက်များသည် MTE နှင့်၎င်း နှင့်ဆက်နွယ်သော ကုန်သွယ်လုပ်ငန်းခွန်မှ ဖြစ်ကြောင်းထင်ရှားစွာ သိရှိရပါသည်။ အဓိကအားဖြင့် MTE သည် စုစုပေါင်း မြန်မာငွေကျပ် ၁၁၄,၈၇၂ (သန်းပေါင်း) ကိုအစီရင်ခံပြီး IRD သည် စုစုပေါင်း မြန်မာငွေကျပ် ၁၉၅,၈၃၄ (သန်းပေါင်း) ကိုအစီရင်ခံပါသည်။ သို့ဖြစ်ပါ၍ ကွာခြားမှုမှ မြန်မာကျပ် (၈၀၉၆၂) သန်းပေါင်းဖြစ်ပါသည်။
MTE နှင့် FD များနှင့်တွေ့ဆုံပြီးနောက် သိရသည်မှာ ၎င်းကွာခြားချက်များမှာ MTE သည် ကုန်သွယ်လုပ်ငန်းခွန်ကို မတ်လကုန် (ဥပမာ -၂၀၁၃-၁၄ ဘဏ္ဍာနှစ်) ပေးသွင်းခဲ့သော်လည်း လက်ခံရရှိမှုကိုလုပ်ငန်း စဉ် အချိန်အရ ဧပြီလတွင် မှ လက်ခံဖြတ်ပိုင်းကိုထုတ်ပေးခဲ့မှု ပျက်ကွက် ကွာခြားခြင်းဖြစ်ကြောင်းသိရပါသည်။

၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကွာခြားချက်များသည် MTE နှင့်၎င်း နှင့်ဆက်နွယ်သော ကုန်သွယ်လုပ်ငန်းခွန်မှ ဖြစ်ကြောင်း ထင်ရှားစွာသိရှိ ရပါသည်။ အဓိကအားဖြင့် MTE သည် စုစုပေါင်း မြန်မာငွေကျပ် ၈၈,၃၈၅ (သန်းပေါင်း) ကိုအစီရင်ခံပြီး IRD သည် စုစုပေါင်း မြန်မာငွေကျပ် ၉၂,၁၀၁ (သန်းပေါင်း) ကိုအစီရင်ခံပါသည်။ သို့ဖြစ်ပါ၍ ကွာခြားမှုမှ မြန်မာကျပ် (၃,၇၁၆) သန်းပေါင်းဖြစ်ပါသည်။

MTE နှင့် FD များနှင့်တွေ့ဆုံပြီးနောက် သိရသည်မှာ ၎င်းကွာခြားချက်များမှာ MTE သည် ကုန်သွယ် လုပ်ငန်းခွန်ကို မတ်လကုန် (ဥပမာ -၂၀၁၅-၁၆ ဘဏ္ဍာနှစ်) ပေးသွင်းခဲ့သော်လည်း လက်ခံရရှိမှုကို လုပ်ငန်းစဉ် အချိန်အရ ဧပြီလတွင် မှ လက်ခံဖြတ်ပိုင်းကိုထုတ်ပေးခဲ့မှု ပျက်ကွက် ကွာခြားခြင်းဖြစ်ကြောင်းသိရပါသည်။

## ၅.၂ MTE မှ MoPF သို့ပေးချေမှု

MSG ၏ဆုံးဖြတ်ချက်အရ MTE မှ MoPF နှင့် အခြားအစိုးရဌာနများ သို့ပေးချေမှုများလည်း စာရင်းတိုက်ဆိုင် စစ်ဆေးမှုတွင်ပါဝင်ပါသည်။
အဓိကကွာခြားချက်များသည် အထက်တွင်ဖော်ပြသကဲ့သို့ပင် ကုန်သွယ်လုပ်ငန်းခွန်ကို IRD သုံးလွှဲပြောင်း မှုနှင့် သက်ဆိုင်ပါသည်။ နိုင်ငံတော်သို့ထည့်ဝင်မှုများကို TD နှင့် MTE အခြားစာရင်းသို့ လွှဲပြောင်းပေးမှုများ မှာကွာခြားမှုမရှိပါ။
အောက်ဖော်ပြပါဇယားသည် လွှဲပြောင်းပေးမှုများအတွက် စာရင်းတိုက်ဆိုင်စစ်ဆေးမှုရလဒ် ဖြစ်ပါသည်။

**ဇယား (၄၆): MTE ၏လွှဲပြောင်းမှုများ မှ တိုက်ဆိုင်စစ်ဆေးမှုရလဒ်များ**

*in MMK million*

| | MTE | Government Agency | Difference |
|---|---|---|---|
| Transfers to IRD | ၁၆၂,၈၁၆.၅၅ | ၂၄၃,၇၇၈.၂၉ | -၈၀,၉၆၁.၇၄ |
| Transfers to TD | ၃၈,၃၅၅.၇၃ | ၃၈,၃၅၅.၇၃ | ၀.၀၀ |
| Other accounts - MTE own Accounts | ၄၀၈,၄၀၁.၄၈ | ၄၀၈,၄၀၁.၄၈ | ၀.၀၀ |
| **စုစုပေါင်း** | ၆၀၉,၅၇၃.၇၆ | ၆၉၀,၅၃၅.၄၉ | -၈၀,၉၆၁.၇၄ |

*Source: EITI Data.*

**ဇယား (၄၆) - MTE ၏လွှဲပြောင်းမှုများ မှ တိုက်ဆိုင်စစ်ဆေးမှု ရလဒ်များ**

*in MMK million*

| | MTE | Government Agency | Difference |
|---|---|---|---|
| Transfers to IRD | ၂၀၀,၉၀၄.၃၉ | ၂၀၄,၆၂၀.၄၅ | -၃,၇၁၆.၀၅ |
| Transfers to TD | ၉၀,၀၁၅.၁၆ | ၉၀,၀၁၅.၁၆ | ၀.၀၀ |
| Other accounts - MTE own Accounts | ၄၀၇,၁၅၂.၆၁ | ၄၀၇,၁၅၂.၆၁ | ၀.၀၀ |
| **Total** | ၆၉၈,၀၇၂.၁၆ | ၇၀၁,၇၈၈.၂၂ | -၃,၇၁၆.၀၅ |

*Source: EITI Data.*

ဤအစီရင်ခံစာနောက်ဆက်တွဲ ၄ တွင် စာရင်းတိုက်ဆိုင်စစ်ဆေးမှုကို MTE ၏ RT တွင်ဖော်ပြထားပါသည်။

## ၅.၃။ ထုတ်လုပ်မှု

### ၅.၃.၁။ သစ်မာ

ဤဇယားသည်ကုမ္ပဏီများနှင့် မြန်မာ့သစ်လုပ်ငန်းမှအစီရင်ခံတင်ပြမှု အရသစ်မာထုတ်လုပ်မှုကွားခြားချက်များကို ဖော်ပြပါသည်။

**ဇယား(၄၇): သစ်မာ ထုတ်လုပ်မှုမှ တိုက်ဆိုင်စစ်ဆေးမှု (၂၀၁၄/၁၅ ဘဏ္ဍာနှစ်)**

*in Hoppus Tons*

| စဉ် | ကုမ္ပဏီ | ကုမ္ပဏီ အလိုက် | | | MTE အလိုက် | | | အချေသတ် ကွာခြားချက် |
|---|---|---|---|---|---|---|---|---|
| | | မူလ | ညှိနှိုင်း | အချေသတ် | မူလ | ညှိနှိုင်း | အချေသတ် | |
| ၁ | Myat Noe Thu | ၉၁,၁၁၅.၀၀ | ၀.၀၀ | ၉၁,၁၁၅.၀၀ | ၉၁,၁၁၅.၀၀ | ၀.၀၀ | ၉၁,၁၁၅.၀၀ | ၀.၀၀ |
| ၂ | Tin Win Tun | ၅၄,၅၄၉.၀၀ | ၀.၀၀ | ၅၄,၅၄၉.၀၀ | ၅၄,၅၄၉.၀၀ | ၀.၀၀ | ၅၄,၅၄၉.၀၀ | ၀.၀၀ |
| ၃ | Momentum Trading | ၃၅,၀၁၃.၀၀ | ၀.၀၀ | ၃၅,၀၁၃.၀၀ | ၃၅,၀၁၃.၀၀ | ၀.၀၀ | ၃၅,၀၁၃.၀၀ | ၀.၀၀ |
| ၄ | Nature Timber Trading | ၂၉,၆၆၈.၀၀ | ၀.၀၀ | ၂၉,၆၆၈.၀၀ | ၂၉,၆၆၈.၀၀ | ၀.၀၀ | ၂၉,၆၆၈.၀၀ | ၀.၀၀ |
| ၅ | Myanmar Rice Trading | ၂၅,၅၅၀.၀၀ | ၀.၀၀ | ၂၅,၅၅၀.၀၀ | ၂၅,၅၅၀.၀၀ | ၀.၀၀ | ၂၅,၅၅၀.၀၀ | ၀.၀၀ |
| ၆ | FPJVC | ၂၃,၇၆၃.၉၈ | -၇၇.၉၈ | ၂၃,၆၈၆.၀၀ | ၂၃,၆၈၆.၀၀ | ၀.၀၀ | ၂၃,၆၈၆.၀၀ | ၀.၀၀ |
| ၇ | Global Star | ၁၄,၇၀၅.၁၅ | ၀.၀၀ | ၁၄,၇၀၅.၁၅ | ၁၄,၇၀၅.၀၀ | ၀.၀၀ | ၁၄,၇၀၅.၀၀ | ၀.၁၅ |
| ၈ | Pacific Timber | ၁၃,၂၅၂.၀၀ | ၀.၀၀ | ၁၃,၂၅၂.၀၀ | ၁၃,၂၅၂.၀၀ | ၀.၀၀ | ၁၃,၂၅၂.၀၀ | ၀.၀၀ |
| ၉ | Wood World Trading | ၁၂,၀၈၇.၀၀ | ၀.၀၀ | ၁၂,၀၈၇.၀၀ | ၁၂,၀၈၇.၀၀ | ၀.၀၀ | ၁၂,၀၈၇.၀၀ | ၀.၀၀ |
| ၁၀ | Lucre Wood | ၁၀,၀၀၀.၀၀ | ၀.၀၀ | ၁၀,၀၀၀.၀၀ | ၁၀,၀၀၀.၀၀ | ၀.၀၀ | ၁၀,၀၀၀.၀၀ | ၀.၀၀ |
| ၁၁ | Green Hardwood | ၈,၀၂၉.၀၀ | ၀.၀၀ | ၈,၀၂၉.၀၀ | ၈,၀၂၉.၀၀ | ၀.၀၀ | ၈,၀၂၉.၀၀ | ၀.၀၀ |
| ၁၂ | Chin Su (Myanmar) | ၇,၆၂၄.၀၀ | ၀.၀၀ | ၇,၆၂၄.၀၀ | ၇,၆၂၄.၀၀ | ၀.၀၀ | ၇,၆၂၄.၀၀ | ၀.၀၀ |
| ၁၃ | Htun Myat Aung | ၅,၀၀၀.၀၀ | ၀.၀၀ | ၅,၀၀၀.၀၀ | ၅,၀၀၀.၀၀ | ၀.၀၀ | ၅,၀၀၀.၀၀ | ၀.၀၀ |
| ၁၄ | Manaw Phyu | ၄,၂၀၃.၀၀ | ၀.၀၀ | ၄,၂၀၃.၀၀ | ၄,၂၂၉.၀၀ | -၂၆.၀၀ | ၄,၂၀၃.၀၀ | ၀.၀၀ |
| ၁၅ | Shwe Moe Thar | ၄,၀၀၀.၃၃ | ၀.၀၀ | ၄,၀၀၀.၃၃ | ၄,၀၀၀.၀၀ | ၀.၀၀ | ၄,၀၀၀.၀၀ | ၀.၃၃ |
| ၁၆ | Tin Myint Yee Trading | ၂,၅၉၇.၀၀ | ၀.၀၀ | ၂,၅၉၇.၀၀ | ၂,၅၉၇.၀၀ | ၀.၀၀ | ၂,၅၉၇.၀၀ | ၀.၀၀ |
| ၁၇ | Htoo Trading | ၅,၅၀၂.၀၀ | -၄,၂၃၆.၇၁ | ၁,၂၆၅.၂၉ | ၁,၂၅၀.၀၀ | ၀.၀၀ | ၁,၂၅၀.၀၀ | ၁၅.၂၉ |
| ၁၈ | Golden Flower | ၉၆၀.၄၁ | ၀.၀၀ | ၉၆၀.၄၁ | ၉၆၀.၀၀ | ၀.၀၀ | ၉၆၀.၀၀ | ၀.၄၁ |
| | စုစုပေါင်း | ၃၄၇,၆၁၈.၈၇ | -၄,၃၁၄.၆၉ | ၃၄၃,၃၀၄.၁၈ | ၃၄၃,၃၁၄.၀၀ | -၂၆.၀၀ | ၃၄၃,၂၈၈.၀၀ | ၁၆.၁၈ |

*အရင်းအမြစ်: စာရင်းတိုက်ဆိုင်စစ်ဆေးမှုများပြုလုပ်ပြီးနောက် ကုမ္ပဏီများမှ EITI အချက်အလက်များအစီရင်ခံခြင်း။*

**ဇယား(၄၇) - သစ်မာ ထုတ်လုပ်မှု မှ တိုက်ဆိုင်စစ်ဆေးမှု (၂၀၁၅/၁၆ ဘဏ္ဍာနှစ်)**

*in Hoppus Tons*

| စဉ် | ကုမ္ပဏီ | ကုမ္ပဏီ အလိုက် | | | MTE အလိုက် | | | အချေသတ် ကွာခြားချက် |
|---|---|---|---|---|---|---|---|---|
| | | မူလ | ညှိနှိုင်း | အချေသတ် | မူလ | ညှိနှိုင်း | အချေသတ် | |
| ၁ | Myat Noe Thu | ၈၉,၄၉၉.၀၀ | ၀.၀၀ | ၈၉,၄၉၉.၀၀ | ၈၉,၄၉၉.၀၀ | ၀.၀၀ | ၈၉,၄၉၉.၀၀ | ၀.၀၀ |
| ၂ | Tin Win Tun | ၅၃,၅၉၇.၀၀ | ၀.၀၀ | ၅၃,၅၉၇.၀၀ | ၅၃,၅၉၇.၀၀ | ၀.၀၀ | ၅၃,၅၉၇.၀၀ | ၀.၀၀ |
| ၃ | Pacific Timber | ၃၇,၆၉၇.၀၀ | ၀.၀၀ | ၃၇,၆၉၇.၀၀ | ၃၇,၆၉၇.၀၀ | ၀.၀၀ | ၃၇,၆၉၇.၀၀ | ၀.၀၀ |
| ၄ | Nature Timber | ၂၉,၁၅၄.၀၀ | ၀.၀၀ | ၂၉,၁၅၄.၀၀ | ၂၉,၁၅၄.၀၀ | ၀.၀၀ | ၂၉,၁၅၄.၀၀ | ၀.၀၀ |
| ၅ | Myanmar Rice | ၂၇,၀၆၇.၀၀ | ၀.၀၀ | ၂၇,၀၆၇.၀၀ | ၂၇,၀၆၇.၀၀ | ၀.၀၀ | ၂၇,၀၆၇.၀၀ | ၀.၀၀ |
| ၆ | FPJVC | ၂၀,၂၃၃.၄၇ | ၀.၀၀ | ၂၀,၂၃၃.၄၇ | ၂၀,၂၃၃.၀၀ | ၀.၀၀ | ၂၀,၂၃၃.၀၀ | ၀.၄၇ |
| ၇ | Green သစ်မာ | ၁၅,၀၀၆.၀၀ | ၀.၀၀ | ၁၅,၀၀၆.၀၀ | ၁၅,၀၁၈.၀၀ | ၀.၀၀ | ၁၅,၀၁၈.၀၀ | -၁၂.၀၀ |
| ၈ | Htun Myat Aung | ၁၄,၀၁၃.၀၀ | ၀.၀၀ | ၁၄,၀၁၃.၀၀ | ၁၃,၀၀၂.၀၀ | ၁,၀၀၀.၀၀ | ၁၄,၀၀၂.၀၀ | ၁၁.၀၀ |
| ၉ | Century Dragon | ၁၃,၀၂၀.၀၀ | ၀.၀၀ | ၁၃,၀၂၀.၀၀ | ၁၃,၀၂၀.၀၀ | ၀.၀၀ | ၁၃,၀၂၀.၀၀ | ၀.၀၀ |
| ၁၀ | Kaung Myat | ၁၀,၈၂၂.၄၉ | ၀.၀၀ | ၁၀,၈၂၂.၄၉ | ၁၀,၈၂၃.၀၀ | ၀.၀၀ | ၁၀,၈၂၃.၀၀ | -၀.၅၁ |
| ၁၁ | Global Star | ၀.၀၀ | ၁၀,၀၂၅.၃၄ | ၁၀,၀၂၅.၃၄ | ၁၀,၀၂၅.၀၀ | ၀.၀၀ | ၁၀,၀၂၅.၀၀ | ၀.၃၄ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၂ | Lucre Wood | ၁၀,၀၀၀.၀၀ | ၀.၀၀ | **၁၀,၀၀၀.၀၀** | ၁၀,၀၀၀.၀၀ | ၀.၀၀ | **၁၀,၀၀၀.၀၀** | **၀.၀၀** |
| ၁၃ | Wood World | ၉,၁၀၀.၀၀ | ၀.၀၀ | **၉,၁၀၀.၀၀** | ၉,၁၀၀.၀၀ | ၀.၀၀ | **၉,၁၀၀.၀၀** | **၀.၀၀** |
| ၁၄ | Manaw Phyu | ၃,၈၀၄.၀၀ | ၀.၀၀ | **၃,၈၀၄.၀၀** | ၃,၈၀၄.၀၀ | ၀.၀၀ | **၃,၈၀၄.၀၀** | **၀.၀၀** |
| ၁၅ | Tin Myint Yee | ၃,၄၉၂.၀၀ | ၀.၀၀ | **၃,၄၉၂.၀၀** | ၃,၄၉၂.၀၀ | ၀.၀၀ | **၃,၄၉၂.၀၀** | **၀.၀၀** |
| ၁၆ | Golden Flower | ၅၀၀.၀၆ | ၀.၀၀ | **၅၀၀.၀၆** | ၅၀၀.၀၀ | ၀.၀၀ | **၅၀၀.၀၀** | **၀.၀၆** |
| | **စုစုပေါင်း** | **၃၃၇,၀၀၆.၀၃** | **၁၀,၀၂၅.၃၄** | **၃၄၇,၀၃၁.၃၇** | **၃၄၆,၀၃၂.၀၀** | **၁,၀၀၀.၀၀** | **၃၄၇,၀၃၂.၀၀** | **-၀.၆၃** |

*အရင်းအမြစ်: စာရင်းညှိနှိုင်းမှုများပြုလုပ်ပြီးနောက် ကုမ္ပဏီများမှ EITI အချက်အလက်များအစီရင်ခံခြင်း။*

## ၅.၃.၂။ ကျွန်းသစ်

ဤဇယားသည် ကုမ္ပဏီများနှင့်မြန်မာ့သစ်လုပ်ငန်းမှ အစီရင်ခံတင်ပြမှု အရကျွန်းသစ် ထုတ်လုပ်မှု ကွားခြားချက်များကို ဖော်ပြပါသည်။

**ဇယား (၄၈) - ကျွန်းထုတ်လုပ်မှုမှ တိုက်ဆိုင်စစ်ဆေးမှု (၂၀၁၄/၁၅ ဘဏ္ဍာနှစ်)**

*in Hoppus Tons*

| စဉ် | ကုမ္ပဏီ | ကုမ္ပဏီ အလိုက် | | | MTE အလိုက် | | | အချောသတ် |
|---|---|---|---|---|---|---|---|---|
| | | မူလ | ညှိနှိုင်း | အချောသတ် | မူလ | ညှိနှိုင်း | အချောသတ် | ကွာခြားချက် |
| ၁ | Pacific Timber | ၃,၃၃၇.၀၀ | ၀.၀၀ | **၃,၃၃၇.၀၀** | ၃,၃၃၇.၀၀ | ၀.၀၀ | **၃,၃၃၇.၀၀** | **၀.၀၀** |
| ၂ | Tin Myint Yee | ၃,၂၄၅.၀၀ | ၀.၀၀ | **၃,၂၄၅.၀၀** | ၃,၂၄၅.၀၀ | ၀.၀၀ | **၃,၂၄၅.၀၀** | **၀.၀၀** |
| ၃ | FPJVC | ၃,၀၃၂.၅၈ | -၉၇.၅၈ | **၂,၉၃၅.၀၀** | ၂,၉၃၅.၀၀ | ၀.၀၀ | **၂,၉၃၅.၀၀** | **၀.၀၀** |
| ၄ | Myat Noe Thu | ၂,၀၀၀.၀၀ | ၀.၀၀ | **၂,၀၀၀.၀၀** | ၂,၀၀၀.၀၀ | ၀.၀၀ | **၂,၀၀၀.၀၀** | **၀.၀၀** |
| ၅ | Tin Win Tun | ၁,၃၈၅.၀၀ | ၀.၀၀ | **၁,၃၈၅.၀၀** | ၁,၃၈၅.၀၀ | ၀.၀၀ | **၁,၃၈၅.၀၀** | **၀.၀၀** |
| ၆ | MRT | ၈၈၈.၀၀ | ၀.၀၀ | **၈၈၈.၀၀** | ၈၈၈.၀၀ | ၀.၀၀ | **၈၈၈.၀၀** | **၀.၀၀** |
| ၇ | Manaw Phyu | ၄၆၈.၀၀ | ၀.၀၀ | **၄၆၈.၀၀** | ၄၆၈.၀၀ | ၀.၀၀ | **၄၆၈.၀၀** | **၀.၀၀** |
| | **စုစုပေါင်း** | **၁၄,၃၅၅.၅၈** | **-၉၇.၅၈** | **၁၄,၂၅၈.၀၀** | **၁၄,၂၅၈.၀၀** | **၀.၀၀** | **၁၄,၂၅၈.၀၀** | **၀.၀၀** |

*အရင်းအမြစ်: စာရင်းတိုက်ဆိုင်စစ်ဆေးမှုများပြုလုပ်ပြီးနောက် ကုမ္ပဏီများမှ EITI အချက်အလက်များအစီရင်ခံခြင်း။*

**ဇယား(၄၈) - ကျွန်းထုတ်လုပ်မှုမှ တိုက်ဆိုင်စစ်ဆေးမှု (၂၀၁၅/၁၆ ဘဏ္ဍာနှစ် )**

*in Hoppus Tons*

| N° | Company | Per Company | | | Per MTE | | | Final |
|---|---|---|---|---|---|---|---|---|
| | | Original | Adjust | Final | Original | Adjust | Final | difference |
| ၁ | Tin Myint Yee | ၁၃,၆၇၂.၀၀ | ၆.၀၀ | **၁၃,၆၇၈.၀၀** | ၁၃,၆၇၈.၀၀ | ၀.၀၀ | **၁၃,၆၇၈.၀၀** | **၀.၀၀** |
| ၂ | Pacific Timber | ၅,၁၀၂.၀၀ | ၀.၀၀ | **၅,၁၀၂.၀၀** | ၅,၁၀၂.၀၀ | ၀.၀၀ | **၅,၁၀၂.၀၀** | **၀.၀၀** |
| ၃ | Tin Win Tun | ၃,၀၀၈.၀၀ | ၀.၀၀ | **၃,၀၀၈.၀၀** | ၃,၀၀၈.၀၀ | ၀.၀၀ | **၃,၀၀၈.၀၀** | **၀.၀၀** |
| ၄ | FPJVC | ၂,၉၆၈.၅၂ | ၀.၀၀ | **၂,၉၆၈.၅၂** | ၂,၉၆၈.၀၀ | ၀.၀၀ | **၂,၉၆၈.၀၀** | **၀.၅၂** |
| ၅ | Myat Noe Thu | ၂,၆၂၈.၀၀ | ၀.၀၀ | **၂,၆၂၈.၀၀** | ၂,၆၂၈.၀၀ | ၀.၀၀ | **၂,၆၂၈.၀၀** | **၀.၀၀** |
| ၆ | Myanmar Rice | ၂,၆၁၃.၀၀ | ၀.၀၀ | **၂,၆၁၃.၀၀** | ၂,၆၁၃.၀၀ | ၀.၀၀ | **၂,၆၁၃.၀၀** | **၀.၀၀** |
| ၇ | Manaw Phyu | ၂,၄၉၅.၀၀ | ၀.၀၀ | **၂,၄၉၅.၀၀** | ၂,၄၉၅.၀၀ | ၀.၀၀ | **၂,၄၉၅.၀၀** | **၀.၀၀** |
| | **စုစုပေါင်း** | **၃၂,၄၈၆.၅၂** | **၆.၀၀** | **၃၂,၄၉၂.၅၂** | **၃၂,၄၉၂.၀၀** | **၀.၀၀** | **၃၂,၄၉၂.၀၀** | **၀.၅၂** |

*အရင်းအမြစ်: စာရင်းညှိနှိုင်းမှုများပြုလုပ်ပြီးနောက် ကုမ္ပဏီများမှ EITI အချက်အလက်များအစီရင်ခံခြင်း။*

## ၅.၄။ EITI မှ အချက်အလက်နှင့်အခြားအရင်းအမြစ်မှ ရရှိသောအချက်အလက်များကို တိုက်ဆိုင် စစ်ဆေးခြင်း

### ၅.၄.၁။ သစ်ထုတ်လုပ်မှုကိန်းဂဏန်းများ

ITTO (၂၀၁၅)[1] အရ မြန်မာနိုင်ငံသစ်လုပ်ငန်းကဏ္ဍမှ ၂၀၁၄ခုနှစ်အတွင်း သစ်ခွဲသား(၄.၂ကုဗတန်သန်းပေါင်းခန့်)[2] ၆ ကုဗမက်ထရစ်သန်းထုတ်လုပ်ခဲ့သည်။ ကျွန်ုပ်တို့အနေဖြင့် ပြက္ခဒိန်နှစ်နှင့် ဘဏ္ဍာရေးနှစ်အတွက် ကိန်းဂဏန်းများကို နှိုင်းယှဉ်နိုင်ခြင်းမရှိသော်လည်း အစိုးရအဖွဲ့အစည်းများမှ ကိန်းဂဏန်းများနှင့် ထူးကဲစွာကွာဟမှုကို သတိပြုမိပါသည်။ မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနနှစ်ခုလုံး၏ ပေးပို့အစီရင်ခံသော ကိန်းဂဏန်းများမှာ ကုဗတန်ချိန်တစ်သန်းထက်လျော့နည်းလျက်ရှိသည်။[3]

သို့အတွက် ထုတ်ပေဖြန့်ချိထားသည့် သတင်းအချက်အလက်များအကြား ကြီးမားသော (material) ကွာခြားမှုရှိသကဲ့သို့ ပိုမိုတိကျပြီးညီညွတ်မှုရှိသော အဓိပ္ပါယ်သတ်မှတ်ချက်များနှင့် တင်ပြချက် များ လိုအပ် နေပါသည်။ ထိုသို့သော ကြီးမားသော ကွာခြားချက်များသည် အစီရင်ခံသည့် ကိန်းဂဏန်းများ တိကျမှုနှင့် ပတ်သက်ပြီး အန္တရာယ် အလားအလာ (Risk) ရှိနေပါသည်။ အဆိုပါကွာဟချက်များကို ဆန်းစစ်ပြီး ၎င်းအခက်အခဲများကို ဖြေရှင်းနိုင်ရန်ညှိနှိုင်းကြိုးပမ်းသွားရပါမည်။

### ၅.၄.၂။ သစ်တင်ပို့မှု ကိန်းဂဏန်းအချက်အလက် (၂၀၁၄-၂၀၁၅)

မြန်မာနိုင်ငံ သစ်တောကဏ္ဍနှင့် ပတ်သတ်၍ အချို့သောနိုင်ငံတကာအဖွဲ့အစည်းများမှ ထုတ်ပြန်သော အချက်အလက်တချို့ကိုဖော်ပြအပ်ပါသည်။

**(က) European Timber Trade Federation**

သိသာထူးခြားစွာကွာခြားမှုကို သတိပြုမိသည်မှာ MCD နှင့် European Timber Trade Federation (ETTF)[4] တို့ကြား ထုတ်ကုန်တင်ပို့မှု ကို အောက်ပါအတိုင်းအသေးစိတ်ဖော်ပြအပ်ပါသည်။

| အရင်းအမြစ် | MCD | ETTF | ကွာခြားချက် |
|---|---|---|---|
| သစ်ထုတ်လုပ်မှုတန်ဖိုး (အမေရိကန်ဒေါ်လာသန်းပေါင်း) | ၉၅.၆၈ | ၁,၇၈၀.၆၀[5] | -၁,၆၈၄.၉၂ |
| Period | ၂၀၁၄/၁၅ ဘဏ္ဍာနှစ် | ၂၀၁၄ | |

ထုတ်ကုန်တင်ပို့မှု ပင်ဖြစ်ပါသည်။ အဓိကအားဖြင့် EITI သည်စုစုပေါင်း စုစုပေါင်း၂,၂၈၅ (ထောင်ပေါင်း) m³ ကို ၂၀၁၄ တွင်အစီရင်ခံစဉ် FD သည် ၂၀၁၃/၁၄ နှင့် ၂၀၁၄/၁၅ ဘဏ္ဍာနှစ်တွင် ၁၀၀ (ထောင်ပေါင်း) m³ ကိုပင် မပြည့်မီကြောင်းသိရှိရပါသည်။

**(ခ) Forest Trends**

၂၀၁၅ မတ်တွင် Forest Trend[6] မှ ထုတ်ပြန်ခဲ့သည်မှာ ၂၀၁၃[7] အတွက်ထုတ်ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ , ၁.၆ ဘီလီယံ သည်လည်း FD ၏ အချက်အလက်များနှင့် သိသာထူးခြားစွာ မြင့်မားလျက်ရှိကြောင်းတွေ့ရပါသည်။ ထုတ်ကုန်တင်ပို့မှုပမာဏပင်ဖြစ်ပါသည်။အဓိကအားဖြင့် Forest Trend အစီအရင်ခံခဲ့သည်မှ ၂၀၁၃ခုနှစ်တွင် စုစုပေါင်း ၃.၃ သန်း ပေါင်း m³ ထက်ကျော်လွန်စဉ် FD သည် ၂၀၁၂-၂၀၁၃ နှင့်၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်များတွင် ၁၀၀ ထောင်ပေါင်း ပေါင်း m³ ကိုပင် မပြည့်မီကြောင်းတွေ့ရပါသည်။ [8]

[1] The International Tropical Timber Organization (ITTO) is an intergovernmental organisation promoting the conservation and sustainable management, use and trade of tropical forest resources. Further information on the ITTO are available on its website: http://www.itto.int/.

[2] One cubic ton is equal to 1.415 cubic meter for teak and other hardwoods.

[3]Source: http://www.timbertradeportal.com/countries/myanmar/

[4] ETTF promotes the interests of the timber trade across Europe, representing key national federations for importers, merchants and distributors. Further information on the ETTF are available on its website: http://ettf.info/.

[5] Source: International Tropical Timber Organization (ITTO, 2015) http://www.timbertradeportal.com/countries/myanmar/

[6]Forest Trends is a non-profit organisation that connects with economic tools and incentives for maintaining ecosystems. Further information on Forest Trends are available on its website: http://www.forest-trends.org/.

[7] Based on importing country statistics.

[8] Source: Forest Trends Report Series, Commercial Agriculture Expansion in Myanmar: Links to Deforestation, Conversion Timber, and Land Conflicts, Kevin Woods, March 2015. The Report is publicly available on (http://forest-trends.org/releases/uploads/Conversion_Timber_in_Myanmar.pdf)

## မြန်မာ /တရုတ် သစ်တော ထုတ်ကုန် ကုန်သွယ်မှု

တရုတ်နိုင်ငံ Forest Trends [1]မှစုစည်းထားသည့် တရုတ်နိုင်ငံအကောက်ခွန်ဆိုင်ရာ စာရင်းအင်းအရ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့တင်သွင်းသော သစ်ပမာဏမှာ ၂၀၁၄/၁၅ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာသန်း (၃၀၀) ကျော် ဖြစ်ပြီး MCD ကိန်းဂဏန်း အချက်အလက်မှာ အဆိုပါကာလအတွင်း အမေရိကန် ဒေါ်လာ (၁၅)သန်းသာဖော်ပြ ထားပါသည်။

ထုတ်ပေဖြန့်ချထားသော သတင်းအချက်အလက် အမျိုးမျိုးများအကြား လက်ရှိ ကွာဟမှုများရှိနေပြီး အဓိပ္ပာယ် သတ်မှတ်ချက်များနှင့် တင်ပြချက်များတွင် ပိုမိုတိကျပြီးညီညွတ်မှုရှိရန် လိုအပ်နေပါသည်။ ထိုသို့သော ကွာခြားမှုသည် အစီရင်ခံသည့် ကိန်းဂဏန်းများတိကျမှု အတွက် အန္တရာယ်အလားအလာရှိနေကြောင်း အလေး ထားဖော်ညွှန်းလျက်ရှိပါသည်။ အဆိုပါ ခြားနားချက်များကို ဆန်းစစ်လျက် အကြောင်းရင်း များကို ဖော်ထုတ် ဖြေရှင်းနိုင်ရန် ညှိနှိုင်းဆောင်ရွက် ရန်လိုအပ်ပါသည်။

### ၅.၄.၂။ သစ်တင်ပို့မှုကိန်းဂဏန်းအချက်အလက် (၂၀၁၅-၂၀၁၆)

တရုတ်နိုင်ငံ Forest Trends[4] မှစုစည်းထားသည့် တရုတ်နိုင်ငံအကောက်ခွန်ဆိုင်ရာ စာရင်းအင်းအရ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့တင်သွင်းသော သစ်ပမာဏမှာ ၂၀၁၅/၁၆ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ သန်း(၁၀၀)ကျော် ဖြစ်ပြီး MCD ကိန်းဂဏန်းအချက်အလက်မှာ အဆိုပါကာလအတွင်း အမေရိကန်ဒေါ်လာ (၁၅)သန်းသာ ဖော်ပြထားပါသည်။

ထုတ်ပေဖြန့်ချထားသော သတင်းအချက်အလက်အမျိုးမျိုးများအကြား ကြီးမားသော ကွာဟမှုများရှိနေပြီး အဓိပ္ပါယ် သတ်မှတ်ချက်များနှင့် တင်ပြချက်များတွင် ပိုမိုတိကျပြီးညီညွတ်မှုရှိရန် လိုအပ်နေ ပါသည်။ ထိုသို့သော ကြီးမား သော ကွာခြားမှုသည် အစီရင်ခံသည့် ကိန်းဂဏန်းများတိကျမှုအတွက် အန္တရာယ် အလားအလာရှိနေ ကြောင်း အလေးထား ဖော်ညွှန်းလျက်ရှိပါသည်။ အဆိုပါခြားနားချက်များကို ဆန်းစစ်လျက် အကြောင်းရင်း များကို ဖော်ထုတ်ဖြေရှင်းနိုင်ရန် ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ပါသည်။

## ၅.၅။ ကုမ္ပဏီများအချက်အလက်ဖော်ပြမှုနှင့် တရားဝင်ပိုင်ဆိုင်မှု

ဤအစီရင်ခံစာ၏နောက်ဆက်တွဲ (၁၆) နှင့် (၁၇) သည် ကုမ္ပဏီများဆိုင်ရာ အကြောင်းအရာအချက် အလက်နှင့် ၎င်းတို့၏ဥပဒေဆိုင်ရာ ပိုင်ဆိုင်မှုကိုဖော်ပြထားပါသည်။

[1] The International Tropical Timber Organization (ITTO) is an intergovernmental organisation promoting the conservation and sustainable management, use and trade of tropical forest resources. Further information on the ITTO are available on its website: http://www.itto.int/.

[2]One cubic ton is equal to 1.415 cubic meter for teak and other hardwoods.

[3] Source: http://www.timbertradeportal.com/countries/myanmar/

[4] Source: Myanmar – China Forest Products Trade 2014-2017, Forest Trends, February 2018.

# ၆။ အခြားသတင်း အချက်အလက်များ

## ၆.၁။ တိုက်ဆိုင်စစ်ဆေးမှုနယ်ပယ်တွင်မပါဝင်သော ကုမ္ပဏီများမှပေးချေမှုများ

MSG ၏ ဆုံးဖြတ်ချက်အရ နိုင်ငံတော်ပိုင်စီးပွားရေး လုပ်ငန်းများသည် ကုမ္ပဏီမှ စုစုပေါင်းရရှိငွေ များကို တိုက်ဆိုင်စစ်ဆေးမှုနယ်ပယ်တွင်ရွေးချယ်ခြင်း မရှိသော်လည်း ဖော်ပြရန်လိုအပ်ပါသည် ဟုဆုံးဖြတ်ခဲ့ပါသည်။ အစိုးရ အဖွဲ့အစည်းများမှ Unilateral revenues (တစ်ဖတ်သတ်ရရှိငွေများ) သည် ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တို့အတွင်း မြန်မာကျပ်၅၁၁.၄၂ သန်းနှင့် မြန်မာကျပ်၅၁၆.၀၃ သန်းနှင့် အကျဉ်းချုပ်စုစည်းတင်ပြမှုကို ဤအစီအရင်ခံစာ ၏ နောက်ဆက်တွဲ (၁၉) တွင် ဖော်ပြထားပါသည်။

## ၆.၂။ ဘဏ္ဍာရေးအသုံးစရိတ်ဟုပုံဖမ်းသုံးစွဲသည့် လူမှုဆိုင်ရာ အသုံးစရိတ်များ(Quasi-Fiscal Expenditures)

MTE အမည်ခံ ဘဏ္ဍာရေးစရိတ်ထည့်ဝင် မှုများကို အစိုးရသို့ဖော်ပြရမည်ဟု တောင်းဆိုခဲ့သော်လည်း ၂၀၁၄/၂၀၁၅ နှင့် ၂၀၁၅/၁၆ ဘဏ္ဍာနှစ်တွင် အစီရင်ခံခဲ့ခြင်းမရှိပါ။

# ၇။ အကြံပြုချက်များ

အောက်ပါအကြံပြုချက်များသည် ၂၀၁၄/၁၅နှင့် ၂၀၁၅/၂၀၁၆ ခုဘဏ္ဍာရေးနှစ် MEITI အစီရင်ခံစာများအတွက် စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ် အတွင်း သတိပြုမိသော တွေ့ရှိချက်၊ အားနည်းချက်များပေါ် အခြေခံထားပါသည်။

## ၇.၁။ သစ်တောကဏ္ဍမှ ဝင်ငွေရရှိမှုကိုစီမံအုပ်ချုပ်မှုစနစ်

### ၇.၁.၁။ အခွန်ထမ်းအသိအမှတ်ပြုနံပါတ်မပါရှိခြင်း

လုပ်ငန်းစဉ်အတွင်း IRD နှင့် MCD မှရရှိသော ဝင်ငွေရှင်းတမ်းတွင် ကုမ္ပဏီများ၏ အခွန်ထမ်းအသိ အမှတ်ပြု (TIN) နံပါတ်မပါရှိကြောင်းသတိပြုမိပါသည်။ ကုမ္ပဏီအချို့၏အမည်အား အစိုးရဌာနတစ်ခုမှ တခုသို့ မှားယွင်းစွာရေးထားပါသည်။၎င်းခြားနားချက်များမှ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ပြန် ဆိုခြင်းကြောင့် ဖြစ်ပါသည်။

ထို့အပြင် IRD နှင့် MCD တွင် သစ်ကုမ္ပဏီများ၏ စာရင်းသည်သစ်ထုတ်လုပ်သောကုမ္ပဏီများအတွက် သတ်မှတ်ချက်မရှိပါ။

IRD နှင့် MCD သည် MTE မှထုတ်ပြန်ထားသော သစ်တောကုမ္ပဏီစာရင်းပေါ်တွင်သာ ဝင်ငွေကိုဖော်ပြထားပါသည်။၎င်းသည် ဝင်ငွေရှင်းတမ်း ကိုက်ညီခြင်းနှင့်ပတ်သက်သော အန္တရာယ်ရှိပါသည်။

**အကြံပြုချက်**

အစိုးရအေဂျင်စီအားလုံးသည် သစ်ထုတ်လုပ်သောကုမ္ပဏီများမှ ရရှိသောငွေများကိုမှတ်တမ်းတင်ရန် သီးခြား TIN သုံးရန် အကြံပြုပါသည်။အစိုးရအေဂျင်စီ အားလုံးလက်ရှိ ကုမ္ပဏီများ၏ အခြေအနေကိုသိရန် ပူးပေါင်း ဆောင်ရွက်မှုလိုပါသည်။

ကုမ္ပဏီအသစ်များနှင့်ပတ်သက်၍ TIN နံပါတ်ကို ၎င်းတို့ မှတ်ပုံတင်တည်ထောင်သည့် အချိန်တွင် စာရင်းသွင်းသင့်ပါသည်။ အစိုးရအေဂျင်စီ အားလုံးသည် EITI အစီရင်ခံစာအတွက်မသုံးမနေရလုပ်သင့်ပါသည်။

**IRD မှတ်ချက်များ**

IRD သည် TIN နံပါတ်အား အခွန်ထမ်းကြီးများရုံး (LTO)တွင် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှစ၍ အသုံးပြုပါသည်။၎င်းစနစ် အလယ်အလတ်အခွန်ထမ်းရုံး (MTO) တွင် တစ်ဆင့်ခြင်းတိုး၍အသုံးပြုပါသည်။ အခွန် စီမံခန့်ခွဲမှုစနစ်အသစ်အား ၂၀၁၉-၂၀၂၀ အတွင်း ၁ရက်၊ ဧပြီ၊ ၂၀၁၉ မှစ၍သုံးစွဲရန် ရည်ရွယ်ထားပါသည်။ အခြားတဖက်မှကြည့်လျှင် သစ်တောလုပ်ငန်းများသာမက IRD နှင့်ဆက်စပ်သော အခြားအစိုးရ အေဂျင်စီ များသည် IRD မှသုံးစွဲသော TIN နံပါတ်အားတူညီစွာသုံးစွဲသင့်ပါသည်။တူညီသော TIN နံပါတ်အသုံးပြု နိုင်ရန် နက်ဝပ် စနစ်ကို EITI နှင့်ကိုက်ညီသော ဥပဒေအသစ်ပြဋ္ဌာန်း၍ တဆင့်အသုံးပြုရမည်။

### ၇.၁.၂။ သစ်တောကဏ္ဍမှ ရရှိသော ဝင်ငွေကို ခွဲဝေသည့် အရင်းအမြစ် အခွန်စနစ် မရှိခြင်း

သစ်တောကဏ္ဍဝင်ငွေအား မြန်မာနိုင်ငံတိုင်းနှင့် ပြည်နယ်အားလုံးနီးပါးတွင်ရရှိပါသည်။ အဓိကအားဖြင့် စစ်ကိုင်း၊ ပဲခူး၊ တနင်္သာရီ၊ မကွေး၊ ဧရာဝတီ၊ ရှမ်း၊ ကယားနှင့် ချင်းပြည်နယ် တို့တွင်ဖြစ်ပါသည်။

၎င်းဒေရိယာများနှင့် အခြားဒေရိယာများတွင် သစ်တောလုပ်ငန်းများသည် ဒေသခံနေထိုင်သူများနှင့် သဘာဝ ပတ်ဝန်းကျင်အား အထူးအကျိုးသက်ရောက်မှုရှိပါသည်။

၎င်းဒေသများသို့ဝင်ငွေအချိုးခွဲဝေမှုရှိသော်လည်း အများဆုံး ရှယ်ယာဝေစုကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ သို့ ထည့်ဝင်ပါသည်။

**အကြံပြုချက်**

သစ်တောလုပ်ငန်းများသည် ဒေသခံရပ်ရွာအသိုင်းအဝိုင်းပါ တိုက်ရိုက်အကျိုးသက်ရောက်မှုရှိရန် အစိုးရ အနေဖြင့် သစ်ထုတ်လုပ်သော ကုမ္ပဏီများမှရရှိလာသော ဝင်ငွေကိုအထူးရန်ပုံငွေထူထောင်ရန် စဉ်းစားသင့်ပါသည်။ အောက်ပါစီမံကိန်း များသို့ ခွဲဝေပေးနိုင်ပါသည်။

- သစ်တောကြောင့် သက်ရောက်မှုရှိသော ရပ်ရွာအသိုင်းအဝိုင်း ပြန်လည်ထူထောင်ရေး
- အကြမ်းဖက်မှုများ လျော့ချတားဆီးရေး

- ဒေသခံအကျိုးအတွက် တောင်းဆိုမှုများကို ဖြည့်စီးပေးရန်
- သယံဇာတပေါကြွယ်သောဒေသနှင့် သယံဇာတမပေါကြွယ်သောဒေသများ အကြား ဒေသအလိုက် ဝင်ငွေညီမျှစွာရရှိရေးကို ဖြစ်ပေါ်စေရန်

ပိုမိုထိရောက်မှုရှိစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဝင်ငွေခွဲဝေမှုစနစ်မှ ဝင်ငွေခွဲဝေမှုတွက်ချက်မှုအပေါ် ပါဝင်ပတ်သက်သူများအားလုံး၏ သဘောတူညီမှုရရှိရန် လိုအပ်စေမည်။

**၃၁ ဇူလိုင် ၂၀၁၈ တွင် ပြုလုပ်သော Technical and Reporting Sub-committee အစည်းအဝေးနှင့် ဩဂုတ်လ ၃ ရက် ၂၀၁၈ တွင် ပြုလုပ်သော ၁၅ ကြိမ်မြောက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့မှ မှတ်ချက်များ**

သစ်တောထွက်ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် ဝင်ငွေများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ (Union Fund) နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးဝင်ငွေ (State and Region Fund) သို့ ပေးသွင်းရသည်။

**IA ၏ ထပ်မံအကြံပြုချက်**

ဌာန၏ သဘောထားမှတ်ချက်များကို မှတ်သားထားသော်လည်း ကျွန်ုပ်တို့၏ အကြံပြုချက်များကိုလည်း ဆက်လက်ထိန်းသိမ်းထားပါသည်။ အားပေး အကြံပြုလိုသည်မှာ ရှင်းလင်းသော ဝင်ငွေခွဲဝေမှု ပုံသေနည်းဖြင့် ဝင်ငွေခွဲဝေမှုစနစ်ကိုထားရှိစေလိုပါသည်။

## ၇.၁.၃။ သစ်တောကဏ္ဍနှင့် သစ်တောမဟုတ်သည့်ကဏ္ဍမှ ဝင်ငွေခွန်များအကြား သိသာထင်ရှားမှု မရှိခြင်း

လေ့လာအကဲဖြတ်သည့်ကာလအတွင်းအချို့သောကုမ္ပဏီများသည် ၎င်းတို့၏ထုတ်လုပ်မှုပမာဏမှာ အတော်သေးငယ်သော်လည်း IRD သို့ ပမာဏ ကြီးမားသော ငွေပေးချေမှုများရှိကြောင်း ဖော်ထုတ်နိုင်ခဲ့ပါသည်။

ကျွနုပ်တို့သဘောပေါက်သည်မှာ အဆိုပါကုမ္ပဏီများသည် သစ်တောကဏ္ဍနှင့် သစ်တောမဟုတ်သော ကဏ္ဍလုပ်ငန်းများ၌ပါလုပ်ငန်းဆောင်ရွက်ကြပါသည်။ သို့အတွက်၎င်းတို့၏ ပေးချေမှုများမှာထုတ်လုပ်မှု ကဏ္ဍနှင့်လုံးဝဆက်စပ်မှုမရှိခြင်းမရှိပါ။ သို့အတွက်လောလောဆည်တွင် IRD အနေဖြင့် ငွေပေးချေ သည့်အချိန်၌မည်၍မည်မျှသည် သစ်တောလုပ်ငန်းများ၊မည်၍မည်မျှသည် သစ်တောမဟုတ်သော လုပ်ငန်းများ နှင့်ပတ်သက်သည်ကိုသတ်မှတ်နိုင်ရန် ဖြစ်နိုင်မည်မဟုတ်ပါ။

**အဆိုပြုထောက်ခံချက်**

IRDသို့ငွေပေးချေမှုပြုသည့်အခါကုမ္ပဏီများအား သစ်တောကဏ္ဍနှင့်သစ်တောမဟုတ်သော ကဏ္ဍဆိုင်ရာ ပေးချေမှု ဟူ၍ ခွဲခြားမှုပြုရန်အပြည့်အဝ တိုက်တွန်းပါသည်။သို့မှသာ ပေးချေမှုများ ကိုသင့်လျော် မှန်ကန်သည့်အခွန်စီးကြောင်း (tax stream) ၌သတ်မှတ်နိုင်မည် ဖြစ်သည်။

IRDအနေဖြင့်ထိုသို့ခွဲခြားမှုပြုလုပ်ရန်နှင့်ကုမ္ပဏီ၏လုပ်ငန်း(များ)နှင့်ပတ်သက်သည့် သတင်း အချက်အလက်များထည့်သွင်းရန်ကိန်းဂဏန်းမှတ်တမ်းပြုစနစ် (data recording systems) ၌ သတ်မှတ်နိုင်မည်ဖြစ်သည်။

**IRD မှတ်ချက်များ**

စုစုပေါင်းရောင်းချမှု (total sale proceeds) နှင့်ဝန်ဆောင်မှုလုပ်ငန်းများမှအရ အပြင်ဝင်ငွေ သတ်မှတ်သည့်နှစ်အတွင်း အခွန်ထမ်းတို့ထံမှရရှိသည့်စုစုပေါင်းဝင်ငွေကို အခြေခံ၍ ပြည်ထောင်စု အခွန်ထမ်းဥပဒေ (Union Taxation Law) ၌သတ်မှတ်ထားသော အခွန်နှုန်းထား များနှင့်အညီ ဝင်ငွေနှင့် စီးပွားရေး/ကုန်သွယ်အခွန်(Commercial tax) တို့အတွက်အကဲဖြတ်ကို ဆောင်ရွက် ပါသည်။ အကယ်၍ အခွန်ထမ်းသည်

လုပ်ငန်းတစ်ခုထက်ပို၍ ဆောင်ရွက်ပါကဝင်ငွေနှစ်အတွင်း အခွန်ထမ်းကလုပ်ကိုင်သည့် လုပ်ငန်းများအားလုံးမှရရှိလာသောစုစုပေါင်းပမာဏအပေါ်၌အခွန်သတ်မှတ်ရပါသည်။
အခွန်သတ်မှတ်မှုကိုလုပ်ငန်းရပ်တစ်ခုချင်းအတွက်ခွဲခြားမသတ်မှတ်နိုင်သည့်အတွက် IRD အနေဖြင့် ထုတ်လုပ်မှုကဏ္ဍနှင့်ပတ်သက်၍ ငွေပေးချေမှုမည်၍မည်မျှ ဖြစ်သည်ကို ခွဲခြားပေးရန်မဖြစ်နိုင်ပါ။

IRDအနေဖြင့်လောလောဆည်တွင် သစ်တောကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရသော အခွန်ထမ်း တစ်ဦးချင်းအတွက်သစ်တောကဏ္ဍဝင်ငွေနှင့် အခြားဝင်ငွေကိုခွဲခြားနိုင်ခြင်းမရှိပါ။ ဝင်ငွေကို ပေါင်းရုံးတင်ပြသည့်စနစ် (aggregate taxes) ဖြင့်သာအစီရင်ခံသည့်အတွက် လက်ရှိမှတ်တမ်းများမှ သစ်တောကဏ္ဍ ဝင်ငွေကို အစီရင်ခံရန်လက်တွေ့နည်းလမ်းမရှိပါ။

ထိုသတင်းအချက်အလက်များစုစည်းရန် ကျွန်ုပ်တို့၏လုပ်ငန်းစဉ်ကို ပြောင်းလဲရန် လက်တွေ့ကျနိုင်မည်မဟုတ်ပါ။အခွန်ပြန်ကြားပုံစံ (tax return forms) များနှင့် IT စနစ်များကို ပြန်လည်ပြုပြင်ရန်များစွာသောအရင်းအမြစ်များလိုအပ်နိုင်မည်ဖြစ်ပါသည်။ အကောင်းဆုံးနည်းလမ်းအဖြစ်ထုတ်လုပ်မှုအမှတ်အသား (industry code) ကိုအသုံးပြုလျက်ကိန်းဂဏန်းကောက်ယူရန်နှင့် သစ်တော မဟုတ်သော ကဏ္ဍမှအချို့သော အပိုင်းပါဝင်နိုင်သည်ကိုလက်ခံရန် ဖြစ်ပါသည်။ (discount များကိုအသုံးပြု၍ဖယ်ရှားနိုင်ပါသည်။ ဥပမာအစီရင်ခံသည့်စုစုပေါင်းဝင်ငွေ၏ ၅ရာခိုင်နှုန်းသို့မဟုတ် ၁၀ ရာခိုင်နှုန်းမှာသစ်တောကဏ္ဍဝင်ငွေဟုယူဆခြင်း)

**နောက်ထပ်ရရှိသော IA ၏သဘောထားမှတ်ချက်**

တိကျရေရာသောအခြေခံမရှိဘဲသစ်တောမဟုတ်သည့်ကဏ္ဍဝင်ငွေအတွက် ရာခိုင်နှုန်း တစ်စုံတစ်ရာ သတ်မှတ်ဖယ်ရှားခြင်းမှာသစ်တောကဏ္ဍ ဝင်ငွေကိုတိကျသည့်အကဲဖြတ်မှုမဖြစ်နိုင်ပါ။ သို့အတွက်ကျွန်ုပ်တို့၏ အဆိုပြုတင်ပြချက်ကိုဆက်လက်ထိန်းထားပါမည်။

## ၇.၂။ သစ်တောကဏ္ဍစီမံအုပ်ချုပ်မှု

### ၇.၂.၁။ သစ်ကုန်သွယ်နှင့် ခြေရာခံခြင်းတိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်ခြင်း

သစ်ထုတ်ရာနေရာမှ သစ်လုံးများကို ပြည်ပတင်ပို့ရာနေရာ သို့သယ်ဆောင်ပေးခြင်းနှင့် ပတ်သက်သည့် ရှုပ်ထွေးမှုမှာ မြန်မာနိုင်ငံ၏သစ်တောကဏ္ဍအတွက် စိန်ခေါ်မှုတစ်ရပ်အဖြစ်ယူဆပါသည်။ သစ်လုံး သယ်ယူရာ လမ်းကြောင်းစနစ် (Log tracking system)မှာ ရှိပြီးဖြစ်သော်လည်း အမှန်တကယ် သစ်လုံးသယ်ပို့မှုနှင့် ပိုင်ရှင်ကူးပြောင်းမှုမှာ ရှုပ်ထွေးလှပါသည်။ လွဲပြောင်းမှုအများအပြားရှိပြီး ၎င်းတွင် လူတို့၏မှားယွင်းမှုများနှင့် လုပ်ထုံးလုပ်နည်းအတိုင်း လိုက်နာမှုများ ပျက်ကွက်သည်များ လည်းရှိနိုင်သည်။ ၎င်းအပြင် လက်ရှိကိန်း ဂဏန်းစုဆောင်းသည့်စနစ်မှာ သစ်၏မူလဇစ်မြစ် အသေးစိတ်ကို လုံလောက်စွာဖော်ပြထားခြင်းမရှိပါ။ လက်ရှိသစ်သယ်ရာလမ်းကြောင်းနှင့် အစီရင်ခံသည့်စနစ်တွင် ရေရှည်စီမံခန့်ခွဲသည့် သဘာဝသစ်တောများနှင့် သစ်စိုက်ခင်း (အစိုးရနှင့် ပုဂ္ဂလိကပိုင် နှစ်မျိုးလုံး)မှ သစ်များကိုခွဲခြားထားခြင်းမရှိပါ။ ၎င်းစနစ်တွင် သစ်စီးဆင်းမှု (timber flows) များအကြားခွဲခြားနိုင်ခြင်းမရှိပါ။ သို့အတွက် ဖမ်းဆီးထားသောသစ်များနှင့်သစ်တောပြောင်းလဲမှုများမှ ရရှိထားသောသစ်များကို ရေရှည်စီမံခန့်ခွဲထားသည့် သဘာဝသစ်တောများမှ သစ်များဖြင့် အလွယ် တကူရောနှောလိုက်နိုင်ပါသည်။

**အဆိုပြုထောက်ခံချက်**

ကျွန်ုပ်တို့အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်မှုကွင်းဆက် (Chain of Custody) ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ ကိန်းဂဏန်းကောက်ယူစုဆောင်းခြင်းနှင့် အစီရင်ခံသည့် စနစ်ကောင်းမွန်အောင်ဆောင်ရွက်သည့် လုပ်ငန်းများ ခိုင်မာလာစေရန် ထောက်ခံတင်ပြပါသည်။ အဆိုပါလုပ်ငန်းတွင် ခေတ်မီသစ်လုံးသွားရာလမ်းကြောင်းစနစ်နှင့်အတူ သက်ဆိုင်ရာ သစ်တောဦးစီးဌာနဝန်ထမ်းများ၊ MTE နှင့် ကုမ္ပဏီများ၏ စွမ်းဆောင်ရည် တည်ဆောက်မှုများ၌ ရင်းနှီးမြှုပ်နှံမှုများပါဝင်ပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း သစ်တောထွက်ပစ္စည်း အသုံးများသောဒေသများနှင့် နိုင်ငံအများစုသည် တရားမဝင်သောနည်းလမ်းဖြင့် ထုတ်လုပ်သည့် သစ်ထွက်ပစ္စည်းများကို တင်ပို့မှုမှလျော့ချစေရန် ရည်ရွယ်သော စည်းမျဉ်း ဥပဒေအာသစ်များ ရေးဆွဲပြဌာန်းလာကြပါသည်။ (ဥပမာ-US မှthe Lacey Act နှင့် EU သစ်စည်းမျဉ်း (EUTR)၊ ဩစတေးလျ တရားမဝင် သစ်ခုတ်ခြင်းမှကာကွယ်သည့် အက်ဥပဒေ)။ တရားမဝင် သစ်ခုတ်လှဲခြင်းမှာ အဆိုပါစည်းမျဉ်း (၃) ခုတွင် ဖော်ပြထားသည့်အတိုင်း သစ်ထုတ်လုပ်သည့်နိုင်ငံ၏ဥပဒေ နှင့် စည်းမျဉ်းစည်းကမ်းများ ကိုဖောက်ဖျက် လျက်ထုတ်လုပ် သည့်သစ်များ ကိုဆိုလိုပါသည်။ အဆိုပါစည်းမျဉ်းများ၏ အဓိကလိုအပ်ချက်ကို အောက်ပါအတိုင်းအကျဉ်းချုပ်တင်ပြအပ်ပါသည်။

- တရားမဝင်ထုတ်လုပ်သောသစ်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပြခြင်းမပြုရန်
- သစ်တင်သွင်းသူများကို အောက်ပါတို့ကို လိုက်နာရန်ဆောင်ရွက်မှုအပါအဝင် နိုးကြားမှုသတိရှိရန် လိုအပ်ပါသည်။
  - သစ်၏ဇစ်မြစ်၊ တရားဝင်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ ရရှိအောင်ဆောင်ရွက်ခြင်း - တရားမဝင်သောနေရာမှ ရရှိလာသည့်သစ်များနှင့် ပတ်သက်ပြီး အန္တရာယ် အလားအလာ အကဲဖြတ်ခြင်း (Risk Assessment) ကို ဆောင်ရွက်ခြင်း
  - ထူးခြားသော အန္တရာယ်အလားအလာများကို လျော့နည်းအောင်ဆောင်ရွက်ခြင်း[1]

အဆိုပါ စည်းမျဉ်းသစ်များသည် မြန်မာနိုင်ငံကဲ့သို့ သစ်တင်ပို့သောနိုင်ငံများအတွက် စိန်ခေါ်မှုများ ဖြစ်စေလျက် သစ်ဈေးကွက်များတွင် ပြောင်းလဲမှုများရှိခဲ့ပါသည်။[2]

[1] Tackling Timber Regulations: A Guide for Myanmar, Forest Trends, 2013.

[2] http://www.flegt.org/news/content/viewItem/swedish-court-rules-myanmar-timber-documentation-inadequate-for-eu-importers/15-11-2016/57

နိုင်ငံတကာသစ်ဈေးကွက်များ၏ ဖွံ့ဖြိုးမှုများနှင့်အညီ ဆက်လက်ရင်ဘောင်တန်းနိုင်ရန် နှင့် ပြည်ပတင်ပို့မှု လုပ်ငန်းအတွက် ဈေးကွက်ရရှိစေရန်၊ မြန်မာနိုင်ငံ အစိုးရအနေဖြင့် အဆိုပါဥပဒေစည်းမျဉ်းအသစ်များကို ရေးဆွဲ အကောင်အထည်ဖော်ရန် တိုက်တွန်းအပ်ပါသည်။

သက်ဆိုင်ရာစံများနှင့် ညီညွတ်အောင်ဆောင်ရွက်သည့် အချို့ သောအစပျိုးလုပ်ငန်းများမှာ ရှိနှင့်ပြီးဖြစ်သည် (ဥပမာ- မြန်မာ့သစ်တရားဝင်ဖြစ်ကြောင်းအာမခံသည့်စနစ် (Myanmar's Timber Legality Assurance System, MTLAS) သို့သော် ၎င်းစံများကို လက်တွေ့လိုက်နာအကောင်အထည်ဖေါ်ရန် ပိုမိုထပ်မံ ကြိုးစား အားထုတ်ရန်လိုအပ် ပါသည်။ (ဥပမာ- စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အစီရင်ခံခြင်းစနစ်) ။

**သစ်တောဦးစီးဌာနနှင့်မြန်မာ့သစ်လုပ်ငန်းတို့၏သဘောထားမှတ်ချက်**

သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့အတွက် MTLAS စနစ်ကို သစ်ထုတ်လုပ်ရေးနှင့် ဈေးကွက်တင်ပို့ရေးလုပ်ငန်းတွင် အသုံးပြုနေပြီဖြစ်သည်။ FLEGT အစီအစဉ်ကို EU နှင့် DFID တို့၏ရန်ပုံငွေအထောက်အပံ့ဖြင့် FD ၊MTE နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတို့မှပါဝင်လျက် FAO ၏အကူအညီဖြင့် အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ပါသည်။

သစ်လုံးသယ်ယူရာလမ်းကြောင်းနှင့် သတင်းပို့အစီရင်ခံခြင်း စနစ်ကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

MTE အနေဖြင့် သစ်ထောက်ပံ့မှုကွင်းဆက် ( Supply chain) လုပ်ငန်းစဉ်ကို ထိခိုက်စေသော အကြောင်းရပ်များ စွာရှိသည်ကိုဝန်ခံပါသည်။ အမျိုးသားပြည်ပတင်ပို့မှုမဟာဗျူဟာအသစ်နှင့် ပတ်သက်၍ ဝယ်ယူသူများ (Customers) များ၏ အာရုံစူးစိုက်လာစေရန် ၂၀၁၇ ခုနှစ် ဩဂုတ်လ တွင် စာတမ်းတစ်စောင်ထုတ်ဝေခဲ့ပါသည်။ ၎င်း ထုတ်ဝေမှု ၏ရည်ရွယ်ချက်မှာ ထိန်းသိမ်းစောင့်ရှောက်မှုကွင်းဆက် ( Chain of Custody) နှင့်တရားဝင်မှု (Legality) ကိုတိုးတက်ကောင်းမွန်စေရန်ဖြစ်ပါသည်။ http://www.marinetechword.com/၂၀၁၇/MTE.pdf

## ၇.၂.၂။ ဥပဒေစည်းမျဉ်းဆိုင်ရာမူဘောင်နှင့် ဥပဒေလိုက်နာဆောင်ရွက်ခြင်း

**(က) သစ်တောဥပဒေ**

သစ်ထုတ်လုပ်ခြင်းနှင့်သစ်တောထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းနှင့် ပတ်သက်သည့် လက်ရှိဥပဒေ ပြဋ္ဌာန်းခြင်းနှင့် စည်းမျဉ်းဥပဒေချမှတ်ခြင်းတို့မှာ မြန်မာသစ်တောအရင်းအမြစ်များ အရှည်အသုံးချနိုင်ရေး အတွက် အတန်အသင့်ခိုင်မာသော မူဘောင်တစ်ရပ်ဖြစ်နိုင်ဖွယ်ရှိပါသည်။ သို့ရာတွင် လက်တွေ့၌ သစ်တော အရင်းအမြစ်များကို ထိန်းကွပ်သည့်မူဘောင်မှာ ဥပဒေနှင့်ရေရှည်တည်တံ့သော သစ်တော စီမံခန့်ခွဲမှုများကို အပြည့်အဝအာမခံနိုင်ရန် ပြည့်စုံလုံလောက်မှုမရှိကြောင်းဝန်ခံရပါမည်။ သို့အတွက် သစ်တောဥပဒေကို လက်ရှိအခြေအနေတွင် ပြန်လည်စိစစ်သုံးသပ်လျက်ရှိပါသည်။ ဥပဒေအသစ်မှာလည်း နိုင်ငံတကာ အလေ့အကျင့်ကောင်းများနှင့် ကိုက်ညီမှုရှိပြီး၊ ရေရှည်တည်တံ့သော သစ်တောစီမံခန့်ခွဲမှု၏ ကဏ္ဍအားလုံးကို မြှင့်တင်ပေးနိုင်ရန် အရေးကြီးပါသည်။

**ထောက်ခံတင်ပြခြင်း**

ထိုသို့ဖြစ်ပေါ်လာစေရန် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသည် နိုင်ငံတကာနှင့်အစိုးရမဟုတ်သော အပြင် EITI-MSG အဖွဲ့ဝင်များပါဝင်သော ပုဂ္ဂလိကပိုင်ကဏ္ဍတို့ ပါဝင်သည့်ဥပဒေပြန်လည်စိစစ်သုံးသပ်ခြင်း ဆိုင်ရာ နိုင်ငံတကာ ညှိနှိုင်းမှုလုပ်ငန်းစဉ်ကို လိုက်နာဆောင်ရွက်ရန်ထောက်ခံပါသည်။

## သစ်တောဦးစီးဌာနသဘောထားမှတ်ချက်

၁၉၉၂ ခုနှစ် သစ်တောဥပဒေပြင်ဆင်ချက်ကို ပြည်သူ့လွှတ်တော်မှ ပြန်လည်စိစစ်ခဲ့ပါသည်။ လက်ရှိ အခြေအနေတွင်အမျိုးသားလွှတ်တော်သည် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် ပြည်သူ့အခြေပြုအဖွဲ့အစည်းများ (Civil Service organizations) နှင့် ညှိနှိုင်းတိုင်ပင်ကာ သစ်တောဥပဒေကို ပြန်လည်သုံးသပ်နေပါသည်။

## (ခ) ဥပဒေလိုက်နာဆောင်ရွက်ခြင်း

မြန်မာနိုင်ငံတွင် သစ်တောဥပဒေလိုက်နာဆောင်ရွက်မှုမှာ အားနည်းပါသည်။ သစ်တောဦးစီးဌာန(FD) အနေဖြင့်ဥပဒေလိုက်နာဆောင်ရွက်ရေး၊ တိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် တရားမဝင် သစ်ကုန်သွယ်မှုကို တိုက်ဖျက်ခြင်းလုပ်ငန်းများကို တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ သို့ရာတွင် လိုအပ်သော အရင်းအမြစ်များမှာ လွန်စွာကန့်သတ်မှုရှိပါသည်။ ရေရှည်တည်တံ့သော အထွက်နှုန်းဆိုင်ရာ သစ်တော စီမံခန့်ခွဲမှုအတွက် မူဘောင် ရှိပြီးသော်လည်း လက်တွေ့တွင်မူဂါဒများ၊ ဥပဒေနည်းဥပဒေများကို လိုက်နာဆောင်ရွက်မှုမရှိကြပါ။ တရားမဝင် သစ်ခိုးထုတ်နေသည့်နေရာများစွာ(အထူးသဖြင့် တရုတ်နိုင်ငံ နယ်စပ်တလျှောက်ရှိ ဒေသများ)[1] ၌ သစ်တောဦးစီးဌာနမရှိပါ။ ၎င်းအပြင် ဖြစ်ပေါ်နိုင်သောမှုခင်းများကို ထောက်လှမ်းနိုင်သည့် အရင်းအမြစ်များ ယေဘူယျအားဖြင့် နည်းပါးလှပါသည်။ သို့အတွက် စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နေသော မှုခင်းများနှင့် တရားစွဲဆိုမှုကိုကြောက်ရွံ့ မှုနည်းပါးစွာဖြင့် တရားမဝင်သစ်ခိုးထုတ်မှုကို ဆက်လက်ဆောင်ရွက်နေသည့် အငယ်တန်းနှင့်အလယ်အလတ်အဆင့် အဖွဲ့များကို အခွင့်အလမ်း ပေးသကဲ့သို့ဖြစ်နေပါသည်။

## ထောက်ခံတင်ပြခြင်း

မြန်မာနိုင်ငံအစိုးရအနေဖြင့် သစ်တောဦးစီးဌာနသို့ အရင်းအမြစ်များပိုမိုချမှတ်ပေးရန်နှင့် သစ်တော ဥပဒေလိုက်နာဆောင်ရွက်မှုတိုးတက်လာစေရေးအတွက် အဖွဲ့အစည်း၏ စွမ်းဆောင်ရည် တည်ဆောက်မှုအပေါ် အလေးထားရန်ထောက်ခံတင်ပြပါသည်။

ဤကိစ္စရပ်အတွက်လိုက်နာဆောင်ရွက်ရန် လမ်းညွှန်မှုများကို FAO မှရယူနိုင်ပါသည်။ FAO သည် အာရှ၊ လက်တင်အမေရိကား၊ အာဖရိကနိုင်ငံများနှင့် FAO-EUFLEGTအစီအစဉ်အရ ကြိုးပမ်းဆောင်ရွက်သည့် နိုင်ငံများ၏ အတွေ့အကြုံများကို အခြေခံလျက် သစ်တောကဏ္ဍဥပဒေဆိုင်ရာ လိုက်နာဆောင်ရွက် မှုတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် အလေ့အကျင့်ကောင်းများကို စုဆောင်းရရှိခဲ့ပါသည်။

## သစ်တောဦးစီးဌာန၏သဘောထားမှတ်ချက်

သစ်တောဥပဒေအသစ်ကို သဘောတူညီချက်ရရှိရန် လွှတ်တော်သို့တင်ပြထားပြီးဖြစ်ပါသည်။ မူကြမ်း တွင် အောက်ပါတို့ပါဝင်ပါသည်။

- အထူးသဖြင့်တရားဝင်သစ်ခုတ်လှဲခြင်းနှင့် ကုန်သွယ်ခြင်းအတွက်ကျူးလွန်မှုများအတွက် ပြစ်ဒဏ်များကို တိုးမြှင့်ထားခြင်း
- တရားမဝင်သစ်ခုတ်လှဲခြင်းအတွက် ပြည်သူလူထုကို အခြေခံသော သတင်းအချက် အလက်စနစ် ထူထောင်ခြင်း
- ဥပဒေလိုက်နာရေးပိုမိုတိုးတက်စေရန် သစ်တောဦးစီးဌာနရဲအဖွဲ့ထူထောင်ခြင်း

[1] Analysis of the China-Myanmar Timber Trade, Forest Trends, 2014.

သစ်တောဦးစီးဌာနသည် အောက်ဖော်ပြပါ သစ်တောဥပဒေလိုက်နာဆောင်ရွက်ခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နေပါသည်။

၁။ အဓိကမြစ်ကြီးနစ်စင်းတလျှောက်အထူးလုပ်ငန်းများဆောင်ရွက်ခြင်း

၂။ နေပြည်တော်၊ ပဲခူးနှင့် မကွေးတိုင်းဒေသကြီးများအကြား ဆက်စပ်နယ်နိမိတ်များ၌ အထူးလုပ်ငန်း များ ဆောင်ရွက်ခြင်း

၃။ အိမ်နီးချင်းနိုင်ငံများသို့ ခိုးထုတ်သည့်လမ်းကြောင်းများ၌ အထူးလုပ်ငန်းများဆောင်ရွက်ခြင်း

၄။ တပ်မတော်တပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သည့် အထူးလုပ်ငန်းများ

၅။ ပုံမှန်ဆောင်ရွက်သည့်လုပ်ငန်းများ

သစ်တောဦးစီးဌာနသည်နယ်စပ်များ၊ ရေလမ်းများ၊ ကြားခံနေရာများ စသည့် မဟာဗျူဟာ မြောက်အလား အလာမြင့်သော ဧရိယာများတွင် (ရဲတပ်ဖွဲ့၊ တပ်မတော်နှင့် အခြားဆက်စပ်အဖွဲ့အစည်းများဖြင့် ပူးပေါင်းလျက်) သစ်တောဥပဒေလိုက်နာဆောင်ရွက်မှု လုပ်ငန်းများကိုဆောင်ရွက်နေပါသည်။

၄င်းအပြင်တရားမဝင်လုပ်ငန်းများကို ထိန်းချုပ်ရေးအတွက် သတင်းအချက်အလက်ရယူရန် ပြည်သူလူထုကို အခြေခံသော ကြီးကြပ်ကွပ်ကဲမှုနှင့် သတင်းပို့အစီရင်ခံမှုစနစ်ကို အစပျိုးဆောင်ရွက်နေပါသည်။

ဤသို့ဆောင်ရွက်လာသည့်အကျိုးကြောင့်၂၀၁၄-၁၅ ခုနှစ်နှင့်၂၀၁၅-၁၆ခုနှစ်များတွင် တရားမဝင်သစ်များကို ၅၁,၇၂၅ Hoppus tons နှင့် ၄၆,၁၅၃ Hoppus tonsကို အသီးသီးဖမ်းဆီးရမိခဲ့ပါသည်။

၄င်းပြင် မြန်မာနိုင်ငံသည်သည် EUသို့ တရားမဝင်သစ်များနှင့် ၄င်းတို့ကိုကုန်သွယ်မှုများပပျောက်စေရန်၊ EU သို့တရားဝင်သစ်များတင်ပို့ရန်၊ ကောင်းမွန်သောသစ်တောအုပ်ချုပ်မှုရရှိရန်နှင့် သစ်တောများကို ရေရှည် တည်တံ့ အောင်စီမံခန့်ခွဲရန် EU-FLEGT VPA လုပ်ငန်း၌ ပါဝင်လျက်ရှိပါသည်။

## ၇.၂.၃။ မြန်မာ့သစ်လုပ်ငန်း ၏ အုပ်ချုပ်မှုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း

စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်ရန် MTE အနေဖြင့် ပြန်လည်ဖွဲ့စည်းရန် လိုအပ်ကြောင်း နားလည်သဘော ပေါက်ပါသည်။ ဤသို့အားဖြင့် အကျိုးတူခြင်းပဋိပက္ခ (Conflicts of interests) မှရှောင်ရှားခြင်း၊ အုပ်ချုပ်မှုတိုးတက် ကောင်း မွန်ခြင်းနှင့် သစ်တောကဏ္ဍပိုမိုကောင်းမွန်ပြီး ရေရှည်တည်တံ့သော စည်းမျဉ်းစည်းကမ်း များပေါ်ပေါက် လာပါမည်။

### ထောက်ခံတင်ပြချက်

ပြန်လည်ဖွဲ့စည်းမှုကိုအမြန်ဆုံးပြီးဆီးအောင်ဆောင်ရွက်ရန်ထောက်ခံအပ်ပါသည်။ MTEသည် အဓိက ငွေကြေး ညွှန်းကိန်းများ၊ အခွန်ဝင်ငွေကောက်ယူခြင်း၊ Profit margins၊ သစ်တောလုပ်ငန်းများမှ ငွေသားစီးဆင်းမှု၊ gross investmentအပြင် အစိုးရသို့ကူးပြောင်းမှုများပါဝင်သည့် စာရင်းအင်းဆိုင်ရာ ပုံမှန်အစီရင်ခံစာများ ထုတ်ပြန်ရန် ထောက်ခံပါသည်။

### သဘောထားမှတ်ချက်များ

MTE ၏ စာရင်းအင်းအစီရင်ခံစာများကို မြန်မာ့သစ်လုပ်ငန်း ဝက်ဘ်ဆိုဒ်ကွန်ယက်၌ ရရှိနိုင်ပါသည်။ (http://myanmatimber.com.mm)

MTE သာမက အခြားသော နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်း များ၏ အစိုးရမူဝါဒများနှင့် ပတ်သက်နေမည်ဖြစ်သော ငွေကြေးဆိုင်ရာ ညွှန်းကိန်း(financial indicators)များအပါအဝင် စာရင်းအင်းဆိုင်ရာ အစီရင်ခံစာများနှင့် ပတ်သက်၍ ထောက်ခံတင်ပြချက်များကို ကိုးကားပါသည်။

MTE ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်စီမံကိန်းကို စတင်အကောင်အထည်ဖော်နေပါသည်။

## ၇.၃။ EITIအကောင်အထည်ဖော်မှု

### ၇.၃.၁။ လိုင်စင်မှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍အစီရင်ခံသည့် ကိန်းဂဏန်းများပြည့်စုံမှု

EITI စံများသည် အကောင်အထည်ဖော်ဆောင်ရွက်သည့်နိုင်ငံများက အများပြည်သူလက်လှမ်းမီသည့် မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းရန် သို့မဟုတ် EITI အစီရင်ခံစာ၌ ရွေးချယ်ဖော်ပြထားသည့် ကုမ္ပဏီများ နှင့်ပတ်သက်သည့် လိုင်စင်တစ်ခုချင်းနှင့်ပတ်သက်သော ပြီးပြည့်စုံသည့် သတင်းအချက် အလက်များအပါအဝင် တရားဝင် မှတ်ပုံတင်စနစ် (cadastral စနစ်များ) ကို ထိန်းသိမ်းရန် လိုအပ်ပါသည် (EITIလိုအပ်ချက် ၂.၃. ခ)။

မှတ်ပုံတင်စာရင်းအင်းတွင်အောက်ပါအချက်များပါဝင်ရပါသည်။

(၁) လိုင်စင်ကိုင်ဆောင်သူများ

(၂) လိုင်စင်ရဧရိယာ၏မြေပုံအညွှန်း (Coordinates)

(၃) လျှောက်ထားသည့်နေ့စွဲ၊ ပေးအပ်သည့်နေ့စွဲနှင့် လိုင်စင်၏ သက်တမ်း

(၄) ထုတ်လုပ်မှုလိုင်စင်များတွင် ထုတ်လုပ်သည့်ထုတ်ကုန်အမျိုးအစား

မှတ်ပုံတင်စာရင်းများတွင် လျှောက်ထားသည့်ရက်စွဲ၊ ပေးအပ်သည့်ရက်စွဲ၊ လိုင်စင်ခွင့်ပြုသည့် အချိန်အတိုင်းအတာ၊ လိုင်စင်ပေးသောဧရိယာ၏ မြေပုံအညွှန်းများ မပါရှိကြောင်းသတိပြုမိသည်။

**ထောက်ခံတင်ပြချက်**

MTEနှင့် သစ်တောဦးစီးဌာန တို့သည်မှတ်ပုံတင်စာရင်းရှိ ကိန်းဂဏန်းများကို စနစ်တကျအချိန်နှင့်အညီ ဆောင်ရွက်ရန်နှင့် ပြည်သူများလက်လှမ်းမီရန် အဆိုပါမှတ်ပုံတင်စာရင်းကို အင်တာနက်ပေါ်တွင် တင်ပြရန် ကျွန်ုပ်တို့ ထောက်ခံအပ်ပါသည်။

**သဘောထားမှတ်ချက်**

MTE ၌ သစ်ထုတ်လုပ်ရန်နှင့် သစ်သယ်ယူပို့ဆောင်ရန် ကန်ထရိုက်စာချုပ်များရှိပါသည်။ ၄င်းကိန်းဂဏန်းများကို MTE ၏ ဝက်လ်ဆိုဒ်တွင်ရယူနိုင်ပြီး ၊ ၄င်းတို့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ကြိုးဝိုင်းသစ်တောများ၊ အကွက်များ (compartments)၊ လျှောက်ထားသည့်နေ့စွဲ၊ ပေးအပ်သည့်နေ့စွဲနှင့် ကုန်ဆုံးမည့်ရက်တို့ပါဝင်ပါသည်။ MTE သည် ကန်ထရိုက်စာချုပ်နမူနာကိုပါ တင်ပြထားပါသည်။ MTE ၌ မြေပုံညွှန်း (Coordinates) နှင့်ဆိုင်သော သတင်းအချက်အလက်များမရှိပါ။

**နောက်ထပ် IA ၏ သဘောထားမှတ်ချက်**

သင်တို့၏မှတ်ချက်များကို မှတ်သားထားပါသည်။ သို့သော် ကျွန်ုပ်တို့၏ ထောက်ခံတင်ပြမှုကိုလည်း ဆက်လက်ထိန်းသိမ်းထားပါသည်။ ကန်ထရိုက်စာချုပ်အားလုံးကို ပြည်သူများသိရှိရန် ဖွင့်ပြစေလိုပါသည်။

### ၇.၃.၂။ ကန်ထရိုက်စာချုပ်ပေးအပ်ခြင်း

သစ်လုပ်ငန်းနှင့်ပတ်သက်၍ လိုင်စင်ပေးခြင်းလုပ်ငန်းစဉ်၌ လိုင်စင်လျှောက်ထားမှုကို အကဲဖြတ်ရန် နည်းပညာဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ စံသတ်မှတ်ချက်များကို ရှင်းလင်းဖော်ပြထားခြင်းမရှိကြောင်း MTE မှရရှိသော သတင်းအချက်အလက်များအရသိရှိရပါသည်။

သစ်ထုတ်လုပ်ရန် ဆပ်ကန်ထရိုက်တာများ(လက်ခွဲကန်ထရိုက်တာများ)ရွေးချယ်ရန် အတွင်း စည်းညွှန်ကြားချက်များကို MTE ကလိုက်နာသော်လည်း ၊ အဆိုပါညွှန်ကြားချက်မှာ နှစ်ပေါင်း(၆၀)ခန့် အချိန်နှင့်အမျှ ပြည့်စုံ အောင် ဆောင်ရွက်ထားခြင်း (update) မရှိကြောင်း ကျွန်ုပ်တို့သတိပြုမိပါသည်။

ခွင့်ပြုချက်ပါမစ်များကို ဆပ်ကန်ထရိုက်တာများအား ပေးအပ်ရာတွင် ထုတ်လုပ်သည့် စွမ်းဆောင်ရည်နှင့် အတွေ့အကြုံအပေါ်၌သာ အဓိကအခြေခံထားပြီး ရှင်းလင်းသော နည်းပညာနှင့် ငွေကြေးပိုင်းဆိုင်ရာစံများမပါရှိပါ။

MTE သည် သစ်ထုတ်လုပ်ရေးအတွက်ဆပ်ကန်ထရိုက်တာများ (လက်ခွဲကန်ထရိုက်တာများ) ကို ဆက်လက် အသုံးပြုခြင်းမရှိသော်လည်း၊ ကိရိယာပစ္စည်းများ၊ ဆင်နှင့်သယ်ယူပို့ဆောင်ရေးအတွက် ပြင်ပပံ့ပိုးသူများကို အသုံး ပြုနေပါသည်။

## ထောက်ခံတင်ပြချက်

ကန်ထရိုက်စာချုပ်များကို ပွင့်လင်းပြီး ယှဉ်ပြိုင်မှုစနစ်ဖြင့် ပေးအပ်ရန်အဆိုပြုထောက်ခံတင်ပြပါသည်။ လေလံ ယှဉ်ပြိုင်သူ (လေလံဆွဲသူ) တို့ကို အကဲဖြတ်စိစစ်ရာတွင် နည်းပညာနှင့် ငွေကြေး ပိုင်းဆိုင်ရာ စံများ အပေါ် အခြေခံသင့်ပါသည်။ MTE သည် ယှဉ်ပြိုင်သူအားလုံး (အကြိုးဝင်သူအားလုံး)၏ မှတ်တမ်းများကို အများ သိရှိရန် ဖွင့်ပြပြီး၊ အကျိုးအမြတ် ခံစားရမည့်ပိုင်ရှင် (beneficial owners)များ၏ လိုင်စင်များကို စစ်ဆေး မှတ်တမ်း တင်ရပါမည်။

အများပြည်သူသိရှိအောင်ဆောင်ရွက်မှုကို တားမြစ်သည့်ဥပဒေမရှိသဖြင့် ကန်ထရိုက်စာချုပ်များ အများပြည်သူ သိအောင်ဖွင့်ပြရန်ထောက်ခံအပ်ပါသည်။

## MTE ၏သဘောထားမှတ်ချက်

MTE အနေဖြင့် သစ်ထုတ်လုပ်မှုစွမ်းဆောင်ရည်မပြည့်ဝသည့်အတွက် လိုအပ်သောအရင်းအမြစ်များကို ပြင်ပမှ ငှားရမ်းရပါသည်။

လက်ခွဲကန်ထရိုက်တာများ (ဆပ်ကန်ထရိုက်တာ) ငှားရမ်းရာတွင် ၊ MTE အနေဖြင့် ကန်ထရိုက်တာများ၏ ကျော ထောက်နောက်ခံ၊ အခြားကန့်သတ်ချက်များနှင့် အညီ ဌာနဆိုင်ရာညွှန်ကြားချက်၊ ဥပဒေ၊ စည်းမျဉ်း စည်းကမ်း များအရ ဆောင်ရွက်လျက်ရှိပါသည်။ နည်းပညာစံနှုန်းများ၊ ယှဉ်ပြိုင်သူတို့၏ လိုအပ်ချက်၊ အသုံး အဆောင် ကိရိယာများ (facilities) ၊ အတွေ့အကြုံများ၊ လုပ်ငန်းခွင်စွမ်းရည် (work efficiency)များကိုပါ ထည့်သွင်း စဉ်းစား ပါသည်။

သစ်လုပ်ငန်းအတွက်လက်ခွဲကန်ထရိုက်တာများရွေးချယ်မှုနှင့် အခြားသောလုပ်ငန်းများအတွက် လက်ခွဲ ကန်ထရိုက်တာ ရွေးချယ်မှုဆင်တူမှုမရှိပါ။ တစ်နှစ်နှင့်တစ်နှစ်မတူညီသော မြေ၏အခြေအနေ (land topography) ကို အခြေခံရသည့်လုပ်ငန်းတစ်ရပ်ဖြစ်၍ ပါမစ်ထုတ်ပေးရာတွင် (၁) အတွေ့အကြုံရှိသူ (၂) နာမည်ပျက်စာရင်း၌ မပါဝင်သူ (၃) သစ်တောဥပဒေများကို ဖောက်ဖျက်ခြင်းမရှိသူ (၄) သစ်ဆိုင်ရာဧရိယာ၌ လုပ်ငန်းများကို အဆင့်လိုက် ပိုင်းခြားဆောင်ရွက်သူများကိုသာ စိစစ်ရွေးချယ် ပါသည်။ နောက်ဆက်တွဲအားဖြင့် ဆပ်ကန်ထရိုက် တာများကို ငွေလုံးငွေရင်းပမာဏ၊ ဆင်အရေအတွက်နှင့် အကြီးစားစက် ယန္တရားကြီးများ အရေအတွက် ပေါ်၌သာ အခြေခံ၍ ရွေးချယ်ခြင်းမပြုပါ။ အကယ်၍ လုပ်ငန်းခွင့်ပြုချက်ပါမစ်များ မထုတ်ပေးခဲ့လျှင် ငွေကြေးနှင့် ထုတ်လုပ် ပြီးသစ်များဆုံးရှုံးနိုင်သလို သို့မဟုတ် သစ်များအချိန်မီထုတ်ယူနိုင်မည်မဟုတ်ပါ။ ဥပမာ- တင်ဝင်းထွန်း ကုမ္ပဏီ သည် သစ်ထုတ်လုပ်မှုအတွေ့အကြုံ နှစ် (၄၀) ရှိပါသည်။ နှစ်ပေါင်းများစွာ ဆင်ပိုင်ရှင်၊ ကျွဲပိုင်ရှင်များနှင့် ဆပ်ကန်ထရိုက်တာများရှိခဲ့ပါသည်။ ၎င်းပုဂ္ဂိုလ်တို့၏အမည်များကို သစ်ထုတ်လုပ်ရေးဌာန ဝန်ထမ်းများအတွက် သစ်ထုတ်လုပ်ရေးလက်စွဲစာအုပ်၌ပင် ဖော်ပြပေး ထားပါသည်။

လက်ခွဲကန်ထရိုက်တာများကို အကဲဖြတ်စိစစ်ခြင်းနှင့် ကန်ထရိုက်စာချုပ်များခွင့်ပြုခြင်းကို သစ်တောဦးစီးဌာနက ထုတ်ပြန် ထားသည့် တရားဝင်လိုင်စင်နှင့် စံသတ်မှတ်ချက်နှင့်ကိုက်ညီသည့် အကြီးစားစက် ယန္တရားများ ၏အခြေအနေကို ထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၎င်းအပြင် ဌာနဆိုင်ရာညွှန်ကြားချက်အမှတ် (၃၉) တွင် သေချာရှင်းလင်းစွာဖော်ပြထားသည်မှာ ထုတ်လုပ်ရေး ဌာနနှင့် ပူးတွဲဆောင်ရွက်နိုင်သည့် သစ်ထုတ်လုပ်ရေးအတွက် လက်ခွဲကန်ထရိုက်တာ အမျိုးအစား (၂) မျိုးရှိပါ သည်။ ၎င်း အမျိုးအစား (၂) မျိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပထမတန်းစား- ဌာနနှင့်ပူးတွဲဆောင်ရွက်မှု (၇) နှစ်ရှိပြီးသူများ
ဒုတိယတန်းစား-ဌာနနှင့်ပူးတွဲဆောင်ရွက်မှု (၇) နှစ်မရှိသေးသူများ

ထိုအမျိုးအစား (၂) မျိုးကို ခွဲခြားခြင်းဖြင့်၊ ရွေးချယ်မှုသည် အတွေ့အကြုံသက်တမ်းတစ်ခုတည်းကိုသာ အခြေခံမည် မဟုတ်ကြောင်း မယူဆသင့်ပါ။ အခြားသောအချက်များဖြစ်သည့် အရည်အချင်းပြည့်ဝမှု၊ သမာသမတ်ရှိမှု၊ နှစ်စဉ် လုပ်ငန်း၌ကျေနပ်အားရမှုရှိခြင်းနှင့် ကြွေးမြီပေးဆပ်မှုများကိုပါ ထည့်သွင်း စဉ်းစား ရပါသည်။

**နောက်ထပ်သဘောထားမှတ်ချက်**

သင်တို့၏မှတ်ချက်များကို မှတ်သားထားပြီး ကျွန်ုပ်တို့၏ထောက်ခံချက်ကိုလည်း ဆက်လက် ကိုင်ဆွဲထားပါမည်။ ရှင်းလင်းပြတ်သားသောနည်းပညာနှင့်ငွေကြေးစံသတ်မှတ်ချက်များကို ချမှတ် ထားရန်နှင့် အဆိုပါစံသတ်မှတ် ချက်များမှ ချွင်းချက်ပေးမှုများကို အထူးသဖြင့်ဖော်ပြပေးသင့်ပါသည်။

**MTE၏ နောက်ထပ်သဘောထားမှတ်ချက်**

MTE၌ နည်းပညာနှင့်ငွေကြေးဆိုင်ရာစံသတ်မှတ်ချက်မရှိပါ။ စက်ယန္တရားနှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှုအစား နည်း ပညာနှင့်ငွေကြေးဆိုင်ရာစံများ သို့မဟုတ် စိစစ်ရေးစာရင်း (Check list) ကို သတ်မှတ်ဖော်ဆောင်သင့်ပါသည်။ ၂၀၁၈ခုနှစ် မေလ(၁၈) ရက်၌ ပြုလုပ်သည့် နည်းပညာနှင့်အစီရင်ခံခြင်းဆပ်ကော်မတီအစည်းအဝေးပြီးနောက် တင်ပြခဲ့ပြီးဖြစ်ပါသည်။

## ၇.၃.၃။ အလုပ်ခန့်ထားမှုကိန်းဂဏန်းအချက်အလက်များအတွက် အစီရင်ခံမှုစနစ်မရှိခြင်း

EITIစံများတွင် အကောင်အထည်ဖော်သည့် နိုင်ငံများသည်သစ်တောကဏ္ဍရှိအလုပ်ခန့်ထားမှုဆိုင်ရာ သတင်း အချက် အလက်များကို စုစုပေါင်းအလုပ်ခန့်ထားမှု၏ရာခိုင်နှုန်းအားဖြင့် လုံးဝဥဿုံ အများသိရန်ဖွင့်ပြရန် ဖော်ပြ ထားသည် (EITIလိုအပ်ချက် ၆.၃(c))

သစ်တောဦးစီးဌာန သော်လည်းကောင်း ၊ MTE သော်လည်းကောင်း သစ်တောကဏ္ဍ၌ အလုပ်ခန့်ထားမှုကြောင့် တိုက်ရိုက် သက်ရောက်မှုနှင့်ပတ်သက်သည့် ကိန်းဂဏန်းများ ပံ့ပိုးပေးသည့်စနစ်မရှိကြောင်း သတိပြုမိပါသည်။ ထိုသို့လျှင် ဤအစီရင်ခံစာ၌ စုဆောင်းဖော်ပြထားသည့် အလုပ်ခန့်ထားမှုကိန်းဂဏန်းများသည် တစ်စိတ် တစ်ပိုင်း သာလျှင်ဖြစ်ပြီး နိုင်ငံ၏စုစုပေါင်းလုပ်ငန်းအင်အား (total workforce) ကို အထောက်အကူပြုသော သစ်တော ကဏ္ဍအခြေအနေကို ထင်ဟပ်ခြင်းမရှိနိုင်ပါ။

**ထောက်ခံတင်ပြချက်**

ဆက်စပ်စဉ်းစားနိုင်သည့်သတင်းအချက်အလက်များကို ချဉ်းကပ်ရယူမှုနှင့်တိကျမှုများကို တိုးတက်ကောင်းမွန် စေရန်အလို့ငှာ၊ သစ်တောဦးစီးဌာန နှင့် MTEတို့သည်(အနည်းဆုံးနှစ်စဉ်) သစ်တောကဏ္ဍ၏ အလုပ်ခန့်ထား မှုကိန်းဂဏန်း များနှင့်အတူ ၎င်းတို့၏စနစ်အား အချိန်နှင့်အမျှ တိုးတက်အောင် (Update)ပုံမှန် အချိန်ပိုင်း အရဆောင်ရွက်သင့်သည်။

**MTE ၏မှတ်ချက်**

သစ်တောဦးစီးဌာန နှင့် MTEတို့တွင် အလုပ်ခန့်ထားမှုကိန်းဂဏန်းများအတွက် အစီရင်ခံမှုစနစ်ကို ထူထောင်သွားမည် ဖြစ်ပါသည်။
လက်ရှိအစီရင်ခံစာတွင် ကုမ္ပဏီများကအလုပ်ခန့်ထားမှုကိန်းဂဏန်းများကို တင်ပြထားပါသည်။ ၄င်းတို့ မှာ ရာခိုင်နှုန်း(၈၀%)ခန့် ကိုယ်စားပြုပါသည်။

### ၇.၃.၄။ လုပ်ငန်းစီမံကိန်းအဆင့်၌အစီရင်ခံစာမရှိခြင်း

EITIလိုအပ်ချက်(၄.၇)နှင့်အညီ လုပ်ငန်းစီမံကိန်းအဆင့်အစီရင်ခံမှုမှာ အချို့သောအခြေအနေ၌ လိုအပ်ပါသည်။ MEITI အစီရင်ခံစာသည် စုစည်းမှု (level of disaggregation) မရှိသည့် အခြေအနေမပါရှိပါ။ အဘယ်ကြောင့်ဆိုသော် အစိုးရအဖွဲ့အစည်းများ၊ MTE နှင့် ကုမ္ပဏီများသည် လုပ်ငန်းစီမံကိန်းများ အကြား ဝင်ငွေခွန်လမ်းကြောင်းများ (revenue streams) ကို သတ်မှတ်ထားခြင်း မရှိသောကြောင့်ဖြစ်ပါသည်။

**ထောက်ခံတင်ပြချက်**

အစိုးရအဖွဲ့အစည်းများ၊ MTE နှင့် ကုမ္ပဏီများသည် ဖြစ်နိုင်မည်ဆိုပါက လုပ်ငန်းစီမံကိန်းများအကြား ဝင်ငွေခွန်လမ်းကြောင်း (revenue streams) များကို မည်ကဲ့သို့မပေါင်းစပ်နိုင်သည်ကို စိစစ်အကဲဖြတ်ရန် ထောက်ခံ တင်ပြပါသည်။

သို့မှသာ အဆိုပါလုပ်ငန်းစီမံကိန်းအဆင့် ဝင်ငွေခွန်လမ်းကြောင်းများကို အစီရင်ခံနိုင်မည်ဖြစ်ပါသည်။

**သဘောထားမှတ်ချက်များ**

မြန်မာ့သစ်လုပ်ငန်းတွင်ပြည်နယ်နှင့်တိုင်းဒေသကြီးနှင့်ထုတ်လုပ်မှုလုပ်ငန်းတစ်ခုချင်းအတွက် ထုတ်လုပ်မှုအတွက် ငွေကြေးဆိုင်ရာစာရင်း (၆၄) ခုနှင့် ငွေကြေးဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များပါဝင်ပါသည်။ အဆိုပါ ကိန်းဂဏန်းအချက်အလက်များကို IA သို့ပေးပို့ပြီးဖြစ်ပါသည်

**နောက်ထပ် IA သဘောထားမှတ်ချက်များ**

ကျွန်ုပ်တို့အနေဖြင့် သင်တို့၏သဘောထားမှတ်ချက်များကို မှတ်သားထားရှိပြီး ကျွန်ုပ်တို့၏ ထောက်ခံ အကြံပြုချက်များကိုလည်း ဆက်လက်ထိန်းသိမ်းထားပါသည်။ အခြားသော အစိုးရအဖွဲ့အစည်းများသည် လုပ်ငန်း စီမံကိန်းများ အကြား ဝင်ငွေခွန်စီးဆင်းမှုကို သတ်မှတ်ပေးရပါမည်။

### ၇.၃.၅။ EITI အစီရင်ခံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းမရှိခြင်း

မြန်မာနိုင်ငံ၏ ၂၀၁၂ခုနှစ် ဒီဇင်ဘာလထုတ်ပြန်သော သမ္မတ၏အမိန့်အမှတ် ၉၉/၂၀၁၂အရ EITI ကို လိုက်နာကျင့်သုံးရန် ပြဌာန်းခဲ့ပြီး EITI ကိုအစိုးရမှအကောင်အထည်ဖော်သွားရန် ဦးတည်ချက်နှင့်ပြဌာန်းချက်ကို တရားဝင် ဖော်ပြပါရှိပါသည်။

သို့ရာတွင် EITI အစီရင်ခံမှုဆိုင်ရာလုပ်ငန်းတာဝန်များကို စုဆောင်းမှုလုပ်ငန်းစဉ်များကို ဖွဲ့စည်း ဆောင်ရွက်ရန် ရည်ရွယ်သော နိုင်ငံအတွင်းရှိ မည်သည့်တည်ဆဲဥပဒေများတွင် ဖော်ပြထားခြင်းမရှိသည်ကို ကျွန်ုပ်တို့ သတိပြုမိပါသည်။ ဤသို့သောအကြောင်းကြောင့် အချို့သော ကုမ္ပဏီများကို EITI အစီရင်ခံစာပုံစံ တင်ပြ အစီရင် ခံမှုတွင် နှောင့်နှေးကြန့်ကြာမှုများဖြစ်စေနိုင်သလို မြန်မာနိုင်ငံ၏သစ်တောကဏ္ဍနှင့်ပတ်သက်သည့် အကြောင်း အရာပါ ဆိုင်ရာသတင်း အချက်အလက် လိုအပ်ချက်ကို ဖြစ်စေပါသည်။

**အဆိုပြုထောက်ခံချက်**

ကျွန်ုပ်တို့အနေဖြင့် တည်ဆဲဥပဒေများနှင့် ညီညွတ်မှုရှိနိုင်သည့် EITI အက်ဥပဒေကို ပြဌာန်းခြင်းဖြင့် မြန်မာနိုင်ငံရှိ EITIအတွက် ဥပဒေဆိုင်ရာမူဘောင်ကို ခိုင်မာအောင်ဆောင်ရွက်သွားရန် အဆိုပြု ထောက်ခံပါသည်။ EITI အက်ဥပဒေတွင် အောက်ပါတို့နှင့်ဆိုင်သောပြဌာန်းချက်များ ပါရှိနိုင်ပါသည်။

- အစီရင်ခံရမည့် ကိန်းဂဏန်းများကို သီးသန့်အဆင့်ခွဲခြားသတ်မှတ်လျက် ကုမ္ပဏီများနှင့် အစိုးရအဖွဲ့ အစည်းများမှ အစီရင်ခံတင်ပြရမည့် လုပ်ငန်းတာဝန်များ
- အစီရင်ခံစာပုံစံထုတ်ဝေဖြန့်ချိခြင်းနှင့် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခြင်းလုပ်ငန်း တိုက်ဆိုင်စစ်ဆေးမှုဆိုင်ရာ လေ့ကျင့်ခန်းများပြီးစီးအောင်ဆောင်ရွက် ကြေငြာချက်များ တင်ပြမှုအတိုင်း အတာအတွင်း ဖြည့်သွင်းဖော်ပြရမည့် အစီရင်ခံရမည့်အကြောင်းချင်းရာများ ရွေးချယ်ခြင်း နှင့် ညှိနှိုင်းကြားချက်များအတွက် အချိန်ပိုင်းအစီအစဉ် (Schedule) တစ်ရပ်

**သဘောထားမှတ်ချက်များ**

MEITI လုပ်ငန်းစဉ်တွင် အောက်ပါလုပ်ငန်းနှစ်ရပ်ပါဝင်သည်။

- EITI အဖွဲ့အစည်းတစ်ရပ်ဖော်ဆောင်ရန် ဥပဒေပိုင်းဆိုင်ရာ လုပ်ဆောင်ရမည့်အချက်များကို အဆိုပြု ထောက်ခံတင်ပြနိုင်ရန် သုတေသနလုပ်ငန်း
- ကဏ္ဍတစ်ခုချင်းစီနှင့် သက်ဆိုင်ရာဥပဒေများကို ပြင်ဆင်ခြင်း (သို့မဟုတ်) EITI ဥပဒေမူကြမ်းရေးဆွဲခြင်း

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ရက်တွင် ကျင်းပသော (၁၁) ကြိမ်မြောက် MSG အစည်းအဝေး၌ EITI မူဝါဒနှင့် ဥပဒေများရေးဆွဲ အကောင်အထည်ဖော်ရန်၊လက်ရှိမူဝါဒများနှင့် ဥပဒေများကို ပြန်လည် သုံးသပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် မတ်လ (၁၆)ရက်နေ့တွင် ကျင်းပသော (၁၂)ကြိမ်မြောက်MSG အစည်းအဝေးနှင့် ဆက်စပ်ကော်မတီအစည်းအဝေးများတွင် ဤလုပ်ငန်းစီမံကိန်းအတွက် လုပ်ငန်းတာဝန်ပိုင်း (ToR) မူကြမ်းရေး ဆွဲပြီး ဆွေးနွေးခဲ့ကြသည်။ သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများနှင့် ပတ်သက်သည့် မူဝါဒနှင့် ဥပဒေ (၃၀) ကျော်ရှိခဲ့ပါသည်။ လက်ရှိမူဝါဒနှင့် ဥပဒေများကို ၂၀၁၈ခုနှစ် နောက်ဆုံးသုံးလပတ်အတွင်း သုံးသပ်သွားရန် စီစဉ်ထားရှိပါသည်။

တည်ဆဲဥပဒေများကို ပြင်ဆင်ရန်နှင့် ဥပဒေအသစ်များရေးဆွဲရန် လွှတ်တော်၌ဆောင်ရွက်လျက်ရှိပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပြင်ဆင်မှုကို ပြည်သူ့ လွှတ်တော်(အောက်လွှတ်တော်)တွင် မကြာသေးမီကအစပျိုးလျက်ရှိပါသည်။ EITI ဥပဒေမူကြမ်းရေးဆွဲခြင်း သို့မဟုတ် ကဏ္ဍဆိုင်ရာဥပဒေများပြင်ဆင်ခြင်းကို လက်ရှိမူဝါဒများ နှင့်ဥပဒေများကို ပြန်လည်သုံးသပ်ပြီးနောက်ပိုင်းတွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄င်းပြင် မြန်မာနိုင်ငံအစိုးရ၏ အစိုးရအဖွဲ့က MEITI လုပ်ငန်းစဉ်အကောင်အထည်ဖော်ခြင်းကို အထောက်အကူပြုရန် ၂၀၁၈ ခုနှစ် ဖွန်လ ၂၉ ရက် နေ့စွဲဖြင့် ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ ၄င်း ထုတ်ပြန်ချက်တွင် MEITI သည် ခိုင်မာပြီး ပွင့်လင်းမြင်သာသော ပြည်သူ့ငွေကြေးစီမံခန့်ခွဲမှုစနစ်နှင့်အတူ ငွေကြေးအရင်းအမြစ်များမြင့်မားလာစေမည့် နိုင်ငံစီးပွားရေး မူဝါဒကို အထောက် အကူပြုသည့် လုပ်ငန်းစဉ် တစ်ရပ်ဖြစ်ကြောင်း၊ ဖော်ပြထားပါသည်။ ၄င်းအပြင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ် နှင့်တိုင်း ဒေသကြီးအစိုးရများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ပြည်သူ့လူမှုဆိုင်ရာအဖွဲ့အစည်းများအားလုံးအား နိုင်ငံနှင့်ပြည်သူ လူထုတစ်ရပ်လုံးအတွက် လက်တွေ့ကျပြီး အကျိုးကျေးဇူးရှိ၍ ရေရှည်တည်တံ့ကာ ရှေ့သို့တက်လှမ်းသည့် ပြင်ဆင်မှုလုပ်ရပ်များကို အကောင်အထည်ဖော်နေသည့် MEIT ဖြစ်သောကြောင့် MEITI ၏လုပ်ငန်းစဉ်၌ အဓိက Mainstreaming တစ်ရပ် အနေဖြင့် လေးလေးနက်နက်ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းထားပါသည်။

သို့အတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား MEITI ဦးဆောင်ကော်မတီ(လုပ်ငန်းကော်မတီ) ၊ MEITI လုပ်ငန်းနှင့် ပါဝင်ဆက်စပ်သောအုပ်စုများနှင့် အမျိုးသားပေါင်းစပ်ညှိနှိုင်းမှုအတွင်းဝန်ရုံးများကို MEITI လုပ်ငန်းစဉ် နှင့်မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းရပ်များ အကောင်အထည်ဖော်ရာတွင် ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းထားပါသည်။

# နောက်ဆက်တွဲများ

# နောက်ဆက်တွဲ ၁ - သစ်အရောင်း အသေးစိတ် ( ၂၀၁၄/၁၅ နှင့် ၂၀၁၅ /၁၆ ဘဏ္ဍာနှစ်)

## ၂၀၁၄/၁၅ နှစ်အတွင်း သစ်အရောင်းအသေးစိတ်များ

| စဉ် | အဝယ် ကုမ္ပဏီများ | ထုတ်ကုန် အမျိုးအစား | ရောင်းချမှု ပမာဏ | | ဝင်ငွေ ရရှိပြီး (အမေရိကန် ဒေါ်လာ) | |
|---|---|---|---|---|---|---|
| | | | စုစုပေါင်း | ယူနစ် | ဈေးနှုန်း | သင့်ငွေ |
| ၁ | CONCORDE | ကျွန်းလုံး | ၂၅,၈၃၀.၆ | Hoppus Tons | ၁,၂၄၄ | ၃၂,၁၂၁,၂၆၅ |
| ၂ | THAI SAWAT | ကျွန်းလုံး | ၁၅,၅၁၆.၈ | Hoppus Tons | ၁,၁၈၇ | ၁၈,၄၁၁,၃၅၇ |
| ၃ | GREEN HW | ကျွန်းလုံး | ၁၂,၈၇၆.၄ | Hoppus Tons | ၁,၁၈၅ | ၁၅,၂၆၁,၉၂၁ |
| ၄ | TERRESTRIAL | ကျွန်းလုံး | ၁၁,၀၁၁.၆ | Hoppus Tons | ၉၆၆ | ၁၀,၆၄၂,၀၆၇ |
| ၅ | PHYO SI THU | ကျွန်းလုံး | ၇,၃၂၃.၀ | Hoppus Tons | ၁,၂၆၃ | ၉,၂၄၇,၁၅၂ |
| ၆ | M R T | ကျွန်းလုံး | ၈,၂၇၆.၄ | Hoppus Tons | ၉၄၈ | ၇,၈၄၃,၆၆၃ |
| ၇ | WORLD BEST | ကျွန်းလုံး | ၆,၀၇၅.၉ | Hoppus Tons | ၁,၂၁၀ | ၇,၃၅၄,၂၀၆ |
| ၈ | TIN MYINT YEE | ကျွန်းလုံး | ၈,၇၀၅.၂ | Hoppus Tons | ၈၁၉ | ၇,၁၃၀,၃၄၆ |
| ၉ | PACIFIC TIMBER | ကျွန်းလုံး | ၅,၃၉၉.၃ | Hoppus Tons | ၁,၂၆၀ | ၆,၈၀၁,၃၉၄ |
| ၁၀ | MYAT NOE THU | ကျွန်းလုံး | ၅,၁၈၉.၉ | Hoppus Tons | ၁,၂၅၈ | ၆,၅၂၆,၆၇၁ |
| ၁၁ | N T C | ကျွန်းလုံး | ၃,၄၅၁.၂ | Hoppus Tons | ၁,၃၇၃ | ၄,၇၃၇,၉၇၀ |
| ၁၂ | MA NAW PHYU | ကျွန်းလုံး | ၃,၀၅၈.၃ | Hoppus Tons | ၁,၃၅၃ | ၄,၁၃၇,၆၈၅ |
| ၁၃ | ALKEMAL | ကျွန်းလုံး | ၂,၈၉၉.၈ | Hoppus Tons | ၁,၃၁၇ | ၃,၈၂၀,၁၅၉ |
| ၁၄ | LOI HEIN | ကျွန်းလုံး | ၂,၆၉၆.၉ | Hoppus Tons | ၁,၂၃၉ | ၃,၃၄၀,၈၉၂ |
| ၁၅ | TIN WIN TUN | ကျွန်းလုံး | ၂,၄၇၆.၃ | Hoppus Tons | ၁,၂၈၀ | ၃,၁၇၀,၁၈၅ |
| ၁၆ | SIMLA AGENCIES | ကျွန်းလုံး | ၃,၀၄၆.၃ | Hoppus Tons | ၉၂၂ | ၂,၈၀၉,၅၆၆ |
| ၁၇ | M T I | ကျွန်းလုံး | ၂,၃၂၉.၂ | Hoppus Tons | ၁,၀၄၉ | ၂,၄၄၂,၆၁၉ |
| ၁၈ | MAYAR(HK) | ကျွန်းလုံး | ၁,၆၃၂.၅ | Hoppus Tons | ၁,၄၀၃ | ၂,၂၈၉,၇၆၇ |
| ၁၉ | MC COY | ကျွန်းလုံး | ၁,၆၉၆.၇ | Hoppus Tons | ၁,၃၀၂ | ၂,၂၀၈,၉၁၀ |
| ၂၀ | HLAING MYITTAR | ကျွန်းလုံး | ၁,၆၉၀.၇ | Hoppus Tons | ၁,၂၉၀ | ၂,၁၈၀,၃၀၇ |
| ၂၁ | NATIONAL WOOD | ကျွန်းလုံး | ၂,၁၅၄.၄ | Hoppus Tons | ၁,၀၀၄ | ၂,၁၆၃,၁၁၇ |
| ၂၂ | TROPICAL WOODS | ကျွန်းလုံး | ၁,၅၆၈.၁ | Hoppus Tons | ၁,၃၂၃ | ၂,၀၇၅,၀၈၈ |
| ၂၃ | THARAPHU DÉCOR | ကျွန်းလုံး | ၁,၅၄၂.၅ | Hoppus Tons | ၁,၂၀၀ | ၁,၈၅၀,၉၂၆ |
| ၂၄ | NATURE TIMBER | ကျွန်းလုံး | ၁,၄၇၁.၃ | Hoppus Tons | ၁,၂၂၈ | ၁,၈၀၆,၀၈၇ |
| ၂၅ | YANGON TOUCH WOOD | ကျွန်းလုံး | ၁,၅၃၇.၀ | Hoppus Tons | ၁,၁၃၈ | ၁,၇၄၈,၆၃၀ |
| ၂၆ | DIAMOND MERCURY | ကျွန်းလုံး | ၁,၅၅၁.၃ | Hoppus Tons | ၁,၀၄၅ | ၁,၆၂၀,၆၆၁ |
| ၂၇ | AYEYAR PHOENIX | ကျွန်းလုံး | ၁,၃၁၈.၃ | Hoppus Tons | ၁,၁၉၇ | ၁,၅၇၈,၄၉၂ |
| ၂၈ | WIN MARLAR AUNG | ကျွန်းလုံး | ၁,၁၅၅.၇ | Hoppus Tons | ၁,၂၈၈ | ၁,၄၈၈,၀၅၆ |
| ၂၉ | F J V | ကျွန်းလုံး | ၁,၁၅၅.၇ | Hoppus Tons | ၁,၂၈၄ | ၁,၄၈၃,၅၇၈ |
| ၃၀ | GOLDEN POLLEN | ကျွန်းလုံး | ၁,၅၂၇.၄ | Hoppus Tons | ၉၃၄ | ၁,၄၂၆,၇၁၆ |
| ၃၁ | HTEE PWINT KAN | ကျွန်းလုံး | ၁,၁၃၇.၂ | Hoppus Tons | ၁,၂၀၃ | ၁,၃၆၈,၃၅၁ |
| ၃၂ | I G E | ကျွန်းလုံး | ၁,၀၀၃.၈ | Hoppus Tons | ၁,၂၉၂ | ၁,၂၉၆,၄၀၉ |
| ၃၃ | GOLDEN ONE STAR | ကျွန်းလုံး | ၁,၁၅၅.၀ | Hoppus Tons | ၁,၀၄၈ | ၁,၂၁၀,၁၈၁ |
| ၃၄ | WIN ENT; | ကျွန်းလုံး | ၇၁၀.၂ | Hoppus Tons | ၁,၅၆၀ | ၁,၁၀၈,၂၄၅ |
| ၃၅ | WAJILAM | ကျွန်းလုံး | ၉၃၁.၁ | Hoppus Tons | ၁,၁၆၅ | ၁,၀၈၄,၈၆၅ |
| ၃၆ | ZABU HLWAN | ကျွန်းလုံး | ၁,၀၄၅.၁ | Hoppus Tons | ၁,၀၂၄ | ၁,၀၆၉,၈၀၃ |
| ၃၇ | U SOE LWIN | ကျွန်းလုံး | ၈၅၇.၈ | Hoppus Tons | ၁,၂၃၀ | ၁,၀၅၄,၈၇၀ |
| ၃၈ | ASIA ABILITY | ကျွန်းလုံး | ၈၀၂.၆ | Hoppus Tons | ၁,၂၇၂ | ၁,၀၂၀,၇၂၆ |
| ၃၉ | KAUNG MYAT | ကျွန်းလုံး | ၆၅၅.၇ | Hoppus Tons | ၁,၅၂၅ | ၁,၀၀၀,၂၁၄ |
| ၄၀ | HEIWA PLASTIC | ကျွန်းလုံး | ၈၃၀.၈ | Hoppus Tons | ၁,၁၈၀ | ၉၈၀,၅၇၇ |
| ၄၁ | K K N | ကျွန်းလုံး | ၅၅၀.၈ | Hoppus Tons | ၁,၇၅၁ | ၉၆၄,၄၉၆ |
| ၄၂ | NEW WAVE | ကျွန်းလုံး | ၆၃၂.၄ | Hoppus Tons | ၁,၃၅၂ | ၈၅၅,၀၆၁ |
| ၄၃ | HTAY KYAW | ကျွန်းလုံး | ၅၉၃.၀ | Hoppus Tons | ၁,၃၇၂ | ၈၁၃,၆၃၁ |
| ၄၄ | SHWE MOE THAR | ကျွန်းလုံး | ၆၀၉.၂ | Hoppus Tons | ၁,၃၂၅ | ၈၀၇,၂၁၄ |
| ၄၅ | LUCRE WOOD | ကျွန်းလုံး | ၆၀၄.၈ | Hoppus Tons | ၁,၂၅၅ | ၇၅၉,၂၁၃ |
| ၄၆ | ၄G INVESTMENT | ကျွန်းလုံး | ၅၈၄.၀ | Hoppus Tons | ၁,၂၄၈ | ၇၂၈,၅၆၇ |
| ၄၇ | C I F G | ကျွန်းလုံး | ၆၄၄.၇ | Hoppus Tons | ၁,၀၉၁ | ၇၀၃,၅၃၀ |
| ၄၈ | MYANMAR MAY KAUNG | ကျွန်းလုံး | ၆၀၄.၃ | Hoppus Tons | ၁,၁၃၁ | ၆၈၃,၄၉၃ |

| စဉ် | အဝယ် ကုမ္ပဏီများ | ထုတ်ကုန် အမျိုးအစား | ရောင်းချမှု ပမာဏ | | ဝင်ငွေ ရရှိပြီး (အမေရိကန် ဒေါ်လာ) | |
|---|---|---|---|---|---|---|
| | | | စုစုပေါင်း | ယူနစ် | ဈေးနှုန်း | သင့်ငွေ |
| ၄၉ | MT WOOD | ကျွန်းလုံး | ၄၄၆.၇ | Hoppus Tons | ၁,၄၄၂ | ၆၄၄,၁၇၄ |
| ၅၀ | NAY WUN MYAT | ကျွန်းလုံး | ၄၉၃.၄ | Hoppus Tons | ၁,၂၅၄ | ၆၁၈,၇၃၃ |
| ၅၁ | M T K | ကျွန်းလုံး | ၅၀၇.၂ | Hoppus Tons | ၁,၁၈၁ | ၅၉၉,၂၀၀ |
| ၅၂ | SAN MAY | ကျွန်းလုံး | ၂၀၄.၅ | Hoppus Tons | ၂,၉၂၀ | ၅၉၇,၁၃၀ |
| ၅၃ | XIN ZE(WOOD) | ကျွန်းလုံး | ၃၃၆.၀ | Hoppus Tons | ၁,၇၅၈ | ၅၉၀,၇၁၁ |
| ၅၄ | SHWE GAY HAR | ကျွန်းလုံး | ၄၅၁.၉ | Hoppus Tons | ၁,၂၈၇ | ၅၈၁,၆၃၆ |
| ၅၅ | U SAW THAW MAS(AD-AE) | ကျွန်းလုံး | ၄၃၈.၁ | Hoppus Tons | ၁,၂၉၈ | ၅၆၈,၈၁၁ |
| ၅၆ | N W S | ကျွန်းလုံး | ၂၃၈.၄ | Hoppus Tons | ၂,၃၃၈ | ၅၅၇,၄၆၇ |
| ၅၇ | UNITED WOOD | ကျွန်းလုံး | ၅၉၇.၀ | Hoppus Tons | ၈၈၉ | ၅၃၀,၈၁၃ |
| ၅၈ | CHIT PO | ကျွန်းလုံး | ၄၂၀.၅ | Hoppus Tons | ၁,၂၅၈ | ၅၂၉,၀၁၆ |
| ၅၉ | KANBAWZA THITSAR HLAING | ကျွန်းလုံး | ၃၄၃.၄ | Hoppus Tons | ၁,၄၂၅ | ၄၈၉,၄၅၉ |
| ၆၀ | ZIN YU CHO | ကျွန်းလုံး | ၅၀၂.၅ | Hoppus Tons | ၉၆၄ | ၄၈၄,၃၈၁ |
| ၆၁ | GREEN LAUREL | ကျွန်းလုံး | ၂၈၂.၄ | Hoppus Tons | ၁,၆၀၁ | ၄၅၂,၁၃၇ |
| ၆၂ | MOMENTUM | ကျွန်းလုံး | ၃၆၀.၇ | Hoppus Tons | ၁,၂၅၀ | ၄၅၀,၉၀၃ |
| ၆၃ | GREAT WALL | ကျွန်းလုံး | ၇၆၂.၉ | Hoppus Tons | ၅၆၃ | ၄၂၉,၅၃၂ |
| ၆၄ | HTAY FAMILY | ကျွန်းလုံး | ၃၃၁.၉ | Hoppus Tons | ၁,၂၂၉ | ၄၀၈,၀၂၀ |
| ၆၅ | KOJU | ကျွန်းလုံး | ၂၉၉.၄ | Hoppus Tons | ၁,၃၅၅ | ၄၀၅,၅၆၆ |
| ၆၆ | UNIVERSAL GREEN | ကျွန်းလုံး | ၃၈၅.၂ | Hoppus Tons | ၁,၀၃၃ | ၃၉၈,၀၁၈ |
| ၆၇ | NAGANI GROUP | ကျွန်းလုံး | ၂၈၂.၆ | Hoppus Tons | ၁,၃၁၀ | ၃၇၀,၀၅၀ |
| ၆၈ | U MYOH PE(AD-AE) | ကျွန်းလုံး | ၃၅၀.၅ | Hoppus Tons | ၁,၀၄၃ | ၃၆၅,၆၃၄ |
| ၆၉ | CHID WOOD | ကျွန်းလုံး | ၃၅၃.၃ | Hoppus Tons | ၁,၀၂၇ | ၃၆၂,၇၇၁ |
| ၇၀ | TREASURE TIMBER | ကျွန်းလုံး | ၂၈၆.၂ | Hoppus Tons | ၁,၂၃၁ | ၃၅၂,၁၃၈ |
| ၇၁ | U ZAW OO(AD-AE) | ကျွန်းလုံး | ၂၇၂.၄ | Hoppus Tons | ၁,၂၅၂ | ၃၄၁,၀၉၅ |
| ၇၂ | M A F | ကျွန်းလုံး | ၂၇၃.၄ | Hoppus Tons | ၁,၁၉၆ | ၃၂၆,၈၇၂ |
| ၇၃ | MYAT MEKIN | ကျွန်းလုံး | ၂၂၇.၆ | Hoppus Tons | ၁,၄၂၇ | ၃၂၄,၆၄၂ |
| ၇၄ | WIN DANA | ကျွန်းလုံး | ၂၂၂.၇ | Hoppus Tons | ၁,၃၂၅ | ၂၉၅,၀၄၃ |
| ၇၅ | KHINE THIT | ကျွန်းလုံး | ၂၁၉.၃ | Hoppus Tons | ၁,၂၇၇ | ၂၈၀,၀၈၂ |
| ၇၆ | MYANMAR TOKIWA | ကျွန်းလုံး | ၂၉၃.၅ | Hoppus Tons | ၉၅၄ | ၂၇၉,၉၈၈ |
| ၇၇ | SK WOOD | ကျွန်းလုံး | ၂၀၅.၂ | Hoppus Tons | ၁,၂၅၀ | ၂၅၆,၅၄၀ |
| ၇၈ | TOSEVA | ကျွန်းလုံး | ၂၀၈.၉ | Hoppus Tons | ၁,၂၁၈ | ၂၅၄,၄၁၉ |
| ၇၉ | BO OH FAMILY | ကျွန်းလုံး | ၂၆၈.၃ | Hoppus Tons | ၉၁၀ | ၂၄၄,၀၇၅ |
| ၈၀ | PANN THI | ကျွန်းလုံး | ၁၅၆.၃ | Hoppus Tons | ၁,၃၁၇ | ၂၀၅,၉၃၉ |
| ၈၁ | THEIN THAN HTUN | ကျွန်းလုံး | ၃၈၄.၀ | Hoppus Tons | ၅၂၀ | ၁၉၉,၆၈၀ |
| ၈၂ | U KYAW TIN | ကျွန်းလုံး | ၁၆၇.၁ | Hoppus Tons | ၁,၁၇၄ | ၁၉၆,၁၃၅ |
| ၈၃ | SHWE PYI THIT | ကျွန်းလုံး | ၁၇၃.၉ | Hoppus Tons | ၁,၀၉၆ | ၁၉၀,၄၉၀ |
| ၈၄ | AH SHAE THAN LWIN | ကျွန်းလုံး | ၁၄၆.၂ | Hoppus Tons | ၁,၂၃၃ | ၁၈၀,၃၄၅ |
| ၈၅ | N T I | ကျွန်းလုံး | ၁၄၃.၅ | Hoppus Tons | ၁,၂၅၀ | ၁၇၉,၃၆၅ |
| ၈၆ | LIN WIN | ကျွန်းလုံး | ၅၀.၇ | Hoppus Tons | ၃,၄၆၃ | ၁၇၅,၄၅၈ |
| ၈၇ | MOGOK PRIDE | ကျွန်းလုံး | ၁၅၈.၁ | Hoppus Tons | ၁,၀၈၄ | ၁၇၁,၄၅၃ |
| ၈၈ | TWO TRIANGLE | ကျွန်းလုံး | ၁၃၆.၄ | Hoppus Tons | ၁,၂၀၅ | ၁၆၄,၄၃၈ |
| ၈၉ | PAN TAW TDG; | ကျွန်းလုံး | ၁၂၉.၄ | Hoppus Tons | ၁,၂၅၀ | ၁၆၁,၇၁၅ |
| ၉၀ | SAN SHAAR FAMILY | ကျွန်းလုံး | ၁၂၁.၀ | Hoppus Tons | ၁,၃၂၅ | ၁၆၀,၃၃၆ |
| ၉၁ | MYANMAR PELTIER BOIS | ကျွန်းလုံး | ၁၀၂.၁ | Hoppus Tons | ၁,၅၀၁ | ၁၅၃,၂၉၈ |
| ၉၂ | HEIN SOE | ကျွန်းလုံး | ၁၁၃.၉ | Hoppus Tons | ၁,၃၃၈ | ၁၅၂,၄၂၄ |
| ၉၃ | TOYAVA | ကျွန်းလုံး | ၁၁၂.၇ | Hoppus Tons | ၁,၃၀၈ | ၁၄၇,၄၉၇ |
| ၉၄ | M G P TDG; | ကျွန်းလုံး | ၁၁၄.၃ | Hoppus Tons | ၁,၂၇၂ | ၁၄၅,၄၀၀ |
| ၉၅ | WIN & WIN | ကျွန်းလုံး | ၂၈၅.၆ | Hoppus Tons | ၅၀၆ | ၁၄၄,၅၁၀ |
| ၉၆ | U WIN MAUNG(AD-AE) | ကျွန်းလုံး | ၁၃၂.၁ | Hoppus Tons | ၁,၀၅၈ | ၁၃၉,၇၂၃ |
| ၉၇ | TRIANGLE POWER | ကျွန်းလုံး | ၇၅.၁ | Hoppus Tons | ၁,၇၄၁ | ၁၃၀,၇၄၃ |
| ၉၈ | MOE HTET MYINT MOH | ကျွန်းလုံး | ၉၇.၈ | Hoppus Tons | ၁,၃၂၅ | ၁၂၉,၅၆၉ |
| ၉၉ | MAY THU HTIKE | ကျွန်းလုံး | ၁၀၁.၈ | Hoppus Tons | ၁,၂၅၀ | ၁၂၇,၃၀၀ |
| ၁၀၀ | GREAT APEX | ကျွန်းလုံး | ၉၀.၀ | Hoppus Tons | ၁,၃၀၈ | ၁၁၇,၆၆၈ |

| စဉ် | အဝယ် ကုမ္ပဏီများ | ထုတ်ကုန် အမျိုးအစား | ရောင်းချမှု ပမာဏ | | ဝင်ငွေ ရရှိပြီး (အမေရိကန် ဒေါ်လာ) | |
|---|---|---|---|---|---|---|
| | | | စုစုပေါင်း | ယူနစ် | ဈေးနှုန်း | သင့်ငွေ |
| ၁၀၁ | CHIN SU MYANMAR | ကျွန်းလုံး | ၃၁.၉ | Hoppus Tons | ၃,၆၉၄ | ၁၁၇,၆၅၄ |
| ၁၀၂ | WOOD WORLD | ကျွန်းလုံး | ၇၉.၂ | Hoppus Tons | ၁,၃၂၅ | ၁၀၄,၉၉၃ |
| ၁၀၃ | CHEER TOP | ကျွန်းလုံး | ၇၇.၆ | Hoppus Tons | ၁,၃၂၅ | ၁၀၂,၇၅၉ |
| ၁၀၄ | GREEN ART | ကျွန်းလုံး | ၉၄.၉ | Hoppus Tons | ၁,၀၇၀ | ၁၀၁,၅၇၇ |
| ၁၀၅ | SHWE YOMA YADANAR | ကျွန်းလုံး | ၈၃.၁ | Hoppus Tons | ၁,၁၇၄ | ၉၇,၅၅၀ |
| ၁၀၆ | MYIT MA KHA | ကျွန်းလုံး | ၆၁.၉ | Hoppus Tons | ၁,၃၅၆ | ၈၃,၈၄၈ |
| ၁၀၇ | ASIA WOOD | ကျွန်းလုံး | ၅၉.၃ | Hoppus Tons | ၁,၃၅၁ | ၈၀,၀၆၅ |
| ၁၀၈ | PRAISE INT'L MINING CO | ကျွန်းလုံး | ၅၉.၈ | Hoppus Tons | ၁,၃၂၂ | ၇၉,၁၁၁ |
| ၁၀၉ | TEN WAYS | ကျွန်းလုံး | ၄၉.၃ | Hoppus Tons | ၁,၃၉၀ | ၆၈,၅၂၀ |
| ၁၁၀ | FUTURE SOLUTION | ကျွန်းလုံး | ၄၉.၄ | Hoppus Tons | ၁,၂၈၁ | ၆၃,၂၂၅ |
| ၁၁၁ | GLOBAL STAR | ကျွန်းလုံး | ၄၆.၃ | Hoppus Tons | ၁,၃၅၀ | ၆၂,၄၇၆ |
| ၁၁၂ | OUR STYLE | ကျွန်းလုံး | ၃၈.၅ | Hoppus Tons | ၁,၄၃၂ | ၅၅,၁၇၅ |
| ၁၁၃ | GOLDEN POWER | ကျွန်းလုံး | ၃၆.၄ | Hoppus Tons | ၁,၄၉၅ | ၅၄,၃၆၁ |
| ၁၁၄ | MYANMAR FRIEND SHIP | ကျွန်းလုံး | ၄၃.၄ | Hoppus Tons | ၁,၂၅၀ | ၅၄,၂၉၅ |
| ၁၁၅ | SAW TDG; | ကျွန်းလုံး | ၃၆.၆ | Hoppus Tons | ၁,၃၀၂ | ၄၇,၆၀၆ |
| ၁၁၆ | SHWE MIN OO | ကျွန်းလုံး | ၄၉.၇ | Hoppus Tons | ၉၃၉ | ၄၆,၆၉၃ |
| ၁၁၇ | U MAUNG SEIN | ကျွန်းလုံး | ၃၄.၉ | Hoppus Tons | ၁,၃၂၅ | ၄၆,၂၉၀ |
| ၁၁၈ | LAY PYAY HNYIN | ကျွန်းလုံး | ၃၆.၄ | Hoppus Tons | ၁,၂၅၀ | ၄၅,၄၅၃ |
| ၁၁၉ | EXCEL WOOD | ကျွန်းလုံး | ၃၅.၅ | Hoppus Tons | ၁,၂၅၀ | ၄၄,၃၈၈ |
| ၁၂၀ | MYANMAR SLP WOOD | ကျွန်းလုံး | ၂၃.၇ | Hoppus Tons | ၁,၇၈၉ | ၄၂,၄၄၂ |
| ၁၂၁ | TUN LIN TUN | ကျွန်းလုံး | ၄၉.၄ | Hoppus Tons | ၈၅၀ | ၄၁,၉၆၈ |
| ၁၂၂ | NATURE WOOD | ကျွန်းလုံး | ၁၀.၆ | Hoppus Tons | ၃,၉၃၀ | ၄၁,၇၂၉ |
| ၁၂၃ | SMART EXP ၇ IMP | ကျွန်းလုံး | ၃၀.၃ | Hoppus Tons | ၁,၂၈၈ | ၃၈,၉၇၅ |
| ၁၂၄ | SEIN & SAN | ကျွန်းလုံး | ၄၁.၂ | Hoppus Tons | ၈၇၁ | ၃၅,၉၁၀ |
| ၁၂၅ | SINOCOM | ကျွန်းလုံး | ၂၇.၈ | Hoppus Tons | ၁,၁၇၄ | ၃၂,၅၈၃ |
| ၁၂၆ | KHINE LIN | ကျွန်းလုံး | ၂၆.၂ | Hoppus Tons | ၁,၁၄၀ | ၂၉,၉၂၂ |
| ၁၂၇ | CHINDWIN RIVER | ကျွန်းလုံး | ၂၁.၆ | Hoppus Tons | ၁,၃၆၉ | ၂၉,၅၂၁ |
| ၁၂၈ | CHAN MYA SHWE YEE | ကျွန်းလုံး | ၃၄.၆ | Hoppus Tons | ၇၁၄ | ၂၄,၇၂၄ |
| ၁၂၉ | U SAW KA PAW SAY(AD-AE) | ကျွန်းလုံး | ၂၆.၂ | Hoppus Tons | ၉၃၇ | ၂၄,၅၅၆ |
| ၁၃၀ | GOOD WOOD | ကျွန်းလုံး | ၁၆.၀ | Hoppus Tons | ၁,၃၂၅ | ၂၁,၁၉၅ |
| ၁၃၁ | U SAN SHARR | ကျွန်းလုံး | ၁၀.၁ | Hoppus Tons | ၁,၆၈၅ | ၁၆,၉၅၁ |
| ၁၃၂ | THIT MIN YADANAR | ကျွန်းလုံး | ၃၁.၄ | Hoppus Tons | ၅၂၅ | ၁၆,၅၀၇ |
| ၁၃၃ | NEW TELESONIC | ကျွန်းလုံး | ၃၁.၉ | Hoppus Tons | ၄၀၄ | ၁၂,၈၆၉ |
| ၁၃၄ | POUNG LOUNG WOOD | ကျွန်းလုံး | ၈.၂ | Hoppus Tons | ၁,၃၂၅ | ၁၀,၈၄၉ |
| ၁၃၅ | ASIA GREEN | ကျွန်းလုံး | ၃.၃ | Hoppus Tons | ၉၇၁ | ၃,၁၇၃ |
| ၁၃၆ | CHEUNG HING CO. | ကျွန်းလုံး | ၀.၅ | Hoppus Tons | ၁,၁၇၄ | ၅၅၂ |
| | စုစုပေါင်း - ကျွန်းလုံး | | ၁၇၅,၃၇၂.၀ | | | ၂၀၅,၇၇၁,၉၀၂ |
| ၁၃၇ | THAI SAWAT | သစ်မာ သစ်လုံး | ၁၂,၂၈၃.၃ | Hoppus Tons | ၇၅၈ | ၉,၃၀၆,၁၀၇ |
| ၁၃၈ | MT WOOD | သစ်မာ သစ်လုံး | ၂၀,၆၃၄.၁ | Hoppus Tons | ၃၇၇ | ၇,၇၈၇,၂၉၅ |
| ၁၃၉ | HUNDRED SMILES | သစ်မာ သစ်လုံး | ၁၅,၄၉၈.၈ | Hoppus Tons | ၄၂၄ | ၆,၅၆၇,၆၃၈ |
| ၁၄၀ | CHIN SU MYANMAR | သစ်မာ သစ်လုံး | ၂၂,၉၇၆.၉ | Hoppus Tons | ၂၅၅ | ၅,၈၆၇,၀၅၀ |
| ၁၄၁ | M K T I | သစ်မာ သစ်လုံး | ၂၀,၄၅၆.၆ | Hoppus Tons | ၂၆၉ | ၅,၅၀၃,၀၀၀ |
| ၁၄၂ | CENTURY PLY MYANMAR | သစ်မာ သစ်လုံး | ၁၃,၉၀၄.၀ | Hoppus Tons | ၃၉၀ | ၅,၄၂၅,၉၄၈ |
| ၁၄၃ | WORLD BEST | သစ်မာ သစ်လုံး | ၁၀,၄၂၆.၁ | Hoppus Tons | ၄၉၁ | ၅,၁၂၃,၂၀၀ |
| ၁၄၄ | GREEN HW | သစ်မာ သစ်လုံး | ၁၆,၈၀၂.၀ | Hoppus Tons | ၃၀၃ | ၅,၀၉၂,၅၄၃ |
| ၁၄၅ | ALKEMAL | သစ်မာ သစ်လုံး | ၁၂,၃၉၂.၂ | Hoppus Tons | ၃၅၆ | ၄,၄၁၃,၅၉၃ |
| ၁၄၆ | FARLIN | သစ်မာ သစ်လုံး | ၁၀,၃၄၈.၉ | Hoppus Tons | ၄၂၁ | ၄,၃၆၁,၃၆၈ |
| ၁၄၇ | M R T | သစ်မာ သစ်လုံး | ၁၀,၆၅၂.၆ | Hoppus Tons | ၃၇၆ | ၄,၀၀၈,၃၆၈ |
| ၁၄၈ | GOLDEN MASTER | သစ်မာ သစ်လုံး | ၄,၄၃၈.၉ | Hoppus Tons | ၆၇၆ | ၂,၉၉၈,၈၇၃ |
| ၁၄၉ | CONCORDE | သစ်မာ သစ်လုံး | ၆,၅၇၁.၂ | Hoppus Tons | ၄၃၆ | ၂,၈၆၄,၂၆၄ |
| ၁၅၀ | MYANMAR MAY KAUNG | သစ်မာ သစ်လုံး | ၈,၆၇၁.၅ | Hoppus Tons | ၃၂၄ | ၂,၈၀၅,၆၈၃ |
| ၁၅၁ | NATURE TIMBER | သစ်မာ သစ်လုံး | ၁၀,၃၅၀.၇ | Hoppus Tons | ၂၆၀ | ၂,၆၈၉,၁၁၇ |

| စဉ် | အဝယ် ကုမ္ပဏီများ | ထုတ်ကုန် အမျိုးအစား | ရောင်းချမှု ပမာဏ | | ဝင်ငွေ ရရှိပြီး (အမေရိကန် ဒေါ်လာ) | |
|---|---|---|---|---|---|---|
| | | | စုစုပေါင်း | ယူနစ် | ဈေးနှုန်း | သင့်ငွေ |
| ၁၅၂ | ZABU HLWAN | သစ်မာ သစ်လုံး | ၇,၆၄၂.၄ | Hoppus Tons | ၃၃၃ | ၂,၅၄၇,၀၇၂ |
| ၁၅၃ | GREEN PLY | သစ်မာ သစ်လုံး | ၆,၈၇၁.၀ | Hoppus Tons | ၃၅၈ | ၂,၄၆၀,၃၄၅ |
| ၁၅၄ | KAUNG MYAT | သစ်မာ သစ်လုံး | ၆,၄၁၉.၃ | Hoppus Tons | ၃၆၈ | ၂,၃၆၃,၂၄၄ |
| ၁၅၅ | GLOBAL STAR | သစ်မာ သစ်လုံး | ၅,၂၉၈.၆ | Hoppus Tons | ၄၄၀ | ၂,၃၃၁,၃၈၅ |
| ၁၅၆ | HEIWA PLASTIC | သစ်မာ သစ်လုံး | ၇၀၈.၅ | Hoppus Tons | ၃,၂၇၃ | ၂,၃၁၈,၉၃၇ |
| ၁၅၇ | TIN WIN TUN | သစ်မာ သစ်လုံး | ၇,၀၅၀.၈ | Hoppus Tons | ၃၀၁ | ၂,၁၂၂,၂၃၄ |
| ၁၅၈ | ZHANG JIA GANG | သစ်မာ သစ်လုံး | ၅,၉၂၁.၇ | Hoppus Tons | ၃၁၄ | ၁,၈၆၂,၀၉၂ |
| ၁၅၉ | WAIWELL | သစ်မာ သစ်လုံး | ၉၂၇.၂ | Hoppus Tons | ၁,၉၅၃ | ၁,၈၁၁,၁၄၅ |
| ၁၆၀ | TIN MYINT YEE | သစ်မာ သစ်လုံး | ၈၂၈.၃ | Hoppus Tons | ၂,၁၇၇ | ၁,၈၀၃,၀၅၈ |
| ၁၆၁ | I G E | သစ်မာ သစ်လုံး | ၄,၇၈၇.၄ | Hoppus Tons | ၃၆၆ | ၁,၇၅၁,၉၃၄ |
| ၁၆၂ | SAW TDG; | သစ်မာ သစ်လုံး | ၅,၅၄၅.၉ | Hoppus Tons | ၃၁၆ | ၁,၇၅၁,၇၀၃ |
| ၁၆၃ | MAYAR(HK) | သစ်မာ သစ်လုံး | ၃,၀၈၃.၄ | Hoppus Tons | ၅၅၁ | ၁,၆၉၇,၈၂၅ |
| ၁၆၄ | BAMAW VENEER TIMBER | သစ်မာ သစ်လုံး | ၄,၀၃၄.၁ | Hoppus Tons | ၄၁၆ | ၁,၆၇၇,၀၃၆ |
| ၁၆၅ | HLAING MYITTAR | သစ်မာ သစ်လုံး | ၆,၃၅၄.၂ | Hoppus Tons | ၂၅၈ | ၁,၆၄၀,၆၂၀ |
| ၁၆၆ | MA NAW PHYU | သစ်မာ သစ်လုံး | ၇၈၆.၂ | Hoppus Tons | ၂,၀၆၇ | ၁,၆၂၅,၀၃၃ |
| ၁၆၇ | ORCHID | သစ်မာ သစ်လုံး | ၉,၀၁၁.၉ | Hoppus Tons | ၁၆၆ | ၁,၅၀၀,၃၇၈ |
| ၁၆၈ | N T C | သစ်မာ သစ်လုံး | ၂,၀၀၃.၂ | Hoppus Tons | ၆၇၆ | ၁,၃၅၄,၄၁၂ |
| ၁၆၉ | GOLDEN ONE STAR | သစ်မာ သစ်လုံး | ၁,၈၆၉.၁ | Hoppus Tons | ၇၂၁ | ၁,၃၄၆,၉၄၉ |
| ၁၇၀ | JEWELLERY LUCK | သစ်မာ သစ်လုံး | ၅,၂၇၂.၁ | Hoppus Tons | ၂၃၉ | ၁,၂၅၇,၅၇၄ |
| ၁၇၁ | F J V | သစ်မာ သစ်လုံး | ၅,၃၂၇.၂ | Hoppus Tons | ၂၃၄ | ၁,၂၄၆,၁၃၃ |
| ၁၇၂ | THIT MIN YADANAR | သစ်မာ သစ်လုံး | ၄,၂၇၃.၂ | Hoppus Tons | ၂၉၀ | ၁,၂၃၇,၆၇၈ |
| ၁၇၃ | LUCRE WOOD | သစ်မာ သစ်လုံး | ၄,၁၈၄.၁ | Hoppus Tons | ၂၉၅ | ၁,၂၃၅,၁၇၃ |
| ၁၇၄ | TROPICAL WOODS | သစ်မာ သစ်လုံး | ၁,၈၄၁.၉ | Hoppus Tons | ၆၅၂ | ၁,၂၀၁,၅၅၇ |
| ၁၇၅ | PRIME VENEER | သစ်မာ သစ်လုံး | ၄,၁၁၂.၇ | Hoppus Tons | ၂၈၆ | ၁,၁၇၅,၅၇၀ |
| ၁၇၆ | PENG SHENG EXP-IMP | သစ်မာ သစ်လုံး | ၅၁၃.၁ | Hoppus Tons | ၂,၁၉၆ | ၁,၁၂၆,၆၉၀ |
| ၁၇၇ | MYANMAR BEAN & TIMBER | သစ်မာ သစ်လုံး | ၃,၇၇၀.၈ | Hoppus Tons | ၂၈၃ | ၁,၀၆၇,၉၁၉ |
| ၁၇၈ | MYANMAR VENEER & PLYWOOD | သစ်မာ သစ်လုံး | ၃,၈၇၇.၀ | Hoppus Tons | ၂၇၅ | ၁,၀၆၇,၀၁၂ |
| ၁၇၉ | RUBY LION | သစ်မာ သစ်လုံး | ၃,၄၅၀.၂ | Hoppus Tons | ၂၈၉ | ၉၉၆,၄၄၁ |
| ၁၈၀ | FUTURE WIN | သစ်မာ သစ်လုံး | ၄,၄၅၀.၇ | Hoppus Tons | ၂၂၂ | ၉၈၈,၄၇၅ |
| ၁၈၁ | MAK (MYANMAR) PLYWOOD | သစ်မာ သစ်လုံး | ၂,၇၁၂.၄ | Hoppus Tons | ၃၃၈ | ၉၁၅,၇၉၃ |
| ၁၈၂ | FLY MAN | သစ်မာ သစ်လုံး | ၂,၂၉၂.၁ | Hoppus Tons | ၃၇၅ | ၈၅၈,၆၉၁ |
| ၁၈၃ | GLOBAL VENEER | သစ်မာ သစ်လုံး | ၂,၆၉၇.၅ | Hoppus Tons | ၃၁၈ | ၈၅၈,၁၁၇ |
| ၁၈၄ | GRAND MANF; | သစ်မာ သစ်လုံး | ၂,၉၈၆.၇ | Hoppus Tons | ၂၈၂ | ၈၄၂,၆၈၆ |
| ၁၈၅ | S S O E | သစ်မာ သစ်လုံး | ၂,၀၀၅.၃ | Hoppus Tons | ၄၁၄ | ၈၂၉,၄၅၅ |
| ၁၈၆ | SK WOOD | သစ်မာ သစ်လုံး | ၁,၇၈၁.၁ | Hoppus Tons | ၄၄၁ | ၇၈၄,၇၇၈ |
| ၁၈၇ | SHWE WOOD | သစ်မာ သစ်လုံး | ၁,၇၂၃.၂ | Hoppus Tons | ၄၅၂ | ၇၇၉,၁၁၇ |
| ၁၈၈ | PYI PHYO TUN | သစ်မာ သစ်လုံး | ၃,၃၆၅.၇ | Hoppus Tons | ၂၃၀ | ၇၇၄,၁၁၇ |
| ၁၈၉ | GLOBAL WOOD | သစ်မာ သစ်လုံး | ၂,၉၉၈.၉ | Hoppus Tons | ၂၅၅ | ၇၆၄,၇၁၆ |
| ၁၉၀ | SIMLA AGENCIES | သစ်မာ သစ်လုံး | ၁,၉၂၇.၇ | Hoppus Tons | ၃၉၅ | ၇၆၂,၃၆၂ |
| ၁၉၁ | SUDIMA | သစ်မာ သစ်လုံး | ၂,၇၆၇.၇ | Hoppus Tons | ၂၇၅ | ၇၆၂,၀၂၈ |
| ၁၉၂ | ZAW THAN OO | သစ်မာ သစ်လုံး | ၃၀၅.၃ | Hoppus Tons | ၂,၄၂၈ | ၇၄၁,၂၂၈ |
| ၁၉၃ | FINE PLY | သစ်မာ သစ်လုံး | ၁,၉၅၆.၄ | Hoppus Tons | ၃၆၀ | ၇၀၃,၈၁၇ |
| ၁၉၄ | MYAT MEKIN | သစ်မာ သစ်လုံး | ၁,၉၁၆.၆ | Hoppus Tons | ၃၆၆ | ၇၀၁,၂၈၃ |
| ၁၉၅ | U SOE LWIN | သစ်မာ သစ်လုံး | ၂,၂၉၉.၁ | Hoppus Tons | ၃၀၂ | ၆၉၃,၃၅၃ |
| ၁၉၆ | WIN SHWE SIN | သစ်မာ သစ်လုံး | ၁,၇၃၆.၄ | Hoppus Tons | ၃၉၇ | ၆၈၈,၅၈၈ |
| ၁၉၇ | GOLDEN NOBEL | သစ်မာ သစ်လုံး | ၂,၃၃၁.၁ | Hoppus Tons | ၂၉၅ | ၆၈၇,၆၇၀ |
| ၁၉၈ | SHWE WINT HTET | သစ်မာ သစ်လုံး | ၁၉၈.၅ | Hoppus Tons | ၃,၃၅၄ | ၆၆၅,၇၈၄ |
| ၁၉၉ | ASIA ABILITY | သစ်မာ သစ်လုံး | ၂,၃၆၀.၁ | Hoppus Tons | ၂၆၉ | ၆၃၄,၀၀၇ |
| ၂၀၀ | PACIFIC TIMBER | သစ်မာ သစ်လုံး | ၁,၃၄၅.၇ | Hoppus Tons | ၄၅၇ | ၆၁၄,၅၇၆ |
| ၂၀၁ | SHWE YOMA YADANAR | သစ်မာ သစ်လုံး | ၂,၉၇၂.၄ | Hoppus Tons | ၂၀၀ | ၅၉၄,၅၃၇ |
| ၂၀၂ | CHIT PO | သစ်မာ သစ်လုံး | ၃,၁၀၉.၀ | Hoppus Tons | ၁၈၉ | ၅၈၆,၇၄၄ |
| ၂၀၃ | MYAT NOE THU | သစ်မာ သစ်လုံး | ၄,၁၇၃.၀ | Hoppus Tons | ၁၄၀ | ၅၈၃,၂၉၅ |

| စဉ် | အဝယ် ကုမ္ပဏီများ | ထုတ်ကုန် အမျိုးအစား | ရောင်းချမှု ပမာဏ | | ဝင်ငွေ ရရှိပြီး (အမေရိကန် ဒေါ်လာ) | |
|---|---|---|---|---|---|---|
| | | | စုစုပေါင်း | ယူနစ် | ဈေးနှုန်း | သင့်ငွေ |
| ၂၀၄ | WOOD LAND | သစ်မာ သစ်လုံး | ၁,၈၈၉.၈ | Hoppus Tons | ၂၉၂ | ၅၅၂,၁၅၀ |
| ၂၀၅ | SUNDAY WORLD | သစ်မာ သစ်လုံး | ၃၇၀.၅ | Hoppus Tons | ၁,၄၄၇ | ၅၃၆,၂၅၀ |
| ၂၀၆ | BEAUTIFUL WOOD | သစ်မာ သစ်လုံး | ၁,၄၉၀.၃ | Hoppus Tons | ၃၅၂ | ၅၂၅,၁၉၅ |
| ၂၀၇ | AYEYAR PHOENIX | သစ်မာ သစ်လုံး | ၁,၃၄၅.၈ | Hoppus Tons | ၃၈၆ | ၅၁၉,၂၆၁ |
| ၂၀၈ | M T K | သစ်မာ သစ်လုံး | ၇၆၃.၂ | Hoppus Tons | ၆၇၈ | ၅၁၇,၄၃၉ |
| ၂၀၉ | WIN MARLAR AUNG | သစ်မာ သစ်လုံး | ၁,၅၈၈.၆ | Hoppus Tons | ၃၂၀ | ၅၀၈,၉၉၈ |
| ၂၁၀ | NAY WUN MYAT | သစ်မာ သစ်လုံး | ၅၁၄.၇ | Hoppus Tons | ၉၇၆ | ၅၀၂,၂၆၄ |
| ၂၁၁ | AUSTINPLY MYANMAR | သစ်မာ သစ်လုံး | ၁,၅၇၃.၃ | Hoppus Tons | ၃၁၅ | ၄၉၅,၃၉၆ |
| ၂၁၂ | WAJILAM | သစ်မာ သစ်လုံး | ၈၅၂.၅ | Hoppus Tons | ၅၇၈ | ၄၉၃,၀၃၉ |
| ၂၁၃ | CHEER TOP | သစ်မာ သစ်လုံး | ၁,၀၁၄.၁ | Hoppus Tons | ၄၈၂ | ၄၈၈,၇၅၄ |
| ၂၁၄ | CROWN VENEER & TIMBER MAF; | သစ်မာ သစ်လုံး | ၁,၆၁၆.၃ | Hoppus Tons | ၃၀၁ | ၄၈၆,၉၁၀ |
| ၂၁၅ | GREEN ART | သစ်မာ သစ်လုံး | ၂,၁၉၀.၅ | Hoppus Tons | ၂၁၇ | ၄၇၄,၄၉၀ |
| ၂၁၆ | AMAZON EXP | သစ်မာ သစ်လုံး | ၁,၆၈၇.၇ | Hoppus Tons | ၂၇၅ | ၄၆၄,၂၀၇ |
| ၂၁၇ | EVERGREEN TEAK | သစ်မာ သစ်လုံး | ၁,၀၉၃.၇ | Hoppus Tons | ၄၂၁ | ၄၆၀,၅၆၀ |
| ၂၁၈ | SINMA FURNITURE | သစ်မာ သစ်လုံး | ၁,၆၉၅.၃ | Hoppus Tons | ၂၆၉ | ၄၅၆,၇၀၂ |
| ၂၁၉ | MYEIK PLYWOOD | သစ်မာ သစ်လုံး | ၂,၀၁၂.၈ | Hoppus Tons | ၂၂၆ | ၄၅၅,၆၈၆ |
| ၂၂၀ | SHWE GAY HAR | သစ်မာ သစ်လုံး | ၂၀၁.၃ | Hoppus Tons | ၂,၂၃၀ | ၄၄၈,၉၈၂ |
| ၂၂၁ | GOLDEN VENEER | သစ်မာ သစ်လုံး | ၁,၅၁၀.၀ | Hoppus Tons | ၂၉၅ | ၄၄၅,၄၅၄ |
| ၂၂၂ | PURI TIMBER | သစ်မာ သစ်လုံး | ၁,၅၉၃.၉ | Hoppus Tons | ၂၇၈ | ၄၄၃,၈၇၀ |
| ၂၂၃ | GREAT APEX | သစ်မာ သစ်လုံး | ၁,၆၉၀.၄ | Hoppus Tons | ၂၄၇ | ၄၁၇,၀၆၄ |
| ၂၂၄ | HOKUSAN | သစ်မာ သစ်လုံး | ၁၄၈.၁ | Hoppus Tons | ၂,၆၇၁ | ၃၉၅,၅၉၃ |
| ၂၂၅ | OCEAN EXPRESS | သစ်မာ သစ်လုံး | ၆၈.၆ | Hoppus Tons | ၅,၅၈၀ | ၃၈၂,၆၇၆ |
| ၂၂၆ | KANBAWZA THITSAR HLAING | သစ်မာ သစ်လုံး | ၁,၂၄၇.၉ | Hoppus Tons | ၂၉၀ | ၃၆၁,၉၂၇ |
| ၂၂၇ | MYANMAR KOREA TIMBER | သစ်မာ သစ်လုံး | ၁,၁၉၂.၄ | Hoppus Tons | ၂၉၅ | ၃၅၁,၇၅၃ |
| ၂၂၈ | S'PORE MERCANTILE | သစ်မာ သစ်လုံး | ၁,၁၁၇.၂ | Hoppus Tons | ၃၁၁ | ၃၄၇,၁၆၄ |
| ၂၂၉ | MOTHER TDG; | သစ်မာ သစ်လုံး | ၂,၁၁၈.၄ | Hoppus Tons | ၁၆၁ | ၃၄၁,၀၅၁ |
| ၂၃၀ | CHAN MYA SHWE YEE | သစ်မာ သစ်လုံး | ၂,၉၉၇.၆ | Hoppus Tons | ၁၁၃ | ၃၃၉,၃၈၄ |
| ၂၃၁ | N W S | သစ်မာ သစ်လုံး | ၁,၁၇၂.၁ | Hoppus Tons | ၂၈၆ | ၃၃၅,၈၁၃ |
| ၂၃၂ | GOLDEN TAI YANG | သစ်မာ သစ်လုံး | ၆၀၈.၀ | Hoppus Tons | ၅၄၃ | ၃၂၉,၈၉၂ |
| ၂၃၃ | KOJU | သစ်မာ သစ်လုံး | ၈၆၄.၂ | Hoppus Tons | ၃၅၃ | ၃၀၅,၂၆၉ |
| ၂၃၄ | M T I | သစ်မာ သစ်လုံး | ၇၉၈.၁ | Hoppus Tons | ၃၆၂ | ၂၈၉,၂၄၂ |
| ၂၃၅ | SHWE MOE THAR | သစ်မာ သစ်လုံး | ၆၃၃.၁ | Hoppus Tons | ၄၃၈ | ၂၇၇,၂၈၁ |
| ၂၃၆ | MYANMAR SHWE HTAIK LON | သစ်မာ သစ်လုံး | ၁,၀၁၉.၉ | Hoppus Tons | ၂၇၀ | ၂၇၅,၈၆၀ |
| ၂၃၇ | SHWE TUN KYAW YAN AYE | သစ်မာ သစ်လုံး | ၁,၁၄၆.၇ | Hoppus Tons | ၂၃၈ | ၂၇၃,၃၈၇ |
| ၂၃၈ | THEIN THAN CHI | သစ်မာ သစ်လုံး | ၂၃၁.၇ | Hoppus Tons | ၁,၁၆၉ | ၂၇၀,၇၅၁ |
| ၂၃၉ | YADANA WORLD | သစ်မာ သစ်လုံး | ၁၂၀.၃ | Hoppus Tons | ၂,၁၇၄ | ၂၆၁,၅၂၈ |
| ၂၄၀ | OAK THAR KYAW | သစ်မာ သစ်လုံး | ၈၅၀.၂ | Hoppus Tons | ၂၉၀ | ၂၄၆,၃၃၄ |
| ၂၄၁ | AH SHAE THAN LWIN | သစ်မာ သစ်လုံး | ၁၁၀.၄ | Hoppus Tons | ၂,၁၉၇ | ၂၄၂,၆၄၅ |
| ၂၄၂ | HTAY KYAW | သစ်မာ သစ်လုံး | ၆၃၈.၄ | Hoppus Tons | ၃၇၉ | ၂၄၂,၁၇၉ |
| ၂၄၃ | KHAING SU THU | သစ်မာ သစ်လုံး | ၁၀၈.၃ | Hoppus Tons | ၂,၁၇၄ | ၂၃၅,၃၈၄ |
| ၂၄၄ | PRECIOUS WOOD | သစ်မာ သစ်လုံး | ၅၄၂.၃ | Hoppus Tons | ၄၃၁ | ၂၃၃,၆၇၃ |
| ၂၄၅ | MYIT MA KHA | သစ်မာ သစ်လုံး | ၆၀၀.၃ | Hoppus Tons | ၃၈၇ | ၂၃၂,၅၄၃ |
| ၂၄၆ | MOE HAN OO | သစ်မာ သစ်လုံး | ၃၈၇.၉ | Hoppus Tons | ၅၉၁ | ၂၂၉,၃၂၁ |
| ၂၄၇ | YE TUN | သစ်မာ သစ်လုံး | ၈၅၈.၄ | Hoppus Tons | ၂၅၇ | ၂၂၀,၅၆၇ |
| ၂၄၈ | MOGOK PRIDE | သစ်မာ သစ်လုံး | ၇၉၇.၆ | Hoppus Tons | ၂၇၃ | ၂၁၇,၄၉၁ |
| ၂၄၉ | LABH PHYO THIT | သစ်မာ သစ်လုံး | ၄၄၃.၈ | Hoppus Tons | ၄၈၈ | ၂၁၆,၃၈၄ |
| ၂၅၀ | MAY THU HTIKE | သစ်မာ သစ်လုံး | ၈၉.၃ | Hoppus Tons | ၂,၃၇၃ | ၂၁၁,၈၄၅ |
| ၂၅၁ | HEIN SHIN TDG; | သစ်မာ သစ်လုံး | ၁,၂၈၈.၄ | Hoppus Tons | ၁၆၄ | ၂၁၁,၄၄၄ |
| ၂၅၂ | SHRI KRISHNA | သစ်မာ သစ်လုံး | ၅၆၃.၆ | Hoppus Tons | ၃၇၃ | ၂၁၀,၄၃၂ |
| ၂၅၃ | DAUNG NYI NAUNG | သစ်မာ သစ်လုံး | ၇၉၃.၈ | Hoppus Tons | ၂၅၈ | ၂၀၄,၆၉၉ |
| ၂၅၄ | WIN & WIN | သစ်မာ သစ်လုံး | ၆၀၉.၁ | Hoppus Tons | ၃၃၁ | ၂၀၁,၈၃၄ |
| ၂၅၅ | ASIA GREEN | သစ်မာ သစ်လုံး | ၁,၉၂၅.၆ | Hoppus Tons | ၁၀၄ | ၂၀၀,၀၈၆ |

| စဉ် | အဝယ် ကုမ္ပဏီများ | ထုတ်ကုန် အမျိုးအစား | ရောင်းချမှု ပမာဏ | | ဝင်ငွေ ရရှိပြီး (အမေရိကန် ဒေါ်လာ) | |
|---|---|---|---|---|---|---|
| | | | စုစုပေါင်း | ယူနစ် | ဈေးနှုန်း | သင့်ငွေ |
| ၂၅၆ | U SAW KA PAW SAY(AD-AE) | သစ်မာ သစ်လုံး | ၈၉.၅ | Hoppus Tons | ၂,၁၇၉ | ၁၉၅,၀၅၉ |
| ၂၅၇ | MOE HTET MYINT MOH | သစ်မာ သစ်လုံး | ၃၀၂.၀ | Hoppus Tons | ၆၄၂ | ၁၉၃,၉၁၄ |
| ၂၅၈ | PHYO SI THU | သစ်မာ သစ်လုံး | ၃၈၆.၃ | Hoppus Tons | ၄၇၃ | ၁၈၂,၆၈၂ |
